www.burmeseclassic.com


ချမ်းမြေ့ရတနာ စာအုပ်တိုက်

# ပါရဂူ

# ဖော်မဲ့ဟင်္သာ

## THE LONE SWAN

THE REVEREND MANDJU



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါက်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဖဓာနကျသော တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပါရဂူ

# ဖော်မဲ့ဟင်္သာ

THE LONE SWAN
THE REVEREND MANDJU

ချမ်းမြေ့ရတနာ

**Echo Media**
အမှတ် ၁၅၈၊ ၁၆၈၊ အခန်း-၁၇
ပထမထပ်
မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၁၄၂၁၂
wintiger @ mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၈၀/ ၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၈၁/ ၂၀၀၃ (၈)
■
စီစဉ်ထုတ်လုပ်သူ
လှပိုင်
■
ပထမအကြိမ်- ဘဝတက္ကသိုလ်စာပေ
၁၉၈၇ခု ဒီဇင်ဘာလ
ဒုတိယအကြိမ်- ၂၀၀၃ခု၊ ဒီဇင်ဘာလ
အုပ်ရေ(၁၀၀၀)
■
မျက်နှာဖုံး
မောင်အေးချို
ကွန်ပျူတာစာစီ
တမာပွင့်
စာအုပ်ချုပ်
ကိုမြင့်
■
ဦးခင်မောင်သိန်းဆွေ၊ သလ္လာဝတီစာပေ(၀၇၄၇)
တိုက် ၂၄၀/၃၊ ၂၅ရပ်ကွက်
ဇေယျာသုခလမ်း၊ သုဝဏ္ဏမှထုတ်ဝေ၍
ဒေါ်ခင်အေးမြင့်- ရာပြည့်အော့ဖ်ဆက် (၀၅၉၀၁)
အမှတ်၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး - ၇၀၀ကျပ်

## မြန်မာပြန်သူ၏ အမှာ

ဤ 'ဖော်မဲ့ဟသ်ာ'ဝတ္ထု၏မူရင်းစာရေးဆရာမှာ တရုတ်ဘုန်းတော်ကြီးမန်းစူ (၁၈၄၄-၁၉၁၈)ဖြစ်သည်။ မန်းစူသည် 'ဖော်မဲ့ဟသ်ာ'၌ သူ့ဘဝဇာတ်လမ်းကို ဝတ္ထုဆန်ဆန်ရေးသားထားသည်။ မူရင်းတရုတ်ဘာသာဖြင့်ရှိသော 'ဖော်မဲ့ဟသ်ာ'၏အမည်အပြည့်အစုံမှာ 'သင်းကွဲနေသော အထီးကျန်ဟသ်ာ'ဖြစ်သည်။ 'ဖော်မဲ့ဟသ်ာ' ဟူသော မြန်မာပြန်၏အမည်မှာ အင်္ဂလိပ်ဘာသာပြန်ဆရာ အဖွား ဆွတ်ပေးထားသော The Lone Swan ကို မြန်မာပြန်ထားခြင်း ဖြစ်သည်။ မန်းစူသည် သူ၏ဘဝကို လေထဲတွင်လွင့်နေသော သစ်ရွက်ခြောက်တစ်ရွက်ကဲ့သို့လည်းကောင်း၊ သင်းကွဲနေသော အထီးကျန်ဟသ်ာတစ်ကောင်ကဲ့သို့လည်းကောင်း ထင်မှတ်ယူဆသည်။ ထို့ကြောင့် အချစ်နှင့်ဘာသာတရားကြားထဲတွင် ဗျာများပြီး အပြီးသတ်၌ အထီးကျန်ဘဝရောက်သွားရသော သူ့ကိုယ်သူ 'ဖော်မဲ့ဟသ်ာ'ဟူ၍ အမည်ပေးထားလေသည်။

ချမ်းမြေ့ရတနာ

www.burmeseclassic.com

www.burmeseclassic.com



မန်းစုသည် ထင်ရှားကျော်ကြားသောတရုတ်ပညာရှင်တစ်ဦးဖြစ်သည့်အပြင် ဝတ္ထုရေးဆရာ၊ ဘာသာပြန်ဆရာ၊ ပန်းချီဆရာလည်းဖြစ်သည်။ တရုတ်ဘာသာဖြင့် မန်းစုရေးသားထားသောစာများကို စုပေါင်း၍ 'မန်းစုစာပေါင်းချုပ်'အမည်ဖြင့် စာအုပ်ထုတ်ဝေထားသည်။ ထိုစာအုပ်တွင် ရနိုင်သမျှမန်းစု၏စာများကို စုပေါင်းပေါင်းဖော်ပြထားသည်။ အတွဲ၅တွဲရှိသည်။ ပထမတွဲ၌ မန်းစု၏မူရင်းကဗျာများ၊ ဘိုင်ရွန်၊ ရှယ်လီ စသောအင်္ဂလိပ်ကဗျာဆရာကြီးများ၏ အင်္ဂလိပ်ကဗျာ တရုတ်ဘာသာပြန်များ၊ စာတမ်းများ၊ ပေးစာများ ပါဝင်သည်။ ဒုတိယတွဲ၌ မှတ်တမ်းများ၊ ဗစ်တာဟူးကိုး၏ 'လားမစ်ဇာရေးဘဲ' တရုတ်ဘာသာပြန်စသည်များ ပါဝင်သည်။ တတိယတွဲ၌ ဝတ္ထုလတ်ဖြတ်နှင့် ဝတ္ထုတိုများအပြင် သူ့ဘဝနှင့် ပတ်သက်သောစာတစ်ချို့ပါသည်။ 'ဖော်မဲ့ဟသ်ာ'၏ တရုတ်မူရင်းသည် ထိုအတွဲ၌ ပါဝင်သည်။ စတုတ္ထတွဲ၌ မန်းစုရေးသော စာအုပ်များ၏ နိဒါန်းများနှင့်တကွ တခြားစာရေးဆရာများ၊ မိတ်ဆွေများ၊ ကြည်ညိုလေးစားသူများရေးသားထားကြသော မန်းစုအကြောင်းစာများ ပါဝင်သည်။ ပထမတွဲတွင် မန်းစုကိုဂုဏ်ပြုရေးသားထားသော တခြားစာရေးဆရာများ၊ မိတ်ဆွေများ၊ ကြည်ညိုလေးစားသူများ၏ကဗျာများ၊ ဆောင်းပါးစာတမ်းများ ပါသည်။ ပထမတွဲ၏ အဖွင့်ကဏ္ဍ၌ မန်းစု၏မူရင်းလက်ရေးတို့ ဘလောက်လုပ်၍ ပုံနှိပ်ဖော်ပြထားသည်။ ယင်း 'မန်းစုပေါင်းချုပ်'တို့ ရှိန်ဟိုင်း 'ပီဆင်'စာအုပ်ကုမ္ပဏီမှ ရိုက်နှိပ်ထုတ်ဝေသည်။

'ဖော်မဲ့ဟသ်ာ' တရုတ်မူရင်းကို ရှန်းဟိုင်း 'ကောင်းယိ' စာအုပ်ထုတ်ဝေရေး ကုမ္ပဏီကလည်း ထုတ်ဝေသည်။ တရုတ်မူရင်းကို George Kin Leung သည် The Lone Swan အမည်ဖြင့် အင်္ဂလိပ်ဘာ ပြန်ဆိုသည်။ အင်္ဂလိပ်ဘာသာပြန်ကို ရှန်ဟိုင်းကော်မာရှယ်ပရက်စ်လီမိတက်က ၁၉၂၄ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။ 'ဖော်မဲ့ဟသ်ာ' အင်္ဂလိပ်ဘာသာပြန်ထွက်လာသောအခါ ဝေဖန်ရေးဆရာများနှင့် စာနယ်ဇင်းများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြသည်။

ယင်းတို့အနက် . . . The "Shanghai Times" Sunday, February 8, 1925 တွင်' . . . ဝတ္ထုပုံဖြင့်ရေးထားသော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ "ဖော်မဲ့ဟသ်ာ"ကို George Kin Leung က တရုတ်ဘာသာမူရင်းမှ တိတိကျကျ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည်။ ယင်းဘာသာပြန်သည် တကယ့်လိုအပ်ချက်ကို ဖြည့်စွက်လိုက်ခြင်းပင်ဖြစ်သည်။ တရုတ်မူရင်းကိုရေးသူမှာ မန်းစုဖြစ်သည်။ မန်းစုသည် ပညာရှင်တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဖြစ်သည်။ "ဖော်မဲ့ဟသ်ာ"၌ မန်းစုသည် အချစ်နှင့် ဘာသာတရားကြားထဲက သူ၏ရုန်းကန်လှုပ်ရှားမှုများကို လည်းကောင်း၊ တရုတ်ဗုဒ္ဓဘာသာ ကျောင်းကန်၏ ဘဝနှင့်ဘာသာရေးပွဲ တစ်စိတ်တစ်ဒေသကို လည်းကောင်း၊ သူ၏ အရောင်အသွေးစုံပြည်နေသော စွန့်စားခန်းနှင့် စိတ်ပါဝင်စားဖွယ်အတွေးအခေါ်များကိုလည်းကောင်း၊ စိတ်ထိခိုက်ဖွယ် စကားလုံးများဖြင့် ရေးသားဖော်ပြသည့် . . . 'ဟူ၍ လည်းကောင်း၊

China Joural of Scienie and Arts၌ 'နှင်းမိကို လျှပ်တစ်ပြက်သာမြင်လိုက်ရသော်လည်း သူ၏ငြိမ်းအေးသည့်အလှသည် စာဖတ်သူ၏စိတ်ထဲတွင် စွဲကျန်နေလေသည်။ သို့ရာတွင် ထူးခြားခြားသက်ဝင်လှုပ်ရှားနေသူမှာမူ ကိုယ်ကိုဖြစ်သည်။ လရောင်မှုန်ပျပျ၌ ကိုယိုကို၏မျက်နှာ "သူ၏ဆံပင် မိုးသားတစ်ခြမ်း [illegible]အုပ်ထား





www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဆန်းစသော်တာနှင့်တူနေပုံ”ကို ဖတ်ရသော စာဖတ်သူသည် ဆာဘူရှိအပေါ် ချစ်သည့် ကီယိုကို၏အချစ်အတွက် စိတ်ထိခိုက်မသွားဘဲ မနေနိုင်ပေ။ ကီယိုကိုသည် ယဉ်ကျေးသိမ်မွေ့သော၊ စွဲမက်ဖွယ်ကောင်းသော အရှေ့တိုင်းအမျိုးသမီး၏ငြိမ်းအေးသော ပန်းပွင့်နှင့်တူသော အလှပိုင်ရှင်စံပြမိန်းမပျိုဖြစ်သည် . . .” ဟူ၍ လည်းကောင်း၊

The Far Eastern Spectator ၌ ‘တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ၊ သင်္သကရိုက်ဘာသာများနှင့် တခြားဘာသာအချို့ကို တတ်ကျွမ်းသောဘုန်းတော်ကြီးမန်းစူသည် ထိုခေတ်ကတရုတ်ပြည်၌ ထင်ရှားကျော်ကြားသော စာပေပညာရှင်တစ်ဦးဖြစ်သည်။ မန်းစူသည် ဤစာအုပ်၌ သူကိုယ်သူ သင်းကွဲဖော်မဲ့နေသော ဟင်္သာတစ်ကောင်အဖြစ် ကမ္ဘာလောကထဲ မျောသွားရပုံကို သရုပ်ဖော်ထားသည် . . .’ဟူ၍ လည်းကောင်း အသီးသီးရေးသားဖော်ပြထားကြသည်။

The Lone Swanကို ၁၉၄၂ခုနှစ်တွင် ပထမအကြိမ်ထုတ်ဝေပြီးနောက် လူကြိုက်များသဖြင့် အကြိမ်ကြိမ် ထပ်မံထုတ်ဝေရလေရာ ၁၉၃၄ခုနှစ်အထိ ဆယ်နှစ်အတွင်း ထုတ်ဝေရသည့်အကြိမ်ပေါင်းမှာ ခြောက်ကြိမ်တိတိ ဖြစ်လေသည်။

နိုင်ငံခြားဘာသာသင်တန်းကျောင်းမှ တရုတ်စာပြ ဦးဆန်းလွင်သည် ၁၉၅၆ခုနှစ်လောက်က တရုတ်ပြည်သို့ တရုတ်စာပေသင်ကြားလေ့လာရန် ပညာတော်သင်အဖြစ် သွားရောက်ခဲ့သည်။ ပီကင်းမြို့၌ရှိနေစဉ်အတွင်း တစ်နေ့စာအုပ်အဟောင်းဆိုင်တစ်ဆိုင်သို့ ရောက်သွားသည်။ စာအုပ်အဟောင်းဆိုင်မှThe Lone Swanကို





ဦးဆန်းလွင် ရှားရှားပါးပါးရလာခဲ့သည်။ ထိုစာအုပ်ကို ဦးဆန်းလွင်ကကျွန်တော့်အား ပေးသည်။ ထို့ကြောင့် ဦးဆန်းလွင်အား ကျေးဇူးအထူးတင်ကြောင်း ဖော်ပြလိုက်ရပေသည်။ အကယ်၍ ‘ဖော်မဲ့ဟင်္သာ’ကို ‘ပေဖူးလွှာ’ မဂ္ဂဇင်းကသာ အခန်းဆက်ထည့်သွင်းဖော်ပြခြင်းမပြုလျှင် မြန်မာလိုပြန်ဖြစ်ချင်မှ ဖြစ်ပေမည်။ ထို့ကြောင့် ဤ ‘ဖော်မဲ့ဟင်္သာ’ မြန်မာပြန်ထွက်ပေါ်လာခြင်းမှာ ‘ပေဖူးလွှာ’မဂ္ဂဇင်း၏ကျေးဇူးနှင့် မကင်းဆိုသည့် အကြောင်းကိုလည်းမဖော်ပြ၍ မဖြစ်ပေ။

ပါရဂူ

၁၄၊ ၆၊ ၈၆။



www.burmeseclassic.com

www.burmeseclassic.com

# ၁

တောင်ပိုင်းပင်လယ်ကမ်းခြေရှိ ပေးယုဒေသ၌ မြင့်မားမတ်စောက်သော 'ရွှေဖလား' အမည်ရှိ တောင်ကြီးတစ်တောင် ရှိသည်။ ကောင်းကင်တစ်ခွင် မိုးသားကင်းစင်ပြီးကြည်ကြည်လင်လင် ဖြစ်နေသည့်အချိန်များ၌ တောင်၏အောက်ပိုင်းတစ်ဝက်ရှိ ရင်သပ် ရှုမောအံ့ဩဖွယ် စိမ်းလန်းစိုပြည်နေသော ပတ်ဝန်းကျင်တစ်ခွင်ကြားထဲတွင် ငါးအကြေးခွံကဲ့သို့ တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ထပ်လျက် ရှိနေသော အနီရောင်အုပ်ကြွပ်မိုးများကို အဝေးကပင်လှမ်းမြင်ရလေသည်။ ထိုနေရာ၌ 'ပင်လယ်မိုးတိမ်' အမည်ရှိ ရှေးကျောင်းကြီးတစ်ဆောင်သည် ဆန်ဘုရင့်အနွယ်တော် ကျဆုံးသွားခဲ့သည့် အချိန်ကာလကဲ့သို့ပင် ပျက်စီးယိုယွင်းသွားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။

ဆန်ဘုရင့်အနွယ်တော်ကျဆုံးသွားသည့်အချိန်၌ လူစုဖွဲ့သည်ရင်ခွင်ပိုက်သားတော်ကလေးကို ယူဆောင်ထွက်ပြေးလာခဲ့ပြီးလျှင် ယင်းတောင်၌ သူတို့ကို သုတ်သင်ရန် နောက်မှလိုက်လာသည့် သူပုန်သူကန်တို့၏ အမိမခံဘဲမိမိအသက်နှင့် ရင်ခွင်ပိုက်မင်းသား





ကလေး၏အသက်ကို နိုင်ငံဂုဏ်သိက္ခာမကျစေရန် ကိုယ်တိုင်အဆုံးစီရင်ပစ်လိုက်လေသည်။

ဆန်ဘုရင့်အနွယ်တော်ထဲမှ မသေမပျောက်ဘဲကျန်ရှိနေကြသည့် တချို့အနွယ်တော်များသည် ဤနေရာသို့ တိမ်းရှောင်ထွက်ပြေးလာကြပြီးလျှင် ခေါင်းတုံးတုံးပြီး ဘုန်းကြီးလုပ်နေကြလေသည်။ သူတို့သည် နေ့ညမပြတ် ဘုရားသခင်ကိုတိုင်တည်ပြီး ကံတော်ကုန်သွားရှာသည့် ဘုရင်ဧကရာဇ်၏ ဝိညာဉ်အတွက် ဆုတောင်းမေတ္တာပို့သနေကြလေသည်။

ယင်းသို့အားဖြင့် ယခုခေတ်ယခုအချိန်အထိပင် လွှမ်းဆွတ်ပူဆွေးနေသော တိမ်ထုတိမ်စိုင်သည် တောင်ထွတ်တောင်ထိပ်ရှိ မျက်စိတစ်ဆုံး ပြန့်ပြူးနေသော ကောင်းကင်တစ်ခွင်၌အုပ်မိုးလျက်ရှိသည်ကို တွေ့နေရလေသည်။ မပြည်ချင် ပြည်ချင်ပျင်းရိငြီးငွေ့ဖွယ်ပြည်နေသော ကြေကွဲဝမ်းနည်းဖွယ် ပင်လယ်လှိုင်းသံများကိုလည်း မကြာခဏကြားနေရလေသည်။ထို လှိုင်းသံများကို ကြားရသောအခါ ကြားရသူသည် လေးပင်စွာပင့်သက်ချပြီးလျှင် လွမ်းဆွတ်ကြေကွဲဖွယ်အတိတ်ကိုတစ်ဖန် ပြန်လည်သတိရလာတတ်လေသည်။ ထိုသူသည် အမှတ်သညာထဲတွင် ကြေကွဲဝမ်းနည်းဖွယ် ပြန်ပေါ်လာမှာစိုးသည့်အတွက် အတိတ်ကိုပြန်ပြောင်း မအောက်မေ့ရဲအောင် ဖြစ်နေတတ်သည်။

ယခု ကျွန်ုပ်ရေးပြနေသော ကျောင်းတိုက်၏အဖိုးထိုက် အဖိုးတန်အမိုးနှင့် ပန်းဆွဲများမှာ အားလုံးပင် ရှေးဟောင်းအမွေအနှစ်ပစ္စည်းရတနာများ ဖြစ်နေကြပြီ။ ကျောင်းတိုက်၏အနီး၌ ကြည်လင်အေးမြသော စမ်းချောင်းလေးသည် အသံမထွက်ဘဲ ကွေ့ကောက်



www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းနေသည်။ ထင်းရှူးပင်များလည်း အစီအရီ ပေါက်နေကြသည်။

ကျောင်းတိုက်အတွင်း၌ သီတင်းသုံးနေကြသော ရဟန်းများမှာမူ ဝိနည်းသိက္ခာကို အထူးပင်အလေးအနက်ထားကြသည်။ ဘာသာရေးကျင့်ဝန်စည်းကမ်းနှင့် ဓလေ့ထုံးစံတို့ကို ဂရုပြုကြသည်။ ဣန္ဒြေသိက္ခာနှင့် နေထိုင်ကြသည်။ ကျောင်းတိုက်ထဲတွင် ဘာသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ သပိတ်ပရိအက္ခရာကိုကိုင်တွယ်အသုံးပြုသည့် နေရာ၌ပင် အသံမကြားရအောင် အထူးသတိထားကြလေသည်။

နှစ်စဉ်နှစ်တိုင်း ဆောင်းကုန်သွားသည့်အခါများ၌ ထိုကျောင်းတိုက်တွင် ရှင်လောင်း၊ ပဉ္စင်းလောင်းများအား ဆုံးမညွှန်ကြားသည့် အခမ်းအနား ပြုလုပ်လေသည်။ သို့ရာတွင် ရှင်လောင်း၊ ပဉ္စင်းလောင်းအဖြစ် ထိုတောင်ပေါ်သို့ရောက်လာသည့် ဦးရေမှာမူ အလွန်တရာမှနည်းပါးလေသည်။ အကြောင်းမူကား တောင်မှာထိတ်လန့်ကြောက်ရွံ့ဖွယ် မတ်စောက်မြင့်မားလှပြီး တောင်ပေါ်တက်သည့် လမ်းကလေးမှာလည်း အလွန်ကျဉ်းပြီး အလွန်အန္တရာယ်များလှသည်။ တော်ရုံတန်ရုံ လူမှာမူ ထိုလမ်းကျဉ်းကလေးမှ တောင်ပေါ်အရောက် တတ်နိုင်ဖို့ရန် မလွယ်ပေ။

တစ်နေ့သောအခါကာလ၏ နံနက်စောစောအရှက်တက်ချိန်ဖြစ်သည်။ ဖွင်းရိုငြီးငွေ့ဖွယ်ကောင်းသော ကြေးမောင်းထုသံသည် ဝတ်ဝန်းတွင်တစ်ခွင်၌ပျံ့နှံ့နေလေသည်။ ထိုအချိန်တွင်ကျွန်ုပ်သည် ခပ်လှမ်းလှမ်းတွင်ရှိသော ကျောင်းတိုက်၏ထောင့်တစ်ထောင့်က ကောင်းကင်အထိမြင့်မားထိုးထွက်လျက်ရှိသော မျှော်စင်ကိုမှီရပ်နေ





ပြီး အဝေးက တောင်းပြင်ပြင်ပေါ်၌ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေသည့် စင်ရော်ငှက်များကို ငေးမျှော်ကြည့်နေသည်။ စင်ရော်ငှက်များသည် အနီးသို့ရောက်လာလိုက် အဝေးသို့ ပျံထွက်သွားလိုက် ဖြစ်နေကြသည်။

ရာသီဥတု အအေးလွန်ကဲသည်မှာ အချိန်ကာအတော်ပင် ကြာမြင့်သွားပြီ။ ခက်ထန်ကြမ်းတမ်းသော ပင်လယ်လေမုန်တိုင်းသည် လူတစ်ဦးတစ်ယောက်အား မိုင်ပေါင်းများစွာ အဝေးသို့ လွင့်စဉ်သွားအောင်ပင် တိုက်ခတ်ပစ်လိုက်နိုင်သည့် စွမ်းအားရှိလေသည်။ ထိုနေ့၌ ကျွန်ုပ်၏ပဏာမအစစ်အဆေးအစမ်းသပ်ခံဘုန်းကြီးကျောင်းသက်အရက်သုံးဆယ်ပြည့်သွားပြီ။ ဤနေရာဌာနသို့ ရောက်ရှိနေသော ကျွန်ုပ်၏အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်လိုက်လျှင် ရက်ပေါင်းသုံးဆယ်မျှသော အချိန်ကာလသည် အနှောက်အယှက်အခက်အခဲမရှိဘဲ ကုန်ဆုံးကျော်လွန်လာခဲ့သည်ဟူ၍ပင် ပြောရပေလိမ့်မည်။ ယနေ့ ကျွန်ုပ်သည် ကျွန်ုပ်၏ယခင်ဆရာဟောင်း ဘုန်းတော်ကြီးကိုဖူးတွေ့ရန် တောင်အောက်ဘက် ဆင်းနိုင်ပြီ။ နောက်ပိုင်းအချိန်ကာများ၌ကား သစ်ရွက်များကို တံမြက်လှည်းခြင်း၊ အမွှေးတိုင်ထွန်းညှိခြင်း များသည်သာလျှင် ကျွန်ုပ်၏ အလုပ်တာဝန် ဝတ္တရားများဖြစ်လာဖို့ရှိလေသည်။

ယင်းသို့တောင်စဉ်ရေမရ တွေးတောစဉ်းစားနေစဉ် အမှတ်တမဲ့ ကျွန်ုပ်၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေသည်။ ကျွန်ုပ် သက်ပြင်းချလိုက်မိသည်။

"ငါ့မှာ အမေမရှိဘူးလို့ လူတိုင်းက ပြောနေရကြတယ်၊ ငါ တစ်ကောင်ကြွက်ဆိုတာ အမှန်တကယ်ပေပဲလား၊ အဲဒါ အများပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စိတ်ထဲက အော်ပြောလိုက်မိသည်။

"ငါ့ မွေးစားအဖေကွယ်ပြီးတဲ့နောက် ငါ တစ်ကောင်ကြွက် ဘဝရောက်ခဲ့ရပေမယ့် လေတိုက်လို့ သစ်ပင်ဖျားများလှုပ်ခါသွားသည့်အခါတိုင်း၊ သို့မဟုတ် မိုးတဖြောက်ဖြောက်ရွာနေတဲ့ အခါတိုင်း၊ သို့မဟုတ် ဩကာသလောကကြီးတစ်ခုလုံး ငြိမ်သက်သွားသည့် အခါတိုင်း ငါချစ်တဲ့အမေ ငါ့ကိုခေါ်နေတဲ့အသံသဲ့သဲ့ကို ငါ ကြားရတယ်၊ ဒါပေမယ့် ခေါ်သံဘယ်ကလာသလဲဆိုတာတော့ ငါ့နှလုံးသားကိုယ်တိုင်က မသိဘူး၊ အဲဒီအတွေး တွေးနေရသည်ကို ငါမြတ်နိုးတယ်၊ တန်ဖိုးလည်းထားတယ်၊ အဲဒီအတွေးကိုအရသာခံပြီး ငါ ထပ်ခါ ထပ်ခါ တွေးတောစဉ်းစား နေချင်တယ်"

သက်ပြင်းတစ်ချက် ရှူလိုက်ပြီးလျှင် ကျွန်ုပ်ဆက်လက်တွေးတောနေမိပြန်လေသည်။

"အမေ၊ ကျုပ်ကို ကိုးလလွယ် ဆယ်လဖွားတဲ့အချိန် ကာလကစပြီး အနည်းဆုံးတစ်ကြိမ်လောက်ပဲဖြစ်ဖြစ် အမေ့ကို ကျုပ်တွေ့နိုင်အောင် ဘာဖြစ်လို့ မလုပ်ခဲ့တာလဲ၊ အမေ့သားဟာ ဦးတည်ချက်မရှိဘဲ ရွာရိုးကိုးပေါက်လျှောက်လှည့်လည်သွားလာနေပြီး ယခုလို အမြင့်ဆုံးဖြစ်တဲ့ ဆင်းရဲဒုက္ခကို တွေ့ကြုံခံစားနေရတယ်ဆိုတဲ့ အကြောင်းကို အမေကော မသိသင့်ပေဘူးလား"

ထိုအခိုက် ပင်လယ်လှိုင်းများသည် နေရောင်ခြည်အောက်၌ မှုန်ဆုံး မြင်မဆုံး တလက်လက်တောက်ပနေကြသည်။ ထူးထူးခြားခြားလှပတင့်တယ်ပြီး တလက်လက်တောက်ပနေသောကြောင့် မျက်စိတိုင်းမတတ် ဖြစ်နေလေသည်။ ကျွန်ုပ်သည် ဝတ်ရုံသင်္ကန်းဝတ်လိုက်ပြီးလျှင် ပဉ္စင်းလောင်းအဖော် သုံးဆယ့်ခြောက်ယောက်





တို့နှင့်အတူ လိုက်ပါသွားလေသည်။ ကျွန်ုပ်တို့အားလုံး တန်းစီပြီးလျှောက်သွားလေသည်။ လက်နှစ်ဖက်လုံးတွင် အမွှေးတိုင်ကိုင်ထားကြသည်။ အခမ်းအနားကျင်းပသော ခန်းမကြီးရှိရာဘက်သို့ တက်သွားကြပြီးလျှင် ကျွန်ုပ်တို့သည်ပလ္လင်တော်၏ ဝဲယာ၌နေရာယူလျက် မတုန်မလှုပ်ကျောက်ရုပ်သဖွယ် ရပ်နေကြလေသည်။

ထိုနေရာသို့ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်ရှိ တောင်များအားလုံးမှ ကျောင်းထိုင်ဘုန်းတော်ကြီးများအားလုံး စုဝေးရောက်ရှိနေကြသည်။ အမွှေးတိုင်ပူဇော်ခြင်းနှင့် စပ်သောဘုရားရှိခိုးကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးသောအခါ တစ်ခဲနက် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ကျေးငှက်တိရိစ္ဆာန်တို့၏အသံပင် မကြားရပေ။

ထို့နောက်ထေရ်ကြီးဝါကြီး ဘုန်းတော်ကြီးတစ်ပါး ရောက်လာပြီးလျှင် ကြေကွဲဝမ်းနည်းဖွယ်အသံဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

"ပဉ္စင်းလောင်းဖြစ်ကြလိုသော သင်တို့သည် သင်တို့၏မျက်နှာကို ဘုရားရှင်ဘက်သို့လှည့်ပြီးလျှင် သင်တို့ကိုမွေးမြူစောင့်ရှောက်ခဲ့သော သင်တို့၏မိဘနှစ်ပါးကို ကျေးဇူးတင်ပြန်သည့်အနေဖြင့် ဆုတောင်းပတ္ထနာ သုံးပုဒ်ကိုရွတ်ဆိုရမည်"

ထိုအချိန်၌ ကျွန်ုပ်ပါးပြင်ပေါ် မျက်ရည်တစ်ပေါက်ပြီးတစ်ပေါက် စီးကျလာလေသည်။ ကျွန်ုပ်မျက်နှာ မဖော်ရဲပေ။ ကျွန်ုပ်၏အဖော်တခြားပဉ္စင်းများလည်း ကျိတ်ပြီးရှိုက်ငိုနေကြလေသည်။ အခမ်းအနားပြီးဆုံးသွားသောအခါ ကျောင်းထိုင်ဆရာတော်များသည် တစ်ပါးပြီး တစ်ပါးကြွလာပြီးလျှင် ကျွန်ုပ်တို့အားဩဝါဒမိန့်ကြားပြီး အားပေးစကားပြောကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တို့ ကျန်းမာချမ်းသာကြပါစေ၊ သင်တပည့်တို့၏ အသိဉာဏ်သည် နက်နဲလှပေပါသည်၊ သင်တပည့်တို့၏ တရားစမ္မ အတုံဝါသနာသည် ကြီးကျယ်လှပါပေသည်။ ယခုအချိန်ကစပြီး သင်တပည့်တို့သည် ကိုယ်စီကိုယ်စီ မိမိတို့၏ ဆရာဘုန်းတော်ကြီးများကို ဆည်းကပ်လုပ်ကျွေးကြရမည်၊ နောင်လာမည့် တစ်နေ့သောအခါ၌ တရားရိပ်ငြိမ် တောင်တစ်တောင်ပေါ်တွင် ကျင်းပပြုလုပ်သည့် စည်းဝေးသဘင် တစ်ခုခု၌ သင်တပည့်တို့သည် တစ်ဦးနှင့်တစ်ဦး ရွှင်လန်းချမ်းမြေ့စွာပြန်လည် ဆုံဆည်းကြရပေလိမ့်မည်"

ကျွန်ုပ်သည် ကျောင်းထိုင်ဆရာတော်များမြွက်ကြားသည့် ဩဝါဒစကားများကို ဂရုတစိုက်နားထောင်သည်။ သူတို့၏အသံ၊ သူတို့၏စကားများသည် ကြင်နာဖွယ်လည်းကောင်းလှသည်။ ထုံးလမ်းစဉ်လာအရ ပြုလုပ်သောထိုလုပ်ရိုးလုပ်စဉ်အခမ်းအနား၌ ကျွန်ုပ်သည် တစ်ချိန်လုံးရှိနေသည်။ ထို့နောက် ရဟန်းအဖြစ် အသိအမှတ်ပြုသည့်လက်မှတ်ကို ကျွန်ုပ်လက်ခံရရှိလေသည်။

မျက်ရည်ကို သုတ်ပြီးလျှင် ကျောင်းထိုင်ဆရာတော်များကို ခွဲခွာ၍ ကျွန်ုပ်သည် မလှမ်းချင်လှမ်းချင်ဖြင့် တောင်အောက်ဘက် ဆင်းလာခဲ့လေသည်။ လမ်းဘေးနှစ်ဖက်၌ပေါက်နေကြသော သစ်ပင်များမှ သစ်ရွက်တွေ ကြွေကုန်ကြပြီ။ ကြေကွဲဝမ်းနည်းဖွယ်အေးစက်စက် ကမ္ဘာလောကကြီးပါကလား။ သက်ရှိ၏အမှတ်လက္ခဏာအဖြစ် တွေ့မြင်ရသည်မှာ သစ်ပင်များကြားထဲတွင် ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေကြသည့် ထင်းခုတ်သမားများသာလျှင် ဖြစ်လေသည်။ လောကီလူ့ဘောင်ကို စွန့်ခွာလာခဲ့သူတစ်ဦး၏ စိတ်နှလုံးတွင်လည်း ဖျောက်ဖျက်၍မရသော ကြေကွဲဝမ်းနည်းဖွယ် ကိန်းအောင်း





နေသေးပါကလား ဆိုသည်ကို ထိုထင်းခုတ်သမားများ အဘယ်မှာ သိရှိနားလည်ကြမည်နည်း။

ဤအခန်းကဏ္ဍမှာ ကျွန်ုပ်စာအုပ်၏ အစဖြစ်သည်။ ဤစာအုပ်၌ မှတ်တမ်းတင်ထားသည့် အဖြစ်အပျက်မှန်သမျှ အားလုံးပင် အဖြစ်မှန်များချည်းသာလျှင် ဖြစ်ပေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ၂

ကျွန်ုပ်သည် 'ပင်လယ်မိုးတိမ်'ကျောင်းတိုက်မှ ထွက်ခွာလာခဲ့ပြီးလျှင် ခရီးအလှမ်းဝေးသော ရွာတစ်ရွာက ကျောင်းငယ်တစ်ကျောင်းတွင်နေထိုင်လေသည်။ ကျွန်ုပ်၏ဆရာ ကျောင်းထိုင်ကြီးနှင့်ပတ်သက်၍ တပည့်ဝတ်ပြုလုပ်ဆောင်ရွက်သည့် အချိန်မှအပကျွန်ုပ်သည် တစ်ချိန်လုံး မိမိမျက်နှာကို မျက်ရည်ဖြင့်သာလျှင် မျက်နှာသစ်နေရလေသည်။ ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီးသည် အသက်အရွယ်နုနယ်သေးသည်ကို သတိပြုမိသည်ဖြစ်၍ ကျွန်ုပ်အပေါ်တွင်ကြင်နာထောက်ထားမှု အပြည့်အဝရှိလေသည်။ ဘုန်းတော်ကြီးသည်အကြင်နာအထောက်အထားရှိသည့် နေရာ၌ရှိပြီး ခပ်မာမာ ခပ်တင်းတင်း ဆက်ဆံသည့်အခါလည်း ရှိလေသည်။ သို့သော် ကျွန်ုပ် အပေါ်ဘုန်းတော်ကြီး၏ ဖော်ဖော်ရွေရွေ သဘောထားသည့် ကျွန်ုပ်၏ပူဆွေးဝမ်းနည်းခြင်းကို ဖယ်ရှားဖျောက်ပစ်ခြင်းငှာ မစွမ်းနိုင်ပေ။





အကယ်၍ စာရှုသူစဉ်းစားဆင်ခြင်ကြည့်လျှင် ကျွန်ုပ်သည် ကမ္ဘာလောကထဲ၌ အထီးကျန်ဆုံးလူတစ်ယောက်ဖြစ်သည် ဆိုသည်ကိုမသိဘဲ နေမည်မဟုတ်ပေ။

ဘုန်းတော်ကြီး အမိန့်ပေးသည်ဖြစ်၍ ကျွန်ုပ်သည် တစ်နေ့တွင် ဆန်အလှူခံရန် ဂေါစရဂါမ်ရွာရှိရာသို့ ဆင်းလာခဲ့သည်။ ဆန်အလှူခံ၍ အတော်အသင့်ရရှိသည်။ ဆန်ထုပ်ကိုပိုက်ပြီး ကျွန်ုပ်လျှောက်လာခဲ့သည်။ တစ်နေရာ ရောက်သောအခါ အချိန်မဲ့သွားပြီဖြစ်၍ ထိုနေရာ၌ ညဥ့်အိပ်ရန်လုပ်နေစဉ် ခပ်လှမ်းလှမ်းမှ ဓားပြတစ်ယောက်ပေါက်လာပြီး ကျွန်ုပ်၏ဆန်ထုပ်ကို လုယူသွားလေသည်။ ဆန်ထုပ်အလုခံရသောအခါ ကျွန်ုပ်သက်မချမိလေသည်။

ထိုအချိန်က ကောင်းကင်မှာ မည်းမှောင်နက်ချိပ်နေသည်။ ပင်လယ်ကမ်းခြေဘက်ခြေလှမ်း လှမ်းလိုက်သောအခါ လမ်းမှာမသဲမကွဲဖြစ်နေလေသည်။ ခေတ္တခဏ စမ်းတဝါးဝါးဟိုလျှောက်သွားသည်လျှောက်သွား လုပ်နေပြီးနောက် သဲသောင်ပြင် တစ်ခုသို့ရောက်သွားသည်။ ထိုနေရာ၌ အချိန်အတန်ကြာမျှ ရပ်နားနေသည်။ သို့သော် ထိတ်လန့် ကြောက်ရွံ့ဖွယ် လှိုင်းလုံးကြီးများ ရုတ်တရက်ထလာလေသည်။ ကျွန်ုပ်၏လေးဖက်လေးတန်၌ အမိုက်မှောင်လွှမ်းနေသည်။

ဘာလုပ်ရဘာကိုင်ရမှန်းမသိဖြစ်နေစဉ် ခရီးအလှမ်းဝေးသည့် ပင်လယ်ရေပြင်ပေါ်၌ ပဲစေ့သဏ္ဌာန်တမျှသေးငယ်သောမီးရောင်ကလေးလက်နေသည်ကို လှမ်းမြင်ရပေသည်။ တံငါလှေဘလေးတစ်စင်း ဖြတ်လှော်လာသည် ဆိုသည်ကို ကျွန်ုပ်သိသွားသည်။ ထို့ကြောင့်အသံကုန်ဟစ်ပြီး အော်ပြောလိုက်သည်။ "ဗျို့ အို



www.burmeseclassic.com

www.burmeseclassic.com



တံငါ၊ ဒီကိုခဏ လာပါဦး၊ ကျုပ်ဒီချောင်းကလေးကို ဖြတ်ကူးချင်လို့ပါ"

မီးရောင်ကလေးကြည့်ရင်း ကြည့်ရင်းကြီးလာသည်ကို မြင်ရသောအခါ ကျွန်ုပ်ထံ လှေလှော်ခတ်လာကြောင်း သိရှိရသည် ဖြစ်၍ ကျွန်ုပ် အတန်ငယ်စိတ်သက်သာရသွားသည်။ လှေကလေးသည် နောက်ဆုံးကျွန်ုပ်ရပ်နေသည့်ဆိပ်သို့ ကပ်လာလေသည်။ တံငါသည်က ကျွန်ုပ်အား 'ဘယ်သွားမလို့လဲ'ဟု မေးသည်။

ကျွန်ုပ်ကပြန်ပြောလိုက်သည်။

"ကျုပ် ပိုလိုရှာ ဘုန်းတော်ကြီးကျောင်းကဆင်းရဲသားခင်ကြီးတစ်ပါးပါ၊ လမ်းပျောက်နေလို့ ကျုပ်ကိုကျေးဇူးပြုပြီး အကူအညီ ပေးစေချင်ပါတယ်"

တံငါသည်က စိတ်ပျက်သွားသည့် အမူအရာဖြင့် ဦးခေါင်းကို ခါယမ်းလိုက်လေသည်။

'ကျွန်ုပ်ကို အသင်ဘာပြောနေတာလဲ၊ ကျွန်ုပ်လှေက ဈေးထဲမှာ ရောင်းချဖို့အတွက် ငါးဖမ်းနေတဲ့လှေဖြစ်တယ်၊ ဒီလှေနဲ့ သင့်လိုရဟန်းမွဲတစ်ဦးကို တင်ခေါ်သွားလို့ဘယ်ဖြစ်မလဲ'

ယင်းသို့ ပြောပြီးလျှင် တံငါသည်သူ့လှေကို လှော်ခတ်ပြီး ချာခနဲ ပြန်လှည့်ထွက်သွားလေသည်။ ကျွန်ုပ် ဘယ်သွားရ၊ ဘယ်လာရမှန်းမသိ ဖြစ်နေသည်။ စိတ်လည်းပျက် အားလည်းအားငယ်ပြီး ငိုချလိုက်လေသည်။

ထိုအခိုက် ရုတ်တရက် ခွေးဟောင်သံ သဲ့သဲ့ကြားရလေသည်။ မနီးမဝေး၌ ရွာရှိကောင်း ရှိပေလိမ့်မည်ဟူသော အသိဝင်လာသည်။ မြက်ခင်းပြင်ပေါ် ကလမ်းအတိုင်း ကျွန်ုပ်လျှောက်သွား





သည်။ တစ်လှမ်းချင်းလျှောက်သွားသောအခါ မကြာမီ ဘုရားကျောင်းတစ်ကျောင်းသို့ ရောက်လာသည်။ ဘုရားကျောင်း အလယ်၌ တံငါသည်တစ်ဦး၏ မီးအိမ်ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဘုရားကျောင်းထဲဝင်သွားပြီး ကျောက်ပြားတစ်ခုပေါ်၌ ထိုင်လိုက်သည်။ မကြာမီ တံခါးအပြင်ဘက်မှ ခြေသံကြားရလေသည်။ ဝတ်ရုံသင်္ကန်းကိုလျှော့ပြီး ကျွန်ုပ်မတ်တတ်ရပ်လိုက်သည်။ သုတ်သီးသုတ်ပျာနှင့် ဘုရားကျောင်းထဲဝင်လာသော သူငယ်တစ်ယောက်ကို တွေ့ရလေသည်။

'ဘယ်သွားမလို့လဲ သူငယ်"

သူငယ်ကို ကျွန်ုပ်မေးလိုက်သည်။ သူငယ်သည် ဝါးခြင်းကလေးများကို လက်ကကိုင်ထားသည်။ ကျွန်ုပ်မေးခွန်းကို သူက ပြန်ဖြေသည်။

'ကျွန်တော့်အလုပ်က မလွယ်ပါဘူး၊ ညဉ့်အမှောင်ရိပ်နက်သည်ထက်နက်လာတဲ့အခါ တောင်ကမ်းပါးယံကပြိုကျ ပျက်စီးနေတဲ့ နံရံကြားထဲက ဖြစ်စေ၊ ဒါမဟုတ်ရင်လည်း မြက်ပင်ရှည်ကြီးတွေ ကြားထဲမှာဖြစ်စေ သူခိုးသူဝှက်လို ပုန်းကွယ်နေပြီး ကျွန်တော် ပေါဒီတစာစာ အော်မြည်နေတဲ့ ပိုးကောင်တွေကိုဖမ်းရပါတယ်'

'မင်းကို ကြည့်ရတာသနားကမားနဲ့၊ ဘာဖြစ်လို့ ဒီလိုသေးနုပ်သိမ်ဖျင်းတဲ့ အလုပ်မျိုးကိုလုပ်ရတာလဲ'

သူငယ် သက်ပြင်းတစ်ချက်ရှူပြီး ပြန်ပြောသည်။

'ကျွန်တော့်တို့ အိမ်မှာပန်းခြံရှိပါတယ်၊ နေ့လယ်နေ့ခင်း အချိန်မှာ ပန်းခြံထဲက ပန်းတွေကိုခူးပြီး ကျွန်တော် သူဌေးသူကြွယ် အိမ်တွေကို လိုက်ရောင်းရပါတယ်၊ ဒါပေမယ့် သူဌေးတွေက

www.burmeseclassic.com



သိပ်ကပ်စေးနှဲတယ်၊ ပိုက်ဆံများများစားစား မပေးချင်ကြဘူး၊ အမှန်ပြောရရင်တော့ ပန်းရောင်းလို့ရတဲ့ငွေနဲ့ ကျွန်တော်အမေအိုကြီးကို လုပ်ကျွေးပြုစုဖို့မလုံလောက်ပါဘူး၊ ကျွန်တော်ဟာ သား တစ်ယောက်ဖြစ်ပါတယ်။ အမယ်အိုဘဝရောက်နေတဲ့ ကျွန်တော့်အမေ စိတ်ချမ်းသာအောင် သားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ မပြုစုမလုပ်ကျွေးလို့ မဖြစ်ဘူး၊ ကျွန်တော်လုပ်တတ်တာလည်း ဒီအလုပ်ကလွဲလို့ တခြားမရှိဘူး၊ ပိုးကောင်တွေကို ဖမ်းရတာမလွယ်ပါဘူး၊ ဒါပေမယ့် မလုပ်ဘဲနေလို့ မဖြစ်ဘူး၊ ဒီအလုပ်ကို လုပ်ရတာကလည်း အပိုဝင်ငွေရအောင် ဆိုတဲ့သဘောနဲ့ လုပ်ရတာပါ။

'ဒါပေမယ့် ကျွန်တော့်အမေက ကျွန်တော်ဘာလုပ်နေတယ်ဆိုတာ မသိဘူး၊ သိရင် ဒီအလုပ်လုပ်တာကို ခွင့်ပြုမှာ မဟုတ်ဘူး၊ တစ်နေ့က ဒီဘုရားကျောင်းနားမှာ ပုရစ်တွေ့ရတယ်၊ အဲဒီ ပုရစ်ကိုဖမ်းမလို့ ကျွန်တော်ချောင်းတာ နှစ်ညရှိပြီ၊ ဒါပေမယ့် ဖမ်းမမိသေးဘူး၊ တကယ်လို့ ဘုရားသိကြားမလို့ အဲဒီပုရစ်ကို ဖမ်းမိလို့ရှိရင် အနီးအနားရွာနားက ဈေးနေ့ကို ကျွန်တော်စောင့်နေမယ်၊ အဲဒီဈေးနေ့ကျရင် ငွေလုံးခနဲခဲခနဲရဖို့ အလားအလာရှိတယ်၊ အဲဒီငွေနဲ့ ကျွန်တော့် အမေအတွက် သိုးရေဝတ်ရုံ ဝယ်မယ်၊ ဒါမှ ကျွန်တော့် အမေ အအေးဆုံး အချမ်းဆုံးရာသီဥတုမှာ နေရပေမယ့် နွေဦးမှာနေရသလို နွေးနွေးထွေးထွေး နေရမယ်၊ အဲဒီအခါကျရင် အမေအိုရဲ့ သားငယ်ဟာ စိတ်နှလုံးမချမ်းမြေ့ဘဲ ဘယ်နေပါ့မလဲ၊ ကျွန်တော့် အနေနဲ့ မှုမရှိတဲ့၊ အကျင့်သိက္ခာမရှိတဲ့ လူတန်းစားမျိုး၊ ဒါမှမဟုတ်ရင်လည်း ဝယ်သူရောင်းသူကြားထဲက ပွဲစားလို လူတန်းစားမျိုး၊ ဒါမှ မဟုတ်ရင်လည်း ဘဝနောက်ဆုံးပိတ်အချိန်မှာတောင် ကိုယ့်အသက်





ထက် ငွေကြေးကို ဖက်တွယ်နေတတ်တဲ့ လူတန်းစားမျိုးအဖြစ်မခံနိုင်ဘူး"

သူငယ်စကားကိုကြားရသည့်အခါ သူငယ်၏အပေါ် ကြင်နာထောက်ထားသည့် စိတ်ပေါ်ပေါက်ပြီးလျှင် မျက်ရည်ကျမိလေသည်။

ကျွန်ုပ်၏ ဦးပြည်းခေါင်းတုံးကို ကြည့်ပြီးလျှင် သူငယ်က 'ကျွန်တော်တစ်ခုမေးပါရစေ၊ ခင်ဗျားက ခေါင်းတုံးကြီးနဲ့ ဘယ်လိုဖြစ်နေတာလဲ'ဟူ၍ ခပ်အေးအေးပင် မေးလေသည်။

သူငယ်၏ မျက်နှာတွင် အလွန်တရာရိုးသားသောအသွင်ပေါ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်ဖြစ်ပျက်ခဲ့သမျှကို သူငယ်အား အသေးစိတ်ပြောပြလိုက်လေသည်။

သူငယ်က တကယ်ကိုယ်ချင်းစာနာသည့်အသံဖြင့် ပြောလေသည်။

'ခင်ဗျား အတော်ဒုက္ခရောက်ခဲ့တာပဲ၊ ကျွန်တော်တို့ အိမ်ဟာ ဒီကနေသိပ်မဝေးလှပါဘူး၊ ကျွန်တော်တို့အိမ်မှာ အခန်း လွတ်ရှိပါတယ်၊ ခင်ဗျား ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ တကယ်လို့ ခင်ဗျား ကျွန်တော်နဲ့ မလိုက်ရင်တော့ ရက်စက်ကြမ်းတမ်းတဲ့ ရွာသားတချို့က ခင်ဗျားကို မားပြလို့ယိုးစွပ်ကြလိမ့်မယ်၊ အဲဒီအခါမှာ အသက်ချမ်းသာဖွယ်မရှိတဲ့ ဘေးဒုက္ခမျိုး ကြုံတွေ့နိုင်တယ်'

သူငယ်၏ ရိုးသားမှုနှင့် ကြင်နာထောက်ထားမှု၏ ဩဇာလွှမ်းမိုးခြင်းခံရပြီးလျှင် ကျွန်ုပ်သည် သူနှင့်အတူ လိုက်ပါသွားလေသည်။ ကျွန်ုပ်တို့သည် မကြာမီ အတောအတွင်းမှာပင် ရွာထဲကအိမ် တစ်အိမ်သို့ ရောက်သွားကြသည်။ သူငယ်သည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါးကိုဖွင့်ပြီး ပြန်ပိတ်လိုက်လေသည်။ ထို့နောက်ကွေ့ပတ်နေသော စကြ်ံလမ်းမှ ကျွန်တော့်ကိုခေါ်သွားသည်။ ပန်းခြံထဲက ပန်းပွင့်ကလေးများ၏ မွှေးရနံ့များသည် ကျွန်ုပ်၏နှာခေါင်းကို လာနှုတ်ဆက်ကြသည်။ ထိုအခိုက် အဘွားအိုတစ်ဦး၏ အသံကိုကြားလိုက်ရသည်။

'ဒီကနေ့ည ဘာဖြစ်လို့နောက်ကျနေတာလဲ ချို'

ထိုအသံကို ကျွန်ုပ်နားထောင်နေမိသည်။ အဘွားအိုအသံသည် ကျွန်ုပ်ကို ထူးထူးခြားခြား အံ့သြသွားစေခဲ့သည်။ ညှော်ခန်းထဲရောက်သွားသောအခါ ကျွန်ုပ်ငယ်ငယ်က ကျွန်ုပ်ကိုနှိုတိုက်သော ကျွန်ုပ်၏နို့ထိန်းအဒေါ်ကြီးသည် ကျွန်ုပ်၏ ရှေ့ရောက်လာလေသည်။

□

၃

ငယ်ငယ်ကကျွန်ုပ်ကိုနို့တိုက်ထိန်းခဲ့သော ကျွန်ုပ်၏ အထိန်းအဒေါ်ကြီးကို ကျွန်ုပ်အရှိအသေပြုလိုက်သည်။ ဝမ်းသာခြင်းနှင့် ဝမ်းနည်းခြင်းနှစ်မျိုးသည် ကျွန်ုပ်၏ရင်ထဲတွင် ထွေးရောယှက်တင်ဖြစ်နေသည်။ အဒေါ်ကြီးသည် ကျွန်ုပ်အား ကျွန်ုပ်တွေ့ကြုံဖြတ်သန်းလာခဲ့သမျှတွေကို တစ်ခုစီတစ်ခုစီမေးမြန်းလေသည်။ ကျွန်ုပ်၏မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်ပြီးလျှင် တစ်ခဏမျှ အလေးအနက်တွေးတော စဉ်းစားနေသည့်ပုံဖြင့် သူ့လက်ကိုသူ ဦးခေါင်းပေါ်တင်လျက် စိတ်မကောင်းခြင်းကြီးစွာဖြင့် ပင့်သက်ချလိုက်လေသည်။

'ဆာဘူရှိ၊ တကယ်လို့ဒေါ်ဒေါ်သာ သားတို့အိမ်ထောင်မိသားစုနဲ့ ဒီကနေ့အထိ အတူရှိနေမယ်ဆိုရင် သား ယခုလို ဘုန်းကြီးလုပ်ရတဲ့ အခြေအနေရောက်မှာ မဟုတ်ဘူး၊ ဒေါ်ဒေါ်ဟာသားရဲ့အမေကို သုံးနှစ်လောက် ပြုစုခဲ့ရတယ်၊ သုံးနှစ်ဆိုတဲ့ အချိန်ဟာဘာမှ ပြောပလောက်တဲ့အချိန် မဟုတ်ပါဘူး၊ ဒါပေမယ့် သားအမေဟာ ဒေါ်ဒေါ့်ကို တကယ့်သွေးရင်းသားရင်းလိုပဲ စေတနာမေတ္တာနဲ့ဆက်ဆံတယ်၊ ဒေါ်ဒေါ်သားအမေနဲ့ခွဲရတာ ဆယ်နှစ်ကျော်သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ဒေါ်ဒေါ့်အပေါ်ထားတဲ့ သားအမေရဲ့စေတနာမေတ္တာတွေကို ဒေါ်ဒေါ်ကနေ့ထက်ထိမေ့တယ်လို့မရှိဘူး၊ သားအမေထွက်ခွာသွားပြီးနောက် မကြာခင်ပဲ သားတို့အိမ်ထောင်မိသားစုရဲ့ လက်အောက်မှာ ရှက်ဖွယ်လိလိ ပြုမူဆက်ဆံတာကို ဒေါ်ဒေါ်ခံခဲ့ရတယ်။

'သားအမေရဲ့ စိတ်ကောင်းစေတနာကောင်းတွေကို ဒေါ်ဒေါ်မေ့ပျောက်ပစ်လို့ မရပါဘူး၊ ဒါပေမယ့် ဒေါ်ဒေါ် သားကိုခွဲပြီးထွက်သွားလို့မဖြစ်တဲ့ အခြေအနေရောက်ခဲ့ရတယ်၊ သားအဖေရဲ့မိတ်ဆွေသူငယ်ချင်းဖြစ်တဲ့ သားရဲ့မွေးစားအဖေကွယ်လွန်သွားတဲ့အခါမှာ ဒေါ်ဒေါ်ဝမ်းနည်းလို့မဆုံးဖြစ်ခဲ့ရတယ်၊ အဲဒီအချိန်တုန်းက ဆာဘူရီတစ်ယောက်တော့ တစ်ကောင်ကြွက်ဖြစ်ရှာပြီ၊ မှီခိုအားထားစရာတစ်ယောက်မှမရှိတော့ဘူးလို့ ဒေါ်ဒေါ်ပြောမိတယ်၊ ရက်စက်ကြမ်းကြုတ်ပြီးရန်လိုတဲ့ ခွေးတစ်ကောင်နဲ့တူတဲ့ သားမွေးစားအမေရဲ့လက်အောက်ကလွတ်မြောက်ပြီး အမေရင်းရှိရာ အရှေ့ဘက်ဒေသကို သားလိုက်သွားလို့ရအောင် အခြေအနေအားလုံးရေးပြီး သားအမေဆီ စာတစ်စောင်အမြန်ပေးဖို့ ဒေါ်ဒေါ်စိတ်ကူးတယ်၊ ဒါပေမယ့် သား မွေးစားအမေက ဒေါ်ဒေါ့်အကြံကို အနံ့ခံမိသွားတယ်၊ ဒေါ်ဒေါ့်ကိုသူ အကြီးအကျယ်ဒေါသထွက်သွားပြီး တုတ်နဲ့ ရိုက်တယ်၊ ဒေါ်ဒေါ်လည်း သူ့ကို အကျိုးသင့်အကြောင်းသင့် ပြန်ပြောဖို့ စိတ်မကူးတော့ပါဘူး၊ ဒေါ်ဒေါ့်ကို သူစိတ်ရှိသလောက် ရိုက်နှက်ပြီး အိမ်ကနှင်ထုတ်လိုက်တယ်'

ကျွန်ုပ်၏ အထိန်းတော်ကြီးသည် ဇာတ်စုံခင်းပြီး ဇာတ်လမ်း၏တစ်ခန်းဖြစ်သော ထိုနေရာသို့ရောက်သောအခါ ငိုလေသည်။ သူ၏ငိုသံသည် ရှိုက်သံနှင့် ရောနေသည်။ ထိုခဏ၌ကျွန်ုပ်ကိုယ်တိုင်





လည်းစိတ်ထိခိုက်သွားပြီး ငိုချင်လာလေသည်။ သူ့ကို ဘယ်လိုချော့ရမည်ဆိုသည်ကို မတွေးတတ်အောင် ဖြစ်သွားသည်။ ကျွန်ုပ်၏မျက်လုံးထဲတွင် တောင်ပေါ်ကစီးဆင်းလာသော စမ်းချောင်းကဲ့သို့ မျက်ရည်အိုင်ထွန်းနေသည်။ ကျွန်ုပ်တို့သည် စကားမပြောဘဲ တစ်ယောက်နှင့်တစ်ယောက် ငေးကြည့်နေကြသည်။ ထို့နောက်ကျွန်ုပ် သတိပြန်ဝင်လာသည်။ ကျွန်ုပ်၏အထိန်းတော်ကြီးသည် ကျွန်ုပ်အတွက်ကံဆိုးမိုးမှောင်ကျပြီး ကျွန်ုပ်မွေးစားအမေ၏ဒေါသကို ရင်ဆိုင်ခဲ့ရသည့်အချိန်က အသက်အရွယ် လေးဆယ်ကျော်နေပြီ။ ယင်းကဲ့သို့သော ဒုက္ခကို ဘယ်သူခံနိုင်ရည် ရှိမည်နည်း။ ကျွန်ုပ်လူစွမ်းကောင်းလုပ်ပြီး သူ့ကို ဖြေသိမ့်လိုက်ရလေသည်။

'ဒေါ်ဒေါ်စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ဒေါ်ဒေါ်ဆုံးမပဲ့ပြင်ခဲ့တဲ့အတွက် ကျွန်တော်ယခုလို ရင့်ကျက်တဲ့ အခြေအနေမျိုးရောက်လာရခြင်းဖြစ်ပါတယ်၊ ဒေါ်ဒေါ်ကျွန်တော့်အပေါ်မှာ ထားခဲ့တဲ့ စေတနာမေတ္တာတွေအတွက် ဒေါ်ဒေါ်ရဲ့ကျေးဇူးတရား ကျွန်တော့်အပေါ်မှာ ဘယ်လိုမြင့်မားဆိုတဲ့အကြောင်းကို ထုတ်ဖော်ပြောပြဖို့ လုံလောက်တဲ့ စကားလုံးကို ကျွန်တော်ရှာလို့ မတွေ့ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော်ရဲ့ဘဝဟာ ဘုန်းကြီးကျောင်းပရဝုဏ်ထဲရောက်နေပြီး ကျွန်တော်ရဲ့နှလုံးသားဟာ အေးတိအေးစက်ဖြစ်နေပေမယ့် ယခုလို ကျွန်တော့်ကိုထိန်းကျောင်းလာခဲ့တဲ့ အဒေါ်ဟောင်းကိုပြန်တွေ့ရတဲ့ အခါကျတော့ ကိုယ့်ကိုယ်ကိုယ်တယ်ကုသိုလ်ထူးပါးလားလို့ မထင်ဘဲ နေလို့မရတော့ဘူး။

'ယခု ဒေါ်ဒေါ့်ဆီက ကျွန်တော့်အမေသတင်းအစအနကြားသိရတဲ့အတွက် ကျွန်တော်ဝမ်းသာလို့ မဆုံးတော့ဘူး၊ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အမေသတင်းနဲ့ပတ်သက်ပြီး ကျွန်တော်ဒေါ်ဒေါ့်ကိုလုံးဝ စိတ်ချယုံကြည်တယ်၊ ဒေါ်ဒေါ်နဲ့သာမတွေ့ရင် ကျွန်တော့်အနေနဲ့ မိုးမြေတစ်ဆုံး လိုက်လံရှာဖွေပေမယ့် အမေ့ကိုကျွန်တော်တွေ့မှာ မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ ယခုအခြေအနေကို တွေးတောစဉ်းစားကြည့်ရင် ကျွန်တော့်အပေါ်မှာ ဘုရားသခင်ရဲ့ ငဲ့ညာထောက်ထားမှုရှိနေသေးတယ်ဆိုတဲ့ကြောင်းအသိအမှတ်မပြုလို့မရတော့ဘူး၊ ကျွန်တော့်အမေ လူ့ဘဝမှာရှိသေးတယ်လို့ ကျွန်တော်ကလေးဘဝကစပြီး ယုံကြည်စိတ်ချလာခဲ့တယ်၊ ဒါပေမယ့် ကျွန်တော့်အမေဘယ်မှာနေတယ်ဆိုတာ ကျွန်တော်စုံစမ်းလို့မရခဲ့ဘူး၊ ကျွန်တော့်အမေရဲ့ ငယ်နာမည်ဘယ်သူလဲဆိုတာတောင်မှ ကျွန်တော်မသိခဲ့ဘူး၊ ယခု ဒေါ်ဒေါ်ပြောပြနေတဲ့ ကျွန်တော့်အမေဆိုတာ ကျွန်တော့်ကို ကိုးလလွယ်ဆယ်လဖွားတဲ့ အမေအစစ်မှ ဟုတ်ပါရဲ့လား၊ ကျွန်တော့်ကိုအဘာဖြစ်လို့ ခြေဦးတည့်ရာ လျှောက်သွားနေတဲ့တစ်ကောင်ကြွက်ဘဝရောက်အောင်၊ မျက်ရည်နဲ့အဖော်ပြုနေရအောင် သူလုပ်ရတာလဲ၊ ကျွန်တော့်အကြောင်းကို မမေးမြန်းမစုံးစမ်းနိုင်လောက်အောင် ဘာဖြစ်လို့ ဒါလောက်စိမ်းကား ရက်စက်ရတာလဲ၊ အဲဒါတွေထားလိုက်ပါတော့၊ ကျွန်တော့်ကလေးဘဝက အကြောင်းကို အသေးအဖွဲကစပြီး တစ်ခုမကျန် ကျွန်တော့်ကို ပြောပြပါလား ဒေါ်ဒေါ် '

အဘွားအိုသည် မျက်နှာတွင် စီးကျနေသောမျက်ရည်များကို သုတ်ပြီးလျှင် ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ပြောလေသည်။

'ကောင်းပြီ၊ သားကို ဒေါ်ဒေါ် အိတ်သွန်ဖာမှောက် အားလုံးပြောပြမယ်၊ ဒေါ်ဒေါ့်ဟာကျေးတောသူတစ်ယောက်ပါ၊ ကျွဲနွားတိရစ္ဆာန်တွေကို မွေးမြူထိန်းကျောင်းပြီး အသက်မွေးဝမ်းကျောင်းလုပ်ရတယ်၊ အိမ်ထောင်ရက်သားကျပြီးတဲ့အခါကျတော့ လင်ယောကျ်ားနောက်လိုက်သွားပြီး နေ့ခင်းနေ့လယ်အချိန် လယ်တောယာတောထဲမှာ အလုပ်လုပ်ရတယ်၊ ညဥ့်အချိန်ကျမှ နားရတယ်၊ ဒေါ်ဒေါ်တို့ရဲ့အိမ်ထောင်သည်ဘဝဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ရှိလာခဲ့တယ်၊ ဒါပေမယ့် တခြားဘဝတူတွေလိုပဲ ကံကြမ္မာဆိုတာ ကောင်းတဲ့အခါ ကောင်းပြီး ဆိုးတဲ့အခါ ဆိုးတယ်ဆိုတာ ဒေါ်ဒေါ်ဘယ်မှာကြိုတင်သိပါ့မလဲ၊ ကျေးတောသူ ကျေးတောသားများရဲ့ အိမ်ထောင်သည်ဘဝမှာ နေ့ရက်အချိန်ကာလဟာ ပင်လယ်ဒီလှိုင်းလိုပဲ ဖြစ်နေတယ်၊ ဒေါ်ဒေါ်အသက်သုံးဆယ်အရွယ်ရောက်တော့ ဒေါ်ဒေါ့်ယောကျ်ားကွယ်လွန်သွားတယ်၊ ဘာပစ္စည်းမှ မကျန်ခဲ့ဘူး၊ ကလေးတစ်ယောက်ပဲထားခဲ့တယ်၊ ဟောဒီ သားရဲ့ ညီလေး ချိုပေါ့၊ အချိန်ကြာလေလေ ငွေကြေးကျပ်တည်းလာလေပဲ၊ ဆွေမျိုးတွေကလည်း ဒေါ်ဒေါ်နဲ့ ဒေါ်ဒေါ့်သားကို စိမ်းစိမ်းကားကား ဖြစ်လာကြတယ်၊ အဖက်မလုပ်ကြတော့ဘူး၊ ကမ္ဘာလောကကြီးရဲ့လမ်းကြောင်းပြောင်းလဲသွားပါပြီကလားဆိုပြီး ဒေါ်ဒေါ်ယူကျုံးမရဖြစ်ရတယ်၊ ဒေါ်ဒေါ်ရဲ့တိုးတိုးဖော်ဆိုလို့ ဘယ်မှာရှိတော့မှာလဲ၊ ကိုယ်ဒုက္ခကိုကိုယ် ဘယ်သူ့ကို ပြောပြလို့ရတော့မှာလဲ၊ နီးစပ်သူမှန်သမျှဆီက အကူအညီရလိုရငြား ဒေါ်ဒေါ် ကြိုးစားကြည့်ပါသေးတယ်၊ ဒါပေမယ့် ဘယ်သူ့ဆီကမှ အကူအညီမရဘူး။

'တစ်နေ့ကျတော့ ရွာအပြင်ဘက်မှာ ဒေါ်ဒေါ်ကောက်သင်းကောက်နေစဉ် ရေးဆန်ဆန်အဝတ်အစား ဝတ်ထားတဲ့ ကလေးမိခင်တစ်ယောက် ဒေါ်ဒေါ့်နားရောက်လာတယ်၊ သူ့ဟန်ပန်အမူအရာက အတော်ပဲယဉ်ကျေးသိမ်မွေ့တယ်၊ သူက ဒေါ်ဒေါ့်ကို







www.burmeseclassic.com

www.burmeseclassic.com



ညည်းကြည့်ရတာ စိတ်မချမ်းမသာဖြစ်နေပုံရတယ်လို့ပြောတယ်၊ ပြီးတော့ ဒေါ်ဒေါ့်အခြေအနေကို အသေးစိတ်မေးတယ်၊ ဒေါ်ဒေါ်က သူမေးသမျှကို ပြန်ဖြေတယ်၊ အဲဒီလိုနဲ့ သားရဲ့အမေဟာ ဒေါ်ဒေါ့်ကို သနားတဲ့ စိတ်ပေါ်လာပြီး သားကိုနို့တိုက်ပြီးထိန်းဖို့ ဒေါ်ဒေါ့်ကို ငှားရမ်းတယ်၊ ရှေးဆန်ဆန်အဝတ်အစားကို ဝတ်ဆင်ထားတဲ့ ကလေးအမေဟာ တခြားလူမဟုတ်ဘူး၊ သားရဲ့အမေပဲ၊ သူ့ဇာတိက ဂျပန်၊ သူ့အဝတ်အစားတွေက အားလုံး ဒေါ်ဒေါ်တို့တိုင်းပြည်တရုတ်ရှေးဟောင်းပုံသဏ္ဍာန်အတိုင်းချုပ်ထားချည်းပဲ၊ အဲဒီအကြောင်းတွေကို ဒေါ်ဒေါ်သားရဲ့အမေနဲ့ တွေ့ဆုံပြီးတဲ့နောက်မှ တစ်ဆင့်စကားတစ်ဆင့်ကြားသိလာရတာ ဖြစ်တယ်၊ ဆာဘူရိုဆိုတာ သားအဖေကိုယ်တိုင် သားကို မှည့်ထားတဲ့ နာမည်ဖြစ်တယ်။

'သားအမေပြောတာ ဒေါ်ဒေါ်တစ်ခါကြားဖူးတယ်၊ မွေးခါစက သားဟာ သိပ်ငိုတာပဲ၊ သားကိုမွေးပြီးလို့ လပိုင်းလောက်ပဲ ရှိဦးမယ်၊ သားရဲ့အဖေ သေဆုံးသွားတယ်၊ သားရဲ့အဖေက ဆန်လင်းလို့ ခေါ်တယ်၊ လူသိများတဲ့ ချန်ဟုအမျိုးအနွယ်ထဲက၊ တခြားလူတွေနဲ့ ဆက်ဆံတဲ့နေရာမှာ မှန်ကန်တိကျတဲ့အတွက် သူ့ကိုတစ်ရွာလုံးက လေးစားကြည်ညိုကြတယ်၊ သားရဲ့အဖေကွယ်လွန်ပြီးတဲ့အခါ သားအမေက ပတ်ဝန်းကျင် လူ့အသိုက်အဝိုင်းရဲ့မေးငေါ့တတ်တဲ့ အလေ့အထကို အပြန်ပြန်အထပ်ထပ်လေ့လာ သုံးသပ်ပြီးတော့ မိသားစုသစ်ပင်ရဲ့အကိုင်းတစ်ကိုင်းဖြစ်တဲ့ သားကို တရုတ်ပြည်မှာပဲ ထားခဲ့မယ်လို့ အကြံရတယ်၊ အဲဒါကြောင့် သားအမေဟာ သားကို သူ့ဧယာကျ်ားရဲ့ အခင်မင်အရင်းအနှီးဆုံး မိတ်ဆွေတစ်ဦးဆီ ခေါ်လာတယ်၊ အဲဒီပုဂ္ဂိုလ်က သားကို မွေးစားသားအဖြစ် မွေးမယ် ဆိုပြီး





လက်ခံထားတယ်၊ အရွယ်ရောက်လာတဲ့အခါမှာ သားဟာ သူ့ရဲကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သားရဲ့အမေက သားကို ဂျပန်ပြည်နဲ့ဆက်စပ်မှု မရှိအောင် အပြီးအပြတ်စီစဉ်ခဲ့တယ်၊ အဲဒီလိုလုပ်တာဟာ သူ့အမိနိုင်ငံရဲ့ တရားဥပဒေနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်ဆိုတာ သူမသိဘူးမဟုတ်ဘူး၊ သိတယ်၊ ဒါပေမယ့် သားကိုချစ်တဲ့အမေတစ်ဦးအနေနဲ့ မလုပ်သင့် မလုပ်ထိုက်တဲ့အလုပ်တော့မဟုတ်ဘူး။

'သားရဲ့အမေဟာ သားကို သူကိုယ်တိုင်ခေါ်လာပြီး ဒီဒေါ်ဒေါ်တို့ ရွာကိုတိတ်တိတ်ကလေး ရောက်လာတယ်၊ သူဒီရွာမှာ သုံးနှစ်လောက် နေသွားသေးတယ်၊ တစ်နေ့ကျတော့ သူဒေါ်ဒေါ့်ကို ခေါ်ပြီး ကျုပ်အရှေ့နိုင်ငံက ကိုယ့်အိမ်ကိုယ့်ရာ ပြန်တော့မယ်၊ ညည်းကိုယ်ဝမ်းကို ကိုယ်ကျောင်းပေတော့လို့ ပြောတယ်၊ ပြီးတော့ သားကို ရည်ညွှန်းပြီး မျက်ရည်မဆည်နိုင်ရှာဘဲ ကြေကွဲဝမ်းနည်းဖွယ်အသံနဲ့ ဒီကလေးဟာ မွေးလာကတည်းက ကံမကောင်းရှာဘူး၊ ကလေးကို ဂရုစိုက်ပါ၊ ညည်းကျေးဇူးကို ကျုပ်ဘယ်တော့မှ မမေ့ဘူးလို့ ပြောပြန်တယ်၊ အဲဒီလိုပြောပြီးတော့ သူ့လိပ်စာကို ရေးပေးတယ်၊ လိပ်စာပျောက်မသွားပါစေနဲ့လို့လည်း တဖွဖွမှာသွားတယ်၊ အဲဒီလိပ်စာကို ဒေါ်ဒေါ်ရဲ့ဝါးသေတ္တာဟောင်းထဲမှာ သိမ်းထားတာ အခုအထိ ရှိနေတုန်းပဲ။

'အဲဒီတုန်းက သူ့ကိုကျေးဇူးတင်လွန်းလို့ ထွက်လာတဲ့ ဒေါ်ဒေါ်ရဲ့ မျက်ရည်တွေဟာ တော်တော်နဲ့ ခြောက်ခန်းမသွားဘူး၊ သားရဲ့အမေက ဒေါ်ဒေါ့်ကို ဒေါ်လာတစ်ရာပေးသွားတယ်၊ သူပေးသွားတဲ့ ငွေအားလုံးသုံးလို့ကုန်သွားပေမယ့် သူ့အပေါ် ဒေါ်ဒေါ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်မြတ်နိုးတဲ့စိတ်ဟာ ကုန်မသွားခဲ့ဘူး၊ နောင်ကိုလည်းဘယ်တော့မှ ကုန်သွားမှာ မဟုတ်ဘူး၊ သူမသွားခင်တစ်ညတုန်းကအကြောင်းကို ဒေါ်ဒေါ်ပိုပြီး သတိရတယ်၊ သားရဲ့အမေဟာ သားရဲ့သကြားလုံးဘူးတွေနဲ့ အဝတ်အစားသေတ္တာတွေအားလုံးထဲမှာ သူ့ဓာတ်ပုံတစ်ပုံစီ ထည့်ထားတယ်၊ သားကြီးလာတဲ့အခါ သူ့ရုပ်ပုံဘယ်လိုဆိုတာ သား သတိရနေစေလိုတဲ့ မျှော်လင့်ချက်နဲ့ အဲဒီလိုလုပ်တာဖြစ်တယ်၊ ဘယ်လောက် ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ အကြံအစည်လည်းဆိုတာ သားပဲစဉ်းစားကြည့်ပါ။ ဒါပေမယ့် သူထွက်ခွာသွားပြီးနောက် အဲဒီမိသားစုက သားအမေရဲ့ဓာတ်ပုံတွေကို တွေ့ရှိသွားပြီး အားလုံး ဆုတ်ဖြဲဖျက်ဆီးပစ်လိုက်လိမ့်မယ်ဆိုတဲ့အကြောင်းကိုတော့ အဲဒီတုန်းက သူဘယ်တွေးမိမလဲ။

'တရုတ်ပြည်က ထွက်ခွာသွားပြီဖြစ်တဲ့နောက် သားရဲ့ အမေဟာ ဒေါ်ဒေါ့်ကို စာသုံးကြိမ်ပေးတယ်၊ သုံးကြိမ်လုံးပဲ ငွေလည်းပို့လိုက်တယ်၊ အဲဒီငွေကို သားရဲ့မွေးစားအမေအပိုင်စီးသွားပြီး သုံးပစ်တယ်၊ အဲဒီနောက် သားရဲ့အမေအကြောင်းကို အသေးစိတ်သိထားတဲ့ အကြောင်းနဲ့ သားကိုသိပ်ချစ်တဲ့အကြောင်းကြောင့် ဒေါ်ဒေါ့်ကို သားရဲ့အမေက မကြည်ဖြူတော့ဘူး၊ သူကိုယ်ချင်းစာနာမှုမရှိဘူးဆိုတဲ့ အကြောင်းတခြားလူတွေ သိရှိသွားအောင် ဒေါ်ဒေါ်က တမင်တကာအရွဲ့တိုက်ပြီးသားကိုချစ်ခင်ကြောင်းတွေကြောင့် ဒေါ်ဒေါ့်အပေါ်ထားတဲ့ အဆိပ်လွှမ်းနေတဲ့ သူ့အာဃာတစိတ်ဟာ အမြစ်ခိုင်မာသထက် ခိုင်မာလာတယ်၊ အမှန်ပြောရရင်တော့ လူသားနဲ့ တိရစ္ဆာန်ရဲ့အကြားမှာခြားထားတဲ့စည်းဟာ ကျဉ်းမြောင်းသေးသွယ် တဲ့ ချည်မျှင်ကလေးတစ်ခုမျှသာ ဖြစ်တယ်၊





သားရဲ့မွေးစားအမေအကြောင်း စဉ်းစားကြည့်ရင် အဲဒီအတိုင်းပဲတွေ့ရတယ်၊

'ဒေါ်ဒေါ့်ကိုအိမ်ကနှင်ထုတ်လိုက်ပြီးတဲ့အခါကျတော့ အဲဒီမိန်းမက သားရဲ့အမေဟာပင်လယ်ထဲကျသွားပြီး ဝေလငါးရဲ့ အစာဖြစ်သွားပြီလို့ မမှန်သတင်းလွှင့်တယ်၊ အဲဒီတော့ ဆွေမျိုး မိတ်သင်္ဂဟတွေ၊ အိမ်နီးနားချင်းတွေကသားကို မိတဆိုးလေးဆိုပြီး လုံးလုံးဂရုမစိုက်ကြတော့ဘူး။ အဲဒီမိန်းမရဲ့ ရည်ရွယ်ချက်ကို စဉ်းစား ကြည့်လိုက်ရင် သားအရွယ်ရောက်တဲ့အခါ ကိုယ့်အမေရှိရာကိုသွားဖို့ စိတ်မကူးနိုင်အောင် ပိတ်ပင်တားမြစ်ထားတာဆိုတာ ပြတ်ပြတ်သားသား သိရတယ်၊ ကိုယ်မွေးမြူကြည့်ရှုပါ့မယ်လို့ တာဝန်ယူထားတဲ့ တခြားမိခင်တစ်ယောက်ရဲ့သားကို အဲဒီလို ရက်ရက်စက်စက် လုပ်သင့်ပါသလား၊ ဒီမိန်းမဟာ အရင်ဘဝက ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့ ဘယ်လိုသားရဲတိရစ္ဆာန်များ ဖြစ်ခဲ့တယ်မသိဘူးလို့ ဒေါ်ဒေါ်အကြိမ်ကြိမ်တွေးမိတယ်၊ အို . . . ဘုရားသခင်၊ အကျွန်ုပ် တစ်စုံတစ်ယောက်အား မတော်မတရားစွပ်စွဲ ပြောဆိုနေတာများ ဖြစ်နေသလား၊ အဲဒီဘီလူးမကို သတိပေးလိုက်တဲ့အတွက် ကျွန်ုပ် ဒီကနေ့ဒီစကားများကို ပြောပြနေခြင်းမျှသာဖြစ်ပါတယ်။

'သားရဲ့ မွေးစားအဖေဟာ အင်မတန်မှန်ကန်ဖြောင့်မတ်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ သူနဲ့ သားရဲ့အဖေကြားမှာရှိတဲ့ မေတ္တာနှောင်ကြိုးကို အမြဲသတိရနေပြီး သားကိုလည်း သားရင်းခေါက်ခေါက်တစ်ယောက်လိုပဲ ကြည့်ရှုစောင့်ရှောက်တယ်၊ သူ့အခုလို ရုတ်တရက်ကွယ်လွန် သွားပြီး သူ့မိန်းမက သားအပေါ်မှာ ဆိုင်းမဆင့်ဗုံမဆင့်စိမ်းကား ရက်စက်လာလိမ့်မယ်လို့ အစကဘယ်သူတွေးမိမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် အပြစ်ကင်းစင်တဲ့ ကလေးသူငယ်သာရှိသေးတဲ့သားဟာ ဘယ်လောက်အနှိပ်စက်ခံရတယ်ဆိုတာ ဒေါ်ဒေါ်နှိုင်းခိုင်း ဥပမာပေးစရာ ရှာမတွေ့ဘူး။

'ဒါပေမယ့် သားကို ဒီကနေ့ကျောက်စိမ်းတုံးကြီးလို အရုပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်ခန္ဓာ ခိုင်ခိုင်မာမာလာတွေ့ရတော့ ဒေါ်ဒေါ်သားနဲ့ခွဲလာပြီးတဲ့နောက် သားဟာ ကိုယ်လက် တစ်စုံတစ်ရာဘာမှထိခိုက်ချွတ်ယွင်းမသွားဘူးဆိုတာ သိရတယ်၊ ဒေါ်ဒေါ့်အသက်မငယ်တော့ဘူး၊ ဒေါ်ဒေါ်ရဲ့ဂုဏ်သိက္ခာ ထိန်းထားဖို့အတွက် သားကိုဒီအကြောင်းတွေ ပြောမပြသင့်ဘူးဆိုတာ ဒေါ်ဒေါ်နားလည်ပါတယ်၊ ဒါပေမယ့် ဒီခေတ်ဆိုးအခါဆိုးကြီးမှာ ကိုယ်ကရိုးသားချင်ပေမယ့်တခြားလူတွေက အကောက်ကြံချင်ကြတယ်၊ တစ်ယောက်က ပြည့်ဖြိုးကြွယ်ဝရင် တစ်ယောက်က ဆုံးရှုံးနစ်နာတယ်၊ အဲဒါ အပေးအယူလို၊ ဓမ္မတာ သဘောတရားလိုဖြစ်နေတယ်၊ အဲဒီလို သဘောမျိုးရှိတဲ့ ကမ္ဘာလောကကြီးမှာ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ဟာ သက်မ ပြင်းပြင်းချလို့ရမလား'

ယင်းသို့ပြောပြီးလျှင် ကျွန်ုပ်အထိန်းအဒေါ်ကြီးသည် ဦးခေါင်းကိုငုံ့ပြီးလျှင် ရှည်လျားသောသက်မကြီးကို ချလိုက်လေသည်။ တအောင့်လောက်ကြာသွားသောအခါ အဒေါ်ကြီးသည် သူ့စကားကိုဆက်လိုသည့်အာသာဆန္ဒပေါ်လာပြန်သည်။ အခိုက်အတန့်အားဖြင့် ကျွန်ုပ်၏စိတ်နှလုံးသည် ယောက်ခတ်နေသော လှိုင်းလုံးများကဲ့သို့လည်းကောင်း၊ မတည်ငြိမ်သော မီးသားတိမ်လိမ်များကဲ့သို့လည်းကောင်း ဝမ်းနည်းပူဆွေးမှုအပြည့်ဖြစ်နေသည်။





ကျွန်ုပ်၏အမေအကြောင်းကို မေးမြန်းစုံစမ်းပြီးပြီဖြစ်၍ အတိတ်က အဖြစ်အပျက်များအကြောင်းကိုထပ်ပြီးကျယ်ကျယ်ဝန်းဝန်းမသိချင်တော့ပေ။ ကိုယ့်ကိုယ်ကိုယ် ကရုဏာသက်နေစရာလည်းမလိုတော့ပေ။ ထို့ကြောင့် ကျွန်တော်အဒေါ်ကြီးကို ခပ်အေးအေးပင် ပြောလိုက်လေသည်။

'ညဥ့်လည်း အတော်နက်သွားပြီ၊ အိပ်ရာဝင်ပါတော့ ဒေါ်ဒေါ်၊ ကျွန်တော်လည်း မကြာခင်အမေ့ကို သွားရှာမယ်၊ ဒေါ်ဒေါ်စိတ်မချမ်းမသာ သိပ်ဖြစ်မနေပါနဲ့တော့၊ တောင်တွေးမြောက်တွေးလုပ်နေရင် ကိုယ်ပဲပင်ပန်းဆင်းရဲမယ်၊ ချို့နဲ့ ကျွန်တော့်အကြောင်းကိုပဲစဉ်းစားပါ၊ အနာဂတ်အကြောင်းကို ဘယ်သူမှ ကြိုတင်မပြောနိုင်ဘူး၊ ကျွန်တော်တို့ နာမည်တစ်လုံးနဲ့လူဖြစ်မလာဘူးလို့ ဒေါ်ဒေါ်ထင်သလား'

ကျွန်ုပ်၏ အထိန်းတော်ကြီးသည်ဦးခေါင်းကို ငွမော့လိုက်ပြီးလျှင် ကျွန်ုပ်၏ပခုံးကိုကိုင်ကြည့်ရင်း ပြောလိုက်လေသည်။

'သားကိုမြင်ရတာ ဒေါ်ဒေါ်စိတ်မကောင်းဘူး၊ သားအခုလိုပိန်ပြီး အခုလိုအားပျော့နေလိမ့်မယ်လို့ ဒေါ်ဒေါ်မထင်ဘူး၊ ဒီကနေ့ညသားဒီမှာ အိပ်ရမယ်၊ သားဒေါ်ဒေါ်တို့အိမ်မှာ ခေတ္တနေပြီးတော့ သားရဲ့အမေကိုသွားတွေ့မယ့်သားရဲ့ အရှေ့ဘက်ခရီးအတွက် အချိန်ယူပြီး စီစဉ်ပါ၊ ရှေးဆန်ဆန် အဝတ်အစားကို ဝတ်စားဆင်ယင်ထားတဲ့ သားအမေ အရှေ့ပင်လယ်ကမ်းခြေမှာရပ်ပြီး သားအလာကိုစိုးရိမ်တကြီးနဲ့စောင့်မျှော်နေတာကို ဒေါ်ဒေါ်အမြဲလိုလိုပဲ အိပ်မက်မြင်မက်နေတယ်၊ သားမကြာခင်ပဲ သားအမေကသားကို ခေါ်တဲ့အသံ ကြားရတော့မယ်၊ ဒေါ်ဒေါ်ရဲ့ဇရာပိုင်း ရောက်နေတဲ့ ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အပြီးသတ်တော့မယ် အချိန်ရောက်လာပြီ၊ ခေါင်းလုပ်မယ့် သစ်သားကိုရှာဖွေရတော့မယ်၊ သားရဲ့အမေနဲ့ တစ်ဖန်တွေ့ကြုံဆုံဆည်းရတော့ မှာမဟုတ်ဘူး၊ ဒါပေမယ့် ဘုရားသခင်က သူ့ကို အမြဲကာကွယ် စောင့်ရှောက်နေပါစေလို့ ဒေါ်ဒေါ်အမြဲတမ်း ဆုတောင်းနေပါတယ်'

နောက်နေ့နံနက်တွင် နေရောင်ခြည်သည် ကြည်ကြည်လင်လင် ဝင်းလက်တောက်ပနေသည်။ ကျွန်ုပ်ပြတ်ပြတ်သားသား သတိရနေသည့်အတိတ်က အဖြစ်အပျက်များကို ကျွန်ုပ်ပြန်လည် တွေးတောနေမိသည်။ အကယ်၍ စာရှုသူသည်ကျွန်ုပ်၏ စိတ်အခြေအနေကို စဉ်းစားကြည့်မည်ဆိုလျှင် အိပ်ရာထဲတွင် ကျွန်ုပ်ဟိုလူးသည် လှိမ့်နှင့် အိပ်၍မရသည့် အဖြစ်ကို သဘောပေါက်ပေလိမ့်မည်။ ကျွန်ုပ်၏ ပူဆွေးဝမ်းနည်းခြင်းသည် အပြီးမသတ်တော့ပေ။ ကိုယ်ရုံအဝတ်ကိုဝတ်ပြီး ကျွန်ုပ်သည် ပတ်ဝန်းကျင်ကိုကြည့်ရှုရန်အပြင်ဘက်ထွက်လာခဲ့သည်။ မိုးမခပင်များသည် အရိုးစုကမ္ဗဏ္ဍာန်းရုပ်ထက်ပင်ကြုံလှီသေးကွေးနေကြသည်။ တောင်များကလည်း ကြေကွဲဝမ်းနည်းဖွယ် အသွင်ဆောင်နေကြသည်။

နောက်ပိုင်းနေ့ရက်များ၌ကား ကျွန်ုပ်သည် ချီနှင့်အတူ နေ့တိုင်းလိုလိုပင် အပြင်ဘက်ထွက်လေသည်။ တစ်ခါတစ်ရံတွင် လှေလှော်ကြသည်။ တစ်ခါတစ်ရံ၌မိုးဖွဲကလေးကျနေသောကြောင့် မသဲကွဲဖြစ်နေသည့် လူသူဟူ၍ တစ်ယောက်မှမမြင်ရသော မြစ်ထဲတွင် ငါးဖမ်းသည့် တိုင်များကို စိုက်ကြသည်။ တခြားအချိန်များ၌ကား ရွာအပြင်ဘက်ထွက်ပြီး ကျွန်ုပ်တို့နှစ်ယောက် ကျွဲအတူစီးကြသည်။ ကျွန်ုပ်၏အဆုံးအပိုင်းအခြားမရှိသော ဝမ်းနည်းကြေကွဲခြင်းသည်



ထိုနည်းထိုပုံကျွန်ုပ်သတိမပြုမိဘဲ တဖိုးဖိုးတိုက်ခတ်နေသည့် ရှည်လျားသော ညဥ့်ကာလလေထဲ နေရာအနှံ့အပြားတွင် ပျံနှံ့နေသည်။

ဿ

www.burmeseclassic.com

www.burmeseclassic.com

## ၄

တစ်နေ့တာကုန်ဆုံးပြီး ညချမ်းဆည်းဆာချိန်ရောက်လာပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးမှောင်ရီသန်းနေသည်။ နှင်းပက်ဖျန်းထားသည်ဖြစ်၍ အေးစိမ့်နေသောလေ တဟိုးဟိုးတိုက်ခတ်နေသောကြောင့် အရိုးစိမ့်အောင်ပင် ခိုက်ခိုက်တုန်ချမ်းအေးနေသည်။

ထိုအခိုက်ချိန်နှင့် ကျွန်ုပ်သည်ကျောပေါ်တွင်ထင်းများပိုးပြီး တောင်တန်းဆီမှ ပြန်လာကြသည်။ အိမ်တံခါးဖွင့်ဝင်လိုက်သောအခါ အထိန်းအဒေါ်ကြီး မြေကြီးမီးဖိုတွင် မှီထိုင်ပြီးမလှုပ်မယှက် အင်္ကျီအဟောင်းအတစ်ထည်ပြင်ချုပ်နေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့၏အသံကို ကြားရသောအခါ အဒေါ်ကြီးသည် ဦးခေါင်းထောင်ပြီး ကျွန်ုပ်ကို လှမ်းကြည့်ရင်း ပြောလိုက်လေသည်။

'ငါ့သားတော်တော်ပင်ပန်းနေပြီ၊ ဒေါ်ဒေါ်တို့ဆီမှာ သားနေရတာ ပျော်ပုံတော့ရတယ် ထင်တယ်၊ သား ဒီမှာ အတော်ကလေးကျန်းမာဝဖြိုးလာတယ်၊ ဒေါ်ဒေါ်သိပ်ဝမ်းသာတာပဲ၊ သားတို့နှစ်ယောက် နားကြပါဦး၊ ဒေါ်ဒေါ်မီးထွန်းပြီး ထမင်းနဲ့ငါးဟင်း





ပြင်လိုက်ဦးမယ်၊ ဒေါ်ဒေါ်လည်းသားတို့နဲ့ပဲအတူထမင်းစားမယ်၊ ဒေါ်ဒေါ်တို့အိမ်က ငါးကိုဈေးချိုချိုနဲ့ဝယ်လို့ရတယ်၊ ကျေးရွာမှာနေရတာ မြို့မှာနေရတာထက် သာတာတွေအများကြီးရှိတယ်'

ချိန်နှင့် ကျွန်ုပ်သည် ထန်းလက်မိုးကာအင်္ကျီနှင့် ဦးထုပ်ကိုချွတ်လိုက်ကြသည်။ အဒေါ်ကြီးနှင့်အတူ ကျွန်ုပ်တို့ထမင်းစားကြသည်။ ကျွန်ုပ်ပျော်နေသည်။ ထမင်းစားပြီးသောအခါ ကျွန်ုပ်၏အထိန်းအဒေါ်ကြီးသည် ကျွန်ုပ်ကို ပြောပြသည်။

'သား ဒီကနေ့ထင်းသယ်လာတာ တွေ့ရတော့ ဒေါ်ဒေါ်စိတ်မကောင်းဘူး။ သားက အကြမ်းခံနိုင်တဲ့လူ မဟုတ်ဘူး၊ အခုလိုထင်းသယ်တဲ့အလုပ်မျိုး နောက်မလုပ်နဲ့တော့၊ အဲဒီလို ပင်ပင်ပန်းပန်းလုပ်ရတဲ့ အလုပ်ကြမ်းကို ချိုလုပ်လိမ့်မယ်၊ သားလုပ်ဖို့အတွက်အလုပ်တစ်ခု ဒေါ်ဒေါ်အကြံရတယ်၊ ဒေါ်ဒေါ်အကြံပေးတာကိုလိုက်နာစေချင်တယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး ရနံ့ကြိုင်လှိုင်နေတဲ့နွေဦးကာလသုံးလ အတောအတွင်းမှာ ပန်းခြံထဲကပန်းပင်တွေအားလုံး ပွင့်ကြတယ်၊ အခုဆောင်းတစ်ဝက် ကျိုးလာပြီ၊ နွေဦးရောက်လာတဲ့ အခါကျတော့ ပန်းခူးပြီး နံနက်ခင်းအချိန် ပန်းလိုက်ရောင်းပေါ့၊ နေ့လယ်နေ့ခင်းကျတော့ ပန်းခြံကိုကြည့်တာပေါ့၊ ပန်းရောင်းလို့ရတဲ့ငွေဟာ အရေအတွက်တော့များမှာ မဟုတ်ပါဘူး၊ ဒါပေမယ့်သားအတွက်စုထားပေးမယ်၊ နှစ်နှစ် သုံးနှစ်လောက်ကြာတဲ့ အခါကျတော့ အရှေ့ဘက်ဒေသက သားအမေအိမ်သွားဖို့ ခရီးစရိတ် လုံလုံလောက်လောက်ရရော မဟုတ်လား၊ အဲဒီနည်းလမ်းက လွဲပြီးတခြားနည်းလမ်း ကြည့်မမြင်ဘူး၊ အခုပြောပြတဲ့ အကြံကို သားလက်ခံတယ်မဟုတ်လား ဆာဘူရို'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကလည်း လှိုက်လှိုက်လှဲလှဲပင် သဘောတူလိုက်လေသည်။

'သိပ်ကောင်းတဲ့အကြံပဲဒေါ်ဒေါ်၊ ဒေါ်ဒေါ်ပေးတဲ့ အကြံအတိုင်း ကျွန်တော်လုပ်ပါ့မယ်'

အဒေါ်ကြီးက ဆက်ပြောသည်။

'ဆာဘူရီ၊ ယေဒိုမှာရှိတဲ့ သားရဲ့ဘိုးဘွားများဟာ မှူးမတ်၊ စော်ဘွားစော်ခံတွေရဲ့ သားသမီးအဆက်အနွယ်တွေဖြစ်တယ်၊ သူတို့နယ်ခြားမြေခြားကို ထွက်တဲ့အခါ မြင်းချောကြီးတွေကိုစီးပြီး သိုးမွေးဖတ်ရုံကြီးတွေကို ဝတ်ကြတယ်၊ သားအနေနဲ့ အကြောင်းမသင့်တဲ့အတွက် အခိုက်မအတန့် ပန်းသည်ဘဝရောက်ရတာကတော့ တော်တော်လေး ဆန်းသလို ဖြစ်နေတယ်၊ ဒါပေမယ့် နောက်တစ်နေ့ သားအရှေ့ဘက်ဒေသက ကိုယ့်အိမ် ကိုယ့်ရာရောက်သွားပြီး သားတို့မိသားစုရဲ့ အဖိုးတန် သားရတနာဖြစ်လာတဲ့အခါကျတော့ သားကို ပန်းသည်လေးလို့ ဘယ်သူကခေါ်ဦးမှာလဲ'

ကျွန်ုပ်၏နို့ထိန်းဟောင်းအဒေါ်ကြီးကျွန်ုပ်ကိုညွှန်ကြားပြောပြသည့်အခါတိုင်း ကျွန်ုပ်သည် သူပြောသည့်စကားများကို ဂရုစိုက်နားထောင်ပြီး သူ၏ ကြင်နာမှု အပြည့်ရှိသည်မျက်နှာကို စိုက်ကြည့်နေမိသည်။ သူ၏ အပြုံးသည် နွေဦး၏နွေးထွေးခြင်းနှင့် တူလှပေသည်။

အချိန်ကာလသည် လူကိုစောင့်မနေပေ။ ကျွန်ုပ်တို့အမှတ်တမဲ့ သွားလာလှုပ်ရှားနေစဉ်မှာပင် နွေဦးရောက်လာသည်။ ထိုအချိန်ကစပြီး ကျွန်ုပ်သည် အထိန်းတော်ကြီး အကြံပေးထားသည့် အတိုင်း စတင်လုပ်ကိုင်လေသည်။ နေ့စဉ်နေ့တိုင်း နံနက်စောစောထပြီး





နွားကျောင်းသားများ ဝတ်လေ့ဝတ်ထရှိသည့် အဝတ်ခပ်ကြမ်းကြမ်းကို ဝတ်ပြီးလျှင် ပန်းခူးသည်။ နံနက်တိုင်းကျွန်ုပ်သည် ဘယ်ဘက်လက်ဖြင့်ပန်းခြင်းကိုကိုင်ပြီးညာလက်ဖြင့် ဝါးတုတ်တစ်ချောင်းကို ကိုင်ဆောင်ကာ ရွာသုံးရွာသို့ ပန်းရောင်းထွက်လေသည်။

ဦးခေါင်းတွင် တံငါသည်များ ဆောင်းလေ့ရှိသော ဦးထုပ်ကို ဆောင်းထားသည်။ ကျွန်ုပ်၏ဦးပြည်းခေါင်းတုံးကိုတွေ့လျှင် လူတွေ ကျွန်ုပ်အား ခင်ကြီးတစ်ပါးဟုထင်သွားမှာ စိုးသောကြောင့် ဖြစ်သည်။

ကျွန်ုပ်ခပ်ရှက်ရှက်နှင့်ပင် လမ်းပေါ် လျှောက်သွားနေသည်။ ပန်းဝယ်သော ဖောက်သည်အများစုမှာမိန်းကလေးများ ဖြစ်သည်။ ဒုတိယလိုက်သူမှာ မိန်းမကြီးများဖြစ်သည်။ ပျမ်းမျှခြင်းအားဖြင့် တစ်နေ့ငွေနှစ်ရာသုံးရာလောက်စီသည်။ ပန်းရောင်းသည့် အလုပ်လုပ်ရင်း တစ်လကျော်လွန်လာခဲ့သည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ရွာအစပ်တွင် တစ်လှမ်းချင်းလှမ်းပြီး ဖြတ်လျှောက်သွားစဉ် ရုတ်တရက်ကောင်းကင်တစ်ခွင်လုံးညို့မှိုင်းလာပြီး မိုးရွာချလိုက်သောကြောင့် ကျွန်ုပ်၏အဝတ်များအားလုံး ရွှဲရွှဲစိုကုန်ကြသည်။ ထိုအချိန်ကား ချင်မျင်ပွဲတော်မတိုင်မီ နှစ်ရက်အလို ဖြစ်သည်။ အိမ်ထောင်မိသားစုတိုင်း မြေလွတ်တိုင်း၌ ကျင်းပသော ပွဲသဘင် အခမ်းအနားအတွက် ပြင်ဆင်နေကြသည့် အချိန်ဖြစ်သည်။

ထို့ကြောင့် လမ်းမပေါ်၌လူသူဟူ၍ တစ်ယောက်မှ မတွေ့ရပေ။ ငွေရောင်မိုးများသာလျှင် တဖြောက်ဖြောက်ကျနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခွင်မှာ မှိုင်းပျပျဖြစ်နေပြီး ကြေကွဲဝမ်းနည်းဖွယ် အသွင်ဆောင်နေသည်။

လမ်းဘေးက မလှမ်းချင် လှမ်းချင်နှင့်လှမ်းသွားသောအခါ အိမ်တစ်အိမ်၏ ထောင့်သို့ရောက်သွားလေသည်။ ထိုနေရာ၌ ကျွန်ုပ်သည် မိုးမခပင်ကလေး တစ်ပင်အောက်တွင်ရပ်ပြီး ခဏနားနေသည်။ ထိုအခိုက် ကျွန်ုပ်၏ရှေ့တွင်ရှိသော အိမ်နံရံတွင် ပြတင်းပေါက်တစ်ပေါက်ကို ရုတ်တရက်သွားမြင်သည်။ ထိုပြတင်းပေါက်၌ တောက်ပသစ်လွင်သော အဝတ်အစားဝတ်ထားသည့် မိန်းမပျိုတစ်ယောက်ရပ်နေသည်ကိုလည်း အမှတ်မထင် လှမ်းမြင်လိုက်ရသည်။

မိန်းမပျိုသည် ပတ်ဝန်းကျင်ရှုခင်းကို ငေးမျှော်ကြည့်နေသည်။ ပုံပန်းသဏ္ဌာန်ကြန်အင်လက္ခဏာမှာ ဤအချိန်အခါ၌ အလှဆုံး၊ အချောဆုံးမိန်းမပျိုတစ်ယောက်ဟူ၍ ဆိုလောက်ပါပေသည်။ သို့သော် သူ၏ဖြူဝင်းသော ပုံသဏ္ဌာန်အတွင်းမှပေါ်ထွက်နေသည့် လေးနက်သော အသွင်တစ်မျိုးသည် ဝမ်းနည်းပူဆွေးစရာတစ်ခုခု ရှိနေသည်ကို ဖော်ပြနေပေသည်။ သူ့ကိုအသေအချာမြင်ရအောင် ကျွန်ုပ်ဦးခေါင်းကို လှည့်လိုက်သောအခါ လျှပ်တစ်ပြက်လက်လိုက်သည့်ပမာ ချာခနဲပြန်လှည့်သွားလေသည်။

တဖြောက်ဖြောက် ရွာချနေသည့်မိုးသည် ရုတ်တရက်စဲသွားသည်။ ကောင်းကင်လည်းကြည်လင်လာသည်။ ပတ်ဝန်းကျင်တစ်ခွင်သည် ကျောက်သလင်းကဲ့သို့ ဖြူတိမ်ကင်းစင်နေသည်။ စိမ်းလန်းစိုပြည်နေသော သစ်ပင်ပန်းမန်များသည် မျက်စိအာရုံကို ဆွဲဆောင်ညို့ယူထားကြသည်။





ကျွန်ုပ်ရပ်ရာနေရာမှထွက်ခွာသွားမည်လုပ်စဉ်မှာပင် ကျွန်ုပ်၏ရှေ့က အိမ်တံခါးတစ်ချပ်ပွင့်လာပြီး မိန်းမငယ်တစ်ယောက်ထွက်လာသည်ကို မြင်ရသည်။ မိန်းမငယ်သည် ကျွန်ုပ်ကို ရှိသေကိုင်းရှိုင်းသည့် အမူအရာပြပြီး ရှက်ရွံ့နေသည့် အမူအရာဖြင့် မပွင့်တပွင့်ပြောလေသည်။

'ကျွန်မရိုင်းသလိုဖြစ်သွားရင်တော့ ခွင့်လွှတ်စေချင်ပါတယ်၊ ကျွန်မ မသိတာမေးပါရစေ၊ ရှင် ဘယ်ကလာတာလဲ၊ ဘယ်သူ့ သားလဲ၊ အခုလို အရွယ်ကောင်းတုန်း သန်တုန်းမြန်တုန်း အချိန်မှာ ရှင်ဘာဖြစ်လို့ ဒီပန်းရောင်းတဲ့ အလုပ်ကိုလုပ်ရတာလဲ၊ အချိန်ကာလလွန်သွားပြီးတဲ့နောက်မှ အတိတ်ကိုပြန်တနေလို့ မဖြစ်ဘူးဆိုတာ ရှင်သိတယ် မဟုတ်လား၊ ကျွန်မမေးတဲ့ မေးခွန်းတွေကို အသေးစိတ်ပြန်ဖြေပါလို့ ကျွန်မတောင်းပန်ပါတယ်'

သူ့စကားများကိုကြားရသောအခါ ထိုမိန်းကလေးသည် အသိဉာဏ်ထက်ထက်မြက်မြက် ဖျတ်ဖျတ်လတ်လတ်ရှိပြီး တခြားသူ့အိမ်နီးနားချင်း ကျေးတောသူများကဲ့သို့ ထုံထုံအအ မဟုတ်ကြောင်းကို သိရှိနားလည်သွားသည်။ သို့သော်လည်း သူဘာကြောင့် ကျွန်ုပ်ကို ယခုလို တရင်းတနှီး မေးမြန်းစုံစမ်းနေရသနည်း ဆိုသည်ကိုမူ ကျွန်ုပ်မတွေးတတ်အောင်ဖြစ်နေသည်။ သူသည် အနာဂတ်ကို ဟောသည့် ဗေဒင်ဆရာအတိုင်း ဖြစ်နေသည်။ သူကျွန်ုပ်ကို တမင်သက်သက်မေးမြန်းစုံစမ်းနေတာလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်တစ်ခု ရှိနေ၍လား။ ကျွန်ုပ်သည် ရပ်မြဲရပ်နေသည်။ စိတ်ရှုပ်သလိုလိုလည်း ဖြစ်သွားသည်။ ထို သူငယ်မအား ဘာပြန်ပြောမည်နည်း။ ကျွန်ုပ် မတွေးတတ်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စကားမဆိုဘဲအချိန်အတန်ကြာမျှ ငြိမ်သက်နေသည်။ ထို့နောက်မှ သူငယ်မက သူ့စကားကို သူ ဆက်သည်။

'ရှင့်ကို အခုလိုမဆီမဆိုင် ကိုယ်ရေးကိုယ်တာတွေကို ကျွန်မ မေးနေရတာ တခြားကြောင့်မဟုတ်ပါဘူး၊ ကျွန်မတို့ ဒီ အိမ်ရှင်ရဲ့ သမီး သခင်မကလေးရဲ့ အမိန့်အရ မေးနေတာပါ။ သူက ရှင့်ကို အဲဒီ မေးခွန်းတွေ မေးခဲ့ရမယ်လို့ ကျွန်မကို အမိန့်ပေးပါတယ်၊ ကျွန်မရဲ့ သခင်မလေးဟာ စကားနဲ့ဖော်ပြော မရလောက်အောင်ဘဲ ဣန္ဒြေသိက္ခာရှိတယ်၊ အေးအေးဆေးဆေးနေတတ်တယ်၊ လူစိမ်းသူစိမ်းကို တစ်ခါမှ စကားမပြောဖူးဘူး၊ ဒါပေမယ့် ရှင် ပန်းအော်ရောင်းတဲ့အသံကို သူသတိပြုမိသွားတယ်၊ ပြတင်းပေါက်က လှမ်းကြည့်လိုက်တဲ့အခါ ရှင့်ကိုမြင်မြင်ချင်း သူမှတ်မိသွားတယ်၊ ရှင့်အကြောင်းကိုလည်း သူသိနေတယ်၊ ရှင်က သာမန်မျိုးရိုး လူတန်းစားထဲကမဟုတ်ဘူးဆိုတာ သူက အတပ်သိထားတယ်၊ အခုလို တောင်စဉ်ရေမရ လျှောက်မေးနေတာကို ရှင်အပြစ်မတင်ဘူးလို့ ကျွန်မမျှော်လင့်ပါတယ်၊ ရှင့် မိဘမျိုးရိုးအမည်က ကာဝါအီ မဟုတ်လား၊ ရှင့်နာမည်အရင်းက ဆာဘူရို မဟုတ်လား'

ထိုမိန်းကလေး၏ စကားလုံးများ ကျွန်ုပ်၏နားထဲ ရောက်လာသောအခါ ကျွန်ုပ်မည်မျှ အံ့အားသင့်သွားသနည်းဆိုလျှင် ကျွန်ုပ်ချက်ချင်းထွက်ပြေးချင်စိတ် ပေါက်လာလေသည်။ သို့သော်လည်း အသေအချာ စဉ်းစားကြည့်ပြန်သောအခါ ထိုမိန်းမပျိုနှစ်ဦးသည် မိမိကို အန္တရာယ်ပြုမည့်သူများ မဟုတ်ဟူသောအချက်ကို နားလည်ဒသဘောပေါက်သွားသည်။ သူမေးသည့်မေးခွန်းများကို ကျွန်ုပ် ခပ်ပေါ့ပေါ့ပင် ပြန်ဖြေလိုက်လေသည်။





"ညည်း ပြောတာတွေမှန်ပါတယ်၊ အရှေ့ဘက်ဒေသမှာ ရှိတဲ့ ကျုပ်အိမ်ကိုသွားဖို့ အရေးတကြီးငွေလိုနေတယ်၊ ဒါကြောင့် ပန်းရောင်းတဲ့ အလုပ်ကို မလုပ်လို့မဖြစ်ဘူး၊ တခြားလူတွေကို ညည်း ဒီအကြောင်းတွေပြောမပြပါနဲ့လို့ ကျုပ်တောင်းပန်ပါတယ်၊ ညည်း နှုတ်လုံမယ်ဆိုရင် ကျုပ် ညည်း ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး'

မိန်းမငယ်က တစ်ဖန်လေးစားသမှုပြုပြီးလျှင် ပြေပြန်လေသည်။

'ရှင့်အကြောင်းတခြားဘယ်သူ့ကိုမှ ပြောမပြပါဘူးလို့ ကျွန်မကတိပေးပါတယ်၊ ခေတ္တခဏတော့ ရှင် ကိုယ့်ဟာကိုယ် ရှန်းကန်နေရဦးမှာပဲ၊ နက်ဖြန်မနက်ကျရင် ဒီကို တစ်ခါလာခဲ့ပါဦးလို့ ကျွန်မတောင်းပန်ပါတယ်၊ ကျွန်မကို သွားခွင့်ပြုပါ၊ ရှင် ပြောပြတာတွေ ကျွန်မသခင်မလေးကို ပြောပြရဦးမယ်'

ထိုခဏမှစ၍ စိတ်နှလုံးဂနာမငြိမ်ဖြစ်လာသည်။ ရှေ့ဆက်မသွားတော့ဘဲ စိတ်မသက်မသာဖြင့် အိမ်ဘက်ကိုသာ လှည့်ပြန်လာခဲ့လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၅

တစ်နေ့လွန်မြောက်ပြီး တစ်မိုးသောက်ရောက်လာသည်။ ရာသီဥတုမှာ ယမန်နေ့ကထက်ပင် စွတ်စိုထိုင်းမှိုင်းနေသည်။ နံနက်စောစောအိပ်ရာမှထလျှင်ထချင်း ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လောက်အောင်ပင် စိတ်လှုပ်ရှားနေသည်။ မိမိအတွက် ပြဿနာတစ်ရပ်ဖြစ်နေသော မိန်းမပျိုနှင့် အချိန်းအချက်ပြုထားသည့်အတိုင်း အပြင်ဘက်ထွက်ရဦးမည် မဟုတ်လား။

ကျွန်ုပ်၏ ဇာတ်လမ်း ဤအခန်း၊ ဤကဏ္ဍရောက်လာသော အခါ ကျွန်ုပ်မှောက်လျက်လဲကျပြီး အချစ်ကွန်ယက်ထဲမှာ သွားမိမနေဘူးလား၊ ဘုန်းကြီးဘဝ၏ တည်ငြိမ်အေးချမ်းမှုအတွက် အနှောက်အယှက် အတားအဆီး ဖြစ်မလာပေဘူးလားဟု စာရှုသူက စောဒကတက်ပေလိမ့်။ သို့သော် အကြောင်းမှန်ကား ဤသို့တည်း။

ယခု ပြောပြနေသည့် နေ့ရက်က အကြောင်းကိုကျွန်ုပ် သတိမရဘဲ မနေပေ။ ထိုအချိန်က ကျွန်ုပ်သည် ဗုဒ္ဓတရားကို နှစ်နှစ်ကာကာ ကြည်ညိုလေးစားနေသူ တစ်ဦးဖြစ်သည်။ ကိလေသာထူပြောသော လူ့လောကထဲတွင် နေရသော်လည်း ကျွန်ုပ်သည် မိမိ





စတင်ပေါက်ဖွားဖြစ်ပေါ်လာခဲ့ရာဖြစ်သော ရွှံ့ညွန်ပျောင်းကိုမထိဘဲ ဦးခေါင်းကို ခပ်မြင့်မြင့်အပေါ်မော့ထားသော ပဒုမ္မာကြာပွင့်နှင့် အလားသဏ္ဌာန်တူနေပေသည်။ လမ်းများကိုလိုက်မိသည့်အတွက် ကျွန်ုပ်အနေနှင့် ပူပန်သောက ဖြစ်နေစရာလိုသလော။ ထိုအချိန်နောက်ပိုင်း၌ စာရှုသူများကို ကျွန်ုပ်ပြောပြမည့် အဖြစ်အပျက်အတိုင်း ကျွန်ုပ်အကြီးအကျယ် စိတ်ဒုက္ခရောက်ရလိမ့်မည်ဆိုသည်ကို ထိုအချိန်က ကျွန်ုပ်အဘယ်မှာ သိရှိမည်နည်း။

အချိန်းအချက်အတိုင်း ကျွန်ုပ်အိမ်က ထွက်လာသော အချိန်သည် ကြေကွဲဝမ်းနည်းဖွယ်အတွေ့အကြုံ၏ အစကနဦး ဖြစ်နေပေသည်။ ကျေးရွာများတွင် ဟန်ရှီပွဲတော် ကျင်းပြုလုပ်နေကြသည်။ မိုးနှင့်လေကလည်း စဲသည်းမသွားသေးပေ။

ကျွန်ုပ်မျက်နှာမော့ပြီး ပတ်ဝန်းကျင်တစ်ခွင်ကို ကြည့်လိုက်သည်။ မျှော်လင့်ချက်တစ်ခုဖြင့် ကျွန်ုပ် စိတ်နှလုံးသည် ယောက်ယက်ခတ်နေသည်။ စိတ်နှလုံးအတွင်း၌မူ ယင်းလက္ခဏာများသည် ကောင်းသောအတိတ်နိမိတ်မဟုတ်ဟု တွေးနေမိသည်။

သို့သော်လည်း တစ်ဆက်တည်းမှာပင် ထိုမိန်းမပျိုသည် ငါ၏ မိဘမျိုးရိုးအမည်နှင့်အမည်ရင်းကိုပင် သိထားသည်ဖြစ်၍ အချိန်းအချက်ပြုလုပ်ရန်အတွက် လုံလောက်သောအကြောင်းမရှိဘဲ နေမည်မဟုတ်ဟူ၍လည်း တစ်ဘက်ကတွေးမိပြန်လေသည်။ မနေ့က သူ့မျက်နှာကိုလှမ်းမြင်လိုက်ရစဉ်က သူ့မျက်နှာတွင် ရိုးသားသော၊ အေးငြိမ်းသော၊ သိမ်မွေ့သော အသွင်အပြင်နှင့် ထူးထူးခြားခြား စွဲမက်ဖွယ်အသွင်အပြင်ပေါ်နေသည်ကို လျှပ်တစ်ပြက် မြင်လိုက်ရသည်။ သူ့ကိုတစ်ဘက်သား စွဲသွားအောင်မြူဆွယ်သည့်သာမန်မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



စားမျိုးဟု တစ်ထိုင်တည်း ဘယ်လိုလုပ်တွက်မည်နည်း။ ယင်းသို့အားဖြင့် လမ်းပေါ်လျှောက်သွားစဉ် တော်တော်အီအီ တွေးတောစဉ်းစားနေမိလေသည်။ အစိမ်းရောင်ပိုးသားခန်းဆီးကာရံထားသည့် ပြတင်းပေါက်အောက်ရောက်လာသည်ကို ကျွန်ုပ်သတိပင် မထားမိလိုက်ပေ။

ထိုနေရာ၌ ကျွန်ုပ်ကြံ့ရာမရဖြစ်နေပြီး အချိန်အကြာကြီးရပ်နေလေသည်။ ကျွန်ုပ်၏ရှေ့၌ အိမ်ပေါ်တက်စရာ လှေကားလည်းမရှိပေ။ ကျွန်ုပ်စိတ်ထဲက ရေရွတ်နေမိသည်။

'ဟို အစေခံကောင်မလေးငါ့ကို အကြောင်းရိုက်သွားတာ များဖြစ်နေသလား'

ယမန်နေ့က သူပြောသွားသည့်စကားလုံးတိုင်း စကားလုံးတိုင်းကိုပြန်လည်စဉ်းစားကြည့်သောအခါ တကယ်ပင် ရိုးရိုးသားသားပြောသည့်စကားများ ဖြစ်နေသည်ကို တွေ့ရသည်။ သင်္ကာမကင်းစရာ ဘာတစ်ခုမျှ မတွေ့ရပေ။

တစ်ခဏကြာသွားသောအခါ လေနှင့်မိုးသည် အတန်ငယ်ငြိမ်သွားလေသည်။ ထိုအခိုက် အစေခံမိန်းကလေးသည် တံခါးပွင့်ပြီး အပြင်ဘက်ထွက်လာသည်။ မိန်းကလေးသည် စကားလည်းမပြော၊ ပြုံးလည်းမပြုံးဘဲ ကျွန်ုပ်ရှိရာသို့ တန်းလာသည်။ လက်နှစ်ဘက်ဖြင့် စာအိတ်တစ်အိတ်ကိုင်လာသည်။ ကျွန်ုပ်အနား ကပ်လာသောအခါ မိန်းကလေးသည် ကျွန်ုပ်ကို စာအိတ်ထိုးပေးသွားသည်။ စာအိတ်ကို ကျွန်ုပ် အလျင်အမြန်လှမ်းယူလိုက်သောအခါ စာအိတ်ထဲမှာပါသည့် အရာများကြောင့် ကျွန်ုပ်၏လက်သည် အလေးကို ကိုင်ရသကဲ့သို့ ဖြစ်သွားသည်။ ကျွန်ုပ်သူ့ကိုမေးမြန်းစုံစမ်းခြင်း မပြုလုပ်ခင်မှာပင်





မိန်းကလေးသည် လှည့်ထွက်သွားလေသည်။ စာအိတ်ထဲမှာဘာတွေများပါလိမ့်။ သိချင်ဇောဖြင့် ဖွင့်ကြည့်လိုက်ရာ ဒေါ်လာတွေ ထည့်ထားသည်ကို တွေ့ရသည်။ ကျွန်ုပ် ဇဝေဇဝါ ဖြစ်သွားသည်၊ စာအိတ်ထဲတစ်ဖန် ထပ်ကြည့်လိုက်သောအခါ စာတစ်စောင်ပါလာ သည်ကိုလည်း တွေ့ရသည်။ စာကိုစုတ်ချက်လှလှကလေးဖြင့် ရေးထားသည်။ စာကိုဖတ်ကြည့်လိုက်သည်။ စာအဆုံးသတ်သွားသောအခါ ကျွန်ုပ်ယူကျုံးမရ ဖြစ်ရသည်။ ကျွန်ုပ်နှလုံးအိမ်သည် အစိတ်စိတ် အမွှာမွှာကွဲသွားသည်ဟု ထင်မှတ်လိုက်ရသည်၊ စာမှာ အောက်ပါအတိုင်းဖြစ်သည်။

'ကျွန်မ နှင်းမီ မျက်ရည်နှင့်မင်ရောပြီး ယခုစာကိုရေးလိုက်ရပါတယ်၊ ရှင်ဦးပြည်းခေါင်းတုံးတုံးပြီး ဘုန်းကြီးလုပ်သွားပြီလို့ စောစောပိုင်းကလူတွေ ပြောနေကြတာကို ကျွန်မကြားရတယ်၊ တစ်ကိုယ်တည်းနေမယ်လို့ ပိုင်းဖြတ်ထားတဲ့ ရှင့်ရည်ရွယ်ချက်ကို သွားတွေးမိတဲ့အခါ ကောလာဟလ ပြောကြတာတွေကို ကျွန်မ အပြည့်အဝယုံကြည်သွားပြီး ကျွန်မ၏ ဘဝမီးလျှံကိုတစ်ကြိမ်မက မျက်ရည်ဖြင့် ငြိမ်းသတ်ခဲ့ရပါတယ်၊ လူခြေတိတ်တဲ့ ညအခါမှာ ကျွန်မရှင့်အကြောင်းကိုတွေးတောနေမိပါတယ်၊ သို့သော်လည်း အိပ်မက်ထဲမှာတော့ ကျွန်မရှင့်ဆီသွားတဲ့လမ်းကို မမြင်ရဘူး၊ ကျွန်မဘဝဟာ အဲဒီလိုဖြစ်တဲ့အတွက် ကျွန်မ၏မျှော်လင့်ချက်အတွက် ထပ်ပြီး ဘာပြောစရာလိုတော့မှာလဲ။

'နံနက်စောစော ရှင် ပန်းရောင်းထွက်လာတဲ့အခါပန်းလို့အော်လိုက်တဲ့ ရှင့်အသံဟာ ကျွန်မ၏ဆာဘူရှီ နှလုံးသားထဲက ခေါ်လိုက်တဲ့အသံနှင့် တူလှပါကလားလို့ ကျွန်မ တအံ့တဩအောက်



www.burmeseclassic.com

www.burmeseclassic.com



မေ့လာခဲ့တာ ရက်တွေမနည်းတော့ဘူး၊ ငယ်ငယ်တုန်းက ကျွန်မ ရှင့်တို့အိမ်ရောက်သွားတဲ့အခါ ရှင့်မျက်နှာဟာ ယနေ့ထက်တိုင်ပဲ ကျွန်မနှလုံးသားထဲမှာ စွဲနေတယ်၊ မနေ့မနက်က ရှင့်ကိုပြတင်းပေါက်က လှမ်းမြင်လိုက်တာနဲ့တစ်ပြိုင်နက် ရှင်ဟာဆာဘူရှိပဲဆိုတာ ကျွန်မ ချက်ချင်း သိရှိသွားတယ်၊ အဲဒီအချိန်မှာ ကျွန်မဝိညာဉ်ဟာ သူ့နေရာက ထွက်သွားပြီး ဦးတည်ချက်မရှိဘဲ အနန္တလောကဆီသို့ ပျံသန်းနေတယ်ဆိုတာ ကျွန်မသိရတယ်၊ ကျွန်မနှလုံးသားကလည်း မရပ်မနား တစ်ရှိုက်တည်းရှိုက်နေတယ်၊ ကျွန်မကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘူး၊ ရှင့်ဆီလာပြီး ကျွန်မအကျိုးအကြောင်းရှင်းလင်း ပြောပြ လိုတဲ့ ဆန္ဒရှိပါတယ်၊ ဒါပေမယ့် အဲဒီလိုလုပ်လိုက်ရင် ကျွန်မဂုဏ် သိက္ခာကို ထိခိုက်သွားမလားလို့ စိုးရိမ်နေမိတယ်၊ ဒါကြောင့်ကျွန်မ၏ အစေခံမိန်းကလေးကို လွှတ်ပြီးရှင့်အကြောင်း မေးမြန်းစုံစမ်းခိုင်း လိုက်ရခြင်း ဖြစ်ပါတယ်၊ ကျွန်မရှင့်ကို အနှောက်အယှက်ပေးမိပါတယ်၊ ဒါပေမယ့် ရှင် ကျွန်မအပေါ်မှာ ကရုဏာထားပြီး ခွင့်လွှတ်လိမ့် မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်။

'ကျွန်မအမေ ကွယ်လွန်သွားပြီးတဲ့နေ့ကစပြီး ကျွန်မဟာ ဒီကနေ့ ဒီရက်အထိ အထီးကျန်ဘဝရောက်နေရပြီး မျက်ရည်နဲ့ပဲ အဖော်လုပ်နေခဲ့ရပါတယ်၊ လူ့ဘဝမှာ နေရတာကျွန်မ မပျော်တော့ပါဘူး၊ ကျွန်မမိထွေးက စိတ်ရင်းကောင်းမဟုတ်ဘူး၊ တရားတာ မတရားတာ ဘာမှမကြည့်ဘဲ ငွေတစ်ခုတည်းကိုသာ ကြည့်တယ်၊ ကျွန်မတို့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်ပစ်လို့ရတယ်ဆိုတဲ့ အကြောင်းကို သူ ကျွန်မ အဖေအိုကြီးကိုနားသွင်းထားတယ်၊ သူတို့ အခုနောက်တစ်ယောက်နဲ့ ကျွန်မကို လက်ထပ်ပေးဖို့ စီစဉ်နေတယ်၊





ဆာဘူရှိ၊ ကျွန်မတို့၏ သဘောတူညီချက် အစကနေနိဂုံးချုပ်သွားတဲ့အထိ ကျွန်မ၏နှလုံးသားဟာ နည်းနည်းလေးမှ ယိမ်းယိုင်ရွေ့လျားသွားတယ်လို့ မရှိခဲ့ပါဘူး၊ ကျွန်မ မိဘတွေက ကျွန်မကို နောက်တစ်ယောက်နဲ့ အတင်းပေးစားမယ်ဆိုရင်တော့ ရှင့်အပေါ်မှာထားတဲ့ မေတ္တာ ဘယ်လောက်ခိုင်မာတယ်ဆိုတာပြဖို့အတွက် ကျွန်မ ကိုယ့်ကိုယ်ကိုယ် သတ်သေပြလိုက်ဖို့မှတစ်ပါး တခြားနည်းလမ်း မရှိဘူး၊ ကျွန်မ၏ အရိုးအသားတွေ ပျက်စီးပြီး ဒုက္ခတွေ အနန္တကြားထဲမှာ ကျွန်မ၏ပုံပန်းသဏ္ဌာန် ပျောက်ကွယ်သွားသော်လည်း ကျွန်မဟာ ရှင်နှင့်နှလုံးသားချင်း ပေါင်းစပ်နေမှာ အမှန်ပါပဲ၊ ယခုလို အစမ်းသပခံ အချိန်ကာလမှာ ဘုရားသခင်က ကျွန်မကို အကာအကွယ်ပေးမလား မပေးဘူးလားဆိုတာကိုတော့ ကျွန်မမေးတောင် မေးမကြည့်လိုတော့ပါဘူး။

'ဒီကနေ့လုံးဝမမျှော်လင့်ဘဲနှင့် ကျွန်မရှင့်မျက်နှာကို တွေ့မြင်လိုက်ရတယ်၊ ကျွန်မ၏ဆာဘူရှိ ကျန်းကျန်းမာမာရှိနေတယ်ဆိုတာကို ကျွန်မသိရတယ်၊ ကရုဏာရှင်ဘုရားသခင်ကို ကျွန်မ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိတယ်၊ ရှင်ဘေးမသိရန်မခဘဲရှိနေတာကိုတွေ့ရတဲ့အတွက် ကျွန်မဝမ်းသာအားရဖြစ်ရပါတယ်၊ အနန္တကောင်းကင်နဲ့ ပထဝီမြေပြင်တစ်ခုလုံးမှာ ရှင်ကလွဲပြီး ကျွန်မကို ပိုင်ဆိုင်တဲ့လူ တခြား ဘယ်မှာရှိဦးမှာလဲ၊ ပင်လယ်သမုဒ္ဒရာ ခန်းခြောက်သွားချင်သွားနိုင်တယ်၊ ကျောက်တောင်ကြီးတွေ မှုန့်မှုန့်ညက်ညက် ဖြစ်သွားချင်ဖြစ်သွားနိုင်တယ်၊ ကျွန်မဘဝဟာ သေးငယ်သွယ်တန်းနေတဲ့ ချည်ကလေးတစ်မျှင်သဖွယ် ပြတ်တောက်သွားချင်သွားနိုင်တယ်၊ ဒါပေမယ့် ရှင့်ကိုချစ်နေတဲ့ ကျွန်မအချစ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှပျက်စီးပျောက်ကွယ်သွားမှာ မဟုတ်ဘူး၊ ကျွန်မ မဖြစ်စလောက်ဒေါ်လာတစ်ရာရှင့်အတွက် ပေးလိုက်ပါတယ်၊ ဒီကနေ့ပဲ ရှင်အမေရှိတဲ့ အရှေ့ဘက်ဒေသကို သင်္ဘောနဲ့သွားဖို့ စီစဉ်ပါ၊ ရှင့်အမေနဲ့တိုင်ပင်ပြီး ကျွန်မတို့လက်ထက်ဖို့ ကိစ္စကိုအလျင်အမြန်ဆောင်ရွက်စေလိုပါတယ်၊ ကျွန်မအဲဒီကိစ္စအတွက် စဉ်းစားနေရတာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါဘူး၊ ကျွန်မအပေါ် ကရုဏာထားမယ့်သူဟာ ရှင်တစ်ယောက်တည်းပဲ ရှိပါတော့တယ်၊ ကျွန်မအခု သုတ်သီးသုတ်ပျာရေးရတာမို့ ရှင့်ကို အကြောင်းစုံ ရေးမပြနိုင်ဘူး။

'ရှင် ကျန်းမာချမ်းသာပါစေ၊ ရှင့်ခရီးရှည်အောင်မြင်ထမြောက်ပါစေလို့ ကျွန်မဆုတောင်းလိုက်ပါတယ်'

နှင်းမီသည် ကျွန်ုပ်နှင့် စေ့စပ်ကြောင်းလမ်းထားသူဖြစ်သည်။ ကျွန်ုပ် ဘယ်နည်းဘယ်ပုံသူ့ကို ပစ်ခဲ့ပြီး တောင်ပေါ်က အထီးကျန်ဘုန်းကြီးဘဝ ရောက်သွားခဲ့ရသည် ဆိုသည်ကိုပြောမပြဘဲ မဖြစ်ပေ။ စာရှုသူက ကျွန်ုပ်အား နှလုံးသားကင်းမဲ့သူတစ်ယောက်အဖြစ်စွပ်စွဲကောင်း စွပ်စွဲပေလိမ့်မည်။ သို့သော်လည်း အဖြစ်မှန်မှာ ဤသို့တည်း။

ကျွန်ုပ်နည်းလမ်းကိုလိုက်ခြင်းမှာ ကျွန်ုပ်၏နှင်းမီကို ကာကွယ်စောင့်ရှောက် လိုသောကြောင့်ဖြစ်လေသည်။ နှင်းမီသည် အရည်အချင်းနှင့် ပြည့်စုံသည့် အဖိုးထိုက်အဖိုးတန်မိန်းကလေး တစ်ယောက်ဖြစ်သည်။

ကျွန်ုပ်စကားဖြတ်၍ ပြောရဦးမည်။ နှင်းမီ၏ အဖေကလည်း ကျွန်ုပ်အဖေ၏မိတ်ဆွေ သူငယ်ချင်းဖြစ်သည်။ ကျွန်ုပ်၏မွေးစား





အဖေမကွယ်လွန်မီက နှင်းမီနှင့် ကျွန်ုပ်ကို စေ့စပ်ကြောင်းလမ်းထားကြသည်။ သို့သော်လည်း နောက်ပိုင်းကျွန်ုပ်မွေးစားအဖေ မိသားစုအပိုင် မြေယာများတစ်စတစ်စပြုန်းကုန်ပြီး ကျွန်ုပ်၏အမေ၏ သတင်းလည်း အစအနမကြားရသောအခါ နှင်းမီ၏အဖေသည် ကတိကိုဖျက်ပြီး ကျွန်ုပ်တို့၏ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပစ်လိုသည့်ဆန္ဒရှိလာလေသည်။

နှင်းမီလို စိတ်သဘောထားပြည့်ဝပြီး သူမတူအောင် တိကျပြတ်သားသည့် ပုဂ္ဂိုလ်တစ်ယောက်သည် အဘယ်မှာလျှင် ကတိတစ်ခုကို ဖျက်ပစ်လိုသည့်ဆန္ဒ ရှိလာနိုင်မည်နည်း။ တစ်ဘက်ကလည်းနှင်းမီသည် သူ့အဖေနှင့်မိထွေးထံမှ ကြင်နာထောက်ထားမှုကို မရရှိရှာပေ။ သူ့အဖေနှင့် မိထွေးသည် မိန်းကလေးကို ကုန်ပစ္စည်းတစ်ခုလိုသဘောထားပြီး အဖိုးအများဆုံးပေးနိုင်သူကိုသာလျှင် ရောင်းချချင်သူများ ဖြစ်ကြသည်။ ယင်းသို့လျှင် မိဘတို့က အတွန့်တက်၍မရသော အာဏာပါဝါကို ချုပ်ကိုင်ထားသည်ဖြစ်ရာ ခိုကိုးရာမဲ့ဖြစ်နေသော မိန်းကလေးတစ်ယောက်အတွက် ထိုကိစ္စနှင့်ပတ်သက်ပြီး စကားတစ်ခွန်း ဟနိုင်ခွင့် ဘယ်မှာရှိရာတော့မည်နည်း။ မျက်ရည်ကိုအဖော်လုပ်နေရန်မှ တစ်ပါး တခြားနည်းလမ်း မရှိတော့ပေ။

နှင်းမီသည် ကိုယ့်ဒုက္ခကိုယ် ကြိတ်မှိတ်ခံနေရရှာသည်။ ထိုကဲ့သို့ဒုက္ခမျိုးကို ခါးစည်းခံနေရသောအမိမဲ့တစ်ကောင်ကြွက်တစ်မျက်နှာမိန်းကလေးများအတွက် ယခုလို အခြေဆိုး အနေဆိုးနှင့် လူစိတ်ကင်းမဲ့ပြီး ရက်စက်သည့် ဤကမ္ဘာလောကတွင် အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



နေရခြင်းထက် မိမိတို့၏အမိနောက် သေရွာသို့ လိုက်သွားရခြင်းက ပျော်စရာကောင်းသေးသည်ဟူ၍ပင် ဆိုရိုးစကားရှိနေပေသည်။

အသက်ကလေးတဖြည်းဖြည်းရလာသောအခါ ကျွန်ုပ်သည် နှင်းမီကို အချိန်ကာလကြာမြင့်စွာ မမြင်မတွေ့ရတော့ပေ။ ကျွန်ုပ်တို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မိမိတို့၏ ချစ်မေတ္တာနှင့် ပတ်သက်ပြီး သစ္စာဆိုရန် အခွင့်အလမ်းမရရှိသောလည်း သူ့ အကြောင်းကို တွေးကြည့်လိုက်သည့်အခါ ကျွန်ုပ်သည် ငြိမ်ငြိမ် ဆိမ်ဆိမ် ဣန္ဒြေရရ မနေနိုင်လောက်အောင်ပင် ကြေကွဲဝမ်းနည်းခြင်း ဖြစ်နေမိလေသည်။

ကျွန်ုပ်သည် အပြန်ပြန်အထပ်ထပ်စဉ်းစားကြည့်သည်။ နောက်ဆုံး၌ လမ်းတစ်လမ်းကိုရွေးတော့မည်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်လေသည်။ နှင်းမီ၏နှလုံးသားထဲတွင်ရှိနေသောအချစ်ကို အဆုံးသတ်ပစ်ရန်အတွက် ဘုန်းကြီးလုပ်လိုက်တော့မည်။ သို့မှသာ သူ တခြားတစ်ယောက်နှင့်အတူ အိမ်ထောင်အရသာကို ခံစားနိုင်မည်။ ယင်းသို့ မဟုတ်လျှင်ကား နှင်းမီသည် ငါ့အတွက်လုံးပါးပါးသွားရှာတော့မည်။ ငါ့အနေနှင့် ယင်းသို့မဖြစ်စေသင့်။ လောဘဇောထွက်နေကြသော သူ့မိဘများမှာလည်း သူတို့၏သမီးသေချင် သေသွားပစေ၊ ငါ့လိုမိဘမဲ့တစ်ကောင်ကြွက်ငမွဲနှင့်မူ ပေးစားမည်လက္ခဏာမရှိပေ။

စိတ်ကိုတင်းထားပြီးလျှင် ကျွန်ုပ်သည်ကန်တုန်ရှိ ချန်ရှုဘုန်းကြီးကျောင်းသို့သွားပြီးလျှင် တန်စူးထံတပည့်တစ်ဦးအဖြစ် လက်ခံရန် အနူးအညွတ် ခွင့်ပန်လိုက်လေသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးကလည်း ခွင့်ပြုသည်။ နှင်းမီနှင့်ပတ်သက်၍မူ သုခဝတီဘုံမှ အရှင်မြတ်ကထိုက်ကြိမ္ဗာဆိုးလှသော သူငယ်မအားဆင်းရဲဒုက္ခမှ





ကယ်တင်ပြီး သူငယ်မ၏သူငယ်မ၏အပေါ်၌ မေတ္တာကရုဏာတော်ထားလိမ့်မည်ဟူ၍ ကျွန်ုပ်ယုံကြည်ထားလေသည်။

ဤအခန်းကဏ္ဍများကားရှေးဟောင်းဘုန်းကြီးကျောင်း၌ရှိနေစဉ်အတွင်းအမေ့အကြောင်းတွေးတောမိပုံကို ပြောပြထားသောအခန်းကဏ္ဍများဖြစ်သည်။ ယင်းအတွေးများမှာ ကျွန်ုပ်ဘုန်းကြီးဘဝရောက်ပြီးနောက်လအနည်းငယ်အတွင်း၌ ဖြစ်ပေါ်လာသည့် အတွေးများ ဖြစ်ပေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ၆

နှင်းမီ၏စာကို ရရှိပြီးနောက်ပိုင်း၌ နှင်းမီသည် ကျွန်ုပ်ကို တွယ်တာမှုရှိနေတုန်းဖြစ်ပြီး ကျွန်ုပ်အပေါ်တွင် လုံးလုံးယုံကြည်စိတ်ချထားတုန်းပင် ရှိသေးသည်ဆိုသည့်အကြောင်းကို ကျွန်ုပ် သိရှိနားလည်သွားသည်။ ထို့ကြောင့်ထိုအချိန်က ကျွန်ုပ် မည်မျှစိတ်ထိခိုက်သွားသနည်းဆိုလျှင် ဘယ်လမ်းလိုက်ရမည် ဆိုသည်ကို ကျွန်ုပ်အနေနှင့် မဆုံးဖြတ်တတ်အောင် ဖြစ်သွားလေသည်။ ထက်ကောင်းကင်နှင့် အောက်ပထဝီမြေပြင် တစ်ခုလုံး၌ ကျွန်ုပ်၏ နှင်းမီမှတစ်ပါး တခြား ဘယ်သူမှမရှိဟူ၍ပင် ကျွန်ုပ်ထင်သွားသည်။

စာကို ဖတ်ရသောအခါ ကျွန်ုပ်၏အထိန်းဒေါ်ကြီးသည် အသက်၅၀ကျော်နေပြီဖြစ်သော်လည်း စာရေးသူကိုယ်တိုင် ခံစားရသကဲ့သို့ပင် ခံစားရပြီး မျက်ရည်တွေစီးကျလာသည်။

ကျွန်ုပ်မရှုနိုင်မရှိုက်နိုင် ဖြစ်နေသည့်အခြေအနေကို စာဖတ်သူရိပ်စားမိပေလိမ့်မည်။ တကျော့ပေအမှတဆင့် ဤကမ္ဘာလောကအတွင်းဖြစ်ပေါ်လာသည့်အရာမှာဆင်းရဲဒုက္ခမှတစ်ပါး တခြားဘာမှမရှိဟူသော အချက်ကိုသတိမပြုဘဲ မနေသင့်ပေ။





ချင်မျှင်ပွဲတော် ကျင်းပပြီးနောက်လေးရက်မြောက်နေ့ ဖြစ်သည်။ နံနက်နေ၏ နီကြင်ကြင်အရောင်သည် သစ်ပင်ထိပ်ဖျားကို အရောက်ခြယ် ပေးနေသည်။ ထိုအချိန်၌ ကျွန်ုပ်သည် ချို့သားအမိကို ခွဲခွာသွားရတော့မည်။ ကျွန်ုပ်၏ နို့ထိန်းအဒေါ်ကြီးသည် အမေနှင့် မြန်မြန်တွေ့ဆုံစေလိုသည့်အတွက် ကျွန်ုပ်အား မြန်နိုင်သမျှ မြန်မြန် ခရီးထွက်ရန် လောဆော်နေလေသည်။ နှင်းမီနှင့်ပတ်သက်သော ကိစ္စအတွက် အတတ်နိုင်ဆုံး အကူအညီပေးမည်ဟူ၍လည်း ကျွန်ုပ်ကို အားပေးလေသည်။ သူ၏စိတ်စေတနာကောင်းအတွက် ကျွန်ုပ်၏ အထိန်းတော်အဒေါ်ကြီးအားကျေးဇူးတင်စကားပြောဆိုရန် သင့်လျော် လျောက်ပတ်အံဝင်ခွင်ကျမည့် စကားလုံးကို ကျွန်ုပ်စဉ်းစားမရ ဖြစ်နေသည်။ ကျွန်ုပ်မျက်လုံးမှ မျက်ရည်အိုင်ထွန်း စီးကျလာလေသည်။

နှင်းမီပေးထားသည့်ငွေထဲမှ ဒေါ်လာ၂၀ကိုထုတ်ယူပြီးလျှင် ကျွန်ုပ်သည် ချို့အားသူ့အမေအတွက် သိုးရေအင်္ကျီဝယ်ရန်ပေးလိုက်လေသည်။ အသက်အရွယ်နုနယ်ငယ်ရွယ်သေးသော်လည်း သူ့အမေအပေါ် ချို၏ဝတ္တရားကျေပွန်ပုံကို တွေးမိသောအခါ စိတ်ထဲ တစ်မျိုးခံစားသွားပြီးလျှင် စင်ရော်ကအရှေ့ဘက်ပျံသွားပြီး ပျံလွှားကအနောက်ဘက်ပြန်သွားသကဲ့သို့ ချိုနှင့်ရုတ်တရက်ခွာသွားရမည့်အရေးကို ဝန်လေးနေပြီး ကျွန်ုပ်တော်တော်နှင့် ခြေမလှမ်းနိုင် ဖြစ်နေသည်။

ခြံထဲတစ်ချက် လှမ်းမျှော်ကြည့်လိုက်သည်။ ပန်းပင်များ၊ ပန်းပွင့်များပင် သူတို့၏အရောင်အသွေးဖြင့် ကြေကွဲဝမ်းနည်းဖွယ် အသွင်ကိုဖော်ပြနေကြဘိသကဲ့သို့ ထင်နေရလေသည်။ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခြင်းသည် ကျွန်ုပ်၏နှလုံးအိမ်ထဲတွင် လျှံတက်လာလေသည်။ ကျွန်ုပ်၏ အထိန်းအဒေါ်ကြီးက ကျွန်ုပ်ကို သတိပေးသည်။

'သား ဆာဘူရို၊ သွားဖို့ အချိန်တော်ပြီ၊ နောက်ကျနေရင် သင်္ဘောမမီလိုက်ဘဲ နေဦးမယ်'

ကျွန်ုပ်သည် စိတ်ခပ်လေးလေးဖြင့် ချိုတို့သားအမိကို မခွဲချင်ခွဲချင်နှင့် ခွဲလာခဲ့လေသည်။

နှစ်ရက်အတောအတွင်းမှာပင် ကန်တုန်သို့ရောက်လာသည်။ သင်္ဘောပေါ်ကဆင်းပြီး ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီးအား သွားရောက်နှုတ်ဆက်ရန် လျှောက်လာခဲ့လေသည်။ ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီးသီတင်းသုံးသည့် ချန်ကျောင်းတိုက်ကို ရှာမတွေ့ပေ။ ကျောင်းတိုက်ကို မသမာသူတချို့ဖျက်ဆီးပစ်လိုက်သောကြောင့် ကျောင်းတိုက်နေရာမှာ လူသွားလမ်းပင်ဖြစ်နေပေပြီ။ ကျောင်းတိုက်၏အစအနဟူ၍ ဘာတစ်ခုမှ မကျန်တော့ပေ။ ထိုအချိန်၌ ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီးသည် သူ၏ယခင်ကျောင်းအဟောင်းလေးဆီသို့ ပြန်ပြောင်းသွားပေလိမ့်မည်ဟု တွေးမိပြီးလျှင် ကျွန်ုပ်သည် ထိုနေ့မွန်းလွဲပိုင်းမှာပင် ဟောင်ကောင်သွားမည့် သင်္ဘောကို ဆက်စီးလေသည်။

နောက်တစ်နေ့နံနက်ကျသောအခါ အဝတ်အစားလဲပြီးလျှင် ကျွန်ုပ်ကမ်းပေါ်သို့တက်သည်။ ကမ်းပေါ်ရောက်သောအခါ တခြားမသွားတော့ဘဲ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီးမစ္စတာရောဘတ်၏အိမ်သို့ တန်းသွားလေသည်။ စပိန်သားဖြစ်သော ခရစ်ယန်ဂိုဏ်းချုပ်အုပ်ဘုန်းတော်ကြီး မစ္စတာ ရောဘတ်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာမတိုင်မီကပင် ဤနေရာ ဤဌာနသို့ သူ့ဇနီးနှင့်





သမီးကိုခေါ်လာခဲ့ပြီးလျှင် ပစိဖိတ်တောင်ပေါ်၌ ရိုးရိုးအိမ်ကလေးတစ်လုံးဆောက်ပြီး နေလေသည်။ ဘုန်းတော်ကြီးသည် သူ့အိမ်ကခွာသည်ဟူ၍မရှိပေ။ တောင်ပိုင်းဒေသက ရှေးဟောင်းပစ္စည်းနှင့် ရှားပါးသောပန်းပင်များ၊ သစ်ပင်ငယ်များကို စုဆောင်းခြင်းသည် သူ၏အဓိကဝါသနာဖြစ်သည်။ ကျွန်ုပ်သည် ဘုန်းတော်ကြီး မစ္စတာရောဘတ်ကို အထူးကြည်ညိုလေးစားသည်။ မစ္စတာရောဘတ်သည် ကိုယ့်ဘာသာကိုယ် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နေတတ်သည်။ လောကီအာရုံခံ့မင် တွယ်တာ မှုများနောက်သို့ မလိုက်ပေ။ ထို့ကြောင့် ခရစ်ယာန် လောကထဲ၌ မီးရှူးတန်ဆောင်သဖွယ် ဖြစ်နေသည်။

သူသည် မည်သူ့ကိုမျှ ထိခိုက်နစ်နာအောင် မလုပ်ပေ။ ကျွန်ုပ်တို့ နိုင်ငံကို အပေါ်စီးမှနေပြီး စိုးမိုးအုပ်ချုပ်လိုသည့် စိတ်ဆန္ဒလည်း သူ့တွင်မရှိပေ။ ယင်းသို့ စိတ်သဘောထားပြည့်ဖြိုး လူတစ်ဘက်သားကို ကူညီတတ်သည်ကို တွေ့ရသောကြောင့် ကျွန်ုပ်သည် သူ့ထံ၌ နှစ်နှစ်ကြာမျှအင်္ဂလိပ်စာ သင်ကြားဆည်းပူးခဲ့လေသည်။ သူတို့တစ်အိမ်ထောင်လုံးနှင့်လည်း တရင်းတနှီးရှိခဲ့သည်။

သူတို့အိမ် ကျွန်ုပ်ရောက်သွားသောအခါ သမီးဖြစ်သူက ကျွန်ုပ်အား ဝမ်းသာအားရဆီးကြိုသည်။ မစ္စတာရောဘတ်နှင့် သူ့ဇနီးကလည်း ကျွန်ုပ်ကို တွေ့ရ၍ အတိုင်းအထက်အလွန် ဝမ်းသာအားရဖြစ်နေကြသည်။ သူတို့ကို ကျွန်ုပ်၏အမေအကြောင်းနှင့် နှင်းမိအကြောင်းပြောပြသောအခါ သူတို့ မျက်ရည်မဆည်နိုင်တော့ပေ။ ဝမ်းနည်းပက်လက်ဖြစ်သွားပြီးလျှင် မျက်ရည်တွေစီး ကျလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးရက်လောက်ကြာသောအခါ မစ္စတာရောဘတ် ဇနီးမောင်နှံတို့သည် ကျွန်ုပ်အတွက် ဥရောပအဝတ်အစားများ ဝယ်ပေးပြီး ကျွန်ုပ်၏ရှေ့ခရီးအတွက်လည်း သင်္ဘောလက်မှတ် စသည်ကို စီစဉ် ပေးလေသည်။ ထို့နောက် ကျွန်ုပ်ကို လက်ဆွဲပြီး နှုတ်ဆက်စကား ပြောကြသည်။

'သင်္ဘောနေ့လယ်ထွက်လိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပြီးသွား၊ ကြားလား သား၊ ကောင်းကင်ဘုံက ဘုရားသခင်က သားကို အပြည့်ဝေ ကူညီစောင်မလိမ့်မယ်၊ သားရဲ့အမေ့အိမ်ရောက်တဲ့အခါ ကျွေတော့်တို့ဆီ မကြာခဏ စာပေးဖို့လည်း မမေ့နဲ့'

မိဘနှစ်ဦးက မှာကြားစရာရှိသည်ကို မှာကြားပြီးသောအခါ နက်ပြာရောင် ကက်ဦးထုပ်ဆောင်းထားသော သမီးဖြစ်သူသည် ရှေ့သို့တိုးလာလေသည်။ မျက်နှာမကြည်မသာဖြင့် ကျွန်ုပ်ရှေ့နား ကပ်လာပြီး အလွန်တရာချစ်ကြည်ရင်းနှီးသော အမူအရာဖြင့် ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်လေသည်။ ထို့နောက် ပန်းစည်းနှင့် အင်္ဂလိပ်စာအုပ်တချို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးလေသည်။ သူပေးသည့် လက်ဆောင်ပစ္စည်းများကို အမြတ်တနိုး လက်ခံပြီး ကျွန်ုပ် သူ့ကိုကျေးဇူးတင်စကား ပြောလိုက်လေသည်။

ကျွန်ုပ်၏မျက်မှောက်တွင် ကောင်းကင်ပြင်နှင့် ပင်လယ်ပြင်မှတစ်ပါး တခြားဘာကိုမျှမမြင်ရပေ။ သင်္ဘောသည် အရှေ့ဘက်တူရူသို့ ခုတ်မောင်းနေလေသည်။ ငါးရက်နှင့် ငါးညတိတိ ပစိဖိတ်ပင်လယ်သမုဒ္ဒရာထဲတွင် ခပ်မှန်မှန်သွားနေသည်။ လတ်ဆတ်သော ပင်လယ်လေသည် ညင်ညင်သာသာ တိုက်ခတ်နေသည်။ နေရောင်ခြည်သည် ဝင်းလက်တောက်ပနေသည်။ ရေယာဉ်မှူး၏ အခန်းထဲ





ဝင်သွားသောအခါ လှိုင်းတလိမ့်လိမ့် ဖြစ်နေသော အပြောအကျယ်လှသည့် ဆုံးစကြည့်မမြင်သောပင်လယ်ပြင်ကြီးကိုတွေ့ရ၍ ဝေးရာတွင် ကျန်ခဲ့သည့် ရေမြေတဆုံးပမာ အဝေးတွင် ကျန်ခဲ့သော သူများအား လွမ်းဆွတ်တသခြင်းသည် ကျွန်ုပ်၏ရင်ထဲတွင် တလှိုက်လှိုက်ဆူတက်လာလေသည်။

မစ္စတာရောဘတ် လက်ဆောင်ပေးလိုက်သည့်စာအုပ်များကိုကောက်ယူကြည့်လိုက်သောအခါ ထိုစာအုပ်များထဲတွင် ရှိတ်စပီးယား၊ ဘိုင်ရွန်၊ ဆာရေတို့၏ စာများကို အပြည့်အစုံစုပေါင်း ရိုက်နှိပ်ထားသော စာအုပ်များကို တွေ့ရလေသည်။ ကျွန်ုပ်တို့သည်ဘိုင်ရွန်ကို ကျွန်ုပ်တို့၏သဘာဝအရည်အသွေးနှင့် ပြည့်စုံသော ကဗျာဆရာကြီးလီပိုနှင့် တူသည်ဟူ၍လည်းကောင်း၊ ရှိတ်စပီးယားကို ကျွန်ုပ်တို့၏ ဘွင်းဘွင်းသမားကဗျာဆရာကြီးတုတုနှင့် တူသည်ဟူ၍လည်းကောင်း၊ ဆာရေကို ကျွန်ုပ်တို့၏ သဘာဝထက်ကျော်လွန်တွေးခေါ်တတ်သော ကဗျာဆရာကြီးလီစိုနှင့်တူသည်ဟူ၍လည်း ထင်မိလေသည်။ ပထမဦးစွာ ဘိုင်ရွန်၏ ကဗျာများပါသော စာအုပ်ကိုလှန်ပြီးလျှင် 'ချိုင်းဟာရိုး၏ခရီးစဉ်'အကြောင်းကို ဖတ်လိုက်လေသည်။ ထိုကဗျာ၏ အဆုံး၌ စွမ်းအားထက်မြက်သော ပင်လယ်သမုဒ္ဒရာနှင့် ပတ်သက်သော အပိုဒ်ခြောက်ပိုဒ်ကို ဖတ်မိလေသည်။

ကျွန်ုပ်သည် သက်ပြင်းတစ်ချက် ချပြီးလျှင် 'ရဲရင့်သူ၊ အပြည့်အဝ ဆွဲဆောင်မှုရှိသူ၊ လျှို့ဝှက်အသိခက်သူ၊ ကျယ်ပြန့် ကြီးမားသူ ဘိုင်ရွန်နှင့် နှိုင်းယှဉ်စရာ ကဗျာဆရာသည် ခေတ်ဟောင်း ခေတ်သစ် နှစ်ခေတ်လုံး၌ တစ်ယောက်မှ မရှိပါကလား'ဟူ၍ ကိုယ့် ဟာကိုယ် ရေရွတ်မိလေသည်။ ခံစားမှုအပြည့်ရှိလာပြီးလျှင် ကျွန်ုပ်သည် စုတ်တံကို



www.burmeseclassic.com

www.burmeseclassic.com



*မင်းနှင့်တို့ပြီး ဘိုင်ရွန်၏ ကဗျာကို တရုတ်ဘာသာဖြင့် ပြန်ဆိုရေးသား*လိုက်လေသည်။ ဘာသာပြန်ပြီးသောအခါ ကျွန်ုပ်သည် ထိုကဗျာကို အသံထုတ်ပြီး အကြိမ်များစွာ ဖတ်နေလေသည်။ ထို့နောက် မကြာခင် ကောင်းကင်ပြင်၌လပေါ်ထွက်လာလေသည်။ ညင်သာအေးမြ သော လေကလေးသည် ကျွန်ုပ်ထံသို့ ဦးတည် တိုက်ခတ်လာလေ သည်။ တံငါသည်တို့၏ မီးအိမ်ကလေးသုံးလုံးသည် အမှောင်ထဲတွင် တလက်လက်ဖြစ်နေသည်။ ရှု၍မဝသည့် အနန္တရှုခင်းပါကလား။

နောက်တစ်နေ့နံနက်တွင် သင်္ဘောသည် ယိုကိုဟားမားသို့ ဆိုက်ကပ်လာလေသည်။ ကျွန်ုပ်သည် သင်္ဘောပေါ်မှ ဆင်းလာပြီး လျှင် ဟိုတယ်တစ်ခုသို့ သွားသည်။

ဤအခန်းကဏ္ဍမှ နောက်ပိုင်းရေးသားမှတ်တမ်းတင်ထား သည်များမှာကား ဂျပန်ပြည်၌ရှိနေစဉ် ကျွန်ုပ်၏ ဘဝဇာတ်လမ်းနှင့် ပတ်သက်သော အကြောင်းအရာများ ဖြစ်ပေသည်။

□





၇

ဝန်စည်စလယ်ကို တစ်နေရာတွင် ချထားပြီးလျှင်ပြီးချင်း ကျွန်ုပ်သည် အထိန်းအဒေါ်ကြီးပေးလိုက်သည့် လိပ်စာကိုထုတ်ပြ လျက် ဟိုတယ်ပိုင်ရှင်အား ကျွန်ုပ်သွားရမည့်နေရာကို မေးမြန်း စုံစမ်း ကြည့်သည်။ ဟိုတယ်ပိုင်ရှင်က ပြောပြသည်။

'အဲဒီနေရာ ဒီကနေသိပ်မဝေးပါဘူး၊ အင်မတန် ငြိမ်သက် အေးချမ်းတဲ့ နေရာဖြစ်တယ်၊ ယိုကိုဟားမားက ရထားနဲ့သွားရင် ဘူတာငါးဘူတာကျော်တာနဲ့ ရောက်သွားတာပါပဲ၊ ခင်ဗျားတစ်နာရီ လောက် ဒီမှာနားနေရင် အဲဒီအချိန်အတွင်းမှာ ကျုပ်ခင်ဗျားအတွက် ရထားလက်မှတ် ဝယ်ပေးနိုင်ပါတယ်၊ ကျုပ်တွေ့ဖူးတဲ့လူတွေထဲက ခင်ဗျားလို ထူးခြားတဲ့ပုံပန်းသဏ္ဌာန်ရှိတဲ့ လူမျိုးတစ်ယောက်မှ မတွေ့ ဖူးဘူး၊ ခင်ဗျားအဲဒီနေရာကို မရောက်ရောက်အောင် သွားစေချင် တယ်၊ ခင်ဗျားကြည့်ရတာ အတော်ပျာယာခတ် နေပုံရတယ်၊ အရေး ကြီးတဲ့ကိစ္စ ရှိလို့လား'

'တခြားကိစ္စရှိလို့ မဟုတ်ပါဘူး ။အမေ့ဆီသွားမလို့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ပြန်ပြောလိုက်လေသည်။

နေ့လယ်စာ ထမင်းစားပြီးသောအခါ ဟိုတယ်ပိုင်ရှင်သည် ကျွန်တော့်နှင့်အတူ ဘူတာရုံသို့ လိုက်လာသည်။ ကျွန်ုပ်အပေါ်ထား သည့် စေတနာကြောင့် ကျွန်ုပ်သူ့ကိုကျေးဇူးများစွာ တင်သွားသည်။ မကြာခင် ရထားထွက်သည်။ ဘူတာနှစ်ဘူတာကိုပင် ကျော်လွန်လာ သည်။ အိုဟုန်အမည်ရှိ တတိယဘူတာသို့ ရောက်သောအခါ လက်မှတ်စစ်တစ်ဦးက လာပြီး သတိပေးသည်။

'ခင်ဗျား ဒီဘူတာမှာ ရထားပြောင်းစီးရမယ်၊ ကာမာကုရ ဘူတာကို ပထမတွေ့ရလိမ့်မယ်၊ ကာမာကုရ ဘူတာကျော်ပြီး ဒုတိယ တွေ့ရတဲ့ဘူတာဟာ ခင်ဗျားဆင်းရမယ့် ဘူတာပဲ'

ကျွန်ုပ်ရထားပြောင်းစီးသည်။ ရထားပေါ်၌ စိတ်ချလက်ချ ထိုင်လိုက်သောအခါ ကျွန်ုပ်စိတ်လှုပ်ရှားလာသည်။ ကျွန်ုပ်၏ မိခင်နှင့် ပြန်တွေ့ရတော့မည်။ ကျွန်ုပ်၏ မိခင်သည် အတိုင်းထက်အလွန် ဝမ်းသာအားရ ဖြစ်ရှာတော့မည်။ ယင်းသို့တွေးမိသောကြောင့် စိတ်လှုပ်ရှားလာခြင်းဖြစ်လေသည်။ ယခုလို မိခင်နှင့် ပြန်လည်ဆုံ ဆည်းရခြင်းသည် ကျွန်ုပ် လူ့ဘဝရောက်လာသည့်အချိန်မှစ၍ ကျွန်ုပ် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအနက် ဝမ်းသာအားရ ပီတိ အဖြစ်ရဆုံးအတွေ့အကြုံမဟုတ်လျှင် တခြား မည်သည့်အရာ ဖြစ်နိုင် ဦးမည်နည်း။

ထို့နောက် မကြာလိုက်ပါ။ ကျွန်ုပ်၏ အတွေးရေစီးကြောင်း ချက်ချင်း ပြောင်းသွားသည်။ ကျွန်ုပ်သည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကစပြီး ကိုယ့် အမေအကြောင်းကို ဟုတ်တိပတ်တိ မှတ်စုံစမ်းခဲ့ဖူးပေ။ အဖြစ်အပျက်အနေအထားဆိုသည်များမှာလည်း





လူ့လောက၌ တစ်ခဏပြီးတစ်ခဏ ပြောင်းလဲနေသည်။ ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ် ယခုသိရှိထားသည့် နေရာမှ တခြားနေရာသို့ ပြောင်းရွှေ့မသွားဘူးဟူ၍ ဆိုနိုင်ပါမည်လော။ အကယ်၍ ယနေ့ အမေ့ကို မတွေ့မြင်ရလျှင် ကျွန်ုပ် ယူကျုံးမရ ဖြစ်ရတော့မည်။ ကျွန်ုပ် ရင်တလှပ်လှပ် ဖြစ်နေသည်။

ဘူတာတစ်ခုတွင် ရထားထိုးဆိုက် လိုက်သည်။ ပြတင်း တံခါးပေါက်ဝမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ တဇူရှိဘူတာ ဟူ၍ ရေးထားသော ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ ရထားတွဲထဲက ဆင်းပြီး ဘူတာရုံက ထွက်လာခဲ့သည်။ လမ်းပေါ်လမ်းလျှောက် သွားနေသူကို တစ်ယောက်မျှ မတွေ့ရပေ။ ပတ်ဝန်းကျင်မှာ အလွန် တရာတိတ်ဆိတ် ငြိမ်သက်နေပြီး တစ်မျှော်တစ်ခေါ်ကြီး ပြန့်ပြူး တည်ရှိနေသည်။ ကြည်နူးဖွယ်နေရာဝန်းကျင်ကို လှမ်းမြင်ရသည်။

ကျွန်ုပ်လန်ချားတစ်စီး ငှားလိုက်သည်။ လန်ချားသမား သည် လန်ချားကို လယ်တောယာတော များဆီသို့ ဆွဲသွားသည်။ ဆောင်းရာသီဖြစ်သည်။ မျက်စိတစ်ဆုံး ရေခဲပြင်ကြီး တည်ရှိနေ သည်။ ယင်းကဲ့သို့သော ရှုခင်းမျိုးကို မိုင်အတော်များများဖြတ်ကျော် လာခဲ့ပြီးနောက် တောင်ခြေသို့ရောက်လာခဲ့သည်။ ထို့နောက် လက်ဝဲဘက် ကွေ့ပြီးလျှင် ပင်လယ်ကမ်းခြေတစ်လျှောက် ဖြတ်လာ ခဲ့သည်။ ထိုနေရာ တစ်ဝိုက်၌ တံငါတချို့၏ တဲအိမ်များကိုသာလျှင် မြင်ရသည်။ ကလေးတစ်စုသည် သူတို့ငါးများတံစိုက်ထားသည့် နေရာများ၌ တစ်နေရာမှ တစ်နေရာသို့ ကူးချည်သန်းချည် လုပ်နေ ကြသည်။ ပတ်ဝန်းကျင် တစ်ခွင်လုံး ငြိမ်သက် တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လန်ချားသမားသည် လန်ချားကို ရုတ်တရက်ရပ်လိုက်ပြီးလျှင် 'ဒါ ဆာကုရယာမ၊ ခင်ဗျားပြောတဲ့ နေရာဟာ ဒီနေရာပဲ'ဟု ပြောလိုက်လေသည်။

ကျွန်ုပ်သည် လန်ချားပေါ်မှ ဆင်းလျက်လက်ဆွဲအိတ်ကို ယူပြီးလျှင် ခြေကျင်လျှောက်လာခဲ့သည်။ အချိန်အတန်ကြာ လျှောက်လာမိသောအခါ ထင်းရှူးပင်များကြောင့် စိမ်းလန်းစိုပြည်နေသော၊ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ကြောင့် ငွေရောင်ထနေသော နေရာတစ်ရောသို့ ရောက်လာခဲ့လေသည်။ ထိုနေရာ၌ရပ်ပြီး ဘေးပတ်လည်ကို ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းလမ်းမတွင် တန်းစီပေါက်နေကြသည့် ထင်းရှူးပင်များ၏ အရိပ်အောက်၌ တံတားကလေးတစ်ခုကို လှမ်းမြင်ရသည်။ ထိုတံတားကလေး အလွန်၌ သစ်သားအိမ်ကလေး တစ်အိမ်ရှိသည်။ တစ်ဝက်တစ်ပျက်လောက်သာ လှမ်းမြင်ရသည့် ထိုသစ်သားအိမ်လေးသည် ပင်လယ်ကို မျက်နှာပြုထားပြီး ကျောဘက်၌ တောတန်းများရှိသည်။ တံတားအောက်ဘက်၌ စီးဆင်းနေသော ရေစီးကြောင်းသည် ကျောက်တုံးကျောက်ခဲများကို ထိခိုက်ပြီး တခစ်ခစ်အသံမြည်နေလေသည်။ ခပ်သုတ်သုတ်လှမ်းသွားသောအခါ ထိုနေရာသို့ ရောက်လာသည်။ ကျွန်ုပ် ဦးခေါင်းမော့ကြည့်လိုက်သည်။ တံခါးတစ်ဘက်က သစ်သားပေါ်၌ 'နံပါတ် ၈၊ ဆာကုရယာမရာ၊ ဒဋ္ဌရှိ၊ ဆာရှု'ဟူ၍ စာရေးထားသည်ကို တွေ့ရသည်။ ကျွန်ုပ် ထ ကချင်လောက်အောင်ပင် ဝမ်းသာသွားသည်။ ယင်း ဂျပန်အက္ခရာ စာလုံးကိုးလုံးသည် အထိန်းအဒေါ်ကြီး ကျွန်ုပ်ကိုပေးလိုက်သည့် လိပ်စာနှင့်တစ်ထပ်တည်း ဖြစ်နေသည်။





တံခါးကို ခပ်ဖြည်းဖြည်း ခေါက်လိုက်သည်။ အချိန်အတန်ကြာမျှ အိမ်ထဲတွင် လူတစ်ယောက်မျှမရှိသည့်ပမာ ဘာသံကိုမျှ မကြားရပေ။ တစ်အောင့်လောက်ကြာသွားသောအခါ တစ်ကြိမ် ခေါက်လိုက်ပြန်သည်။ ထိုအကြိမ်၌ကား မိန်းမတစ်ယောက် တံခါးဖွင့်ပြီး အပြင်ဘက် ထွက်လာသည်။ သူ့ရင်ဘတ်ပေါ်မှ ပိတ်ဖြူတစ်စ တန်းလန်းကျနေသည်ကို တွေ့ရသည်။ ထိုမိန်းမသည် ထမင်းချက် ဖြစ်ရမည်ဟူ၍ ကျွန်ုပ်တွက်လိုက်သည်။

ထိုမိန်းမအား ကျွန်ုပ်ချက်ချင်း မေးလိုက်သည်။

'ကျုပ် တစ်ခုမေးစမ်းပါရစေ၊ စိတ်မရှိပါနဲ့၊ ဒီအိမ်ဟာ ကာဝါအီဆန်ရဲ့ အိမ်ပါလားခင်ဗျာ'

'ဟုတ်ပါတယ်'

'ခင်ဗျားတို့အိမ်ရှင်ကို ကျုပ်တွေ့ချင်လို့ပါ၊ တစ်ဆိတ်လောက် အကြောင်းကြားပေးပါလား'

ထိုမိန်းမသည် ကျွန်ုပ်တောင်းပန်သည်ကို လိုက်လျောချင်ပုံ မရပေ။

'သူ့အပြင်းဖျားတာ သက်သာခါစ ရှိပါသေးတယ်၊ ဆရာဝန်က ဧည့်သည်တွေနဲ့ မတွေ့ရသေးဘူးလို့ တားမြစ် ပိတ်ပင်ထားပါတယ်'

ထိုမိန်းမသည် ယင်းသို့ပြောပြီးလျှင် ဆက်ပြောလေသည်။

'ဘာကိစ္စရှိလို့လဲ၊ ကျွန်မ မသိရဘူးလား၊ ရှင့်ကိစ္စ ကျွန်မ သူ့ကို ပြောပေးမယ်လေ'

'ခင်ဗျားတို့အိမ်ရှင်က ကျုပ်အမေပါ၊ ကျုပ်ဆာအူရှိပါ၊ တရုတ်ပြည်က လာခဲ့တာပါ၊ ကျုပ် ယိုကိုဟားမားကို ပထမဆုံးအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



အခု မနက်ပဲရောက်လာတယ်၊ ကျုပ်အမေကို ကျုပ်လာတဲ့အကြောင်း တစ်ဆိတ်လောက် ပြောပေးပါလား'

ကျွန်ုပ် ပြောလိုက်သည့်စကားကို ကြားရလျှင် ကြားရချင်း ထိုမိန်းမသည် မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားပြီးလျှင် ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ တစ်ခဏမျှ ကြက်သေသေသလို ဖြစ်နေပြီးမှ တုန်တုန်ယင်ယင် အသံဖြင့် ပြောလေသည်။

'ရှင် ဆာဘူရို တကယ်ဟုတ်တယ်နော်၊ ရှင့် အကြောင်းကို အဒေါ်ပြောထားလို့ ကျွန်မသိနေပါတယ်၊ ဒါပေမယ့် အဒေါ်က သူ့သားအသက်နဲ့ ကိုယ်ရှိသေးသလား သေပြီလားဆိုတာ မသိဘူး'

ထမင်းချက်မိန်းမသည် အိမ်ထဲဝင်သွားသည်။ ထို့နောက် တအောင့်လောက် ကြာသောအခါ ပြန်ထွက်လာပြီးလျှင် ရိုသေမှု၊ ယဉ်ကျေးမှုအပြည့်ဖြင့် ကျွန်ုပ်ကို စင်္ကြံသို့ခေါ်သွားလေသည်။ နဖူးပေါ် ဆံစများဝဲကျနေသည့် မိန်းကလေးတစ်ယောက်က စင်္ကြံမှ ကျွန်ုပ်ကို ယဉ်ကျေးစိမ့်မွေ့စွာ ဆီးကြိုပြီး ပြောလေသည်။

'အစ်ကိုမမျှော်လင့်ဘဲရောက်လာတာ ညီမတို့ သိပ်ဝမ်းသာတာပဲ၊ အမေဖျားနေတာ တစ်လကျော်သွားပြီ၊ ဒီကနေ့မနက်တော့ တော်တော်လေးသက်သာတယ်၊ တစ်မှေးလောက် အိပ်ပျော်သွားပြီး အိပ်ရာကနိုးခါစပဲ ရှိသေးတယ်၊ လာအစ်ကို၊ အမေ့ဆီသွားမယ်'

မိန်းကလေးသည် ကျွန်ုပ်ကို အိမ်အပေါ်ထပ်ခေါ်သွားသည်။ တံခါးကို တွန်းဖွင့်လိုက်သည်။ အိပ်ရာပေါ်တွင် မှိုအုံးကို မှီထိုင်နေသော ကျွန်ုပ်၏ အမေကို တွေ့ရသည်။ ဖရိုဖရဲ ပြေကျနေသော အမေဆံပင်များမှာ ငွေရောင်သန်းနေကြပြီ။ မျက်နှာတွင်ပေါ်လာသော ယှဲ့ယှဲ့အပြုံးဖြင့် အမေက ကျွန်ုပ်ကို ဆီးကြိုနှုတ်ဆက်သည်။





အမေ၏အပြုံးသည် မျက်ရည်ပေါက် ကြီးငယ်များစွာထက်အဆ တစ်သောင်းလောက် ဝေဒနာ ခံစားနေရသည်ဆိုသည်ကို ကျွန်ုပ် သိသည်။

ကျွန်ုပ် အပြေးကလေးသွားပြီးလျှင် အမေ့ရှေ့တွင် ဒူးထောက်လျက် အမေ့ဒူးပေါ် ကျွန်ုပ်၏ဦးခေါင်းတင်ထားလိုက်လေသည်။ ကျွန်ုပ်စကား မပြောနိုင်ပေ။ မျက်ရည်များသာလျှင် ရေတံခွန်ပမာ စီးကျလာလေသည်။ ခုံပေါ်တွင် ခင်းထားသောအခင်း ချက်ချင်း စိုရွှဲသွားလေသည်။ ထိုခဏ၌ငိုသံပါကြီးနှင့် ထွက်လာသော အမေ့အသံကို ကြားလိုက်ရသည်။ ရှိုက်နေသည့်ကြားထဲကပင် အမေကပြောသည်။

'ငါ့သား အခုအထိဘောမထိရန်မခံဘဲ အသက်ရှင်နေတာ အမေ သိပ်ဝမ်းသာတယ်၊ ငါ့သားအပေါ် မေတ္တာကရုဏာတော်ထားတဲ့ ဘုရားသခင်ကို အမေ အများကြီး ကျေးဇူးတင်တယ်၊ တိတ်ပါသားရယ်၊ ငိုမနေပါနဲ့တော့၊ အမေ့ကိုကြည့်စမ်း၊ အမေ အပြင်းဖျားတယ်၊ ဒီတောင်က မကျော်နိုင်တော့ဘူးလို့ အမေ ထင်ခဲ့တယ်၊ အမေတို့လို ဇရာထောင်းနေတဲ့ လူများရဲ့အသက်ဟာ လေပြင်းတိုက်နေတဲ့နေရာမှာ ထွန်းထားတဲ့ဖယောင်းတိုင်မီးလိုပဲ၊ ဒါပေမယ့် ဒီကနေ့ အမေ ငါ့သားကို မမျှော်လင့်ဘဲ ပြန်တွေ့ရတယ်၊ အမေ့ရောဂါဝေဒနာကလည်း အမေ့ကိုယ်ခန္ဓာက ရှောင်တခင်ထွက်ပြေးသွားပြီလို့ ထင်တယ်၊ စိတ်မကောင်းဖြစ်မနေပါနဲ့တော့ သား'

ယင်းသို့ပြောပြီးလျှင် အမေသည် မျက်ရည်သုတ်ပြီး ကျွန်ုပ်၏ ဦးခေါင်းကို ဆွဲထူလိုက်လေသည်။ ထိုနောက် ကလေးမလေးအကို လှည့်ပြီးလျှင် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါသမီးအစ်ကို၊ သိလား၊ ကလေးအရွယ်ကစပြီး နိုင်ငံခြားရောက်နေတယ်၊ ဒါကြောင့် သမီးတို့ တစ်ယောက်နဲ့ တစ်ယောက် မမြင်ဖူး၊ မတွေ့ဖူးကြတာ'

ထို့နောက် ကျွန်ုပ်ဘက်လှည့်ပြီး ပြောပြန်သည်။

'ဒါက အမေ့မွေးစားသမီးလေ သား၊ အခု ဆယ့်တစ်နှစ် ရှိပြီ၊ သားထက် အသက်ငါးနှစ်ပဲ ငယ်တယ်၊ သမီးက အမေ့ကို သိပ်ပြုစုစောင့်ရှောက်တယ်၊ အမေကလည်း သူ့ကိုသိပ်ချစ်တာပဲ၊ သားလာတယ်ဆိုတဲ့ အကြောင်းနက်ဖြန်ခါ သားရဲ့အစ်မကြားရင် သားနဲ့တွေ့ရအောင် သူမလာဘဲ နေမှာမဟုတ်ဖူး၊ သူအိမ်ထောင်ကျတာ နှစ်နှစ်လောက် ရှိသွားပြီ၊ အိမ်ထောင့်တာဝန်တွေကများတော့ သူအမေတို့အိမ်ကို မကြာခဏ မလာဖြစ်ဘူး၊ ဒီနေ့ကစပြီး အမေတော့ သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ နေပျော်သွားပြီ၊ ငါ့သားကို အဝေးပျံထွက်သွားတဲ့ ငှက်ကလေးများလို အမေ့ထံပါးက တခြားလွင့်ပျံထွက်သွားအောင် မပြုလုပ်တဲ့ဘုရားသခင်ကို အမေ့အနေနဲ့ အများကြီး ကျေးဇူးဥပကာရ တင်ရှိပါတယ်၊ ဘုရားသခင်ရဲ့ စိတ်နှလုံးမှာ အကြီးအကျယ်ဆုံး မေတ္တာကရုဏာတော်ရှိနေတယ် သား'

အမေပြောပြသည့် စကားကိုကြားရပြီးသည့်နောက် ကျွန်ုပ် ညီမလေးကို လှမ်းကြည့်လိုက်သည်။ ညီမလေးသည် အမေ၏ ကိုယ်တစ်ခြမ်းပေါ်တွင် တယုတယ မှီနေသည်။ သူ့မျက်လုံးထဲတွင်လည်း မျက်ရည်တွေ လျှံထွက်နေသည်။ ညီမလေးသည် သူ၏ ဝမ်းနည်းကြေကွဲခြင်းကို ထိန်းချုပ်ထားခြင်းငှာ မစွမ်းနိုင်ပေ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် လေးနက်ပြီး ရိုးသားသောဝမ်းနည်းကြေကွဲခြင်း သာလျှင် ဖုံးလွှမ်းနေလေသည်။





တစ်အောင့်လောက် ကြာသွားသောအခါ အမေက ကျွန်ုပ်တို့ကို ဖြေသိမ့်သည်။

'သားနဲ့သမီးတို့ စိတ်မကောင်းဖြစ်မနေကြနဲ့တော့၊ အမေ နေကောင်းလာတဲ့တစ်ပြိုင်နက် သားနဲ့ သမီးတို့ကို သားနဲ့သမီးတို့ရဲ့ အဖေနဲ့ အဘိုးရဲ့ သင်္ချိုင်းဂူရှိရာကို ဂါရဝပြုဖို့နဲ့ ဘေးရန်အန္တရယ် ခပ်ငြိမ်းစေကြောင်း ဆုတောင်းဖို့အတွက် အမေ ခေါ်သွားမယ်၊ အမေတို့မှာ အမျိုးအဆွေတွေ၊ မိတ်သင်္ဂဟတွေ အများကြီးရှိတယ်၊ သားတို့ သမီးတို့ရဲ့ အဖေနဲ့အဘိုးရဲ့ သင်္ချိုင်းဂူတွေကို ဂါရဝပြုပြီးတဲ့ အခါကျတော့ အမေသားကို သားရဲ့ညီမလေးနဲ့အတူခေါ်ပြီး နေရာအနှံ့အပြားအပျော်ခရီးထွက်မယ်၊ အမေ မမာမကျန်းဖြစ်နေတာကြာပြီ၊ ဒါကြောင့် အမေကိုယ်တိုင်လည်း တခြားရပ်ရွာတွေက ပတ်ဝန်းကျင်နဲ့ ရာသီဥတုတွေကို မကြုံရတာကြာပြီမို့ တွေ့ကြုံခံစားလိုတဲ့ စိတ်ဆန္ဒ ဖြစ်ပေါ်နေတယ်'

ထို့နောက် မကြာခင် ထမင်းချက်မိန်းမသည် အမေအနီးသို့ ချဉ်းကပ်လာသည်။ အမေ့ကို တစ်စုံတစ်ခု မေးချင်သည့် ပုံပန်းသဏ္ဌာန်ပေါ်နေသည်။

အမေသည် အိပ်ရာပေါ်မှ အောက်သို့ဆင်းပြီးလျှင် ညီမလေးကို ပြောလိုက်လေသည်။

'ကဲကို၊ သမီး အစ်ကိုကို ခေါ်သွားပြီး အိမ်ရှေ့ကမြင်ရတဲ့ ရှုခင်းကို ပြပါ့လား၊ သမီးအစ်ကို ခရီးပန်းလာတယ်'

ကျွန်ုပ်ကို ကြည့်ပြီးလျှင် ထမင်းချက်မိန်းမကို ရည်ညွှန်းလျက် ဆက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆာဘူရှိ၊ အခု သား ကိုယ့်အိမ်ကိုယ် ပြန်ရောက်နေပြီ၊ သားဘာမဆို တာကေကို နိုင်းနိုင်တယ်၊ တာကေဟာ အမေတို့ မိသားစုကို သစ္စာရှိရှိ ပြုစုလာတာ ဆယ်နှစ်ကျော်သွားပြီ၊ အင်မတန် ရိုးသားဖြောင့်မတ်တယ်၊ အမေသူ့ကို သိပ်တန်ဖိုးထားတယ်'

ယင်းသို့ ပြောပြီးလျှင် အမေသည် ကျွန်ုပ်၏ညစာအတွက် ကြီးကြပ်စီမံရန် အောက်ထပ်ဆင်း သွားလေသည်။ ထိုအခါ၌ မိမိ၏ သားရင်သွေးအား ချစ်ခင်မြတ်နိုးသော မိခင်၏စိတ်နှလုံးထက်ပို၍ မေတ္တာကရုဏာကြီးမားသော စိတ်နှလုံးကမ္ဘာလောကတစ်ခုလုံး၌ ဘယ်မှာမှမရှိဟူ၍ ကျွန်ုပ် သဘောပေါက်သွားလေသည်။

ကျွန်ုပ်သည် ညီမလေးခေါ်ရာ အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။ ထိုအချိန်ကား ကျနေသည်ယင်ဇုတောင်ခြေရှိ ရေပြင်ထဲတွင် ငုပ်လျှိုးသွားရန် အားယူနေသည့်အချိန်ဖြစ်သည်။ တံငါသည်များသည် လှေများကို သူတို့၏အိမ်ဆီသို့ ဦးလှည့်လှော်ခတ်နေကြပြီး ပင်လယ်ရေပြင်ပေါ် ရောင်ပြန်ဟပ်နေသော နေရောင်ခြည်သည် ကြည်လင်ပြတ်သားနေသည်။ တောင်ပေါ်၌တောက်နေသော အရောင်အသွေးသည် တင့်တယ်လှပနေသ[ာ]က်။ ပျံသန်းနေသော ပင်လယ်စင်ရော်များနှင့်အတူ ပင်လယ်လှိုင်းလုံးများနောက်သို့လိုက်ပြီး သုညထဲတွင် ပျောက်ကွယ်သွားသည့်ခေါင်းလောင်းသံ အတက်အကျ၏ ပဲ့တင်သံကိုလည်း ကြားနေရသည်။

'အခုကြားနေရတာ ဂျင်မာ ရှေးကျောင်းအိုကြီးက ဆည်းဆာခေါင်းလောင်းသံ အစ်ကို'

ညီမလေးက ကျွန်ုပ်ကို ပြောပြနေသည်။

၁



ဂ

ညချမ်းအချိန်၌ ကျွန်ုပ် စာနှစ်စောင်ရေးသည်။ တစ်စောင်မှာ ကျွန်ုပ်၏ အထိန်းဒေါ်ကြီးအတွက်ဖြစ်ပြီး တစ်စောင်မှာ ခရစ်ယာန်ဘုန်းတော်ကြီး မစ္စတာရောဘတ်အတွက်ဖြစ်လေသည်။ စာနှစ်စောင်လုံး၌ပင် အမေ့အိမ်သို့ ကျွန်ုပ်ချောချောမောမော ရောက်ရှိလာပြီ ဖြစ်ကြောင်းနှင့် အမေနှင့် ဝမ်းမြောက် ဝမ်းသာ ပြန်လည်ဆုံဆည်းရပုံအကြောင်းကို ရေးသားဖော်ပြလိုက်လေသည်။

ကျွန်ုပ်အပေါ် ထားသည့် သူတို့၏မေတ္တာစေတနာများကြောင့် ကျွန်ုပ်နှင့် ကျွန်ုပ်အမေက သူတို့ကျေးဇူးကို ဘယ်တော့မှ မေ့လိမ့်မည်မဟုတ်ကြောင်းကိုလည်း ရေးလိုက်လေသည်။ အမေက ကျွန်ုပ်၏ အထိန်းအဒေါ်ကြီးအတွက် ဒေါ်လာတစ်ရာ တင်ပို့လိုက်ပြီးလျှင် အထိန်းအဒေါ်ကြီးအား တခြားကိစ္စများကို မှာကြားသည့်ပြင် အချိန်ကျလျှင် မိမိတို့ ဝမ်းမြောက်ဝမ်းသာ ပြန်လည်ဆုံဆည်းကြ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု ယုံကြည် ယူဆကြောင်း၊ သို့ဖြစ်၍ သားအမိနှစ်ယောက်စလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိအောင် သတိဝီရိယနှင့် နေထိုင်ကြစေလိုကြောင်း ညွှန်ကြားလိုက်လေသည်။ စာနှစ်စောင်ကို ရေးပြီးသောအခါ ပင်ပန်းနွမ်းလျနေပြီဖြစ်၍ ကျွန်ုပ်အိပ်ရာဝင်လိုက်လေသည်။

နောက်တစ်နေ့နံနက် ကျွန်ုပ်အိပ်ရာကနိုးသောအခါ နီရဲသော နေရောင်ခြည်သည် ကျွန်ုပ်၏ပြတင်းပေါက်တွင် ရောက်ရှိနေပြီ။ အဝတ်အစားပြင်လဲပြီး ရေချိုးခန်းသို့ သွားသည်။ ရေမိုးချိုးပြီးသောအခါ အိပ်ရာပေါ်တက်ပြီး ဖူဂျီယာမတောင်ကို လှမ်းမျှော်ကြည့်လိုက်လေသည်။

ဖူဂျီယာမတောင်ထွတ်သည် တက်သစ်စနေရောင်ခြည်တွင် ရွှေရောက်တောက်ပနေသော ပင်လယ်လှိုင်းလုံးများအပေါ်တွင် ထီးထီးမားမားကြီး ထိုးထွက်နေသည်။ လတ်ဆတ်သစ်လွင်သော ထိုရှုခင်းကြောင့် ကျွန်ုပ်၏ စိတ်နှလုံးလည်း ကြည်လင် ရွှင်လန်းလာလေသည်။ အမေလည်း ထိုနေ့တွင် သိသိသာသာကြီး အင်အားပြည့်လာလေသည်။ အမေသည် ကျွန်ုပ်အတွက် တစ်ခုပြီးတစ်ခု စီစဉ်ပေးသဖြင့် တစ်ချိန်လုံး နားနေရသည် ဟူ၍မရှိပေ။

အမေ့အိမ်ရောက်သည်မှာ သုံးရက်ရှိသွားပြီ၊ တတိယနေ့နံနက်ချိန်တွင် အမေသည် ကျွန်ုပ်နှင့် ညီမလေးကို ခေါ်ခဲ့ပြီး အမြန်ရထားထွက်မည့်ဘူတာသို့ လာခဲ့လေသည်။ ကျွန်ုပ်တို့သည် အဖေနှင့် အဘိုး၏ ဂူသင်္ချိုင်းကို ဂါရဝပြုရန် အိုဒါဝါရာသို့ သွားကြသည်။

ရာသီဥတုမှာ မှုန်မှိုင်းပြီး အအေးလွန်ကဲနေသည်။ ရထားသည် တလျှပ်လျှပ် ဖြစ်နေသော သိပ်သည်း ထူထပ်သည့် နှင်းပွင့်





ဝဲပြယထဲတွင် ခုတ်မောင်းနေသည်။ လမ်းဘေးနှစ်ဖက်၌ ရှိနေကြသော ရှုခင်းများနှင့် အရာဝတ္ထုများသည် တိတ်ဆိတ်ငြိမ်သက်နေကြသည်။

အိုဒါဝါရာဘူတာ၌ ရထားဆိုက်သောအခါ လမ်းကြီး၊ လမ်းငယ်အသွယ်သွယ်တို့၌ နှင်းကောဇောကြီးများ ခင်းထားသည်ကို တွေ့ရသည်။ လေကလည်း ပြင်း၊ နှင်းတွေကလည်း ပိတ်နေသဖြင့် အဝေးတွင်ရှိသောရွာများသို့သွားသည့် လန်ချားမရှိပေ။ အမေသည် ညီမလေးကို ချီပိုးသွားရန်အတွက် ကျေးရွာသူ မိန်းမတစ်ယောက်ကို ငှားပြီးလျှင် ဘူတာ၏တစ်ဘက်တွင်ရှိသော ပန်းသည်ထံမှ လတ်လတ်ဆတ်ဆတ်ပန်းစည်းများကို ဝယ်ယူသည်။

ထို့နောက် ကျွန်ုပ်က အမေ့ကိုတွဲပြီး ခရီးဆက်ကြရာ တစ်မိုင်ကျော်လောက် သွားမိသောအခါ တောင်ခြေသို့ ရောက်သွားကြသည်။ ဦးခေါင်းမော့ကြည့်လိုက်သောအခါ တောင်ထိပ်ပေါ်က နှင်းထုကြားထဲထိုးထွက်နေသည့် အနီရောင်အုတ်နံရံထောင့်ကို လှမ်းမြင်ရသည်။ အမေက ထိုနေရာကို ညွှန်ပြပြီး ပြောလိုက်လေသည်။

'အဲဒါ ရယုဆန်ဘုန်းကြီးကျောင်းပဲ၊ သားတို့ရဲ့အဖေနဲ့ အဘိုးသင်္ချိုင်းဂူ အဲဒီမှာ ရှိတယ်'

ကျွန်ုပ်တို့သည် ကျောက်လှေကားက နားနားနေနေ တက်သွားကြသည်။ ဘုန်းကြီးကျောင်းတံခါးဝအနီး၌ လင်္ကာတစ်ပုဒ် ရေးစီထားသည်ကို တွေ့ရသည်။

*ဘုရားဝတ်ပြုသည့် ကျူဖျာပေါ်၌ ထိုင်နေသော*
*ငါသည် မြစ်များ၏ အအေးဒဏ်ကို ကြုံကြုံခံနေနိုင်သည်။*



www.burmeseclassic.com

www.burmeseclassic.com



*အမွေးတိုင်မှ ပြာများသည် ဘေးဒုက္ခ၏ နောက်၌ ပေါ်လာသည့်ပြာများကို သတိရစေသည်။*

ဟူ၍ဖြစ်သည်။ အနက်အဓိပ္ပာယ်ပါပါရေးသားစီကုံးထားသည့်လက်ာဖြစ်၏ ဟူ၍ ကျွန်ုပ်တွေးမိသည်။

ခန်းမအလယ်သို့ ကျွန်ုပ်တို့ရောက်သွားသောအခါ သီလရှင်အဘွားအိုတစ်ယောက် ယိုင်တိယိုင်တိုင် ခြေလှမ်းဖြင့် ထွက်လာပြီးလျှင် အမေ့ကိုနှုတ်ဆက်လျက် အာလာပ သလ္လာပစကား ပြောလေသည်။ ထို့နောက် သီလရှင် အဘွားအိုသည် အမွေးတိုင်ကို မီးထွန်းညှိပြီးလျှင် ရေကြည်ထည့်ထားသော ရေအိုး တစ်အိုး အမေ့ကို လာပေးသည်။

ညီမလေးနှင့်ကျွန်ုပ်သည် အမေနှင့်အတူ ဘုရားနောက်ဘက် လိုက်သွားကြသည်။ ဘုရားနောက်ဘက်၌ အဖေနှင့် အဘိုး၏ သင်္ချိုင်းဂူနှစ်လုံး ဘေးချင်းယှဉ် တည်ရှိနေသည်ကို တွေ့ရသည်။ သင်္ချိုင်းဂူနှစ်လုံးကို သံဆူးကြိုးဖြင့်ဝင်းခတ်ထားသည်။ ဝင်းခြံအပြင်ဘက်၌ သစ်သားတိုင်တစ်တိုင် စိုက်ထူထားသည်။ သစ်သားတိုင်၏ လေးဖက်ပတ်လည်၌ 'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ သုညော' ဟူ၍ စာရေးထိုးထားသည်။ ယင်းအက္ခရာ စာလုံးငါးလုံးမှာ သကျမုနိဗုဒ္ဓ၏ မဟာကရုဏာတော်ကို ဖော်ပြရန်အတွက် 'မြင့်မြတ်သော ဂိုဏ်း'က ရေးထားသည့် အက္ခရာစာလုံးများ ဖြစ်ပေသည်။

ညီမလေးနှင့် ကျွန်ုပ်သည် ထင်းရှူးခက်များဖြင့် ဖယ်ရှားရှင်းလင်းပစ်လိုက်ကြသည်။ အမေက ရေအိုးကိုမြှောက်ပြီး သင်္ချိုင်းဂူပေါ်တွင် လောင်းချလိုက်လေသည်။ တစ်ခဏအတောအတွင်း၌ပင် ဂူတစ်ခုလုံးတွင် ရေများပြန့်နှံ့စီးကျသွားပြီး ဂူတွင်တင်နေသည့်





နှင်းခဲများ စင်ကြယ်သန့်ရှင်းသွားလေသည်။ ရနံ့ထုံသင်းကြိုင်လှိုင်နေသည့် ပန်းစည်းများကို နေသားတကျရှိအောင် ထားပြီးလျှင် အမေသည် တော်တော်နှင့်နွမ်းခြောက်မသွားသည့် ထင်းရှူးရွက်များကို ချိုးလျက် ကျောက်ခုံဗဟိုတည့်တည့်နေရာ၌ တင်ထားလိုက်လေသည်။ ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်အား သင်္ချိုင်းဂူများကို ဒူးထောက်ရှိခိုးရန် ညွှန်ကြား ပြောပြသည်။ အမေညွှန်ကြားသည့်အတိုင်း ရှိခိုးပြီးသောအခါ ကျွန်ုပ်သည် မျက်နှာလက်ဖြင့် အုပ်ပြီး သည်းထန်စွာ ငိုကြွေးနေမိလေသည်။

'ဒီနှင်းမုန်တိုင်းဟာ သိပ်ကြမ်းတယ်ဆာဘူရို၊ အမေတို့ပြန်မှဖြစ်မယ်'

အမေက သတိပေးသည်။

ကျွန်ုပ်မျက်လုံးဖွင့်ပြီး သင်္ချိုင်းဂူရှိရာ ကုန်းမြေတစ်ဝိုက်ကို ကြည့်လိုက်သည်။ နှင်းထုသည် သုံးလက်မ မက တက်လာသည်။ တင်ခါစပင် ရှိသေးသည့် ဂူပေါ်က ပန်းစသော ပူဇော်ဖွယ်ပစ္စည်းဝတ္ထုများပေါ်၌ ချက်ချင်းပင် စောင်ဖြူကြီးလွှမ်းသွားသည်ကို တွေ့ရသည်။ အမေသည် စက္ကူဖြင့် ထုပ်ထားသော ငွေအနည်းငယ်ကို သီလရှင်အဘွားအိုအား ပေးလှူပြီးလျှင် ပြန်တော့မည်ဟူ၍ နှုတ်ဆက်လိုက်လေသည်။ ထူထပ်စွာ နှင်းတွေကျနေသည့် ကြားထဲတပင် ကျွန်ုပ်တို့ တောင်အောက် ပြန်ဆင်းလာကြသည်။

တောင်အောက်သို့ ပြန်ဆင်းလာရင်း အမေက ကျွန်ုပ်ကို ပြောသည်။

'ဆာဘူရို၊ သားရဲ့အရိုးမနှစ်က ဟာကိုနေကို ပြောင်းသွားတယ်၊ အဲဒီနေရာဟာ ဒီကနေ သိပ်မဝေးဘူး၊ အမေသားတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ သားတို့ရဲ့အရိုးနဲ့ တွေ့ရနေအောင် ခေါ်သွားမယ်၊ သား ငယ်ငယ်က သားရဲ့အရိုးဟာ သားကို မျက်စိအောက်က အပျောက် မခံနိုင်လောက်အောင်ချစ်ရှာတယ်၊ သားကို တစ်နေ့တစ်ရက် လောက်မမြင်ရရင် သူတစ်ခါတည်း ပျာယာခတ်နေတာပဲ၊ သားကို အမေနောက်ဘက်ဒေသ ခေါ်သွားမယ်လုပ်တော့ သူ အပြင်းအထန် ကန့်ကွက်တယ်၊ သား ဒီဒေသက ထွက်ခွာသွားတော့ သူမအိပ်နိုင် မစားနိုင် ဖြစ်နေရှာတယ်၊ သားရဲ့အရိုးဟာ သားအပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ သား သိရောပေါ့၊ သားအနေနဲ့လည်း သားအပေါ်ထားတဲ့ သူ့မေတ္တာစေတနာကို မမေ့သင့်ဘူး'

❑





၉

အရိုးအိမ် ကျွန်ုပ်တို့ ရောက်သွားကြသည်။ ကျွန်ုပ်တို့ လာသည့် သတင်းကို တံခါးစောင့်က သွားအကြောင်းကြားသောအခါ အရိုးသည်ချက်ချင်းအိမ်ထဲက ထွက်လာပြီး အမေ့ကို ဆီးကြိုလေ သည်။

တစ်ခဏမျှကြာသောအခါ အရိုးသည် ကျွန်ုပ်ဘက်လှည့်ပြီး 'ဒီသူငယ်က ဘယ်သူ့သားလဲ'ဟု မေးလေသည်။

အမေက ကျွန်ုပ်ဘက်လှည့်ကြည့်သည်။ ထို့နောက် ရယ်ပြီး ပြောသည်။

'ဆာဘူရှိလေ၊ တစ်နေ့ကပဲ ရောက်လာတယ်'

အရိုးသည် ကျွန်ုပ်မဆည်နိုင်လောက်အောင်ပင် အားရဝမ်း သာ ဖြစ်သွားသည်။

'ဟင် . . . ဆာဘူရှိ . . .၊ ဟုတ်လား . . .၊ အမယ်လေး ငါ့တူ ဆာဘူရှိ၊ မသေမပျောက်ဘဲ အိမ်ပြန်ရောက်လာတာ ဝမ်းသာ လိုက်တာ၊ ကျုပ်ဆီဘာဖြစ်လို့ ချက်ချင်း ကြေးနန်းမရိုက်လိုက်တာလဲ'

အရိုးသည် ကျွန်ုပ်၏ပခုံးပေါ်တွင် တင်နေသည့်နှင်းပွင့်များ ကို သပ်ချပေးပြီးလျှင် သက်ပြင်းတစ် ချက်ချလျက် ပီတိလွှမ်းသော အသံဖြင့် ဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး ဆာဘူရှိရယ်၊ ငါ့တူကြီးကို အရိုးမတွေ့ရတာ ဆယ်နှစ်ကျော်သွားပြီ၊ မှတ်တောင် မမှတ်မိတော့ဘူး၊ ငါ့တူက ကလေးတုန်းကနဲ့စာရင် နည်းနည်း ပိန်သွားတယ်နော်၊ ကဲ . . . ငါ့တူတို့ မောလာကြရောမယ်၊ အိမ်ထဲဝင်ကြ'

ကျွန်ုပ်တို့ အခန်းထဲ ဝင်သွားကြသည်။ ကျွန်ုပ်အပေါ်ရုံ အင်္ကျီချွတ်ပြီးသောအခါ လက်ဖက်ရည်ဗန်းသယ်လာသော မိန်းမပျို တစ်ဦးကို ရုတ်တရက်မြင်လိုက်ရလေသည်။ မိန်းမပျိုသည် ဣန္ဒြေရ သည့် အဆင်အသွေးရှိသော အဝတ်အစားကို ဝတ်စားဆင်ယင် ထားသည်။ အတုမရှိသော ယဉ်ကျေးသိမ်မွေ့မှုရှိသည့် ခြေလှမ်းဖြင့် တစ်လှမ်းချင်း လှမ်းလာသည်။ ကျွန်ုပ်တို့ကို လောကွတ်ပြုပျူငှာ နှုတ်ဆက်သည်။ ထိုအခါ ကျွန်ုပ်သည် ထောင့်တစ်ထောင့်တွင် ရပ်ပြီး မိန်းမပျိုကို ကြည့်လိုက်သည်။ မိန်းမပျို၏ ကိုယ်ဟန်အနေအထားနှင့် ဟန်ပန်အမူအရာမှာ အလွန်တရာ ထူးခြားမှုရှိနေသည်။ မယဉ်ကျေး မသိမ်မွေ့သော အချက်ဟူ၍ တစ်ကွက်မျှ ရှာမတွေ့ပေ။ သို့သော် လည်း ကျွန်ုပ်ဇဝေဇဝါဖြစ်နေသည်။ သူ့ကို တစ်ခါတုန်းက တစ်နေရာ ရာမှာ တွေ့မြင်ဖူးသလိုလို ထင်နေမိလေသည်။

အရိုးသည် သံမီးညှပ်ကို ကောက်ယူလိုက်ပြီးလျှင် ကြေးဝါ မီးလင်းဖိုမှ အရှိန်မျော့သွားသည့် မီးကျီးခဲများကို ဖယ်ထုယ်လျက် မီးအရှိန်တက်အောင်လုပ်ရင်း ပြောလိုက်လေသည်။

'အစ်မနဲ့ မတွေ့ရတာ ဆယ်ရက်ကျော်သွားပြီ၊ ဆယ်ရက် လောက် ကွဲနေတယ်ဆိုရင်ပဲ စိတ်မချတော့ဘူး၊ တစ်နေ့က စာရမှ သက်သာလာပြီဆိုတာ သိရတယ်၊ အဲဒီတော့မှ နည်းနည်းစိတ်အေး သွားတယ်၊ ဟော . . . ဒီနေ့တော့ ဆာဘူရှိကိုပါ တွေ့ရပြီ၊ အိပ်မက်





မက်နေသလားတောင် အောက်မေ့မိတယ်၊ အရိုးတော့ ဝမ်းသာလို့ မဆုံးတော့ဘူး'

အမေက ပြန်ပြောသည်။

'ညည်း အခုလိုအာရုံထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ညီမ၊ ကျုပ် ကိုယ်ခန္ဓာက အိုမင်းမစွမ်းဖြစ်ပြီး ရောဂါဝေဒနာ ဖိစီးနှိပ် စက်နေပေမယ့် ကျုပ်စိတ်နှလုံးကတော့ ကျုပ်သားလေးဆာဘူရှိ ပြန်တွေ့ရတဲ့အတွက် သိပ်ရွှင်လန်းပျော်မြူးနေတာပဲ၊ ဒါပေမယ့် . . . ဒီကလေးဟာ အင်မတန်သနားစရာကောင်းတယ်'

ထိုအခိုက် မိန်းမပျိုသည် သူသယ်ယူလာသော လက်ဖက် ရည် ပန်းကန်များကို ချပေးသည်။ ပထမဦးဆုံး အမေ့ကို လက်ဖက် ရည် တစ်ခွက်ထည့်ပေးသည်။ ထို့နောက် ကျွန်ုပ်ကိုပေးသည်။ မိန်းမ ပျိုသည် အယောင်အမှားမှား ဖြစ်တော့မလောက် ရှက်ကိုးရှက်ကန်း ဖြစ်နေသည်ကို ကျွန်ုပ် သတိပြုမိလိုက်သည်။ အခြေအနေကို ရိပ်စား မိသွားသော အရိုးသည် မိန်းမပျိုဘက် လှည့်ပြီး ပြောလိုက်လေသည်။

'ကိုယိုကို၊ သမီး မှတ်မိတယ် မဟုတ်လား၊ ဆာဘူရှိတို့ကို ခွဲပြီးသွားတော့ သမီးဝမ်းနည်းပက်လက်ဖြစ်ပြီး ချော့လို့တောင်မရဘူး'

အရိုးက လက်ချိုးရေတွက်ပြီး ဆက်ပြောလေသည်။

'သမီးက ဆာဘူရှိထက် နှစ်ဆယ့်တစ်လကြီးတယ်၊ ဆာဘူရှိ ဟာ သမီးရဲ့မောင်ပဲ၊ သမီးသူ့ကို ရှက်နေစရာ မလိုဘူး'

မိန်းမပျိုသည်ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေသည်။ သူ၏ ဖြူနုသော လက်ချောင်းကလေးများဖြင့် ညီမလေး၏ ဦးခေါင်းက တွန့်လိမ်ခွေရစ်နေသော ဆံပင်များကို ပွတ်သပ်ဖြီးသင်ပေးနေသည်။ သူ၏ ပါးနှစ်ဘက်တွင် နွေဦး၏ ပန်းရောင်ပေါ်နေသည်။ ညစာ



www.burmeseclassic.com

www.burmeseclassic.com



စားပြီး သောအခါ ကျွန်ုပ်၏ ဦးခေါင်းနှင့် ကိုယ်ခန္ဓာတစ်ခုလုံး ခြစ်ခြစ်တောက်ပူလာသည်ကို သတိပြုမိလေသည်။ ထိုညအဖို့ ကျွန်ုပ်တလူးလူး တလှိမ့်လှိမ့်ဖြစ်နေပြီး အိပ်၍ မပျော်တော့ပေ။ ချက်ချင်းအပြင်းဖျား ဖျားလေတော့သည်။

နောက်တစ်နေ့ နံနက်တွင်လည်း နှင်းအကျရပ်မသွားသေးပေ။ အမေနှင့်တကွ အရိုးနှင့်အိမ်ရှိ လူများအားလုံး ဖော်မပြနိုင်လောက်အောင် စိုးရိမ်ကြောင့်ကြ ဖြစ်သွားကြပြီးလျှင် ကျွန်ုပ်၏အဖျားသည် ပေါ့ပေါ့တန်တန် အဖျားမဟုတ်ဟူ၍ ထင်မြင်ယူဆနေကြသည်။ သို့ရာတွင် ညဥ့်ဝတ်ရုံအောက်၌ တညည်းညည်း တညူညူဖြစ်နေသော်လည်း ကျွန်ုပ်၏ ဘဝတစ်လျှောက်၌ ယခု ပစ္စုပ္ပန်လောက် ဘယ်တုန်းကမျှ ကျေနပ်နှစ်သိမ့်ဖွယ်ရာ မဖြစ်ခဲ့ ဟူ၍ ကျွန်ုပ်တွေးနေမိလေသည်။ အမေ့အိမ်သို့ ပြန်ရောက်လာခြင်း နှင့် အိမ်၏အပြုအစု အယုအယကို ခံရခြင်းသည် နည်းနည်း နောနော နှစ်သိမ့်ဝမ်းမြောက်စရာ မဟုတ်ပါလား။

ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည် အချိန်မှစ၍ ယခုပစ္စုပ္ပန် အချိန်ကာလအထိ တစ်ခုပြီးတစ်ခု ဖြစ်ပျက်ခဲ့သည် အဖြစ်အပျက်များကို ပြန်လည်စားမြုံ့ပြန်ကြည့်လိုက်သည်။ ကျွန်ုပ်သည် ဆရာဘုန်းတော်ကြီးနှင့် လည်းကောင်း၊ အထိန်းအဒေါ်ကြီး သားအမိနှင့် လည်းကောင်း၊ ခရစ်ယာန် ဂိုဏ်းအုပ်ရောဘတ်မိသားစုနှင့်လည်းကောင်း တွေ့ဆုံကြုံကြိုက်ခဲ့သည်။ ထိုပုဂ္ဂိုလ်အားလုံးသည် သူတို့၏ သားသမီးအရင်းနှင့်မခြား ကျွန်ုပ်ကို ချစ်ခင်ကြသည်။ ကျွန်ုပ်အပေါ် စေတနာထားကြသည်။ ထို့ကြောင့် ကျွန်ုပ်၏ အတိတ်တဆင်းရဲဒုက္ခနှင့် အထီးကျန်ဘဝသည် ငုပ်လျှိုးသွားကြလေသည်။





သို့သော် အားပေးဖြေသိမ့်သူတစ်ဦး တစ်ယောက်မျှ မရှိဘဲ တစ်ကိုယ်တည်းခါးစည်းခံနေရှာသော နှင်းမိ၏အကျပ်အတည်း အခက်အခဲကိုတွေးမိသောအခါ ကျွန်ုပ်ဝမ်းနည်းကြေကွဲခြင်း မဖြစ်ဘဲ နေ၍ မရပေ။

သို့ရာတွင် ကျွန်ုပ်ရဟန်းဘဝဝင်ရောက်ခြင်းနှင့် ကျွန်ုပ်နှင့်နှင်းမိတို့၏ အရေးအခင်းကို အကယ်၍ အမေကြားသိသွားလျှင်စိတ်မကောင်းဖြစ်သွားမှာစိုးသည့်အတွက် ကျွန်ုပ် ဖွင့်ဟမပြောဘဲလျှို့ဝှက်ထားလေသည်။ ယင်းအခြေအနေနှစ်ရပ်မှာ မြွေါးတစ်လမ်းသံတစ်လမ်းဖြစ်ကြသည်။ ဘုန်းကြီးလုပ်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်။ အိမ်ထောင်သားမွေး ဘယ်နည်းနှင့်မှ မလုပ်နိုင်တော့ပေ။ အမေကလွဲ၍ တခြားတစ်စုံတစ်ဦးအပေါ် သံယောဇဉ်တွယ်တာ၍ ဖြစ်နိုင်ပါတော့မည်လော။

ယင်းသို့ မီးခိုးကြွက်လျှောက်ရောက်တတ်ရာရာတွေးတောစဉ်းစားနေစဉ် အရိုးနှင့်အမေ အိပ်ခန်းထဲဝင်လာကြသည်။ အရိုး၏လက်ထဲတွင် ဆေးခွက် တစ်ခွက် ကိုင်လာသည်။ အရိုးသည် ကျွန်ုပ်၏ အိပ်ရာနားကပ်လာပြီး ဆေးခွက်ကို ကျွန်ုပ်အနီး ထိုးပေးရင်းပြောလေသည်။

'ဆာဘူရို အအေးမိ ဖျားတာပါ၊ ခဏလောက်ထိုင်ပြီး ဒီဆေးကို သောက်လိုက်ရင် တစ်ရက်နှစ်ရက် အတောအတွင်းမှာပဲ အဖျားကျသွားလိမ့်မယ်၊ အရိုးကိုယ်တိုင် ဒီဆေးရွက်ကို ရှာလာခဲ့တာ၊ အရိုးက အလုပ်အားနေတာမဟုတ်လား၊ ဒါကြောင့်အားအားရှိရင် တောင်ပေါ်သွားပြီး ဒီဆေးရွက်တွေကို ခူးတယ်၊ ပြီးတော့ ဒီဆေးရွက်နဲ့ဆေးဖော်ပြီးငွေကြေးမတတ်နိုင်တဲ့ လူပမာတွေကို ကုသိုလ်ပြုတယ်။



www.burmeseclassic.com

www.burmeseclassic.com



'လောကမှာရှိတဲ့သမားများရဲ့အကြောင်းကို ငါတို့သိပါတယ်၊ ငွေကြေးမမက်မောတဲ့သမားရယ်လို့ မရှိသလောက်ရှားတယ်၊ ဒါကြောင့် ဆင်းရဲနွမ်းပါးတဲ့လူတွေ မမာမကျန်း ဖြစ်တဲ့အခါ သေမင်းကိုစောင့်မျှော်နေရုံမှ တစ်ပါး တခြားနည်းလမ်း မရှိတော့ဘူး၊ အဲဒီလို စိတ်မကောင်းစရာ အဖြစ်အပျက်တွေကို တွေ့ရဖန်များတော့ စိတ်ကောင်းစေတနာကောင်းရှိတာလူအဖို့ ဘယ်မှာစိတ်မချမ်းမသာ မဖြစ်ဘဲ နေပါ့မလဲ။

'အရှီးတို့လဲ နေရလှ နောက်ဘယ်နှနှစ်ကြာတော့မှာလဲ၊ အရှီးအဖို့ကတော့ ဒီဆေးရွက်တွေနဲ့ ဆေးဖော်ပြီး တခြားမရှိနွမ်းပါးတဲ့လူတွေကိုအကူအညီပေးတာကလွဲပြီး တခြားဘာ အလုပ်မှ စိတ်မဝင်စားတော့ဘူး၊ အရှီးတော့ တခြားမိန်းမကြီးတွေလို အမွေးတိုင်ထွန်းတာ၊ ပုတီးစိပ်တာလောက်နဲ့ ကျေနပ်မနေနိုင်ဘူး၊ ဆာဘူရိုရဲ့ အမေနဲ့ အရှီးတို့နှစ်ယောက်လုံး ဇရာပိုင်းရောက်နေကြပြီ၊ ပြောစမှတ်ကားတစ်ခုရှိတယ်၊ သက်ကြီးအိုမများဟာ သားသမီး အဆက်အနွယ်များကို အမွေပေးလို့ ရလိမ့်မယ်လိုထင်ရတဲ့ အရာဝတ္ထုများကို သာဖန်တီးပြုလုပ်ကြတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးသူမများဟာ မိမိတို့ရဲ့ သားသမီးအဆက်အနွယ်များရဲ့ ချမ်းမြေ့ရေး၊ ကောင်းစားရေးကို ဂရုပြုသင့်တဲ့အတွက်ကြောင့် ဖြစ်တယ်၊ မိမိရဲ့ ပုဂ္ဂလိကအခက်အခဲအကျပ်အတည်းကို ထည့်မတွက်ရဘူးလို့ ဆိုရိုးစကားရှိတဲ့အတွက်ကြောင့်ဖြစ်တယ်။

'ဒါပေမယ့် အရှီးအတွက်ကတော့တစ်မျိုးပဲ၊ အရှီးရဲ့ သားဟာ အခုရေတပ်မှာ အမှုထမ်းနေတယ်၊ အိမ်ထောင်လဲကျနေပြီ၊ သားသမီးတွေအတွက် အရှီးဘာပူစရာ ရှိတော့သလဲ၊ အခုအရှီးရဲ့





နှလုံးသားနဲ့ အနီးကပ်ဆုံးပုဂ္ဂိုလ်ကတော့ ဟောဒီ ကိယိုကိုပဲ၊ သူကလေးဘဝကတည်းက သူ့အမေနဲ့ အဖေကွယ်လွန်သွားတယ်၊ အရှီးကို မှီခိုအားကိုးနေလာခဲ့တာ ဆယ်နှစ်ကျော်လာခဲ့ပြီ၊ အရှီးတော့ သူ့ကို ဘုရားသခင်ရဲ့ အလိုကျဖြစ်ပါစေတော့ဆိုပြီး ဘုရားသခင်ကိုပဲ အပ်နှံထားတယ်'

ယင်းသို့ စီကာပတ်ကုံးပြောပြီးလျှင် အရှီးသည် တစ်အောင့်နားလိုက်လေသည်။ ထို့နောက်သက်ပြင်းတစ်ချက် ရှူပြီးလျှင် ကျွန်ုပ်ကို တစ်ဖန်ကြည့်လျက် စကားဆက်ပြန်လေသည်။

'ဆာဘူရိုတစ်ယောက် တောင်တက်ရင်းကျားကိုက်လို့ သေဆုံးသွားပြီဆိုတဲ့ အကြောင်းကြားစာ ဆာဘူရိုကို မွေးစားတဲ့ မိသားစုဆီကရတဲ့ အခါတုန်းက ဆာဘူရိုရဲ့ အမေဟာ စိတ်မကောင်း ဖြစ်ပြီး အိမ်မကပ်တာ သုံးလလောက်ကြတယ်၊ အဲဒီဒေသမှာကျားအန္တရာယ်ကြောင့် အသက်ဆုံးရှုံးသွားရတဲ့ အဖြစ်အပျက်တွေ မကြာခဏဖြစ်တတ်တဲ့ အကြောင်းကိုစဉ်းစားကြည့်ပြီး အရှီးတို့ သူတို့အကြောင်းကြားတာကို ယုံသွားတယ်၊ အဲဒီသတင်းကြားရတော့ ဆာဘူရိုရဲ့ အမေနဲ့အရှီးတို့ နှစ်ယောက်ငိုလိုက်ရတာ သေမတတ်ပါပဲ၊ အရှီးတို့အရွယ်ဟာ တစ်ထိုင်တည်းနဲ့ ချက်ချင်းလက်ငင်း အနှစ်နှစ်ဆယ်လောက်ပိုပြီး အိုစာသွားတယ်၊ ဒါပေမယ့်လှည့်လည်သွားလာနေတဲ့ ဆာဘူရိုရဲ့ ဝိညာဉ်အမေ့အိမ်ပြန်ပို့ပေးဖို့ ဘုရားသခင်ကို နံနက်ခင်းနဲ့ ညနေခင်း ဆုတောင်းပတ္ထနာပြုဖို့က လွဲပြီးတခြားဘာမှမလုပ်တတ်ဘူး'

အရှီးပြောပြသည့် စကားနှင့်အရှီး၏ ဝမ်းနည်းကြေကွဲဖွယ်အသံကို ကြားရသည့်အခါ ကျွန်ုပ်အတွင်း သန္တာန်၌ အနာဂဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေါ်လာပြီးလျှင် ကိုယ်ခန္ဓာတစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်နေလေသည်။ အချိန်အတန်ကြာမျှ ကျွန်ုပ် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သို့သော် အမေ့ကိုလှမ်းကြည့်လိုက်သည့်အခါ၌ ဝမ်းနည်းခြင်း အရိပ်ယောင် တစ်စက်မျှ မတွေ့ရသည့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိသော တည်ငြိမ် ကြွန္ဒြေရမှုကို တွေ့မြင်ရသည်ဖြစ်၍ ကျွန်ုပ်လည်း အသာကိုယ်ရှိန်သတ်နေလိုက်လေသည်။

'ကျွန်တော့်အပေါ်ထားတဲ့ အရီးရဲ့စေတနာမေတ္တာကို ကျွန်တော်နားလည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ကျွန်တော် အတိတ်ကခံစားခဲ့ရတဲ့ ဆင်းရဲဒုက္ခတွေဟာ အတိတ်မှာပဲကျန်ခဲ့ပါပြီ၊ အတိတ်ရဲ့ အမှတ်လက္ခဏာတွေဟာ အားလုံးပဲ ပျောက်ကွယ်သွားကြပါပြီ၊ အတိတ်ကအမှတ်အသားတွေကို ဖျောက်ဖျက်ပစ်လိုက်ကြပါတော့လို့ ကျွန်တော်အရီးနဲ့အမေ့ကို တောင်းပန်ချင်ပါတယ်၊ ကျွန်တော့်ကို တစ်ချိန်လုံး တစိမ့်စိမ့် ကြည့်နေကြတဲ့ အမေနဲ့အရီးတို့ရဲ့ မျက်နှာကိုမြင်တွေ့ရတဲ့အခါ ကျွန်တော်ရဲ့ပီတိဟာ အဆုံးအပိုင်းအခြား မရှိတော့ပါဘူး အရီး'

ကျွန်ုပ်စကားအဆုံးသတ်လိုက်သောအခါ အမေက ကျွန်ုပ်ကို ဆေးမြန်မြန်သောက်လိုက်ဟု ပြောလေသည်။ တစ်ခဏအတော အတွင်း၌ပင် ကျွန်ုပ်ကိုယ်ပေါ်၌ မိုးရွာချလိုက်သကဲ့သို့ပင် တစ်ကိုယ်လုံး ချွေးတွေစိုရွှဲ လာလေသည်။ အတော်ပင် မောဟိုက်သွားလေသည်။ သက်သာသလို ခံစားရပြီး မကြာမီပင် အိပ်ပျော်သွားလေသည်။

❑



# ၁၀

လေးရက်နှင့်လေးည ကျွန်ုပ်နေထိုင်မကောင်း ဖြစ်နေခဲ့သည်၊ ထို့နောက် ဆေးမှီဝဲသဖြင့် အဖျားပျောက်စ ပြုလာလေသည်၊ အမေနှင့် အရီးမျက်နှာတွင် လည်းကောင်း၊ အိမ်ရှိ လူအားလုံးတို့၏ မျက်နှာတွင် လည်းကောင်း ရွှင်လန်းဝမ်းမြောက်သည့် အသွင်လက္ခဏာ ပေါ်လာလေသည်။

တတိယလ၏ တတိယနေ့ဖြစ်သည်။ ပတ်ဝန်းကျင် တစ်ခွင်လုံး ကြည်လင်လန်းဆန်းနေသည်။ ကျွန်ုပ်သည် ပြတင်းပေါက်ဝ၌ ရပ်ပြီးအပြင်ဘက် မျှော်ကြည့်လိုက်သည်။ တောင်ပေါ်၌တောက်ပနေသည့်အသွေးအရောင်များကို မြင်ရသည်။ ပန်းမျိုးစုံနှင့် ကျေးငှက်သာရကာများကို မြင်တွေ့ရသဖြင့် ကြည်နူးသွားသည်။ ကျွန်ုပ် အပျော်ကြီး ပျော်နေမိသည်။ နာမကျန်းဖြစ်နေစဉ် အတောအတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည် သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်တိုင်း ကျွန်ုပ်အိပ်ရာမှနိုးလျှင်နိုးချင်း ကျွန်ုပ်နှာခေါင်းဝသို့ တိုးဝင်လာသည့် လတ်ဆတ်သောပန်းရနံ့ကို သတိပြုမိသည်။ အိပ်ရာဘေးက စားပွဲပေါ်ရှိ ပန်းအိုးထဲတွင် လတ်ဆတ်သော ပန်းစည်း ပန်းခိုင်များကို မကြာခဏပြောင်းလဲ ထိုးစိုက်ထားသည်။ ပန်းများသည် အရောင်အသွေး စုံလှပြီး တောက်ပနေကြသည်။ ပန်းပွင့်များ၏ အလယ်ဗဟို၌ နှင်းပေါက်ကလေးများ နားခိုနေတုန်းပင်ရှိသေးသည်။

ယနေ့ စားပွဲပေါ်၌ကျန်ခဲ့သော ကျောက်စိမ်းရင်ထိုးလေးတစ်ခုကို ကျွန်ုပ် ပထမဦးဆုံးအကြိမ် သွားတွေ့သည်။ ထိုရင်ထိုးမှာ ကိယိုကို၏ ပစ္စည်းဖြစ်သည်ဆိုသည့် အကြောင်းနှင့် ပန်းစည်းပန်းခိုင်များမှာ ထိုအလှကညာဖျိုလာထိုးစိုက်ထားသည့် ပန်းစည်းပန်းခိုင်များဖြစ်ကြောင်းကျွန်ုပ် သိရှိနားလည်သွားသည်။ ထိုထူးခြားသော အလှပိုင်ရှင်ကို ယခင်က တွေ့မြင်ဖူးသလိုလိုရှိသည့်ဆိုသည့် အချက်ကိုလည်း ကျွန်ုပ်ရုတ်ခြည်း သတိရလာလေသည်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီး ရောဘတ်၏သမီး စာကြည့်ခန်းထဲတွင် ဂျာမန်ပန်းချီဆရာတစ်ဦး ရေးဆွဲထားသော 'ဆက်ဖို'၏ပုံတူကားကို ကျွန်ုပ် မြင်တွေ့ဖူးသည်၊ ယခု မိန်းမပျိုနှင့် ပန်းချီကား ရုပ်ပုံရှင်သည် အသွင်အပြင် ကြန်အင်လက္ခဏာ စိုးစဉ်မျှ ကွဲပြားခြားနားသည်ကို မတွေ့ရပေ။

ထိုနေရာ၌ ကျွန်ုပ် မတုန်မလှုပ်ရပ်ပြီး တွေးတောငေးမောနေစဉ် ပိုးကန့်လန့်ကာအနီး၌ ရှိနေသောအရာဝတ္ထုများကို ကျွန်ုပ်ရုတ်တရက် သွားတွေ့သည်။ ထိုအရာဝတ္ထုများကို စနစ်တကျသေသပ် သပ်ရပ်စွာ ထားရှိသည်ကို တွေ့ရသည်။ ဘဲဥပုံသဏ္ဌာန်ကျောက်ဖြူစားပွဲတစ်လုံး ရှိသည်။ စားပွဲပေါ်၌မှန်ချပ်၊ သတ္တုသေတ္တာအဖြူတစ်လုံး၊ စာရေးသည့် စုတ်တံ၊ မင်ခွက်များ ရှိသည်။ ထိုအရာများကို ပါးလွှာသည့် ပိုးသားစအပေါ်၌ တင်ထားသည်။ စားပွဲပေါ်၌ ဖုန်မှုန့် တစ်မှုန်မျှပင် မရှိပေ။ စားပွဲ၏တစ်ဘက်၌ ခိုအိမ်ကဲ့သို့ အကန့်အကန့်လုပ်ထားသော သစ်သားစာအုပ်စင်ကလေးတစ်ခု ရှိသည်။ စာအုပ်စင်၌ စာအုပ်အများအပြားရှိသည်။ စာအုပ်များကို ကြည့်လိုက်သောအခါ စာအုပ်အားလုံး ရှေးဟောင်းတရုတ်စာပေနှင့် ပတ်သက်သည့် စာအုပ်များသာ ဖြစ်သည်ကို တွေ့ရသည်။ လက်ဝဲဘက်နံရံကို ပြန်ကြည့်လိုက်ပြန်သည်။ ထိုနေရာ၌ စားပွဲငယ် တစ်လုံး ရှိသည်။ စားပွဲပေါ်၌ စင်ရော်ငှက်ရုပ်တစ်ရုပ် ရှိနေသည်။ ထိုစင်ရော်ငှက်ရုပ်သည် ထောင့်ဖြတ်ပျံသွားသော ဟသ်ာငှက် ပုံသဏ္ဌာန် ပေါ်နေသည်။ ထိုအခန်းသည် ကိယိုကို၏ အခန်းဖြစ်သည့်ဆိုသည့်အချက်ကို ကျွန်ုပ်ချက်ချင်းနားလည်သွားသည်။ သူ၏ လေးလေးနက်နက် စာပေဗဟုသုတနှင့် အနုပညာလှေလာ လိုက်စားမှုကို ကျွန်ုပ် လေးစားကြည်ညိုသွားသည်။

ထိုအချိန်၌ ကျွန်ုပ်သည် အလားအလာရှိနေသော ချစ်ထုံးနှောင်ဖွဲ့မှုအတွက် စိတ်ကူးယဉ် ကြည့်လိုက်လေသည်။ သို့သော်ကျွန်ုပ်၏မျှော်မှန်းချက်သည် ဘယ်တော့မှ အကောင်အထည်ပေါ်နိုင်မည် မဟုတ်ကြောင်း သိရှိရိပ်မိသွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်စိတ်မောသွားလေသည်။ ထိုအခိုက် နွေဦးရာသီတွင် ဝတ်သည့် ဝတ်စုံနှစ်စုံ လက်က ကိုင်ပြီး အပေါ်ထပ်တက်လာသော အမေကို တွေ့ရသေသည်။

အမေက ကျွန်ုပ်ကို 'အအေးလွန်ကဲတဲ့ ဆောင်းရာသီကုန်သွားပါပြီ၊ ဒီအဝတ်တွေ ဝတ်ဖို့မလိုတော့ပါဘူး၊ အခုအမေ ယူလာတဲ့အဝတ်တိုပဲလဲဝတ်တော့သား'ဟု ပြောလေသည်။







www.burmeseclassic.com

www.burmeseclassic.com



အမေ့လက်ထဲက အဝတ်ကိုယူပြီး ကျွန်ုပ်သည် အမေ့အနီးရှိ စပရိန်နှင့် အပြာရောင် ဖဲဖုံအခင်းခင်းထားသော ဆိုဖာပေါ်ထိုင်လိုက်သည်။ ကြင်နာယုယသော မျက်နှာအနေအထားဖြင့် ကျွန်ုပ်ကို လှမ်းကြည့်ပြီးလျှင် အမေသည် သူ့ လက်ဖြင့်ကျွန်ုပ်၏ နဖူးကို စမ်းလျက်'ဒီနေ့မနက် ဘယ်နှယ့်နေသေးသလဲ သား'ဟူ၍ မေးလေသည်။

'မောသလိုလို ရှိနေသေးတာကလွဲပြီး တခြားဘာမှ မဖြစ်တော့ပါဘူး၊ ကျွန်တော်နဲ့ညီမလေးကို ဘယ်တော့ အိမ်ပြန်ခေါ်သွားမလဲ အမေ၊ ကျွန်တော် အစ်မနဲ့လည်း မတွေ့ရသေးဘူး'

အမေက ပြန်ပြောသည်။

'သိပ်မလောပါနဲ့ဦးသား၊ ပထမတုန်းကတော့ သားနေကောင်းရင် နေကောင်းချင်း အမေပြန်မယ်လို့ စိတ်ကူးတယ်၊ ဒါပေမယ့် မနေ့ညနေက သားရဲ့အရီးက ချက်ချင်းမပြန်ကြပါနဲ့ဦးလို့ တားတယ်၊ ဒီကနေ့မနက်ပဲ သား အစ်မဆီ စာတစ်စောင် ထည့်လိုက်ပြီ၊ သားရဲ့ အရီးမှာ သူ့အတွက် အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူအမေ့ကို တိုင်ပင်တယ်၊ သား ဒီမှာနေရတာ မပျင်းဘူးဆိုရင် အမေတော်တော်နဲ့ မပြန်သေးဘူးလို့ စိတ်ကူးတယ်။

'သား သိတဲ့အတိုင်းပဲ၊ အမေတို့အသက်အရွယ်တွေဟာ ဆည်းဆာချိန် ရောက်နေပြီ၊ အမေ့ဆွေမျိုးတွေ အားလုံးလိုလိုပဲ အသက်အရွယ် ထောက်နေကြပြီ၊ တစ်ဦးထံ တစ်ဦးက သွားရောက်လည်ပတ်ဖို့ အခြေအနေက သိပ်မပေးတော့ဘူး၊ ငယ်ငယ်ရွယ်ရွယ်တုန်းကလို တစ်ယောက်နေတဲ့နေရာကို တစ်ယောက်က စိတ်ကူးရ





တိုင်းထသွားလို့ မဖြစ်တော့ဘူး၊ အခု အမေ့အနေနဲ့ ဘေးပတ်ဝန်းကျင် အရပ်မျက်နှာအားလုံးကို မျှော်ကြည့်လိုက်ရင် အမေနဲ့မေတ္တာချင်း စေတနာချင်း ဖလှယ်လို့ရတဲ့ စိတ်တူသဘောတူ သွေးသားထဲက သားရဲ့အရီးကလွဲပြီး တခြားကြည့်မမြင်တော့ဘူး၊ ပြီးတော့လည်း သားကို ပြန်တွေ့ရတဲ့အတွက် အရှုံးအမူး ဖြစ်နေရှာတယ်၊ ဒီမှာ သားနေရတာ ကိုယ့်အိမ်မှာနေရသလိုပဲ အောက်မေ့နေလိမ့်မယ်လို့ အမေထင်တယ်၊ သားတစ်ကိုယ်တည်း ဆိတ်ဆိတ်ငြိမ်ငြိမ် နေရတာ သဘောကျတယ်ဆိုတာ အမေသိတယ်၊ ဒီအိမ်အပေါ်ထက်မှာ နေရတာ သား စိတ်ကြိုက်ဖြစ်နေမှာပဲ၊ ဒီအပေါ်ထပ်ခန်းမှာ ကိုယ်ကိုကို နေတယ်၊ တစ်နေ့ကမှ သူအောက်ထပ်ပြောင်းပြီး သားညီမလေးနဲ့ တစ်ခန်းတည်းမှာ ပေါင်းနေကြတယ်၊ တကယ်လို့ ဒီအိမ်မှာ သားနေရတာ မပျော်ဘူးဆိုရင်တော့ အမေ့ကို အားနာမနေနဲ့၊ ဖွင့်သာပြောသားကြားလား'

'အမေ့ စိတ်ဆန္ဒကို ကျွန်တော်လေးစားပါတယ်၊ အရီးရဲ့ အိမ်အပြင်ဘက်က ပတ်ဝန်းကျင်နဲ့ ရှုခင်းတွေဟာ အင်မတန် သာယာပြီး အင်မတန်ကြည်နူးစရာ ကောင်းပါတယ်၊ ဒီမှာ ခဏတစ်ဖြုတ်နေရတာ ကျွန်တော် မပျင်းပါဘူး၊ ကျွန်တော်လည်း နေချင်ပါ တယ် အမေ'

ထို့နောက် မကြာခင်ပင် အိမ်ဖော်က နံနက်စာအဆင့်သင့်ဖြစ်နေပြီဖြစ်ကြောင်း လာအကြောင်းကြားသည်။ အမေသည် စိတ်လက် ပေါ့ပါးသည့် အမူအရာဖြင့် ကျွန်ုပ်ကို အဝတ်မြန်မြန်လဲပြီး အောက်ထပ်ထမင်းစားလိုက်ခဲ့ရန် ပြောလေသည်။ အမေနှင့်အတူ အောက်ထပ် ထမင်းစားခန်းသို့ လိုက်သွားပြီးလျှင် ကျွန်ုပ် အရီးအား အရိုအသေပြုလိုက်သည်။ ကျွန်ုပ်အပေါ် မေတ္တာ စေတနာအပြည့်



www.burmeseclassic.com

www.burmeseclassic.com



အဝမြင့် တယုတယပြုစုသည့်အတွက် ကျေးဇူးအထူးတင်ကြောင်းကိုလည်း အရှိုးအား ပြောပြလိုက်လေသည်။

အရှိုးက ကျွန်ုပ်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေသည်။ သူ့မျက်နှာတွင်လည်း ဝမ်းသာအားရခြင်း အရိပ်အယောင် လွှမ်းနေသည်။ ထို့နောက်မိန်းမပျိုကို လှမ်းကြည့်လိုက်ပြီး ပြောလိုက်လေသည်။

'ဆာဘူရို စောင်မကြည့်ရှုတော်မူပါလို့အရှိုးက ဘုရားသခင်ကို တိုင်တည်လွှဲအပ်ထားတာ၊ အခု ဆာဘူရို နေကောင်းလာပြီ၊ ဒီလာခဲ့စမ်း ကီယိုကို၊ ဆာဘူရိုရဲ့ မင်္ဂလာနံနက်ခင်းအတွက် ဆုတောင်းလိုက်စမ်းပါ သမီး'

ပြီးပြက်တောက်ပသော မျက်လုံးပိုင်ရှင် မိန်းမပျိုသည် ထိတ်လန့်စိုးရွံ့နေသော ဟသ်ာမယ်တစ်ဦးပမာ ကျွန်ုပ်အနီးသို့ မရဲတရဲ ကပ်လာပြီးလျှင် ယဉ်ကျေးသိမ်မွေ့စွာဖြင့် ဖော်ရွေသော၊ ရိုသေလေးစားသော အမူအရာကို ပြလေသည်။ ထိုအချိန်၌ ကီယိုကိုသည် တင့်တယ်လှပစွာ ထုံးထားသော ဆံထုံးဖြင့် ရှုမငြီး ဖြစ်နေသည်။ သူ့ကို ကျွန်ုပ် ရဲရဲမကြည့်ဝံ့ပေ။ သို့သော် ကျွန်ုပ်၏နှလုံးသားသည် လေတိုက်သဖြင့် ကြွေလွင့်သွားပြီး ဘယ်နေရာကျရမှန်းမသိ ဖြစ်နေသည့် သစ်ရွက်ကဲ့သို့ ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် လှုပ်ခါ လွင့်ပျံနေလေသည်။

အရှိုး၏အိမ်၌ အမေတို့သားအမိနှင့်အတူ ကျွန်ုပ်နေထိုင်ရသည်မှာ နတ်ပြည်က နန္ဒဝန်ဥယျာဉ်ထဲ ရောက်နေသည်နှင့် ဘာမျှမခြားပေ။ အရှိုးသည် ကျွန်ုပ်ကို အလွန်တရာ သံယောဇဉ်တွယ်တာသည်။ အမေလည်း ကျွန်ုပ်က သူ့ကိုရိုသေလေးစားပြီး လိုက်လျော





တန်သရွေ့ လိုက်လျောနေသဖြင့် ရွှင်လန်း ပျော်မြူးနေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အတိုင်းထက်အလွန်ရွှင်လန်း ဝမ်းမြောက်နေသည်။ တစ်ခါတစ်ရံ အတိတ်အကြောင်းများကို ပြန်ပြောင်းတွေးမိသဖြင့် စိတ်ခပ်လေးလေး ဖြစ်လာသည့်အခါ၌ သစ်ပင်တစ်ပင်ကိုမှီပြီး ကျွန်ုပ်၏ ခြေထောက်အောက်ဘက် စီးလာသောရေကို ငေးကြည့်နေမိသည်။ သို့မဟုတ်ကလည်း စာအုပ်ကိုဖတ်ပြီး အချိန်ဖြုန်း နေတတ်လေသည်။

စာအုပ်ဗီရိုထဲတွင် ဆန်အတွေးအခေါ် ပညာရှင်များ ရေးထားသည့် စာအုပ်များစွာရှိသည်။ ယင်းစာအုပ်များအပြင် သသ်ကရိုက်ဘာသာဖြင့် ရေးထားသော စာအုပ်များနှင့် လျှို့အက္ခရာစာလုံးဖြင့်ရေးထားသော စာအုပ်များလည်းရှိသည်။ အချို့ ကျမ်းစာအုပ်များမှာ နေရာတော်များများ၌ ပိုးကိုက်ထားသဖြင့် မူရင်းအနက်အဓိပ္ပာယ်တို့ မှန်းဆ၍ မရနိုင်လောက်အောင် ဖြစ်နေသည်။

ထိုကျမ်းစာအားလုံးမှာ တန်ခေတ်က ကျမ်းစာများ ဖြစ်ကြသည်။ ထို့ပြင် မဟာကဗျာကျမ်းများ ဖြစ်ကြသော 'မဟာဘာရတ'နှင့် 'ရာမာယဏ'တို့၏ တရုတ်ဘာသာပြန်များကိုလည်း တွေ့ရသည်။ ထိုမဟာကဗျာ တရုတ်ဘာသာပြန် ကျမ်းများသည် တရုတ်ပြည်၌ပင် မရှိတော့ပေ။ 'ဟွာယင်ချင်'အမည်ရှိ ဗုဒ္ဓကျမ်းစာ၌ ယင်းမဟာကဗျာနှစ်ကျမ်းကို မကြာခဏ ကိုးကားဖော်ပြထားသည်ကို တွေ့ရသည်။ 'မဟာဘာရတ'ကို ဗျာသရသေ့ ရေးသားစီရင်သည်ဟူ၍ ဆိုကြသည်။ယခု မျက်မှောက်တွင် တွေ့ရှိရသော အိန္ဒိယပညာရှင်ဒတ္တ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် ဘာရတအနွယ်ဝင်တို့၏ မဟာ



www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲအကြောင်းစာအုပ်မှာ 'မဟာဘာရတ'၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။

❑



## ၁၁

ကောင်းကင်တစ်ခွင်ကိုဖြတ်လျက် ဟင်္သာငှက်ပုံသဏ္ဌာန်များလက်ခနဲပြက်ခနဲ ဖြစ်သွားကြသည်။ နေရာအနှံ့အပြားတွင် ပုစဉ်းရင်ကွဲအော်သံများ ဆူညံနေသည်။ အရိုး၏ အိမ်ဝင်းခြံဥယျာဉ်တွင်း၌လည်းကောင်း၊ အိမ်အပြင်ဘက်က လမ်းပေါ်၌လည်းကောင်း၊ ငါးတန်သို့သွားသော လမ်းကလေးပေါ်၌လည်ကောင်း ကျွန်ုပ်အညောင်းပြေ အညာပြေ လမ်းလျှောက်နေသည်။ ကျယ်ပြန့်သော ပတ်ဝန်းကျင်တစ်ခွင်၌ စိမ်းလန်းကြည်လင်သော စမ်းချောင်းများသည် ကျွန်ုပ်ကို အာရုံဆွဲဆောင်ထားကြသည်။

နက်ဖြန်နံနက် ကျွန်ုပ်နှင့် ညီမလေးကိုခေါ်ပြီး အိမ်ပြန်တော့မည်ဟူ၍ မနက်ကအမေပြောသော စကားကို သတိရနေသည်။ ဤတိမ်ဖြူဒေသနှင့် ပန်းအနီပွင့်နေသော သစ်ပင်များသည် ကျွန်ုပ်၏ စိတ်နှလုံးကို မရွေ့မလျားအောင် ဘယ်လိုနည်းနှင့်မှ မတတ်နိုင်ကြပေ။ တဟူးဟူးတိုက်နေသောလေသည် ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



နားထဲသို့ တိုးဝင် လာသည်။ ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ သစ်တိုင်းမှ ရော်ရွက်ဝါများ လွင့်ကြွေကျလာကြသည်ကိုသာလျှင် မြင်ရသည်။

ကောင်းကင်တစ်ခွင်၌ တိမ်ဝလာ သန့်စင်ကြည်လင်နေသော ဆောင်းနှောင်းရာသီကုန်လုနီးပါးရှိလာပြီဖြစ်ကြောင်း မြင်တွေ့ရသောအခါ ကျွန်ုပ်၏ စိတ်နှလုံးသည် ဂနာမငြိမ်ဖြစ်လာသည်။ စိတ်နှလုံးတွင် ဝမ်းနည်းပူဆွေးခြင်း ဝန်ထုပ်ဝန်းပိုးကြီး ပိနေသကဲ့သို့ မသက်မသာ ဖြစ်လာလေသည်။ ထိုအချိန်၌ အမေသည် အထုပ်အပိုးပြင်နေပြီ။

ကျွန်ုပ်သည် 'အပန်းဖြေနေရာ'သို့ ထွက်သွားသော ညီမလေးနောက် လိုက်သွားရန် အကြံပေါ်လာသည်။ ပွတ်လုံးလက်ရန်းများရှိသော ကျောက်တံတားနား ရောက်သွားသောအခါ ပိုးစကတ်သံ တရွှမ်းရွှမ်းမြည်သံ ရုတ်တရက်ကြားလိုက်ရသည်။ မကြာမီအတောအတွင်း၌ပင် သင်းပျံ့မွှေးကြူသည့်ရနံ့သည် ကျွန်ုပ်ပတ်ဝန်းကျင်ရှိလေထဲတွင် ကြိုင်လှိုင်သွားလေသည်။ ထို့နောက် ချက်ချင်းချစ်စရာ ထိုမိန်းမပျိုကို ကျွန်ုပ်လှမ်းမြင်ရသည်။ မိန်းမပျိုသည် လှပကြော့ရှင်းစွာ ဝတ်ဆင်ထားသည်။ လေညင်းတိုက်ခတ်လိုက်သဖြင့် ထိုနေရာသို့ အသာကလေး ရွေ့လာသကဲ့ပင် ယဉ်ကျေးသိမ်မွေ့သော ခြေလှမ်းဖြင့် လှမ်းလာသည်။

ကျွန်ုပ်နှင့်မနီးမဝေးနေရာသို့ ရောက်လာသောသအခါ သူကျွန်ုပ်ဘက် လှမ်းကြည့်သည်။ ကျွန်ုပ်တို့နှစ်ဦး အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ ထို့နောက် ကျွန်ုပ် သူ့ကို လေးစားသည့်အမူအရာဖြင့် ဦးညွတ်နှုတ်ဆက်လိုက်လေသည်။ မိန်းမပျို၏ နုထွတ်လှပနေသော





ပါးနှစ်ဘက်တွင် ရုတ်တရက်ပန်းရောင်လွှမ်းသွားသော်လည်း ယခုတစ်ကြိမ်၌မူ မနေတတ် မထိုင်တတ်အောင် ရှက်ကိုး ရှုတ်တန်းဖြစ်သွားသော ပထမတစ်ကြိမ်ကလောက်မူ ရှက်သွေးဖြန်းသွားပုံ မရပေ။ မျက်လုံးကို ကြည့်ရသည်မှာ သူစကားပြောချင်နေပုံရသည်။ သို့သော်လည်း ဘာမှ မပြောပေ။ ကျွန်ုပ် ရင်တဒိတ်ဒိတ် ခုန်နေသည်။ ဘာလုပ်ရမှန်း မသိသဖြင့် နောက်ဘက် ခြေတစ်လှမ်း ပြန်ဆုတ်လိုက်သည်။ ဦးခေါင်းငုံ့ပြီး မြေကြီးကို ကြည့်နေရုံမှ တစ်ပါး တခြား ဘာမှ မလုပ်တတ်အောင် ဖြစ်နေသည်။

တစ်အောင့်လောက်ကြာသွားသောအခါ ဂန္ဓမာပင်ပေါ်မှ ဖြုတ် လိပ်ပြာဖြူဖြူကလေးတစ်ကောင်လိုလို ဖြူဖြူလေးတစ်ခု လွင့်ပျံသွားသည်ကို ကျွန်ုပ် ရုတ်တရက်သွားမြင်လေသည်။ ခြံစည်းရိုး အပြင်ဘက် လွင့်ပျံသွားမည်ပြုသောအခါ ကျွန်ုပ်အပြေးကလေးသွားပြီး ဖြူဖြူလေးကို ဖမ်းယူလိုက်လေသည်။ ကျွန်ုပ်လက်ထဲ ရောက်လာသည်နှင့် ထိုဖြူဖြူကလေးမှာ လိပ်ပြာမဟုတ်ဘဲ မိန်းမပျို၏ ဦးခေါင်းမှ ပြုတ်ကျပြီး လေအဟုန်ဖြင့် လွင့်ပျံသွားသော ပိုးသားအစကလေး တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။ မိန်းမပျို၏ ဆံထုံးကို အလှဆင်ထားသော ထိုပိုးသား အစကလေးကို မြေကြီးပေါ် ပစ်ချလိုက်ရန် ပထမကြံရွယ်မိသည်။ သို့သော်လည်း ယင်းသို့လုပ်လိုက်လျှင် ရိုင်းသလိုဖြစ်သွားမည်ဟု ထင်သဖြင့် ချစ်စရာမိန်းမပျိုအား ပြန်ပေးရန် လက်ကမ်းလိုက်လေသည်။ မိန်းမပျိုသည် ကျွန်ုပ်၏ အမူအရာကို ကြည့်လျက် ကျွန်ုပ်အနီး တိုးကပ်လာပြီး သူ့ပဝါစွည်းကို လက်နှစ်ဘက်ဖြင့် လှမ်းယူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နားလည်သော မျက်လုံးဖြင့် ကျွန်ုပ်ကို ကြည့်ပြီးလျှင် မိန်းမပျို့သည် ရှက်သလိုလို ဖြစ်နေသော်လည်း ချစ်စဖွယ်အသံသာသာ တလေးဖြင့် 'အခုလို ကူညီတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ဆာဘူရှိ' တု ပြောလေသည်။

လှပကြော့ရှင်းသော မိန်းမပျို့အနေနှင့် သူမျက်လုံးထဲတွင် ပေါ်နေသော ကျွန်ုပ်အပေါ်ထားသည့် ခင်မင်မှုကို ချယ်ရီရောင် နှုတ်ခမ်းကလေးလှစ်ပြီး ထုတ်ဖော်ပြောပြခြင်းဖြစ်သည်ဆိုသည်ကို ကျွန်ုပ် ပထမဆုံးအကြိမ်မြင်တွေ့ရလေသည်။ ကျွန်ုပ် နှုတ်ဆွံ့အနေသည်။သူ့ကိုပြန်ပြောရန် စကားအစရှာမရ ဖြစ်နေသည်။ ချစ်စရာ မိန်းမပျို့၏ ပါးချိုင့်ကလေးကို ကျွန်ုပ်သတိထားမိသည်။ အကယ်၍ 'ဆက်ဖို'သည် အသက်တစ်ဖန်ပြန်ရှင်လာပါမူလည်း အနုပညာသည် တစ်ဦးအနေနှင့် အရှုံးပေးရလောက်သည့် ယခုလိုအလှမျိုးကို ပိုင်ဆိုင်လိမ့်မည် မဟုတ်ပေ။ ထိုခဏကား ပုဂ္ဂိုလ်တစ်စုံတစ်ဦးအတွက် ထမင်းမေ့ ဟင်းမေ့ ဖြစ်စေလောက်သည့် ခဏဖြစ်သည်။

ချစ်စရာမိန်းမပျို့သည် တစ်ခဏမျှ သူ့ဦးခေါင်းလေးကို တစ်ဖက်လှည့်ပြီး နူးညံ့သိမ်မွေ့ပြီး လျှို့ဝှက်အသိခက်သည့် သက်ပြင်းတစ်ချက် ရှူလိုက်လေသည်။ ထို့နောက်မှ ကျွန်ုပ်ဘက်မျက်နှာလှည့်ပြီး စကားဆိုသည်။

'နေကောင်းသွားပြီးလား ဆာဘူရှိ၊ ဒီဇူရှိရာသီဥတုက ဘယ်အချိန်မဆို သပ္ပာယမျှတတယ်နော်၊ ကျွန်မ ဆာဘူရှိတို့ အိမ်ကို သိပ်အလည်လာချင်တာပဲ၊ ဒါပေမယ့် ကျွန်မအမေက အလုပ်တာဝန်တွေ သိပ်များတယ်၊ ဒီနှစ်တော့ ကျွန်မတို့ ဘယ်ကိုမှ သွားနိုင်လိမ့်မယ်လို့ မထင်ဘူး၊ ပတ်ဝန်းကျင်ကို ကြည်လင်သန့်ပြန့်တာနဲ့ ငြိမ်သက်အေး





ချမ်းတာကို ပြောရရင်တော့ အဲဒီနေရာဟာ ဟာကိုနေနဲ့ ဘာမှမထူးပါဘူး၊ ဒါပေမယ့် ရာသီဥတုကတော့ မတူကြဘူး၊ ဟာကိုနေက တောင်တွေဝိုင်းရံနေကြတယ် မဟုတ်လား၊ တန်ခေတ်ကဗျာဆရာကြီးတွေ 'လိုဖု'တောင် အကြောင်းကဗျာစပ်ထား တာရှိတယ်၊ **အလည်အပတ်လာသူများသည် နေရာသို့ အဝတ်ပါးပါး ဝတ်မလာသင့်ပေ၊ ဆဋ္ဌမလ၏ တိမ်ပုံများသည် နှင်းအအေးဓာတ်ကို ဆောင်ကြဉ်းလာကြသည်**တဲ့၊ အဲဒီကဗျာကို စဉ်းစားကြည့်လိုက်တဲ့အခါ စိတ်ဝင်စားစရာလည်းကောင်းတယ်၊ ဟာကိုနေရဲ့ အခြေအနေနဲ့လဲ ကိုက်ညီတယ်လို့ ကျွန်မထင်တယ်၊ ကျွန်မပြောတာ မှန်တယ်လို့ ဆာဘူရှိယူဆသလား မယူဆဘူလားဆိုတာတော့ ကျွန်မမသိဘူး'

ချစ်စရာ မိန်းမပျို့၏ စကားကို ကြားရသောခါ ကျွန်ုပ် အံ့သြငေးမောသွားပြီးလျှင် ကိုယ့်ဟာကိုယ် မပွင့်တပွင့် ညည်းနေမိသည်။ ဘယ်လို ပြန်ဖြေရမှန်း မသိသောကြောင့် ဖြစ်သည်။

သို့သော်လည်း အချိန်အတန်ငယ် ကြာသွားသော်အခါ၌မူ ကျွန်ုပ် တလေးတစားပင် ပြန်လည်ဖြေကြားလိုက်လေသည်။

'ကျွန်တော့်အပေါ် အခုလို စေတနာမေတ္တာထားတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်တော့်လို့အိမ်ကို ကိယိုကိုလာမယ်ဆိုရင် ကျွန်တော့်တို့ သိပ်ဝမ်းသာမှာပဲ၊ ကျွန်တော့်တို့အိမ်မှာ တရုတ်ဘာသာ၊ အင်္ဂလိပ်ဘာသာ ကဗျာစာအုပ်တွေ အများကြီးရှိတယ်၊ တကယ်လို့ ကိယိုကို စိတ်မရှိဘူးဆိုရင် ဘယ်သူရေးတဲ့ကဗျာကို နှစ်သက်သလဲလို့ ကျွန်တော် မေးချင်ပါတယ်'

ချစ်စရာ မိန်းမပျို့သည် အချိန်အတန်ကြာ ဦးခေါင်းငုံ့ပြီး စဉ်းစားနေလေသည်။ ထို့နောက် သူ၏ ရှက်စနိုးမျက်လုံးသည် ကျွန်ုပ်ထံ



www.burmeseclassic.com

www.burmeseclassic.com



ထမ်းနေရောက်လာပြန်သည်။ ကျွန်ုပ်ကို သေးစေ်းကြည့်ပြီး ပြုံးလိုက်လေသည်။

'ကျွန်မတို့ အခုလို စေတနာ မေတ္တာ အပြည့်အ၀နဲ့ စိတ်ပါ၀င်စားစွာ အရေးတယူမေးမြန်းစုံစမ်းတဲ့အတွက် ဆာဘူရိုကို ကျွန်မ အများကြီး ကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးကို ကျွန်မ နှလုံးသားထဲမှာ မှတ်တမ်းတင်ထားလိုက်ပါပြီ၊ ဘယ်သူ့ကဗျာကို နှစ်သက်သလဲလို့ ဆာဘူရိုက ကျွန်မကို မေးတယ်၊ အမှန်ကတော့ အဲဒီလိုမေးတာဟာ ကျွန်မကို ခနဲ့သလိုဖြစ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ပညာမှ မသင်ခဲ့ဖူးပဲ၊ ဒါပေမယ့် ဆာဘူရိုက ကျွန်မရဲ့တန်ဖိုးမရှိတဲ့ စကားကို ကြားရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်သနသွားတယ်လို့ မထင်ရင်တော့ ကျွန်မနှလုံးသားထဲက ထွက်လာတဲ့အဖြေကိုပေးဖို့ တာ၀န်မလေးပါဘူး။ ကျွန်မကို ဆာဘူရို လမ်း ညွှန်ပြပေးလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်'

သူ၏ စကားလုံးလေးများစွာ အပြစ်အနာအဆာကင်းမဲ့သော အရည်အသွေးမီ ပုလဲကုံးနှင့်အလားသဏ္ဍာန် တူနေသည်။ မိန်းမပျိုက သူ့စကားကို ဆက်သည်။

'အရင်တုန်းက ချန်ဟိုရှန်းရဲ့ကဗျာတွေကိုဖတ်ရတာ ကျွန်မ သိပ်နှစ်သက်တာပဲ၊ ကျွန်မလုဖင်ယန်ရဲ့စာတွေကို သိပ်ကြိုက်တယ်၊ ဒါပေမယ့် အဲဒီကဗျာတွေစာတွေဟာ ကျွန်မတို့လူမျိုးတွေရဲ့ ကြေကွဲဖွယ် အတိတ်ကို ပြန်လည်တသနေကြတာဖြစ်တယ်၊ ဖတ်တဲ့ပုဂ္ဂိုလ်ဟာ စာမျက်နှာပေါ် မျက်ရည်ပေါက်ပေါက်စီးကျပြီး ၀မ်းနည်းကြေကွဲခြင်း ဖြစ်ကြရတယ်၊ အခုမကြာသေးခင်ကတော့ ချောင်ဇူနဲ့ တိုယန်မင်းတို့ရဲ့ ကဗျာတွေကို ဖတ်ကြည့်တယ်၊ သူတို့ရဲ့ကဗျာတွေကိုဖတ်ရ





တော့ ခြောက်သွေ့ပြီးငွေ့ဖွယ်ကောင်းတဲ့ ဒီနိစရူဝ ကမ္ဘာလောကကြီးရဲ့ အပေါ်ဘက်တက်တဲ့ နည်းလမ်းကို လွယ်လင့်တကူရှာလို့တွေ့နိုင်ပါကလားလို့ ကျွန်မ ခံစားမိတယ်၊ အဲဒီအတွေးအခေါ်ပညာရှင်ကဗျာဆရာကြီးတွေ လူ့သဘာကို ထိတွေ့ထားကြတာဟာ အပေါ်ယံအထိအတွေ့မဟုတ်ဘဲ တွင်းလက်တစ်ဆုံးနှိုက်ပြီး ထိတွေ့ထားကြတာပါကလားဆိုတာ မြင်လာတယ်၊ ကျွန်မ အခန်းထဲက ဗီရိုထဲမှာ ဆာဘူရိုမြင်ရတဲ့စာအုပ်တွေဟာ တွေးခေါ်မြော်မြင်မှုသဘောတရားတွေနဲ့ ပတ်သက်တာချည်းပဲ၊ အဲဒီစာအုပ်တွေအားလုံးဟာ မင်မင်းဆက်သစာတော်ခံမြို့စားကြီးချူရှန်ရှီက ကျွန်မရဲ့ဘေး အန်ချိကောင်ကို ပေးအပ်ထားခဲ့တဲ့ စာအုပ်တွေဖြစ်တယ်၊ တိုက်ဂါ၀ှဘုရင် ထီးနန်းစိုးစံနေတဲ့ အဲဒီအချိန်တုန်းက ကျွန်မရဲ့ဘေး အန်ချိကောင်ဟာ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာ ပညာရှင်တစ်ယောက်အနေနဲ့ ပေါင်းသင်းဆက်ဆံတယ်၊ မြို့စားကြီးပေးအပ်ထားခဲ့တဲ့ အဲဒီလက်ဆောင် စာအုပ်တွေဟာ ကျွန်မတို့ ဆွေစဉ်မျိုးဆက်ကို အကျိုးပြုတယ်၊ အဲဒီကျမ်းစာအုပ်တွေကို ကျွန်မတို့ ဆွေစဉ်မျိုးဆက်ထိန်းသိမ်းလာခဲ့တာ နှစ်ပေါင်းနှစ်ရာကျော်သွားပြီ'

မိန်းမပျို၏စကားကို ကြားရသောအခါ ကျွန်ုပ် ပို၍အံ့အားသင့်သွားပြီးလျှင် သူ့ကို ငေးကြည့်နေမိလေသည်။ ကိယိုကိုက ဆက်ပြောသည်။

'ကျွန်မငယ်ငယ်တုန်းက အခု ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်မအဖေပြောပြတဲ့ မြို့စားကြီးချူရဲ့အကြောင်းကြားဖူးတယ်၊ အသေးစိတ်တော့ မမှတ်မိတော့ဘူး၊ ကျွန်မ မှတ်မိသမျှ ဆာဘူရိုကို ပြောပြပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



**တီထိုတိုသည် စိတ်မကောင်းဖြစ်သွားသည့်ပုံဖြင့် သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်လေသည်။**

'**ကျွန်မတို့ရဲ့နိုင်ငံမှာ ဆိပ်ဟိုဘုရင်အုပ်ချုပ်တဲ့ ပထမဆုံးနှစ်နဲ့ ခေတ်ပြိုင်ဖြစ်တဲ့** ချန်ချွင်းအုပ်ချုပ်တဲ့ ဆယ့်ခုတစ်နှစ်မြောက်မှာ အင်မတန်ကြောက်စရာကောင်းတဲ့ မန်ချူတွေ တစ်စခန်းထလာကြတယ်။

'အဲဒီအချိန်မှာ မြို့စားကြီးချူဟာ ရန်သူတို တွန်းလှန်တိုက်ခိုက်ဖို့အတွက် စစ်သားစုဆောင်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှည်လျားဝေးလံလှတဲ့ ပင်လယ်ခရီးက ဖြတ်ပြီး နာဂါဆာကီကို ရောက်လာတယ်၊ ဒါပေမယ့် သူ့ရည်ရွယ်ချက် မအောင်မြင်ရှာပါဘူး၊ မင်ဂျီဘုရင်အုပ်ချုပ်တဲ့ဒုတိယနှစ်ကျတော့ မင်ဘုရင် မင်းဆက်ဟာ နိဂုံးချုပ်သွားခဲ့ရတယ်၊ ကျဆုံးသွားတဲ့ မင်းဆက်ရဲ့သစ္စာတော်ခံအသက်မသေဘဲ ကျန်နေတဲ့ မြို့စားကြီးချူဟာ တခြားမင်ဆက်အောက်မှသစာခံပြီး တခြားမင်းဆက်ရဲ့ နို့သက်ခံစို့ရမှာ ရှက်ဖွယ်လို့မြင်တဲ့အတွက် နာဂါဆာကီမှာလာပြီး အခြေချနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နာဂါဆာကီဟာ ချင်ကောင်မွေးဖွားရာဒေသဖြစ်တဲ့ ဟိရာတိုနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့်ဖြစ်တယ်။

'တိုကုဂါဝဘုရင်က မြို့စားကြီးရဲ့ သတင်းကြားရတဲ့အခါကျတော့ မြို့စားကြီးချူထံ အရာရှိတစ်ဦးစေလွှတ်စေပြီး ပညာရေးနဲ့ပတ်သက်တဲ့အဆင့်မြင့် ရာထူးလက်ခံဖို့ရန် ဖိတ်မွန္တကပြုတယ်၊ တိုကုဂါဝဘုရင်က သူ့ကို လေးလေးစားစားဆက်ဆံပြီး ထိုက်ထိုက်တန်တန်နေရာမှာ ထားတာတွေ့ရတော့ မြို့စားကြီးချူဟာ ကျွန်မရဲ့ဇာတိဖြစ်တဲ့ဒေသမှာ ဝမ်ရင်မင်ရဲ့တွေးခေါ်မြော်မြင်မှုသဘောတရားတွေ





ကို သင်ကြားပို့ချပေးတယ်၊ ချူနဲ့ဝမ်ရင်မင်တို့ဟာ တစ်မြို့တစ်ခရိုင်တည်းသားတွေ ဖြစ်ကြတယ်။

'မြို့စားကြီးချူရဲ့ ဂူသချင်းဟာ ကုဒဂျိ၊ အိဘာရကီကဒဇုအိယုတောင်မှာ အခုအထိရှိနေတုန်းပဲ၊ ခြေခင်းလက်ခင်းသာတဲ့ တစ်နေ့မှာ အဲဒီ ကျဆုံးပြိုကွဲသွားတဲ့ မင်းဆက်ရဲ့ သစ္စာတော်ခံစစ်မှန်တဲ့ ပုဂ္ဂိုလ်ကြီးကို ဂါရဝပြုရအောင် ကျွန်မ ဆာဘူရိုကိုခေါ်သွားမယ်၊ လိုက်မယ် မဟုတ်လား။

'မြို့စားကြီးက ချယ်ရီပန်းကို မြတ်နိုးတယ်လို့လဲ ကျွန်မကြားဖူးတယ်၊ ကိုရှိုင်ရှိကာနောက်ဘက်က ဥယျာဉ်ထဲမှာ ချယ်ရီပင်တွေအဖြစ်နဲ့ ချူရဲ့အချစ်တော်တွေ အခုထိရှိနေကြတုန်းပဲ၊ အဲဒီဥယျာဉ်ဟာ မြို့စားကြီးချူကိုယ်တိုင် ပြုစုပျိုးထောင်ထားခဲ့တဲ့ ဥယျာဉ်ဖြစ်တယ်၊ တင်ဝါနန်းဆက် ဒုတိယနှစ်ဦးအချိန် အသက်ရှစ်ဆယ့်သုံးနှစ်အရွယ်မှာ ချူကွယ်လွန်သွားတယ်၊ မြို့စားကြီးချူဟာ ချင်ဘုရင်တွေကို သိပ်အထင်အမြင်သေးတယ်၊ ရန်သူလို သဘောထားပြီး မုန်းလည်း အင်မတန်မုန်းတယ်၊ သူ ဂျပန်စာကို နေ့တိုင်းကြိုးစားပြီး သင်တာ ကျွမ်းကျင်တတ်မြောက်တဲ့အထိဖြစ်လာတယ်၊ ဒါပေမယ့် မကွယ်လွန်မီကလေး သူပြောသွားခဲ့တဲ့စကားတွေကတော့ အားလုံး တရုတ်လိုချည်းပဲ၊ ဒါကြောင့် သူနောက်ဆုံး ညွှန်ကြားမိန့်မှာသွားတာတွေကို ဘယ်သူမှနားမလည်လိုက်ကြဘူး၊ ဘယ်လောက်ကြေကွဲဝမ်းနည်းစရာကောင်းသလဲ'

ယင်းသို့ပြောပြီးသောအခါ ကီယိုကိုသည် ဦးခေါင်းမော့၍ ကောင်းကင်ကိုမျှော်ကြည့်ပြီးလျှင် သက်ပြင်းတစ်ချက်ရှူလိုက်လေသည်။ ကျွန်ုပ်လည်း စိတ်မကောင်းဖြစ်သွားသည်။ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



**နှစ်ယောက် စကားမပြောဘဲ အတန်ကြာ ရပ်နေကြသည်။ တဝိုးဝိုး တိုက်ခတ်နေသော လေတိုက်သံကိုသာလျှင် ကြားနေရသည်။ ရော် ရွက်ဝါတစ်ရွက် ရွက်တရက်** ကြွေကျပြီး ချစ်စရာမိန်းမပျို၏ပခုံးလာ **ထိသည်။** ကိယိုကိုသည် ရွတ်တရက် မျက်နှာအိုသွားသည်။ သူ့ **မျက်နှာ**ကြည့်ရသည်မှာ ရှင်ပျပုံမရ။ အသံကို ထိန်းပြီးပြောလိုက်လေ သည်။

'ဆာဘူရိုနက်ဖြန်ပြန်ကြတော့မယ်နော်၊ ဘာဖြစ်လို့ ခပ်ကြာ ကြာ မနေတာလဲ၊ ကျွန်မ အဖေ ကွယ်လွန်သွားကတည်းက ရှေး ဟောင်းကွန္တဝင်ကျမ်းစာတွေကို ကျွန်မဆက်မလေ့လာမသင်ကြားရ တော့ဘူး၊ တကယ်လို့ ဆာဘူရိုသာ ဒီမှာရှိနေရင် ကျွန်မကွန္တဝင်ကျမ်း စာတွေကိုဖတ်ပြီး နားမလည်တဲ့ အချက်တွေကို မေးလို့ရမှာပဲ၊ တကယ်လို့ ကျွန်မရဲ့ အားနွဲ့တဲ့မိန်းမသားဘဝကိုထောက်ထားပြီး ကျွန်မတောင်းပန်တာကို ဆာဘူရို မငြင်းပယ်ဘူးဆိုရင် ဒီလောကမှာ ကျွန်မဘယ်လိုပဲ အထီးကျန်ဘဝနဲ့နေရနေရ ကျွန်မတခြားဘာမှ လိုလားတောင့်တစရာ မလိုတော့ပါဘူး'

သူ့စကားမဆုံးခင်မှာ ကျွန်ုပ် ထူပူရှိန်းဖိန်းသွားသည်။ ကျွန်ုပ် ၏အမေးသည် ကျွန်ုပ်၏ရင်ဘတ်ပေါ် ရောက်သွားသည်။ ကျွန်ုပ်သူ့ကို ပြန်လည်ပြောပြလိုသော်လည်း စကားလုံးရှာမရ ဖြစ်နေသည်။ ကျွန်ုပ် သည် အတန်ကြာမျှ ကိုယ့်ဟာကိုယ် အဓိပ္ပာယ်မရှိ ရေရွတ်မြည်တမ်း နေမိသည်။ ထို့နောက်မှ သူ့ကို ပြောဖြစ်သွားသည်။ 'နက်ဖြန်ခါ ပြန် တော့မယ်လို့ အမေကပြောတယ်၊ ကျွန်တော့်အပေါ် စေတနာထားတဲ့ အတွက် ကျွန်တော့်အနေနဲ့ ကိယိုကို ကျေးဇူးတင်မဆုံးပါဘူး'





ထိုအခိုက်မှာပင် ညီမလေးသည် ကျွန်ုပ်တို့အနားသို့ ရောက် လာသည်။ ကျွန်ုပ်တို့၏အနီးသို့ လှမ်းလာရင်း ကိယိုကို ကို အော်ပြော လိုက်လေသည်။

'မမ၊ ကျွန်မ ညစာ စားတဲ့အဝတ် လဲပြီးပြီ၊ မြင်တယ် မဟုတ် လား၊ ညစာ ထမင်းပြင်ပြီးပြီ၊ မမတို့ ဘာဖြစ်လို့ ထမင်းစားခန်းထဲ မဝင်ကြသေးတာလဲ'

ချစ်စရာမိန်းမပျိုသည် ကျွန်တော့်အား ရှေ့ကသွားရန် လမ်း ဖယ်ပေးလိုက်သည်။ ကျွန်တော်ထွက်လာသောအခါ ကျွန်တော့် နောက်မှ ထမင်းစားခန်းသို့ လိုက်လာသည်။ ထိုနေ့ ညစာမှာ ယခင် နေ့များကနှင့်မတူဘဲ စားဖွယ်သောက်ဖွယ်များ မျိုးစုံအောင် အလျှံ ပယ် စီမံထားသည်။ သို့ရာတွင် ကျွန်ုပ်သည် စားမည်သာ စားလိုက်ရ သည်။ ဘာဟင်းစားမိမှန်းပင် သတိမထားလိုက်ပေ။

ညစာစားပြီးသောအခါ ကျွန်ုပ်သည် အပေါ်ထပ် အိပ်ခန်း၏ အပြင်ဘက်၌ မလှုပ်မယှက်ရပ်နေပြီးလျှင် ယနေ့ ပထမဆုံးအကြိမ် သိမြင်ရသော ချစ်စရာမိန်းမပျို၏ အရည်အချင်းနှင့် စပ်လျဉ်း စဉ်း စားတွေးတောနေမိလေသည်။ မိန်းမပျိုသည် အဆင်းလှရုံသာမက အချင်းလည်း လှပါကလား။

ယင်းသို့တွေးတောစဉ်းစားပြီးလျှင် ရွတ်တရက်အပေါ် မော့ ကြည့်လိုက်သည်။ ဝင်းလက်တောက်ပသော လနှင့် ကြယ်တာရာ အချို့ကို မြင်တွေ့ရသည်။ အိယန်၏ ကဗျာတစ်ပုဒ်ကို ကျွန်ုပ်တိုးတိုး ကလေး ညည်းလိုက်သည်။

**တောင်ထွတ်အထောင်နှင့် တောင်ဝှမ်းအခေါင်း**
**ကြားထဲတွင် လူအရိပ်အယောင်ကိုမတွေ့ရပေ။ တောက်ပ**



www.burmeseclassic.com

www.burmeseclassic.com



**သော လရောင်ထဲ တွင် ကျွန်ုပ် တစ်ကိုယ်တည်း ဝဲပျံနေသည်။**

**ကျွန်ုပ်၏ စိတ်နှလုံးသည်** အကွပ်အကဲ အထိန်းအချုပ်မရှိဘဲ **အာကာသတစ်ခွင်** လွင့်ပျံနေသည်။ တိတ်ဆိတ်ငြိမ်သက်စွာ လ **နှီးရာတို မျက်နှာမူရင်း** အတွေးရေလျဉ်ကြော နစ်မြုပ်နေလေသည်။ ထို့နောက် အတန်ငယ် ကြာသွားသောအခါ ကျွန်ုပ်၏ မျက်လုံးသည် အောက်ဘက်သို့ ပြန်ရောက်လာသည်။ ငွေအောက်ခံခွက်ပေါ် ထွန်း ညိထားသော မီးတိုင်သည် မီးစာကုန် ဆီခန်းသွားပြီဖြစ် မှိတ်တုတ် မှိတ်တုတ် ဖြစ်နေသည်ကို မြင်ရသည်။ အချိန်မနည်းတော့ဘူး ဆို သည်ကို သတိပေးသော ညစောင့်၏ အချက်ပေးစည်သံကြားလိုက် လေသည်။ ဝတ်ရုံကိုချွတ်ပြီး အိပ်ရာထဲ ဝင်လိုက်သည်။

ကျွန်ုပသက်ပြင်းတစ်ချက် ချမိပြန်သည်။ ထို့နောက် ကိုယ့် ဟာကိုယ် ပြောမိလေသည်။

'ယိုဖိတ်ရွှန်းမြတဲ့လရောင်ဟာ တစ်လောကလုံးကို ငွေရည်နဲ့ ရေချိုးပေးထားတယ်၊ ဒါပေမယ့် နက်ဖြန်ကျတဲ့အခါမှာတော့ မည်း မှောင် ထူထပ်နေတဲ့ မိုးတိမ်တွေ အလိပ်လိပ်တက်လာပြီး အရာဝတ္ထု မှန်သမျှ အပေါ်အမှောင်လွှမ်းသွားအောင် မလုပ်ဘူးလို့ ငါ ဘယ်လို လုပ်အတပ် ပြောနိုင်ပါ့မလဲ'

ကျွန်ုပ် တစ်ကိုယ်တည်းညည်း မဆုံးခင်မှာပင် ခရီးအလှမ်း ဝေးသော ရေကန်တစ်ဘက်ဆီမှ ပေါ်ထက်လာပုံရသော မိုးချုန်းသံ ကို ကြားလိုက်ရလေသည်။ ကျွန်ုပ် စိတ်မချမ်းမသာ ဖြစ်သွားသည်။ ထို့နောက် တစ်ဖန်သက်ပြင်းတစ်ချက်ရှူပြီး တစ်ကိုယ်တည်း ညည်း နေမိပြန်သည်။





'မိုးတိမ်လျှပ်စီး၊ မိုး၊ နှင်းတို့ဟာ အမှန်ကတော့ အားလုံး ဓာတ် သဘာဝတစ်ခုတည်းသာ ဖြစ်ကြတယ်၊ ရာသီဥတုအလိုက် ပုံစံပြောင်း လဲနေကြခြင်းသာ ဖြစ်တယ်၊ ဘုရားသခင်ကို ငါ ကျေးဇူးအများကြီး တင်တယ်၊ အချစ်ရဲ့ နူးညံ့ပျော့ပျောင်းတဲ့ ပိုးချည်နဲ့ ငါ့ကိုချည်နှောင် ခွင့်ပေးမှာ မဟုတ်ဘူးလို့ ငါ ဘုရားသခင်ကို မျှော်လင့်တယ်'

နောက်တစ်နေ့ နံနက်စာ စားပြီးသောခါ အမေက ကျွန်ုပ်ကို ခရီးသွား အဝတ်အစားလဲရန်ပြောပြီး 'သားရဲ့ အရီးနဲ့သမီးကိယိုကို တို့လည်း အမေတို့နဲ့အတူ လိုက်ကြလိမ့်မယ်'ဟူ၍ ပြောလေသည်။ အမေ့စကားကို ကြားရသောအခါ အကြီးအကျယ် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားပြီး 'ကြေကွဲဝမ်းနည်းစွာနဲ့ ခွဲသွားရတဲ့ဆင်းရဲဒုက္ခကို မခံရတော့ဘူး'ဟု ကိုယ့်ကိုယ်ကိုယ် ပြောမိလေသည်။

မီးရထားတွဲပေါ် ကျွန်ုပ်တို့ ရောက်သွားကြသည်။ ပြတင်း ပေါက်မှန်များပေါ်တွင် နှင်းပေါက်များတင်နေတုန်းပင် ရှိသေးသည်။ ကျွန်ုပ်၏ အမေနှင့်အရီးသည် ရွှင်လန်းမြူးကြွနေကြပြီးလျှင် တင့် တယ်လှပသော မိုးတိမ်နှင့် သစ်ပင်များကို ကြည့်ရန် ကျွန်ုပ်တို့အား ညွှန်ပြနေကြလေသည်။ မကြာမီ အတောအတွင်မှာပင် အပေါ်မှ လေတိုက်သံများနှင့် အောက်ဘက်မှ ပင်လယ်လှိုင်းပုတ်သံများကို ကျယ်လောင်စွာကြားရလေသည်။

ကျွန်ုပ်တို့သည် ရောက်မှန်းမသိ အိမ်ပြန်ရောက်လာကြသည်။ ထို့နေမှစ၍ နောက်ပိုင်းအချိန်များ၌ အိမ်အရှေ့ဘက်တွင် လမ်း လျှောက်သည့်အခါ ကိယိုကိုနှင့် အမြဲလိုလို ဆုံကြသည်။ သို့သော် လည်း စိမ်ပြေနပြေ စကားမပြောဖြစ်ကြပေ။ တစ်ဦးနှင့်တစ်ဦး ပြုံးပြီး နှုတ်ဆက်ရုံမျှလောက်သာ နှုတ်ဆက်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေသ၌ နှင်းတွေအုံ့မှိုင်းနေသည့်ကြားထဲက မိုးရွာချလိုက်သည်။ ကျွန်ုပ်သည် အမေနှင့်အတူ ရှိနေရင်းက အိမ်အဝင်ဝလက်ရန်းကို မှီပြီး တံခါးခေါက်သံလိုလို ကြားလိုက်ရသည်။ အပြင်ဘက်မှ တစ်စုံတစ်ယောက် တံခါးကို ခေါက်ဟန်တူသည်။ မကြာမီ အတောအတွင်းမှာပင် အိမ်ဖော်တစ်ယောက် စာတစ်စောင်ယူလာပြီး အမေ့ကို ပေးလေသည်။ အမေသည် ချက်ချင်းစာအိတ်ကိုဖွင့်ပြီး စာကို ဖတ်ကြည့်မိသည်။

တစ်မိနစ် နှစ်မိနစ်အတွင်း စာကိုဖတ်ကြည့်ပြီးသောအခါ အမေက ပြောသည်။

'သား အစ်မဆီက ပေးလိုက်တဲ့စာ ဆာဘူရှိ၊ နက်ဖြန်ခါ သူ ဒီကိုလာမယ်တဲ့၊ သူ့ယောကျ်ား နက်ဖြန်ခါကျရင် တိုကျိုကို သွားလိမ့်မယ်၊ ဒါကြောင့် သူအမေတို့အိမ်လာဖို့ လွတ်လပ်သွားတာနဲ့ တူတယ်၊ ဒီသမီးတစ်ယောက်ကလည်း တော်တော်ကို သနားစရာ ကောင်းတယ်'

အမေသည် ဟင်းခနဲ သက်ပြင်းတစ်ချက်ချပြီးလျှင် ဆက်ပြောပြန်သည်။

'သမီးမွေးရတာ သားမွေးရတာနဲ့ မတူဘူး၊ မိဘတွေအနေနဲ့ အင်မတန် ကသိကအောက်ဖြစ်ရတယ်၊ သူတို့ယောကျ်ားအိမ်၊ သူတို့ယောကမအိမ်ရောက်သွားတာနဲ့ တစ်ပြိုင်နက် သမီးများဟာ မိဘတွေကို မေ့သွားကြတာပဲ၊ အခါကြီး ရက်ကြီးတွေမှာ လာတဲ့အခါ မိဘတွေရဲ့ စိတ်ဆန္ဒပြည့်ဝသွားတာ အင်မတန်နည်းတယ်၊ သူတို့မှာ အိမ်ထောင့်တာဝန်တွေ ပိနေတယ်ဆိုတာ မှန်သလောက်တော့ မှန်





ပါတယ်၊ ဒါပေမယ့် ဒီကမ္ဘာလောကမှာ သမီးတော်တော်များများဟာ သူတို့မိဘတွေကို မေ့သွားတတ်ကြတာများတယ်။

'ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်ကို အမေတွေ့ဖူးတယ်၊ သူအိမ်ထောင်တျလို့နှစ်အတော်ရသွားတဲ့အခါကျတော့ သူ့ယောကျ်ား စီးပွားဖြောင့်လာတယ်၊ အဲဒီအခါမှာ မိန်းကလေးရဲ့မိဘတွေက သူတို့တော့ ကံထလာပြီဆိုပြီး ကျိတ်ဝမ်းသာနေကြတယ်၊ သူတို့ ပါးစပ်နှစ်ပေါက်တော့ ဘယ်တော့မှ ထမင်းငတ်တော့မှာ မဟုတ်ဘူးလို့လည်း တီးတိုးပြောနေကြတယ်၊ ရက်အနည်းငယ်အတောအတွင်းမှာ အရှက်မဲ့လွန်းလှတဲ့ အဲဒီမိန်းကလေးက သူ့အဝတ်အစားဟောင်းတွေကို သူ့မိဘတွေရဲ့ အိမ်အပြန်အပို့ခိုင်းပြီး အဖေတို့ အမေတို့ရဲ့ အဝတ်အစားတွေကို မဝတ်တော့ဘူးလို့လည်း ပြောခိုင်းလိုက်တယ်၊ အဲဒီမိန်းကလေးရဲ့ ရည်ရွယ်ချက်က တခြားဘာမှမဟုတ်ဘူး၊ သူလက်ထပ်စဉ်က အမေမိဘ လက်ဖွဲ့လိုက်တဲ့ ပစ္စည်းသေးသိမ်နုပ်ဖွဲ့တာကို ပြက်ရယ်ပြုလိုက်တာပဲ ဖြစ်တယ်၊ တရားမျှတမှုနဲ့ပတ်သက်ပြီး လူတွေအဲလိုသဘောထားနေကြရင် တရားမျှတမှုနဲ့ ပတ်သက်တဲ့အသိအမြင်ဟာ နေ့စဉ်နဲ့အမျှ ထိခိုက်ကျဆုံးနေရုံမှတစ်ပါး တခြားဘာဖြစ်နိုင်ဦးမှာလဲ'

ယင်းသို့ပြောပြီးလျှင် အမေသည် အစ်မရေးလိုက်သည့် စာကို စားပွဲပေါ် တင်ထားလိုက်လေသည်။ ထို့နောက် ကျွန်ုပ်ကို ကြင်နာယုယသည့် အကြည့်ဖြင့် ကြည့်ပြီးလျှင် 'ဒီနေ့မနက် မအေးဘူးလားဆာဘူရို၊ အမေ့လက်မောင်းတွေ အေးစက်နေတာပဲ'ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က 'ဒါလောက် မအေးပါဘူး'ဟု ပြန်ပြောလိုက်သည်။

'ထိုင်စမ်းပါဦး ဆာဘူရှိ'

အမေသည် ကျွန်ုပ်ကိုကြည့်ပြီး အေးဆေးငြိမ်သက်သည့် အမူအရာဖြင့် ပြောလေသည်။ သူ ခိုင်းသည့်အတိုင်း ကျွန်ုပ် ထိုင်လိုက်သောအခါ ထူးထူးခြားခြား မေးခွန်းတစ်ခုကို မေးသည်။

'ဆာဘူရှိ၊ သား ကိယိုကို ကို ဘယ်လိုမြင်သလဲ'

ကျွန်ုပ်က မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

'လိမ္မာတယ်၊ လှတယ်၊ ထူးခြားမှုရှိတယ်၊ စကားတစ်ခွန်းတည်းနဲ့ ပြောရရင်တော့ လေးစားထိုက်တဲ့ မိန်းကလေးတစ်ဦးပဲ အမေ'

အမေသည် ပြောမပြနိုင်လောက်အောင်ပင် ကျေနပ်အားရသွားသည်။ တစ်ခဏအကြာတွင် အမေက ဆက်ပြောပြန်သည်။

'သားပြောတာမှန်တယ်၊ သိပ်မှန်တယ်၊ အမေလည်း သူ့စိတ်နေသဘောထား၊ သူ့ရုပ်ရည်၊ သူ့ဟန်ပန် အမူအရာကို သိပ်ချစ်တာပဲ၊ အမေသားကို ပြောစရာတစ်ခုရှိတယ်၊ သေသေချာချာနားထောင်၊ ဆာဘူရှိ၊ အမေသားကို ကိယိုကိုနဲ့ အိမ်ထောင်ချပေးချင်တယ်၊ ကိယိုကိုဟာ သားထက် နှစ်နှစ်ကြီးတယ်၊ တကယ်ကတော့ အမေ အဲဒီလို မစီစဉ်သင့်တာ အမှန်ဘဲ၊ ဒါပေမယ့် အခြေအနေအရပ်ရပ်ကို ခရေစေ့တွင်းကျ လေ့လာကြည့်တဲ့အခါ သားနဲ့အိမ်ထောင်ချပေးဖို့အတွက် ကိယိုကိုထက်သာတဲ့ တခြားမိန်းကလေးကို အမေကြည့်မမြင်ဘူး၊ ကိယိုကိုဟာ မိဘတွေအရကျူတွေ မရှိတော့ဘူး၊ ထုံးစံမလေ့အရ မိန်းကလေးရဲ့ မိဘအမွေကို မဆက်ခံရသေးခင် သား အချိန်ကာလ





အခိုက်အတန့် မိန်းကလေးမိသားစုနဲ့ သွားနေရလိမ့်မယ်၊ သားအရိုးနဲ့ အမေနေနိုင်တယ်၊ အဲဒီအစီအစဉ်ဟာ ဘုရားသခင်ချမှတ်ပေးတဲ့ အစီအစဉ် ဖြစ်လေမလားလို့တောင် အမေထင်တယ်၊ အစစအရာရာ အဆင်ပြေတဲ့ အစီအစဉ်ဖြစ်တယ်။

'သားရဲ့အရိုးဟာ အားလုံးစီမံပြီးပြီ၊ နေရေးထိုင်ရေးက စပြီး ဘာတစ်ခုမှ မကျန်အောင် လျာထားသတ်မှတ်ပြီးပြီ၊ လာမယ့်နှစ်နွေဦးလောက်မှာ သားတို့ရဲ့ လက်ထပ်မင်္ဂလာ အခမ်းအနားကို ကျင်းပဖို့ စီစဉ်ထားတယ်၊ နွေရောက်တဲ့အခါကျတော့ အမေဟာ ကိုနေကို ပြောင်းရွှေ့နေမယ်၊ သပိတ်ဝင်အိတ်ဝင် ကိုယ့်အရိုးရဲ့ သမက်ဖြစ်လာမယ့် အစီအဉ်ဟာ ဘယ်လောက်အဆင်ပြေတဲ့ အစီအစဉ်လဲ၊ သားရဲ့အရိုးလဲပဲ ကိုယ်လွတ်စိတ်လွတ် ဖြစ်လာလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမိဘမဲ့ကလေးကို မွေးမြူကြည့်ရှုဖို့ အိမ်ထောင်ချပေးဖို့ ကိစ္စအဝဝကို တာဝန်ယူထားရတယ် မဟုတ်လား၊ အခုတော့ ကိယိုကိုကလည်း အရွယ်ရောက်လာပြီ၊ သားရဲ့ အရိုးခမျာဟာ နေ့ရှိသမျှ သူ့သမီးကိယိုကို လူတစ်လုံး သူတစ်လုံးဖြစ်ရေးအတွက် ရတက်မအေးဖြစ်နေရှာတယ်၊ ကိယိုကိုအတွက် ကမ်းလှမ်းလာတဲ့ လူတွေကတော့ တစ်ယောက်မှ သဘောမကျဘူး၊ သားအရိုးက လူမှုရေးတို့၊ ငွေကြေးတို့ကို ထည့်တွက်တာ မဟုတ်ဘူး၊ လူတွေရဲ့ အကောင်းအဆိုးဆိုတာ ရေရာသေချာတာ မဟုတ်ဘူး၊ အခုကာလမှာ လူတွေရဲ့ သဘောထားဟာ အရင်ခေတ်ကလို သိပ်မှတ်ကြတော့တာ မဟုတ်ဘူး၊ တကယ်လို့ ကိယိုကို လင်ကောင်းသားကောင်းမရဘဲ လင်ဆိုးမယားတဖားဖားဖြစ်နေရင် သားအရိုးဟာ အသေဖြောင့်တော့မှာ မဟုတ်ဘူး၊ အခုတော့ သားရဲ့အရိုးဟာ အသေဖြောင့်တော့မှာ မဟုတ်ဘူး၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ အရှိးဟာ သားကို သမက်တော်ရတော့မှာမို့ ဦးခေါင်းပေါ်ပိနေတဲ့ ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားပြီ'

ယင်းသို့ပြောပြပြီးသောအခါ အမေသည် ဝမ်းနည်းသလို ဖြစ်သွားပြီးလျှင် မျက်ရည်များပင် စို့လာလေသည်။ ထို့နောက် ဆက်ပြောပြန်သည်။

'အမေဟာ ဘဝတစ်လျှောက်လုံး အထီးကျန်အဖြစ်မျိုးနဲ့ နေလာခဲ့ရတယ်၊ အခုသားရဲ့ လက်ထပ်မင်္ဂလာအခမ်းအနားကို မျက်ဝါးထင်ထင် တွေ့မြင်သွားရမယ်ဆိုတော့ ဘာနဲ့တူသလဲဆိုရင် သားရဲ့အရှိးရဲ့ အမေတို့ရဲ့ နေ့ဝင်ချိန်မှာ အကြီးမားဆုံး ဝမ်းသာစရာကြီးတစ်ခု အမေတို့ထံ သယ်ဆောင်လာတဲ့ အတိုင်းပါပဲ၊ အခုကစပြီးအစစအရာရာ ဘုရားသခင်ကိုပဲ ပုံအပ်ထားတော့မယ်၊ ဘုရားသခင်က သားတို့နှစ်ယောက်ကို ကောင်းကျိုးချမ်းသာနဲ့ ပညာအသိအပြည့်အဝပေးလိမ့်မယ်ဆိုတာ အမေတွက်ပြီးသား ဖြစ်တယ် သား'

အမေက ကရားရေလွှတ် တတွတ်တွတ်ပြောနေချိန် ကျွန်ုပ်၏နှလုံးသည် တဒိတ်ဒိတ်ခုန်နေသည်။ အမေ သူ့စကားသူရပ်လိုက်သောအခါ ကျွန်ုပ်၏ မရေရာ မသေချာသော အခြေအနေကြောင့် အမေ့ကို အဖြေပြန်မပေးဝံ့အောင် ဖြစ်နေသည်။ ကျွန်ုပ်၏ အတိတ်ကအကြောင်းများကို အမေ့အား အိတ်သွန်ဖာမှောက် ဖွင့်ဟပြောပြလိုက်ရန် ကျွန်ုပ်ကြံရွယ်မိလေသည်။ သို့သော်လည်း စဉ်းစားကြည့်လိုက်သောအခါ ယင်းသို့ ဖွင့်ပြောလိုက်ပါက အမေများ အကြီးအကျယ်စိတ်မကောင်းဖြစ်သွားမည်လားဟူ စိုးရိမ်စိတ်များ ပေါ်လာလေသည်။ မိမိ မိခင်အား စိတ်ဆင်းရဲသွားအောင် လုပ်ခြင်းသည် သားတစ်ယောက်အတွက် လုပ်သင့်လုပ်ထိုက်သည့် အလုပ်မဟုတ်





ပေ။ ကျွန်ုပ် အချိန်အတန်ကြာမျှ တွေဝေနေမိသည်။ ကျွန်ုပ်၏ မျက်လုံးအိမ်ထဲတွင်လည်း မျက်ရည်များ ပြည်လျှံလာလေသည်။ နောက်ဆုံးတွင်ကား ကျွန်ုပ်သည် တိမ်ဝင်သွားသောအသံဖြင့် အမေ့ကို ပြောလိုက်လေသည်။

'အမေ့ကို ကျွန်တော် ပြောပြမယ်၊ ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုချထားတယ်အမေ'

'ဘယ်လို ဆုံးဖြတ်တာလဲ သား'

အမေက အရေးတကြီးမေးလိုက်သည်။

'တခြားမဟုတ်ပါဘူး အမေ၊ ကျွန်တော် တစ်သက်လုံး အိမ်ထောင်လုံးမပြုဘူးလို့ ဆုံးဖြတ်ထားပါတယ်'

ကျွန်ုပ်၏ စကားကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အမေသည် မမျှော်လင့်သော စကားကိုကြားရ ဝုန်းခနဲထရပ်လိုက်ပြီးလျှင် ကျွန်ုပ်ကို မျက်လုံးပြူးကြည့်နေသည်။

'ဘယ်လိုစကားမျိုးကို ပြောလိုက်တာလဲ၊ သားဘယ်လို ခံစားချက်ရှိလို့ ဒီလို စကားမျိုးကို ပြောတာလဲ၊ သားရဲ့ဆုံးဖြတ်ချက်ကပြင်မရတဲ့ ဆုံးဖြတ်ချက်လား၊ သားရဲ့စကားကို အမေတော့ ဘာမှနားမလည်ဘူး၊ သားဟာ အခု လူလားမြောက်တဲ့အရွယ်ရောက်နေပြီ၊ တကယ်လို့ သားအိမ်ထောင်မပြုဘူးဆိုရင် လူတွေအမေ့ကို ဘယ်လိုပြောကြမယ်ဆိုတာ သား မသိဘူးလား၊ သားကို ဖူးဖူးမှုတ်ထားတဲ့ သားရဲ့အရှိးလည်း ရင်ကျိုးလိမ့်မယ်၊ သားဟာ စဉ်းစားဉာဏ်မည့်ပါဘူး၊ လေးလေးနက်နက် ဆင်ခြင်စဉ်းစားစေချင်တယ်၊ သားအခုပြောတဲ့ စကားကို သားရဲ့အရှိးက ကြားနိုင်ပါ့မလား၊ ပြီးတော့လဲ ကိယိုကိုက အမေ့ကိုပြောထားတဲ့ စကားတစ်ခုရှိတယ်၊ ဆ[illegible]လွဲရင်



www.burmeseclassic.com

www.burmeseclassic.com



သူဘယ်သူနဲ့ မှ အိမ်ထောင်မပြုဘူးတဲ့၊ သားရဲ့အရိုးအိမ်မှာ သားဖျားပြီး အိပ်ရာထဲလဲနေတဲ့ အချိန်တုန်းက သားအတွက်ဆေးတွေအားလုံး သူကိုယ်တိုင် ဖျော်ပေးရှာတယ်၊ ကျိုပေးရှာတယ်၊ သားကို သူမေတ္တာရှိနေတာကြာပြီ၊ သားကြီးကြီးကျယ်ကျယ် ပြောလိုက်တဲ့စကားကို အမေ့တော့ လုံးဝ သဘောမပေါက်ဘူး'

အကျောက်အကန် ပြောပြနေသော သူ၏စကားဆုံးခါနီး ရောက်လာလေလေ အမေ၏အသံစူးရှကျယ်လောင်လာလေလေ ဖြစ်နေသည်။ ကျွန်ုပ်သည် စီးကျလာသော မျက်ရည်ကို ချက်ချင်းသုတ်ပြီးလျှင် အမေ့ကို ဖျောင်းဖျောင်းဖျဖျ ပြောလိုက်လေသည်။

'ကျွန်တော် ပြောပြပါမယ် အမေ၊ ကျွန်တော်နှလုံးသားအပေါ်မှာ လက်တင်ထားပြီးတော့ ကိုယ့်ဟာကိုယ် ကီယိုကိုနဲ့ပတ်သက်ပြီး စစ်တမ်းထုတ်ကြည့်လိုက်တဲ့အခါ ကီယိုကို ကို ကျွန်တော် ကိုယ့်သွေးသားလိုပဲ ချစ်တယ်ဆိုတာ သိရပါတယ်၊ ဒါ့အပြင် ကျွန်တော်သူ့ကို သိပ်လေးစားတယ်၊ အဲဒီအကြောင်းကို ကီယိုကိုကလည်း နှလုံးသားထဲက သိနေမှာ အမှန်ပါပဲ၊ ကျွန်တော် ဒီကနေ ထွက်မိထွက်ရာ စကားတွေကို လျှောက်ပြောခဲ့ပေမယ့် တကယ်ကတော့ အမေနဲ့ အရိုးတို့ရဲ့ အလိုဆန္ဒကိုကျွန်တော် မလွန်ဆန်နိုင်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အခုအပြုအမူဟာ ရှောင်လွှဲလို့မရတဲ့ ဝမ်းနည်းကြေကွဲဖွယ် အခြေအနေက ဖြစ်ပေါ်လာတဲ့ အပြုအမှုဖြစ်တယ်ဆိုတဲ့ အကြောင်းကိုတော့၊ ကျွန်တော့် အမေ့ကိုပြောပြလိုပါတယ်၊ အရွယ်ကလည်းငယ်၊ အသိအလိမ္မာကလည်း မကြွယ်သေးတဲ့အတွက် အမေ ကျွန်တော့်ကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ် အမေ'





အမေ စိတ်မကောင်းဖြစ်သွားသည်။ စကားပြန်မပြောပေ။ အတန်ကြာ နှုတ်ဆိတ်နေပြီးနောက် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီး ပြောလေသည်။

'သားဟာ အမေ့ဆန္ဒကို ထော်လော်ကန့်လန့်မလုပ်သင့်ဘူးဆာဘူရို၊ အမေ့ အသက်အရွယ်ကိုပြောရရင် သချိုင်းနားနီးနေပြီ၊ သားနဲ့ကီယိုကို ကို အကြင်လင်မယားအဖြစ် ပေါင်းသင်းနေတာကိုပဲ အမေ မြင်တွေ့သွားချင်တယ်၊ အဲဒီလို မြင်တွေ့သွားရရင် အမေပြုံးပြုံးကလေး သချိုင်းဂူထဲကို ဝင်သွားနိုင်တယ် သိလား သား'

■



www.burmeseclassic.com

www.burmeseclassic.com

# ၁၂

အမေ့စကားကိုကြားရသောအခါ ကျွန်ုပ်၏မျက်ဝန်းထဲမှ မျက်ရည်များ ရေတံခွန်ပမာ ဖြာကျလာကြလေသည်။ မိမိ အမေအို၏ စကားကို မလိုက်လျောမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိလေသည်။ မိမိ ကလ္လာကောစလုပ်မိသည့်အတွက် အမေ့ထံမှ ယခုကဲ့သို့ စိတ်ထိလိုက်နာကြည်းသည့် စကားများထွက်လာခြင်း ဖြစ်သည်။ ယင်းအခြေအနေအထိရောက်လာရခြင်းမှာ ခံရပ်နိုင်ဖွယ်ရာ မရှိပေ။ ထို့နောက်ချက်ချင်း ကျွန်ုပ်သည် ဒူးထောက်လျက် အမေ့ဒူးခေါင်းပေါ် ဦးညွှတ်ချလိုက်ပြီးလျှင်

'အမေ၊ အမေ့သားကို၊ အမေ့ သားမိုက်ကို ခွင့်လွှတ်ပါအမေ၊ အမေ့သားကို အပြစ်ကြီးတစ်ခု ကျူးလွန်မိပါပြီ၊ ဒီကနေ့ကစပြီး အမေ့စကားကို မလွန်ဆန်တော့ပါဘူး၊ အမေ့သားဟာ အတွေ့အကြုံနုသေးသူ တစ်ယောက်သာဖြစ်ပါသေးတယ်၊ အမေသားကို ခွင့်လွှတ်လိမ့်မယ်ဆိုတာ သား ယုံကြည်ပါတယ်'





အမေသည် တဖြည်းဖြည်းအငိုရပ်သွားလေသည်။ ထို့နောက် စကားဆိုပြန်လေသည်။

'အမေပြောတဲ့စကားအတိုင်း လိုက်နာဆောင်ရွက်ပါ သား ရယ်၊ ရှေးလူကြီးတွေ ပြောထားတဲ့ စကားတစ်ခုရှိတယ်၊ လူကြီးသူမများကို မယုံကြည် စိတ်မချရင် နောင်တရတတ်တယ်တဲ့၊ နောက်တစ်ကြောင်းကလည်း သားရဲ့ဘဝတစ်သက်တာနဲ့ ပတ်သက်တဲ့ အရေးအခင်းကို သားရဲ့ အမေအိုတစ်ယောက်အနေနဲ့ အလေးအနက်ထားပြီး စဉ်းစားပိုခွင့် အကြံဉာဏ်ပေးပိုင်ခွင့်မရှိဘူးဆိုရင် ဘယ်မှာသင့်တော်ပါမလဲ၊ သားရဲ့ကောင်းစားရေးအတွက် အမေ နာရီမလပ်စကန့်မပြတ် တစ်ချိန်လုံးစဉ်းစား စိတ်ကူးနေတယ်ဆိုတာ သား သိသင့်တယ်။

'သားရဲ့အစ်မ အိမ်ထောင်မကျခင် အိမ်မှာနေတုန်းက အမေပြောတာတွေကို သူထော်လော်ကန့်လန့် လုပ်ချင်တယ်၊ အဲဒီအချိန်တုန်းဆိုရင် အမေ့သူ့ကို ရစရာမရှိအောင် ပြောပစ်တယ်၊ ဆူပူကြိမ်းမောင်းတယ်၊ နည်းနည်းကလေးမှ မျက်နှာသာမပေးဘူး၊ ဟော . . . အခု အိမ်ထောင်ရက်သားကျသွားတဲ့အခါကျတော့ သူ့ကိစ္စ၊ သူ့ကိုယ်ရေးကိုယ်တာတွေကို အမေဘာမှ မေးလားစမ်းလာမလုပ်တော့ဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားဟာ သူ့လင်သားအပေါ်မှာသာ မှီငြမ်းပြုနေတယ်ဆိုတာ သားသိထားသင့်တယ်၊ အဲဒီတော့ အမေ့အနေနဲ့ ဘာပြောစရာလိုတော့သလဲ၊ ကိုယ်ကိုကျတော့ အဲဒီလို မဟုတ်ဘူး၊ လေးစားမြတ်နိုးစရာ ကောင်းလှတဲ့ ဒီမိန်းကလေးရဲ့ သဘောသဘာဝဟာ နူးလည်းနူးညံ့တယ်၊ အေးလည်း အင်မတန်အေးတယ်၊ အဲဒါအပြင် မိန်းကလေးက သွက်လက်ဖျတ်လတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အံသြဉာဏ်ပညာနဲ့လည်းပြည့်စုံတယ်၊ အမေ့စိတ်ကြိုက်နဲ့တော့ အံကိုက်ဖြစ်နေတဲ့ မိန်းကလေးပဲ၊ ကိုယ်ကိုကို ရှက်ကြမ်းရေကျို့ အတန်းစားလောက်သဘောထားရင် အမှားကြီးမှားလိမ့်မယ်'

အမေသည် သူ့စကားကို ဖြတ်ချင်ပုံမရသေးပေ။ ဆက်ပြောမည့် ဟန်ပြင်နေစဉ်မှာပင် အိမ်ဖော်မိန်းကလေးရောက်လာပြီး

'ရေချိုးဖို့ အသင့်ဖြစ်နေပြီ'ဟု အကြောင်းကြားလေသည်။

နံနက်ဆယ်နာရီလောက်ရှိနေပြီ။ အိမ်ဖော်မိန်းမလာသတိပေးသည်ဖြစ်၍ အမေ ထိုနေရာမှ ထသွားလေသည်။ အမေ့မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှု မိုးတိမ်သည် လွင့်စဉ်ပျောက်ကွယ်သွားလေပြီ။

ရေချိုးခန်းသို့မသွားခင် ကျွန်ုပ်၏ပခုံးကို ကြင်နာယုယစွာ ပုတ်ပြီး ပြောသွားလေသည်။

'ဆောင်းရာသီဝတ် အဝတ်အစား အဆင့်သင့်ဖြစ်ဖို့ အမေ အိမ်အောက်ထပ်မှာ သွားပြီး စီစဉ်လိုက်ဦးမယ်၊ ဆယ့်တစ်နာရီမထိုးခင် အမေ့အလုပ်ပြီးသွားမှာ၊ သား ရေသွားချိုးနိုင်ပြီး'

အမေ အိမ်အောက်ထပ်ဆင်းသွားသည်။ အမေစိတ်သည် စိတ်လက်ပေါ့ပါးပြီး ရွှင်ရွှင်ပျပျဖြစ်သွားသည်ကို တွေ့ရသည်အတွက် အမေ့စိတ်ဓာတ် ကျွန်ုပ်ကို ကူးစက်လာပြီး ကျွန်ုပ်ကိုယ်တိုင်ကလည်း ဝမ်းမသာဘဲ မနေနိုင်တော့ပေ။ အာကာသကောင်းကင်ပြင်ကို ကျွန်ုပ်မော့ကြည့်လိုက်သည်။ တဖြည်းဖြည်း ရွေ့လျားနေသော တိမ်လွှာတိမ်စများကို မြင်နေရသည်။ မိုးရွာနေသည်မှလည်း ရှုတ်တရက် စဲသွားသည်။ အဝတ်အစားလဲပြီး ကျွန်ုပ်ရေချိုးရန် အောက်ထပ်ဆင်းသွားသည်။ ရေချိုးပြီးသောအခါ အပေါ်ထပ်ပြန်တက်လာပြီး ပင်လယ်ပြင်ကို ငေးမျှော်ကြည့်နေမိသည်။





အချိန်ကြာမြင့်စွာ မတုန်မလှုပ် ရပ်နေမိသည်။ သိပ်သည်းသူထပ်သော တိမ်ထု တိမ်ဆိုင်များပမာ၊ အုံ့မှိုင်းနက်မှောင်သော နိမ့်တုံမြင့်တုံဖြစ်နေသည့် ပင်လယ်လှိုင်းလုံးကြီးများပမာ ယောက်ယက်ခတ်နေသော စိတ်ကူးအာရုံများသည် ကျွန်ုပ်၏ နှလုံးသားအတွင်းသို့ တရကြမ်းတိုးဝင်လာကြသည်။ ကိုယ်ကို ကို လက်ထပ်ပါတော့မည်ဟု ယနေ့အမေ့ကို ကတိပေးလိုက်သည့်ခဏ ယင်းကတိစကားသည် ဆင်မွေ့ရန်ရှောင်ပေါ်လာသည့် ကတိစကားဖြစ်ပြီး နောက်ပိုင်း၌မူ အဆုံးအပိုင်းခြားမရှိ၊ ဆက်ကာဆက်ကာ ပေါ်နေသော ဤပင်လယ်လှိုင်းသံများပမာ ဝမ်းနည်းစရာကောင်း ကြေကွဲစရာများ အဆုံးသတ်သည်ဟူ မရှိတော့ဘဲ မရပ်မနားဖြစ်လာရတော့မည်ဆိုသည်ကို ကျွန်ုပ်ကောင်းစွာ သိရှိနားလည်လိုက်သည်။ သို့ရာတွင် အကယ်၍ ကျွန်ုပ်ထိုသို့ မလုပ်လျှင်လည်း အမေ့ကို ညည်းပန်းနှိပ်စက်ရောက်မည်ဆိုသည့်အကြောင်းကို ကျွန်ုပ်တွေးမိပြန်လေသည်။

အကျပ်အတည်းဖြစ်နေသည့် ယခုအခြေအနေ ယခုအဆင့်မိမိ၏ ပုဂ္ဂလိကအကျိုးကို ဘေးအသာ ဖယ်ထားရုံသာ ရှိတော့သည်။ အမေ့ဆန္ဒကို အခိုက်အတန့် လိုက်လျောထားခြင်းသည်သာလျှင် အားလုံးအတွက် အကျိုးရှိမည်ဟူ ကျွန်ုပ်သဘောရလေသည်။ အမေ့ကို ညင်ညင်သာသာဖျောင်းဖျပြီး အကြောင်းပြလုံလောက်စွာဖြင့် နားချ ရမည့်တစ်နေ့နေ့ကို စောင့်စားနေရုံမှတစ်ပါး တခြားနည်းလမ်းမရှိတော့ပေ။ တစ်နေ့သောအခါ ကား အမေသည် ကျွန်ုပ်သူ့ကို ပေးသားသည့် ကတိစကားကို ပြန်ရုပ်သိမ်းခွင့်ပေးကောင်း ပေးနိုင်စရာရှိလေသည်။ သို့ရာတွင် ကျားကျား မီးယပ်ဖြစ်နေပြီး ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com



လိုလားချက်ကို လုံးဝလိုက်လျောခြင်းမရှိပါမူကား ကျွန်ုပ် စိတ်နှလုံးထဲတွင် သိုဝှက်ထားသည် လျှို့ဝှက်ချက်ကို ဖွင့်ဟလိုက်ရုံသာ ရှိတော့သည်။ နောက်ဆုံး၌မူ အမေသည် ကျွန်ုပ်အား ရဟန်းတစ်ပါးဖြစ်နေသည့်အတွက် ခွင့်မလွှတ်နိုင်ဘဲ နေတော့မည်မဟုတ်ပေ။ ရဟန်းဘဝနှင့် သားမယားမှာ လုံးဝမအပ်စပ်သည့် အရာဖြစ်နေသည့်အတွက် ကျွန်ုပ်၏ဆန္ဒကို အမေမလိုက်လျောဘဲနေတော့မည် မဟုတ်ပေ။ ကျွန်ုပ်အပြန်ပြန် အထပ်ထပ် စစ်တမ်းထုတ်နေမိသည်။ ကိုယ့်ကိုကို ပစ်ပစ်ခါခါ လုပ်ပစ်လိုက်ရအောင် ကျွန်ုပ်ကိုယ်တိုင်ကလည်း အသည်းနှလုံးမရှိသူ မဟုတ်ပေ။

သို့သော်

ပြဿနာတစ်ခု ရှိနေပြန်သည်။ ဂျပန်ဗုဒ္ဓဘာသာ ရိရှုဂိုဏ်း၏ ဓလေ့ထုံးစံအရ သက်န်းဝတ်တစ်ဦးအနေနှင့် လက်ထပ်ထိမ်းမြားခွင့် ရှိသည်ဆိုသည်အကြောင်းကို ကျွန်ုပ်သိရှိနားလည်ထားသည်။ ချာချီကျင်းပသော ခရစ်ယာန်ဘာသာဝင် လက်ထပ်မင်္ဂလာပွဲများကို အတုယူလျက် ရိရှုဂိုဏ်း၏ လက်ထပ်မင်္ဂလာပွဲကို ဘုန်းကြီးကျောင်း၌ပင် ကျင်းပပြုလုပ်သည်။ အကယ်၍ ယင်းဓလေ့ထုံးစံကို အကာအကွယ်ယူပြီး အမေက စောဒကတက်နေပါက ကျွန်ုပ် သူ့စောဒကကို မည်သို့ပြန်လည်ချေပမည်နည်း။ ယင်းသို့ စဉ်းစားမိသောအခါ ကျွန်ုပ်တစ်ဖန်စိတ်မသက်မသာ ဖြစ်လာပြန်လေသည်။ နောက်လက်ရှိ တောင်များဆီမှ သစ်ပင်တွေကြားထဲဖြတ်ပြီး တိုက်ခတ်လာသော လေတိုးဝိုးမြည်ဟည်းသံကို ကြားနေရသည်။ ကျွန်ုပ် ထိတ်လန့်တုန်လှုပ်သွားသည်။ အမေက ကျွန်ုပ်ကို နှုတ်အနေသော သိုးတစ်ကောင်ဖြစ်အောင် ပြု





အတင်းမခိုင်းဘူးလို့ သို့မဟုတ် နှုတ်ပိတ်ရေငုံပြီး ဆင်းရဲ ဒုက္ခကို အတင်းအခံမခိုင်းဘူးလို့ မျှော်လင့်၍ရပါမည်လား။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

နောက်နေ့တွင် ကျွန်ုပ်နှင့်တွေ့ရန် ကျွန်ုပ်အစ်မ ရောက်လာသည်။ အစ်မက ကျွန်ုပ်အား ထူးထူးထွေထွေ မပြောဘဲ အမေ့စကားနားထောင်ဖို့သာ နားချသည်။

'ငါ့မောင်ကို မမ ထွေထွေထူးထူး ပြောစရာမရှိပါဘူး၊ ဘယ်ကိစ္စမျိုးမဆို အမေ့ဆန္ဒကို ငါ့မောင်လိုက်လျောစေချင်တယ်၊ အမေညွှန်ကြားပြောပြတာကို လိုက်နာမယ်ဆိုရင် ငါ့မောင်သာ လူ့လောကအကြောင်းနဲ့ လူတွေရဲ့ သဘောသဘာဝကို အများကြီးသိရှိနားလည်လာလိမ့်မယ်၊ တစ်သက်လုံး အိမ်ထောင်မပြုဘူးဆိုတဲ့ ငါ့မောင်ရဲ့ စကားနဲ့ ပတ်သက်လို့ ပြောရရင်တော့ အဲဒီလို အယူအဆမျိုးဟာ မနူးမနပ် တောသားလူငယ်တစ်ယောက်ရဲ့ အတွေးအခေါ်မျိုးသာ ဖြစ်တယ်၊ အဲဒီ အယူအဆမျိုးရှိတဲ့လူကို လူတွေဝိုင်းဟားကြမှာသေချာတယ်၊ ငါ့မောင် စိတ်ကူးမလွဲနဲ့၊ ငါ့မောင်တစ်ယောက် လူတွေရဲ့ ဟာသဖြစ်တာ မမ မခံချင်ပါဘူး၊ မမ အကြံပေးတာကို အလေးအနက် စဉ်းစားပြီး လက်ခံစေချင်တယ်'





သူပြောသည်ကို လက်ခံကြောင်း မပွင့်တပွင့် ပြန်ပြောပြီးလျှင် ကျွန်ုပ်သည် ပြောမပြနိုင်လောက်အောင် စိတ်ညစ်နေလေသည်။ နံနက်တိုင်း၊ ညနေတိုင်း အမေနှင့် အရီးတို့၏အခြေအနေကို ကျွန်ုပ် တစေ့တစောင်း စုံစမ်းလေ့လာနေရလေသည်။ သို့သော်လည်း သူတို့နှင့်ကား ခဏတစ်ဖြုတ်လောက်သာ ထိုင်နေတတ်သည်။ ကျွန်ုပ်သည် တစ်နေ့လုံး စိတ်ကယောင်ချောက်ချား ဖြစ်နေပြီးလျှင် အမေသူ့ဆန္ဒ နောက်တစ်ကြိမ်များ ထပ်တင်ပြနေဦးမည်လားဟူ၍ ပူပန်ကြောင့်ကြ ဖြစ်နေမိသည်။ သို့ရာတွင် အမေ့ကို မြင်လိုက်ရသည့်အခါတိုင်း ရွှင်ရွှင်ပျပျ ဖြစ်နေသည်ကိုသာလျှင် တွေ့ရသည်။ ကျွန်ုပ်စိတ်နှလုံးထဲတွင် မရေမတွက်နိုင်သော စိတ်ညစ်စရာတွေ ပြည့်ကျပ်နေသည် ဆိုသည်ကို သူ သိပုံမရ။

တစ်နေ့အခန်းထဲတွင်ရှိနေစဉ် စိတ်ပြေလက်ပျောက် ကျွန်ုပ်သည် ပန်းချီဆွဲနေသည်။ ကျောက်ဆောင်များကို လာပုတ်သည့် ဒေါမာန်ပြင်းနေသော လှိုင်းလုံးကြီးများကို ရေးပြီးသောအခါ အဝေး၌ရှိသော ပင်လယ်လှိုင်းလုံးကြီးများကို တစ်ဖန်ခြယ်မှုန်းပြန်သည်။ ထို့နောက် တစ်ဖန် အအေးလွန်ကဲနေသောနှင်းထုထဲ ကိုယ်တစ်စောင်းတိုးဝင်ပြီး ပျောက်ကွယ်သွားသော ပင်လယ်စင်ရော်ငှက်တစ်ကောင်ပုံ ဖော်နေပြန်သည်။ ထိုအခိုက် တံခါးခပ်ဖွဖွခေါက်သံတစ်ချက်ရုတ်တရက်ကြားလိုက်ရသည်။ မကြာခင်မှာပင် တံခါးခေါက်သူမှာ ညီမလေး ဖြစ်ကြောင်း သိရသည်။ ညီမလေးသည် တံခါးကို တွန်းဖွင့်လိုက်လေသည်။

'အစ်ကို ဘာဖြစ်လို့ အလည်မသွားတာလဲ'

ညီမလေးက ရော်ကော်မဆိုက် မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ချက်ချင်း ဦးခေါင်းငုံ့ကြည့်လိုက်သည်။ နှုတ်ခမ်းနီ ပါးနီ ပါးပါးကလေး ဆိုးထားသော ကီယိုကိုကို ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ ကီယိုကိုသည် ညီမလေး လက်ဆွဲပြီး အပြင်ဘက်တွင် ရပ်နေသည်။ ကျွန်ုပ်ကို မြင်သွားသည်နှင့် တစ်ပြိုင်နက် ယဉ်ကျေးဖွယ်ရာ ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။

'အခန်းထဲဝင်ပြီး ခဏလောက်ထိုင်ပါဦးလားနှမ၊ ကျွန်တော် အခု ပန်းချီပုံတစ်ပုံ ဆွဲပြီးသွားပြီ၊ တခြား လုပ်စရာ ဘာမှ မရှိတော့ပါဘူး'

ကျွန်ုပ်က ဖိတ်မန္တက ပြုလိုက်သောအခါ ညီမလေးသည် ကီယိုကိုကို ကျွန်ုပ်၏ဘေးသို့ အတင်းဆွဲခေါ်လာလေသည်။ ကီယိုကိုသည် စားပွဲပေါ်က ကျွန်ုပ်၏ ပန်းချီပုံကို စိုက်ကြည့်နေပြီးလျှင် တစ်အောင့်လောက် ကြာသွားသောအခါ ကျွန်ုပ်ဘက်လှည့်ကြည့်ပြီး ပြုံးနေလေသည်။

'ကျွန်မ လာအနှောက်အယှက်ပေးတာကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ် ဆာဘူရို၊ ဆာဘူရိုရဲ့ ပန်းချီကားကို တစ်ဆိတ်ကြည့်ခွင့်ပြုပါနော်'

ကီယိုကိုသည် ပန်းချီကားကို ကောက်ယူပြီး သေသေချာချာ ကြည့်လျက် ဆက်ပြောလေသည်။

'အရင်တုန်းက ပန်းချီဆရာကြီးများ ဖြစ်ကြတဲ့ တန့်ယွန်က ချန်ဂနန်တောင်ပုံကို ဆွဲတယ်၊ လီတန်က ချန်ချောတောင်ပုံကို ဆွဲတယ်၊ လီယုဆန်က ဟောဝေတောင်ပုံကို ဆွဲတယ်၊ မီယွန်ဟုအီက မန်ရှုတောင်ပုံကို ဆွဲတယ်၊ မာယွန်နဲ့ရှာဟွေတို့က ချင်တောင်ပုံကို ဆွဲကြတယ်၊ ဟန်စုချူက ဟောယုတောင်ပုံကို ဆွဲတယ်၊ ချိုဝုရှင်က





ချက်ရှိုယိုတောင်ပုံကို ဆွဲတယ်၊ အခု ဆာဘူရို ဆွဲနေတာကတော့ ယေးတောင်ပုံ မဟုတ်လား၊ ဆာဘူရိုရဲ့ ပန်းချီကားကို ကြည့်ရတာ ရှေးဟောင်း ဂန္ထဝင်အနုပညာရဲ့ သန့်ရှင်းစင်ကြယ်မှုနယ်ထဲ ရောက်သွားသလိုပဲ ခံစားရတယ်၊ စိတ်နှလုံးကို တကယ်ပဲ ရွှင်လန်းချမ်းမြေ့စေပါတယ်၊ မျက်လုံးကိုဖွင့်ပေးတယ်'

ယင်းသို့ပြောပြီးလျှင် ကီယိုကိုသည် ပန်းချီကားကို ကျွန်ုပ်အား ပြန်ပေးသည်။

'ကျွန်တော် စုတ်တံမကိုင်တာ အတော်ကြာပါပြီ၊ အခု ပန်းချီကားကို ဆွဲဖြစ်သွားတာတလည်း အခိုက်အတန့် စိတ်ထဲ ဖြစ်ပေါ်လာတဲ့ ခံစားမှု၊ ကျွန်တော့်နှမက ကျွန်တော့်ပန်းချီကားကို ချီးမွမ်းသင့် ချီးမွမ်းထိုက်တာထက် သာသာထိုးထိုး ချီးမွမ်းလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့မိဘူး၊ အခုလို ချီးမွမ်းတာဟာ တစ်စုံ တစ်ယောက်ကို သူ့အားနည်းချက်တွေအတွက် အရှက်မရစေဘူးလား'

ကျွန်ုပ်၏ စကားကို ကြားရသောအခါ ကီယိုကိုသည် ယဲ့ယဲ့ကလေး တစ်ချက် ပြုံးလိုက်ပြီးလျှင်

'လောကွတ်စကားချီးမွမ်း ပြောကြားဖို့အတွက် ကျွန်မ စကားလုံး မရှာတတ်ပါဘူး၊ ကျွန်မ တကယ်ယုံကြည်နေတဲ့ တစ်ခုက အခု မျက်မှောက်ခေတ် အနုပညာရှင် အစဉ်အဆက်ဟာ ဈေးကွက်မှာ စွံအောင်၊ ရောင်းပန်းလှအောင် အရာဝတ္ထုတစ်ခုရဲ့ ရုပ်ပိုင်းဆိုင်ရာ အချက်အလက် ဖော်ပြရေးလောက်သာ အာရုံထားနေကြတယ်၊ တကယ်တမ်းကျတော့ အဲဒီအနုပညာရှင်တွေဟာ ပန်းချီ၊ အနုပညာရဲ့ ပညာပိုင်းဆိုင်ရာကို ဘယ်မှာသိကြလို့လဲ၊ ပန်းချီကားထဲက ရှေးဟာ တစ်ညလုံး ကလင်ကလင်မြည်နေတယ်လို့ ရှေးလူကြီးသူမတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတဲ့ စကားတစ်ခုရှိတယ်၊ အခု ဆာဘူရိုရဲ့ပန်းချီကားကို တွေ့ရတော့ အဲဒီ ရှေးလူကြီးသူမတွေပြောထားတဲ့ စကားဟာ မမှားဘူးဆိုတာ အထောက်အထား ခိုင်လုံနေတယ်၊ ဆာဘူရိုရဲ့ပန်းချီကားကို ယခုခေတ် နာမည်ကျော် ပန်းချီဆရာကြီးတွေ ရေးဆွဲထားတဲ့ ပန်းချီလက်ရာတွေနဲ့နှိုင်းယှဉ်ကြည့်ရင် အရောင်တောက်နေတဲ့ ပုလဲနဲ့ ရွှံ့စေးနဲ့ လုပ်ထားတဲ့ အုပ်ကြွပ်ကွာခြားသလို ကွာခြားနေတာ တွေ့ရတယ်၊ အဲဒီလို အခြေအနေမှာ ဆာဘူရိုရဲ့ ပန်းချီကားအနေနဲ့ ကျွန်မရဲ့ဝေဖန် ချီးကျူးစကားကို ဘာဖြစ်လို့စောင့်နေရမှာလဲ'

သူပြောသည့်စကားကို အလေးအနက်နားထောင်ပြီးလျှင် 'ကမ္ဘာလောကတစ်ခွင်မှာ သူ့လိုတောက်ပြောင်တဲ့ မိန်းကလေးမျိုး တခြားရှိမှရှိသေးရဲ့လား'ဟူ၍ တွေးတောနေမိလေသည်။ ကျွန်ုပ် သူ့နောက်ဘက်တွင် ထရပ်လိုက်ပြီးလျှင် သူ၏နားသယ်တွင် ကျနေသော ဆံစများကို လည်းကောင်း၊ ချစ်စဖွယ် သူ့ဆံပင်ကလေးများကိုလည်းကောင်း မသိမသာ ကြည့်နေမိသည်။ ကီယိုကိုသည် ပိန်လည်း မပိန်၊ ဝလည်းမဝ ပြေပြစ်အချိုးကျသော စံပြ ကိုယ်လုံးကိုယ်ပေါက် ကလေးနှင့် အလွန်တရာလှပယဉ်ကျေးသော မိန်းကလေးဖြစ်သည်။ ရှေးအတိတ်ကာလကစပြီး ယခု မျက်မှောက်ပစ္စုပ္ပန်ကာလအထိ သူ့လိုရတနာမျိုး တွေ့ရဖို့မလွယ်ဟူ၍ ကျွန်ုပ် တစ်ကိုယ်တည်း တွေးနေမိသည်။

ကီယိုကိုသည် ကျွန်ုပ်ဘက် လှည့်ကြည့်လိုက်သည်။ သူ့မျက်နှာတွင် ရှက်ကိုးရှက်ကန်း အမူအရာပေါ်နေသည်။

'ဒီ ပန်းချီကားကို ပေးမလား၊ ပန်းချီကားတောင်းတာကို ဆာဘူရိုက စည်းမစောင့်ဘူးလို့များ ထင်နေမလားမသိဘူး၊ နည်း





ဟောင်း စနစ်ဟောင်းကို အခြေခံပြီး ရေးဆွဲခြယ်မှုန်းထားတဲ့ တစ်မျှော်တစ်ခေါ်ကြီး ပြန့်ပြူးနေတဲ့ပင်လယ်နဲ့ စွဲမက်စရာကိုယ်ပိုင်ဟန် ရှုခင်းပုံကို တွေ့ရတော့ ကျွန်မနှလုံးသည်းပွတ်ထဲက မမြတ်နိုးမလေးစားဘဲ မနေနိုင်ဘူး၊ အခုလို မာတင်ထုံး နှလုံးမူတဲ့နေရာမှာ အတင့်ရဲလွန်းတာကိုတော့ ဆာဘူရို ခွင့်လွှတ်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ်'

ကျွန်ုပ် မဆိုင်းမတွပင် ပြန်ပြောလိုက်လေသည်။

'ကျွန်တော့် ပန်းချီကားကို အခုလို အချီးမွမ်းမျိုး ခံထိုက်တယ်ဆိုတာ ကျွန်တော့် စိတ်ထဲကတောင် တွေးမကြည့်ရဲဘူး၊ ဒီ ပန်းချီကားဟာ ကီယိုကိုရဲ့ အပြုံးနဲ့ထိုက်တန်တဲ့ ပန်းချီကားမဟုတ်ပါဘူး၊ ကျွန်တော့်နှမဟာ ပန်းချီပညာ စနစ်တကျတတ်မြောက်နားလည်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်၊ ကျွန်တော့်ကို နည်းပေး လမ်းပြ ဖို့ မငြင်းဆန်ဘူးလို့ ကျွန်တော် မျှော်လင့်ပါတယ်၊ ကီယိုကိုလို ဆရာကောင်းသမားကောင်း တစ်ယောက်ရတယ်ဆိုရင် နည်းနည်းနောနော ထူးတဲ့ကံ မဟုတ်ပါဘူး'

မနေတတ် မထိုင်တတ်သလို ဖြစ်သွားသောကီယိုကိုသည် မျက်တောင်ကလေးစင်းပြီး သူ့ခါးတွင် စည်းထားသော ပိုးခါးစည်း အမြိတ်အစွန်းကို သူ၏ဖြူနုသော လက်ကလေးဖြင့် နိမ့်ချည်မြင့်ချည် လုပ်နေသည်။

'ဆာဘူရို ပြောသလို မဟုတ်ပါဘူး၊ အရင်တုန်းက ပန်းချီဆွဲတဲ့ အလေ့အကျင့်လုပ်ခဲ့ပေမယ့် ထူးထူးခြားခြား အောင်မြင်မှု မရှိခဲ့ပါဘူး၊ အခု လောလောဆယ်တော့ ကျွန်မ ဝါးသေတ္တာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားတဲ့ ကားတစ်ကားပဲ ရှိတယ်၊ အဲဒီကားကို ပန်းပျံလွှားလို့ အမည်ပေးထားတယ်'

'ဘာဖြစ်လို့ ပန်းပျံလွှားလို့ အမည်ပေးထားတယ်ဆိုတာ တစ်ဆိတ်လောက် ရှင်းပြပါလား'

'ကျွန်မတို့ ဥယျာဉ်ထဲက ရေကန်ထဲမှာပေါက်နေတဲ့ ကြာပန်းတွေ ကားကားစွင့်စွင့်ပွင့်နေတဲ့အခါမှာ ခရမ်းနုရောင်ပျံလွှား ငှက်တွေဟာ ညတိုင်း ညတိုင်း ကြာပန်းတွေ ကြားထဲမှာ လာ လာ နားနေကြတယ်၊ ကြာပွင့်တွေ ညှိုးသွားပြီးတဲ့ နောက်တောင်မှ အဲဒီ ပျံလွှားငှက်တွေဟာ ပျံမသွားကြဘူး၊ သူတို့သစ္စာရှိပုံကို တွေ့မြင်သိရှိတဲ့အတွက် ကျွန်မ သူတို့ကို ပန်းပျံလွှားလို့ နာမည်ပေးထားတယ်၊ သူတို့ပုံကို ဆွဲထားတဲ့ ပန်းချီကားပါ၊ အဲဒီကားကို အခုယူလာပြီး ပြရမလား၊ ဆာဘူရှိလို တကယ်တော်တဲ့ ပန်းချီဆရာတစ်ဦးအဖို့ ရယ်စရာများ ဖြစ်နေမလားလို့တော့ စိုးရိမ်မိတယ်'

ကျွန်ုပ်ဦးညွှတ်ပြီး သူ့ကို ပြောလိုက်လေသည်။

'အဲဒီပန်းချီကား မြန်မြန်ယူလာဖို့ ကျွန်တော့်နှမကို ကျွန်တော် အနူးအညွှတ် တောင်းပန်ပါတယ်၊ ကျွန်တော့် နှမရဲ့မောင် တစ်ယောက် အဲဒီပန်းချီကားကို အသေအလဲ ကြည့်ချင်နေပါတယ်'

ကီယိုကိုသည် ကျွန်ုပ်၏ စကားအဆုံးကိုပင် စောင့်မနေတော့ဘဲ ကျွန်ုပ်ကို ဦးညွှတ်လျက် သူ၏အကျီလက်ကလေးကို မသိမသာ လှုပ်ခါစေပြီးလျှင် ကျွန်ုပ်၏ အပါးမှ ထွက်သွားလေသည်။ သူ့ထံမှ မွှေးရနံ့များသည် နောက်ဘက်တွင် ပျံကလွင့်ကျန်ခဲ့သည်။

ညီမလေးကို တားထားပြီး ကျွန်ုပ်စုံစမ်းကြည့်သည်။





'ညီမလေး၊ အမေနဲ့အရီးတို့ အသံလည်းမကြားရပါလား၊ အပြင်များ သွားကြသလား'

'ဟုတ်တယ်အစ်ကို၊ အပြင်သွားကြတယ်၊ ညီမလေးတို့ အစ်မကြီးက အမေနဲ့အရီးကို ခေါ်သွားတယ်လေ၊ ဟာယာမကို သွားပြီး နှစ်ပေါင်းတစ်ထောင် အသက်ရှည်တဲ့ ထင်းရှူးပင်ကြီးကို ကြည့်ကြမယ်တဲ့၊ လမ်းမှာ အာဝါရှီမာ ဘုရားကျောင်းကို ဝင်ဖူးကြဦးမယ်လို့လည်းပြောတယ်၊ ဒီကနေ့ ဆယ့်နှစ်နာရီခွဲကျမှ နေ့လယ်စာ စားမယ်လို့ ထမင်းချက်ကို မှာသွားတယ်၊ အဲဒီအကြောင်း အစ်ကို့ကို ပြောထားလို့လည်း ညီမလေးကို မှာသွားတယ်'

'ညီမလေး ဘာဖြစ်လို့ လိုက်မသွားတာလဲ'

'ညီမလေး လိုက်မသွားချင်လို့။ မမ ကီယိုကို လိုက်မသွားတော့ ညီမလေးလည်း ဘယ်လိုက်သွားချင်မလဲ'

ညီမလေး၏ လက်ထဲတွင် စာအုပ်တချို့ကို တွေ့မြင်ရသဖြင့် ကျွန်ုပ် မေးကြည့်လိုက်လေသည်။

'ညီမလေး လက်ထဲက ဘာစာအုပ်တွေလဲ'

'ပါဏိနီရေးတဲ့ စာအုပ်တွေလေ'

'အဲဒါ သင်္သကရိုက် သဒ္ဒါစာအုပ်တွေပဲ၊ သင်္သကရိုက်သဒ္ဒါကို သင်လို့လား'

'နေ့တိုင်း မမကီယိုကိုက ညီမလေးကို ပြပေးတယ်၊ ပထမတော့ သင်ရတာ တော်တော်နဲ့နားမလည်ဘူး၊ သိပ်ခက်တာပဲ၊ ဒါပေမယ့် တော်တော်လေး ကျင့်သားရသွားတဲ့ အခါကျတော့ စိတ်ပါဝင်စားလာတယ်၊ သင်္သကရိုက်ဘာသာစကားရဲ့ စကားလုံးအနေအထား



www.burmeseclassic.com

www.burmeseclassic.com



တာ သိမ်မွေ့လည်း သိမ်မွေ့တယ်၊ လှလည်း လှတယ်၊ ပြင်သစ်ဘာသာ စကား၊ အင်္ဂလိပ်ဘာသာ စကားတို့နဲ့ မတူဘူးနဲ့နော်'

'ဒီလိုဆိုရင် ကီယိုကိုဟာ သင်္သကရိုက်ဘာသာကို လေ့လာတာ အတော်ကြာပြီ ထင်တယ်'

'ဟုတ်တယ်၊ အမှန်ကတော့ မမကီယိုကိုက ဗုဒ္ဓကျမ်းစာတွေကို လေ့လာလိုက်စားတယ်မဟုတ်လား။ အဲဒီအကြောင်းကြောင့် သင်္သကရိုက်ဘာသာကို တတ်အောင် သင်ကြားလေ့လာထားတာအစ်ကို'

ညီမငယ်ပြောပြချက်ကို ကြားသိရသောအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ နှမကီယိုကိုအား မချီးကျူးဘဲ မနေနိုင်တော့ပေ။

'ကီယိုကိုဟာ သာမန်ရိုးရိုးလူတစ်ယောက် မဟုတ်တော့ဘူး၊ သူတော်စင် ပညာရှိ စာရင်းဝင်ဖြစ်နေပြီ၊ သူညွှန်ကြားပြောပြတာကို ညီမလေးမလိုက်နာဘဲ မနေသင့်ဘူး သိလား'

ဟ

၁၅

ညီမလေးအား အကျိုးသင့်အကြောင်းသင့်ရှင်းလင်း ပြောပြပြီးသောအခါ ကျွန်ုပ်သည် ကိုယ့်ဟာကိုယ် စဉ်းစားဆင်ခြင်နေမိသည်။

'ကီယိုကိုရဲ့ တောက်ပြောင်လှတဲ့ စိတ်နေသဘောထားဟာ ကောင်းကင်ဘုံက တိုက်ရိုက်ဆင်းသက်လာတာ ဖြစ်တယ်၊ သူ့လိုလူဇမ္ဗူမှာရှိဖို့ မလွယ်ဘူး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သူ့ကို လေးစားမြတ်နိုးလာစေတဲ့ အရည်အချင်းတွေ သူ့မှာ တစ်ပြုံတစ်ခေါင်းကြီး ရှိနေတယ်၊ တောက်ပနေတဲ့ သူ့မျက်လုံးအရောင်ကို ငါထာဝစဉ်ကြည့်နူးမနေနိုင်တာ အင်မတန်မှ ဝမ်းနည်းစရာကောင်းတယ်'

မကြာခင် ကီယိုကိုသည် လှပကြော့ရှင်းသောဟန်ပန် အမူအရာဖြင့် ပေါ့ပါးသွက်လက်စွာခြေလှမ်း လှမ်းပြီး ပြန်လာလေသည်။ ပိုးသားပေါ်တွင် ဆွဲထားသော ပန်းချီကားတစ်ကားကို လက်ထဲတွင်ကိုင်လာသည်။ အခန်းထဲ ရောက်လာသောအခါ ကျွန်ုပ်ရှေ့တွင်





www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။ ကျွန်ုပ် ကပျာကယာထပြီး သူ့လက်ထဲက ပန်းချီကားကို တလေးတစားယူပြီး ကြည့်လေသည်။ ကြာမျိုးစုံပွင့်နေသော ရေကန်တစ်ကန်၏ ပတ်လည်၌ဝိုက်ကျနေသော မိုးမခပင်များနှင့် သေးသေးသွယ်သွယ်ဝါးပင်များ ပေါက်နေကြသည်။ ယင်းရှုခင်းပုံမှာ ကျွန်ုပ် အရိုးအိမ်၏ ခြံဥယျာဉ်ထဲက ရှုခင်းကို အသေးစိတ်ရေးခြယ်ထားသည့်ပုံဖြစ်သည်။ အားမာန်ပိုင်ရှင် မိန်းကလေးတစ်ယောက်သည် မတုန်မလှုပ် ရပ်နေသည်။ သူ၏ အစိမ်းရောင်ပိုးသားဂါဝန်သည် လေအဝှေ့တွင် လွင့်နေသည်။ ဟန်ခေတ်ပုံစံ 'နတ်သမီးပျံ' ဆံထုံး မြင့်မြင့်ပေါ်၌ ရွှေဆံထိုး၊ ရွှေဆံညှပ်များနှင့် ပန်းပွင့်များရှိနေသည်။ မိန်းမပျိုသည် 'ပန်းပွဲလွှား'များကို ငုံ့ကြည့်နေသည်။ တစ်ပြိုင်နက်တည်းမှာပင် ထူးခြားမှုရှိသော မိမိ၏ အရိပ်ကိုလည်း ကြည့်နေသည်။

ကျွန်ုပ်သည် ကိုယိုကို၏ ပန်းချီလက်ရာကို မချီးကျူးဘဲ မနေနိုင်တော့ပေ။

'မိန်းကလေးက လှလိုက်တာနော်၊ တကယ့်စံပြမိန်းကလေးတစ်ယောက်ပါကလား'

ကျွန်ုပ်၏ စကားကိုကြားရသောအခါ ကိုယိုကိုသည် ကျွန်ုပ်ကို လှမ်းကြည့်သည်။ တစ်ပြိုင်နက်တည်းမှာပင် ညီမလေးကိုလည်း ပြုံးပြီးကြည့်လိုက်လေသည်။

'ကျွန်မ ပန်းချီကားဟာ ဆာဘူရှိရဲ့ချီးမွမ်းစကားကို တကယ်ပဲ ခံယူထိုက်တဲ့ ပန်းချီကားဟုတ်ပါ့မလား၊ နောက်တစ်ခု ပြောရဦးမယ်၊ လူတွေကို အပြင်ပန်းအသွင်အပြင်ကြည့်ပြီး ဆာဘူရှိဆုံးဖြတ်လို့ရမလား၊ သူတို့မှာ ဘယ်လိုနှလုံးသား ရှိတယ်ဆိုတာကိုကော မကြည့်





သင့်ဘူးလား၊ ပန်းချီကားထဲက မိန်းကလေးဟာ အပြင်ပန်းအသွင်အပြင်အရတော့ လူနဲ့တစ်ပုံတည်းလိုလိုပါပဲ၊ ဘယ်လိုနှလုံးသားမျိုး သူ့မှာရှိတယ်ဆိုတာ ဆာဘူရှိ သိနိုင်ပါ့မလား'

ကျွန်ုပ် သူ့စကားကို မသိကျိုးကျွန်ပြုပြီး သူ့မေးခွန်းကိုလည်း အဖြေပြန်မပေးပေ။

'ဒီပန်းချီကားဟာ စုတ်ချက်အင်မတန်အဆင့်တန်းမြင့်တယ်၊ ထူးခြားမှုလည်း အများကြီးရှိတယ်၊ တခြားပန်းချီဆရာတွေရဲ့ လက်ရာနဲ့ ယှဉ်ကြည့်လို့ကို မရဘူး၊ တကယ့်နတ်သမီးတစ်ပါးပါးရဲ့ လက်ရာအတိုင်းပဲ'

စိတ်ထဲရှိသမျှဆက်ပြီး ဖွင့်ဟပြောပြလိုက်လေသည်။

'ပန်းချီဆရာတွေရဲ့လက်ရာကို လေ့လာအကဲဖြတ်လာခဲ့တာ တစ်သက်တာ အတွေ့အကြုံအရ ကိုယိုကိုရဲ့ လက်ရာကိုမီတဲ့ကားမျိုး တစ်ကားမှ ကျွန်တော် မတွေ့ဖူးသေးဘူး၊ ပန်းချီအနုပညာရဲ့ အဖိုးမဖြတ်နိုင်တဲ့ အစဉ်အလာကို မေ့ထားခဲ့ကြတာ ကြာပြီ၊ ကိုယိုကိုရဲ့ ပန်းချီကားကို ကြည့်တဲ့အခါ ဘာတွေ့ရသလဲဆိုရင် အဆင့်မြင့်မမြင့်ဆိုတဲ့အမြင်နဲ့ ပြောရရင် ကိုယိုကိုရဲ့ ပန်းချီကားဟာ မိုးပေါ်က လွင့်ပျံနေတဲ့ မိုးတိမ်တွေနဲ့တူတယ်၊ စင်ကြယ်သန့်ရှင်းမှုအမြင်နဲ့ပြောရရင်တော့ တသွင်သွင်စီးဆင်းနေတဲ့ စမ်းရေအလျင်အတိုင်းပါပဲ၊ ကျွန်တော့် နှမဟာ အခုလိုတကယ်ထူးခြားမှုရှိတဲ့ လက်ရာမျိုးကို ဖန်တီးနိုင်တဲ့ တစ်ဦးတည်းသော အနုပညာရှင် ဖြစ်ပါပေတယ်၊ ကိုယိုကိုရဲ့လက်ရာကို ကြည့်ပြီးတဲ့နောက်မှာ တခြားပန်းချီဆရာတွေရဲ့ လက်ရာကို ကြည့်ချင်တဲ့စိတ် မရှိတော့ဘူး၊ ကျွန်တော့်နှမလို



www.burmeseclassic.com

www.burmeseclassic.com



ဆရာမျိုးနဲ့တွေ့တာ ကျွန်တော့်အတွက် အင်မတန်ထူးခြားတဲ့ ကံကုသိုလ်လို့ပဲ ဆိုရမယ်'

ကျွန်ုပ်၏စကားကိုကြားရသည့်ခဏ၌ ကီယိုကိုသည် စကားပြန်မပြောနိုင်လောက်အောင်ပင် ရှက်သွားလေသည်။ အတန်ကြာမျှ ဦးခေါင်းငုံ့နေလေသည်။ ထို့နောက်တွင်မှ အသံအေးအေးကလေးဖြင့် ပြောလေသည်။

'ဆာဘူရိုပြောတာ မလွန်လွန်းဘူးလား၊ ကျွန်မမျက်နှာ မထားတတ်တော့ဘူး၊ ကျွန်မရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ကတော့ ဆာဘူရို ဒီနေ့ရေးဆွဲတဲ့ ပန်းချီကား ကျွန်မကို ပေးလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ပဲ ဖြစ်တယ်၊ ကျွန်မအတွက် နမူနာစံပြအဖြစ် အမှတ်တရဖြစ်နေမယ့် အဲဒီပန်းချီကားကို ကျွန်မလိုချင်တယ်၊ ဘာဖြစ်လို့လည်းဆိုရင် အဲဒီ ပန်းချီကားထဲမှာ ဖော်ပြထားတဲ့ အတွေးအခေါ်ဟာ ကျွန်မရဲ့ဘဝနဲ့ အများကြီးတူညီမှုရှိနေတဲ့အတွက် ဖြစ်တယ်၊ ဆာဘူရို ကိုယ့်ဘဝကိုကိုယ် ပြန်စဉ်းစားကြည့်တဲ့အခါ ကျွန်မတို့ ဘဝနှစ်ခုဟာ တူညီမှုရှိနေတယ်လို့ ဆာဘူရို ပြောနိုင်မလား မသိဘူး'

'ကျွန်တော်စုတ်တံကိုပစ်ထားတာ ဘယ်လောက်ကြာပြီလဲ၊ ကျွန်တော့် ပန်းချီဆွဲနည်းအတတ်ပညာမှာ ဘာမှ ထူးထူးခြားခြား တိုးတက်မှုရှိမလာတဲ့အတွက် ကျွန်တော် ပန်းချီဆက်မဆွဲတာ၊ ကီယိုကိုရဲ့ ပါရမီဟာ တခြားပန်းချီအနုပညာရှင်တွေအားလုံးကို နောက်ချန်ထားခဲ့ပြီ၊ ဒါကြောင့် ကီယိုကိုကို ကျွန်တော့်ရဲ့ ဆရာသမားအဖြစ် ရိုးရိုးသားသား ထင်မှတ်ယူဆ ထားလိုက်ခြင်းဖြစ်တယ်၊ တဲ့ ပြောပါဦး၊ ကီယိုကိုရဲ့ လက်ရာကို ကျွန်တော်မြှောက်ပြောနေတယ်လို့ ကီယိုကို ထင်သေးလား'





ကီယိုကိုသည် ဦးခေါင်းမဖော်ရဲလောက်အောင်ပင် ရှက်နေသည်။ ကျွန်ုပ်မေးသည်ကိုလည်း အဖြေပြန်မပေးပေ။ ကျွန်ုပ်မှ အနေနှင့်လည်း နောက်ထပ်ပြောစရာမကျန်တော့ပေ။ ကျွန်ုပ်၏ ပန်းချီကားကို လက်နှစ်ဘက်ဖြင့် ကိုင်ပြီးကီယိုကိုအား ပေးလိုက်လေသည်။

'ကျွန်တော်ရဲ့လေးစားမြတ်နိုးလှတဲ့ မိတ်ကောင်းဆွေ ကောင်းတစ်ယောက်အနေနဲ့ ကီယိုကို ဒီပန်းချီကားကို လက်ခံပါလို့ ကျွန်တော် အနူးညွတ်တောင်းပန်ပါတယ်၊ ကီယိုကိုရဲ့ မောင်တစ်ယောက်က ကီယိုကိုအပေါ်ထားတဲ့ လေးစားမြတ်နိုးမှုကို ဒီပန်းချီကားက ပြနေလိမ့်မယ်၊ အမှန်ကတော့ ဒီပန်းချီကားကို ပန်းချီကားလို့ ကျွန်တော်မခေါ်ရဲပါဘူး ကီယိုကို'

ကီယိုကိုက အားရဝမ်းသာ ပြန်ပြောလေသည်။

'ဆာဘူရိုပြောတဲ့ စကားတွေက ဆာဘူရိုရဲ့ လက်ရာအဆင့် ဘယ်လောက်မြင့်တယ်ဆိုတာ ညွှန်ပြနေပါတယ်'

ကီယိုကိုသည် ပြောပြောဆိုဆို သူ့အကျီလက်ကလေးကို ပင့်ပြီး ရိုသေကိုင်းရှိုင်းစွာဖြင့် ကျွန်ုပ်ပေးသော ပန်းချီကားကို လက်ခံယူလေသည်။ ထို့နောက် ရင်းနှီးချိုသာလှသော အသံဖြင့်

'ကျွန်မ တလေးတစားနဲ့ ကျေးဇူးတင်တာကို လက်ခံစေချင်ပါတယ် ဆာဘူရို၊ လေးစားမြတ်နိုးလှတဲ့ မိတ်ဆွေကောင်းဆိုတဲ့ စကား ကိုသုံးပြီး ကျွန်မကိုအဝေးကြီးလွင့်စဉ်သွားအောင် မလုပ်ပါနဲ့ ဆာဘူရို၊ ကျွန်မ အခုပန်းချီကားကို ရပြီ၊ ကျွန်မ ဒီပန်းချီကားကို အရိပ်တကြည့်ကြည့်ကြည့်နေမယ်၊ ပန်းချီကားအလှူရှင်ကို တစ်သက်ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ညချမ်း ဆည်းဆာချိန် ရောက်လာသည်။ ကောင်းကင်၌ ဆန်းစသော်တာ ထွက်လာသည်။ အနောက်စူးစူး ပင်လယ်ပြင်ပေါ်၌ လှိုင်းငြိမ်နေသည်။ တုတ်ကောက်ကို ကိုင်ပြီး ကျွန်ုပ်လမ်းလျှောက်ထွက်လာသည်။ ကမ်းခြေ၌တံငါတစ်ယောက်ကို တွေ့ရသည်ဖြစ်၍ ထိုတံငါနှင့်အနည်းငယ် စကားရပ်ပြောပြီး တံငါသည်က သူ့ငါးများတံကို ကောက်ကိုင်သောအခါ ကျွန်ုပ်လည်း အိမ်ဘက်ပြန်လှည့်လာခဲ့လေသည်။ ထိုအချိန်၌ ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ လေကလည်း အေးစိမ့်နေသည်။ ရှေ့နောက်ဝဲယာကို လှမ်းကြည့်လိုက်သည်။ ကမ်းနားတစ်လျှောက် မညီမညာတွေ့ဝိုက်နေသော ပင်လယ်ရေပြင်နှင့် ဆန်းစသော်တာမှတစ်ပါး တခြားဘာကိုမှ မတွေ့ရပေ။ ကျွန်ုပ်တို့၏အိမ်နှင့် ဆယ်ပေလောက်အကွာသို့ ရောက်သောအခါ ရေစပ်ရှိကျောက်တုံးတစ်တုံးအနီး၌ ရပ်ပြီး ပင်လယ်ရေပြင်ကို တိတ်တဆိတ်ငေးကြည့်နေသော လူတစ်ယောက်ကို တွေ့မြင်ရသည်။ နွဲ့နှောင်းသေးသွယ်သော ကိုယ်ဟန်အနေအထားကို တွေ့ရသောအခါ ထိုပုဂ္ဂိုလ်မှာ အခြားလူမဟုတ်ဘဲ ကီယိုကို ဖြစ်နေကြောင်း ကျွန်ုပ်အတပ်သိသွားသည်။

ကျွန်ုပ်အနီးကပ်သွားပြီး မေးလိုက်လေသည်။

'ဒီမှာလာရပ်နေတာ ကျွန်တော့်နှမထင်တယ်'

ကျွန်ုပ်၏အသံကို ကြားလိုက်ရသောအခါ ကီယိုကိုသည် ဝမ်းသာအားရ ဖြစ်သွားလေသည်။ ချက်ချင်း ကျွန်ုပ်ဘက်လှည့်ကြည့်ပြီး ပြောလိုက်လေသည်။

'အိမ်ပြန်လာတာနောက်ကျလှချည်လား ဆာဘူရို၊ ခိုက်ခိုက်တုန်အောင် အေးစိမ့်နေတဲ့ ပင်လယ်လေမိမှာ မကြောက်ဘူးလား၊





ဆာဘူရိုကို ကျွန်မ ဒီကလာစောင့်နေတာ ကြာပြီ၊ အပြင်ထွက်တဲ့အခါ ဘာဖြစ်လို့ နွေးနွေးထွေးထွေးဝတ်မသွားတာလဲ၊ နေ့ခင်းနဲ့ညနေ ရာသီဥတုတူတာ မဟုတ်ဘူး၊ ဆာဘူရို အအေးမိသွားမှာစိုးလို့ပါ၊ အခုလို သတိလက်လွှတ် မလုပ်သင့်ပါဘူး ဆာဘူရို၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ပါဦး၊ ဒီကအအေးဟာ အင်မတန် ကြောက်စရာကောင်းတယ်'

'ကျွန်တော့်အတွက် အခုလိုကြောင့်ကြမှုရှိနေတဲ့အတွက် ကီယိုကိုကို အများကြီးကျေးဇူးတင်ပါတယ်၊ ကျွန်တော် မေးစမ်းပါရစေ၊ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညဉ့်ရဲ့အအေးထဲမှာ ကီယိုကိုဘာတွေတစ်ယောက်တည်း စဉ်းစားနေတာလဲ၊ ဘာဖြစ်လို့ ညီမလေးကို အဖော်မခေါ်ခဲ့တာလဲ'

ကီယိုကိုက ချိုသာအေးမြသော အသံကလေးဖြင့် ပြန်ပြောရှာသည်။

'ကျွန်မလို အရေးမပါတဲ့ မိန်းကလေးတစ်ယောက်အပေါ် ဆာဘူရိုဘာဖြစ်လို့ ဒါလောက်ကရုဏာ ထားနေရတာလဲ၊ ကျွန်မအိမ်က အခုကလေးတင် ထွက်လာခဲ့တာပါ၊ ဆာဘူရိုရဲ့အမေနဲ့အစ်ရီရယ်၊ ညီမလေးရယ်၊ ကျွန်မရယ် အားလုံးမီးဖိုချောင်ထဲမှာစုပြီး မုန့်ဖုတ်နေကြတာ၊ ဆာဘူရိုပြန်မလာတာနဲ့ စိတ်ပူပြီး ကျွန်မ သူတို့ မသိအောင် တိတ်တိတ်ကလေး ဒီမှာ လာစောင့်နေတာ၊ ဆာဘူရို ပြန်လာတာတွေ့ရတော့ ကျွန်မသိပ်ဝမ်းသာသွားတာပဲ'

ကျွန်ုပ်သူ့ကို အူလှိုက်သည်းလှိုက်ကျေးဇူးတင်လိုက်သည်။

'ကီယိုကိုရဲ့ စေတနာကို ကျွန်တော်အများကြီးချီးကျူးပါတယ်၊ အမှန်ကတော့ ကျွန်တော်ဟာ ကီယိုကိုရဲ့ စေတနာနဲ့ ထိုက်တန်တဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တဲ့အတွက် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ရှက်နေမိတယ်၊ နောက်တစ်ခါ အခုလို ညအချိန်မတော်တစ်ယောက်တည်း ထွက်ရပ်နေပြီး ကျွန်တော့်ကို စောင့်မျှော်မနေပါနဲ့လို့ တောင်းပန်ပါရစေ၊ ကိယိုကိုရဲ့ စေတနာအပြည့်ရှိတဲ့ စိုးရိမ်ကြောင့်ကြမှုနဲ့ ထိုက်တန်တဲ့လူ ဟုတ်မှဟုတ်ရဲ့လားလို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်နေမိတယ်'

ကျွန်ုပ် အိမ်ဘက်လျှောက်လာသည်။ ကိယိုကိုမဝင်ခင် အိမ်ထဲကျွန်ုပ်အလျင်ဝင်မည် လုပ်လိုက်လေသည်။ သို့သော်လည်း ကိယိုကိုသည် ကျွန်ုပ်ရှေ့ဖြတ်လာပြီး ကျွန်ုပ်ကို လှမ်းဆွဲထားလိုက်သည်။

'ဆာဘူရိုကို ကျွန်မ တစ်ခုနှစ်ခုလောက် မေးချင်တယ်၊ မေးခွင့်ပြုမလား ဆာဘူရို'

'ဘာဖြစ်လို့ အဲဒီလိုလောကဝတ်တွေဘာတွေနဲ့ စကားပလ္လင်ခံနေရတာလဲ၊ ကိုယ့်မောင်တစ်ယောက်ပဲဟာ၊ မေးချင်တာရှိရင် မေးချလိုက်ပါလား၊ ပြန်မဖြေနိုင်စရာ အကြောင်းဘာမှ မရှိပါဘူး'

ပထမ ကိယိုကိုသည် အားတုံ့အားနာ ဖြစ်နေသေးသည်။ ထို့နောက်မှ ခပ်အေးအေး ခပ်မှန်မှန်အသံဖြင့် ပြောလေသည်။

'ပထမ မေးခွန်းကတော့ တခြားမဟုတ်ပါဘူး၊ အခုတစ်လော ဆာဘူရိုကိုတွေ့တိုင်း မှိုင်မှိုင်နေတာကိုချည်း တွေ့ကနေရတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင်၊ ဆာဘူရို မှိုင်မှိုင်နေတာ တွေ့ရတော့ ကျွန်မလည်း စိတ်မကောင်းဘူး၊ ကျွန်မကို တိုတ်တိတ်ကလေး ပြောပြပါလား ဆာဘူရိုရယ်'





အဖြေမလှတော့ဘူးဆိုသည်ကို ကျွန်ုပ် ရိပ်စားမိသွားသည်။ ကျွန်ုပ် ပါးစပ်ထဲ အာစေးထည့်လိုက်သလို ဖြစ်သွားသည်။ စကားတစ်ခွန်းမှ ထွက်မလာဘဲ မတုန်မလှုပ် ရပ်နေမိသည်။

ကိယိုကိုက ဒုတိယ မေးခွန်းကို ဆက်မေးပြန်သည်။

'ကျွန်မ အမေက ဆာဘူရိုရဲ့ အမေနဲ့အစ်မကို အာဝါရှိမာမှာ ရှိတဲ့ တန်ခိုးကြီးနတ်ဘုရားကို ကန်တော့ဖို့ ဘာဖြစ်လို့ အသွားခိုင်းသလဲဆိုတာ ဆာဘူရို သိရဲ့လား၊ ဆာဘူရို သိမယ် မထင်ဘူး'

သူ့စကားကို ကြားရသောအခါ ကျွန်ုပ် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားလေသည်။ သူမေးသည့် မေးခွန်းကို အဖြေပြန်မပေးနိုင်ဘဲ ငေးမိငေးရာ ငေးကြည့်နေမိသည်။

'ကိယိုကို ပြောသလိုပါပဲ၊ ကျွန်တော် အကျိုးအကြောင်း ဘာမှ မသိဘူး'

နောက်ဆုံးတွင် ကျွန်ုပ် ဝန်ခံလိုက်ရလေသည်။

ကိယိုကို၏ အသံသည် နိမ့်ဝင်သွားသည်။ သူ့ စကားလုံးများမှာ မပီမသ မကွဲပြား ဖြစ်နေကြသည်။ သို့သော်လည်း ကျွန်ုပ် နားလည်လိုက်သည်။

'အဲဒါ တခြားအကြောင်းမဟုတ်ဘူး၊ ဆာဘူရိုနဲ့ ကျွန်မအတွက် သိလား ဆာဘူရို'

❑



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ကျွန်ုပ် သက်ပြင်းတစ်ချက်ချမိသည်။ သူပြောသည့် စကား အဓိပ္ပာယ်ကို ကျွန်ုပ် သိရှိရိပ်မိသွားသည်။ သူရှိနေသည့် နေရာမှ အတန်ငယ်ခွာလိုက်ပြီးလျှင် အေးအေးဆေးဆေးပင် ပြောလိုက်လေသည်။

'ဟောဟို ရေအလယ်မှာရှိတဲ့ မည်းမည်းအစက်ကလေးကို ကြည့်လိုက်စမ်းပါ။ တံငါလှေကလေးတစ်စင်း ဖြတ်သွားနေတယ် ထင်တယ်၊ ဟုတ်တယ် မဟုတ်လား'

ကီယိုကိုသည် ဦးခေါင်းကို ငုံ့ထားသည်။ ဘာမှ ပြန်မပြောပေ။ အတန်ငယ် ကြာသွားသောအခါ ကျွန်ုပ်အနားကပ်လာပြီးလျှင် ကျွန်ုပ်ရင်ဘတ်နှင့် ထိလုမတတ် ကပ်ရပ်ပြီးလျှင် တဖိတ်ဖိတ်တောက်နေသည့် မျက်လုံးဖြင့် ကျွန်ုပ်၏ မျက်နှာကို မော်ကြည့်နေသည်။ မှုန်ပျပျလရောင်အောက်တွင် မရေမရာ ရပ်နေမိသော ကျွန်ုပ်သည် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားသည်။ သူ့မျက်နှာသည် ဆံပင်မိုးသား





တိမ်လိပ်တို့ကွယ်နေသဖြင့် ခပ်စောင်းစောင်း ခပ်ရွေ့ရွေ့ကလေး ဖြစ်နေသော လခြမ်းကလေးနှင့် တူနေသေးတော့သည်။ သူ့အလှသည် ဝင်းပနေသည်။ ထိုအခိုက်တွင် သဘာဝ၏ သက်ရှိမှန်သမျှ အားလုံးပင် ငြိမ်သက်တိတ်ဆိတ် နေသည်။ ကျွန်ုပ် ကိုယ့်စိတ်ကိုယ်မချုပ်ထိန်းနိုင်တော့ပေ။ ကောင်းကင်ကို မျှော်ကြည့်လိုက်သည်။ မည်းမှောင်နက်ချိုပ်နေသော မိုးသာတိမ်လိပ်များ သိပ်သည်းထူထပ်စွာ အုပ်မိုးနေကြသည်။ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော ကြယ်ကလေးများကို မှုဟိုတစ်စ သည်တစ်စ တွေ့မြင်နေရသည်။

ကျွန်ုပ် ကိုယ့်ဟာကိုယ် မသိမသာ တွေးနေမိသည်။

'အလို . . . ဒါလောကီ လူ့ဘုံလူ့ရွာပါကလား၊ ဒီလို နေရာမျိုး ငါဘာကြောင့် ရောက်နေရတယ် မသိဘူး'

ကျွန်ုပ်၏အတွေး အဆုံးသတ်သွားသည်နှင့် တစ်ပြိုင်နက် ပိတ်ဖြူအစကလေးတစ်စ ကျွန်ုပ်လက်ထဲ ရောက်လာသလားဟု ထင်လိုက်ရလေသည်။ ကျွန်ုပ် ငုံ့ကြည့်လိုက်သောအခါ ကီယိုကို၏ လက်ကလေး ကျွန်ုပ်၏ လက်ပေါ်ရောက်နေသည်ကို တွေ့ရသည်။ ကီယိုကိုသည် ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်လိုက်သည်။ ကျွန်ုပ်လည်း သူ့အနားက ထွက်မသွားနိုင်တော့သဖြင့် သူ့အပါး၌ပင် ကပ်ပြီး ရပ်နေသည်။ တစ်အောင့်လောက် ကြည်လင်ပြတ်သားသောအသံဖြင့် စကားတစ်ခွန်းဆိုပြန်သည်။

'ဆာဘူရို အမေက ဆာဘူရိုကို ဖွင့်ပြောပြီးပြီလား မပြောရသေးဘူးလားဆိုတာ ကျွန်မသိချင်တယ်'

ထိုခဏ၌ ကျွန်ုပ်၏ အသိဉာဏ်အားလုံး ထုံထိုင်းသွားလေသည်။ ကျွန်ုပ်၏ ခြေထောက်နှစ်ဘက်သည် ခွေယိုင်လဲကျသွားတော့



www.burmeseclassic.com

www.burmeseclassic.com



မလောက် ဖြစ်သွားသည်။ ကျွန်ုပ် နတ်ဖမ်းသလို ဖြစ်နေသည်။ သူ့ကို စကားပြန်မပြောဝံ့၍ အောက်ဘက်ကိုသာငုံ့ကြည့်နေမိသည်။ ကျွန်ုပ် ကိုယ့်ဟာကိုယ် စဉ်းစားကြည့်နေမိသည်။

အချစ်ကွန်ရက်သည် ငါ၏ ပတ်လည်၌ ဖြန့်ကျက်ပြီးသား ဖြစ်နေပါပြီတကား။ ပိုက်ကွန်ထဲဝင်တိုးမိနေသည့် အတောင်ပံအနေဖြင့် ပျံထွက်ဖို့ရာ မလွယ်ကူတော့ပါကလား။

ကိယိုကိုဆက်ပြောသည့် စကားကို နားထောင်ရုံသာ နားထောင်နေနိုင်တော့သည်။

'ဆာဘူရို အမေက ဆာဘူရိုကို ဘာပြောသလဲ၊ လူ့လောက အကြောင်းကို ဆာဘူရို မသိနားမလည်တာရင်လဲ ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင်လည်း ဘာမဆို အကုန်သိပြီး ထုတ်ဖော်မပြောချင်လို့ရင်လည်း ဖြစ်မယ်၊ ကျွန်မကို ချစ်သလိုလိုနဲ့ ဘာဖြစ်လို့ အခုလို စိမ်းကားရတာလည်း၊ အခုတလော ဆာဘူရို မှိုင်မှိုင်နေတာချည်း တွေ့ရတယ်၊ အဲဒီ အကြောင်း ကျွန်မ ဆာဘူရိုကို မမေးဘဲ မနေနိုင်ဘူး'

ကျွန်ုပ် အားတင်းပြီး အထစ်ထစ် အငေါ့ငေါ့နှင့် ပြောလိုက်မိလေသည်။

'ကျွန်တော့်အမေက ဘာမှပြောမပြပါကလား၊ ပြောပြတယ်ဆိုရင်လည်း အမေဘာပြောတယ်ဆိုတာ ကျွန်တော် သတိမရတော့ဘူး'

ကျွန်ုပ်၏ စကား ကျွန်ုပ်၏ နှုတ်မှထွက်သွားသည်နှင့် တစ်ပြိုင်နက် ကိယိုကို တစ်ကိုယ်လုံး တုန်ခါသွားသည်ကို ကျွန်ုပ် သတိပြုမိလိုက်လေသည်။ ကျွန်ုပ်၏ လက်ကို ဆုပ်ကိုင်ထားသော သူ၏ဖြူနုနေသော လက်ဝါးကလေးသည် ပြေကျသွားလေသည်။ ကျွန်ုပ်၏စကား





ကို ကြားရသဖြင့် သူအရုပ်ကြိုးပြတ် ဖြစ်သွားသည်ကို ကျွန်ုပ် အကဲခတ်မိလိုက်လေသည်။ သူစိတ်ပြောင်းသွားအောင် ကျွန်ုပ်အခြားအကြောင်းအရာကို လှိုးလွှဲပြောဆိုနေစဉ်မှာပင် ပင်လယ်ဘက်မှ တဝှီးဝှီးဖြတ်တိုက်ခတ်လာသော လေသည် တောင်ထွတ်တောင်ထိပ်များနှင့် သစ်ပင်ဝါးပင်ထိပ်ဖျားများကို ဖြတ်ကျော်လာပြီးလျှင် နောက်ဆုံး၌ အရှိန်ပြေသွားသလိုလို ဖြစ်သွားလေသည်။

ကျွန်ုပ် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ရပ်နေသည်။ ကိယိုကိုကမူ ရှေ့နောက်ဝဲယာကို အမိပ္ပာယ်မရှိ လှမ်းမျှော်ကြည့်ပြီးလျှင် ထိတ်လန့်ကြောက်ရွံ့သလို ဖြစ်နေသည်။ သူ၏ ဂါဝန်အတွင်းအိတ်ထဲက မွှေးရနံ့သင်းနေသည့် လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူပြီးလျှင် ကျွန်ုပ်၏ လက်ထဲထည့်လိုက်လေသည်။ ထို့နောက် မတ်တတ်ရပ်ပြီးလျှင် ပြောပြနေသည်။

'ဒီလက်ကိုင်ပဝါထောင့်မှာ ပန်းပွင့်နဲ့စာထိုးထားပါတယ်၊ အမေ့ဆီက ဇာထိုးပန်းထိုးစသင်တဲ့ အရွယ်ငယ်စဉ်က ကျွန်မထိုးထားတဲ့ လက်ကိုင်ပဝါကလေးပါ၊ ဆာဘူရိုကို ကျွန်မ ဒီလက်ကိုင်ပဝါ ကလေး လက်ဆောင်ပေးပါရစေ၊ မနက်က ကျွန်မကို ဆာဘူရိုပေးတဲ့ အင်မတန်ကြီးမားတဲ့ လက်ဆောင်ပစ္စည်းကို တုံ့ပြန်တဲ့သဘောနဲ့ ဘာမှမပြောပလောက်ပေမယ့် ကျွန်မ မြတ်နိုးတဲ့ ဒီပစ္စည်းကလေးကို ပေးတာပါ ၊ အမှန်ကတော့ ဆာဘူရိုရဲ့ကျေးဇူးကို ဒီဘာမှ မပြောပလောက်တဲ့ ဇာပန်းပွင့်ကလေးနဲ့ တုံ့ပြန်လို့မကျေဘူးဆိုတာ ကျွန်မ နားလည်ပါတယ်၊ ဒီလက်ကိုင်ပဝါကလေးကို ကျွန်မနှလုံးသားထဲက အမှတ်အသားကလေးတစ်ခုအဖြစ်နဲ့ ဆာဘူရို လက်ခံထားစေချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ရုတ်တရက်ကြားလိုက်ရသောအခါ ကျွန်ုပ် ဦးနှောက်ခြောက်သွားသည်။ ကျွန်ုပ် စဉ်းစားကြည့်နေမိသည်။ သူ့လက်ဆောင်ကလေးကို ခါးခါးသီးသီး ငြင်းပယ်နိုင်သည့် နှလုံးသား ကျွန်ုပ် သူ့လက်ဆောင်ကို လက်ခံထားပါက သူပြောသည့်အတိုင်း သူ့နှလုံးသား၏ အမှတ်အသားကို ကြည့်မိသည့် အကြိမ်တိုင်း ကျွန်ုပ် ကီယိုကိုကို သတိရနေလိမ့်မည်။ ကျွန်ုပ်အနေနှင့် အမေ၏ လိုအင်ဆန္ဒအတိုင်း ဘယ်လိုလုပ် လိုက်နာဆောင်ရွက်လို့ ဖြစ်ပါ့မလဲ။ တစ်ပြိုင်နက်တည်းမှာ ကီယိုကို၏ နှလုံးသားဆန္ဒကိုလည်း ဘယ်လိုလုပ် ဖြည့်တင်းပေးလို့ ဖြစ်ပါ့မလဲ။ ကျွန်ုပ် အဖန်ဖန် အထပ်ထပ် စဉ်းစားကြည့်သော်လည်း စဉ်းစား၍မရ ဖြစ်နေသည်။ ကီယိုကိုသည် စကားဆက်ပြောချင်သည့်ဆန္ဒ ရှိနေသေးသည်။

လှိုင်းလုံးကြီးများသည် ကြေကွဲဖွယ် အသံများဖြင့် ကျောက်ဆောင်များကို လာပုတ်နေကြသည်။ ကီယိုကိုသည် လက်ကိုင်ပဝါကလေးကို ကျွန်ုပ်၏အကျီထဲ တရိုတသေထည့်ထားလိုက်သည်။ ထို့နောက် ကျွန်ုပ်၏လက်မောင်းကို ဖျစ်ကိုင်ပြီးလျှင် သူ့မေးစေ့ကလေးဖြင့် အသာပွတ်နေသည်။ နောက်ဆုံး သူ့ထံမှ ထွက်ပေါ်လာသောအသံကို ကြားရသောအခါ သူ၏အသံမှာဆို့နေသည်။

'ကျွန်မရဲ့နှလုံးသားအမှတ်အသားကလေးကိုပဲ သိမ်းထားပါတော့ ဆာဘူရို၊ စိတ်မကောင်းလည်း ဖြစ်မနေပါနဲ့တော့၊ ဘုရားသခင် မတဲ့အတွက် ဆာဘူရို မင်္ဂလာအဝဝနဲ့ ပြည့်စုံလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်၊ ကဲ အိမ်ပြန်ကြစို့၊ ဆာဘူရို အမေစိတ်ပူနေလိမ့်မယ်'





ကျွန်ုပ် လေးလံထုံထိုင်းနေသည်။ စကားလည်းတစ်ခွန်းမှ မပြောနိုင်တော့ပေ။ ကျွန်ုပ်၏နှလုံးသား အပြင်းအထန်ခုန်နေသည်ဆိုသည်ကို ကျွန်ုပ်သတိပြုမိသည်။ သူမတူအောင် နူးညံ့ပျော့ပျောင်းယဉ်ကျေးသိမ်မွေ့သော ကီယိုကိုသည် အားလျော့သွားပြီးလျှင် ကျွန်ုပ်ကို အမှီသဟဲပြုလျှက် ခြေလှမ်းဖြည်းဖြည်းကလေး လှမ်းနေရှာသည်။ အခန်းထဲရောက်သောအခါ ကျွန်ုပ်၏အတွေးအခေါ်များသည် ပြတ်သားလာသည်။ သွက်လက်ဖျတ်လတ်လာသည်။ ကျွန်ုပ်၏ နှလုံးသားပြဿနာသည် လမ်းဆုံလမ်းခွသို့ ရောက်လာလေပြီ။ ထိုည ထိုခဏ၌ ကျွန်ုပ် နားလည်သဘောပေါက်သွားသည်။ အကယ်၍ ကျွန်ုပ်သည် လောကီဥစ္စာထဲတ ရုန်းထွက်ဖောက်ထွက်ပြီး မိမိ၏နေရာမှန်သို့ ပြန်မသွားနိုင်ပါက တဏှာပေမ၏အဆီးအတားကို ကျော်လွှားပြီး တဏှာပေမကြောင့် မလွဲမရှောင်သာ ဖြစ်ပေါ်လာမည့် ကြောင့်ကြဗျာပါရမှန်သမျှကို ကျောခိုင်း၍ရမည် မဟုတ်ပေ။

□



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

နောက်တစ်နေ့ နံနက်ချိန်၌ မိုးကောင်းကင်သည် ထူးထူးခြားခြား ကြည်လင်နေသည်။ သို့သော် ရာသီဥတုသည် ရှောင်တခင် အအေးဘက်လှည့်လာလေသည်။ အကြောင်းမှုကား ဆောင်းဥတု၏ အနက်ရှိုင်းဆုံး အချိန်ကာလသို့ရောက်လာပြီ ဖြစ်သောကြောင့်တည်း။ နံနက်မိုးလင်းအိပ်ရာကထလျှင်ထချင်း အမေက ထမင်းချက်အား ကိတ်မုန့်ဖုတ်ပြီး ကိတ်မုန့်နှင့်အတူ တခြားစားဖွယ်သောက်ဖွယ်များကိုပါ ထမင်းစားစားပွဲတွင် အဆင့်သင့်ပြင်ထားရန် ညွှန်ကြားအမိန့်ပေးလိုက်လေသည်။

မကြာမီ ကျွန်ုပ်တို့အားလုံး ထမင်းစားခန်းထဲစုရုံး ရောက်ရှိလာကြသည်။ ဝမ်းသာအားရပြောကြဆိုကြသော ကျွန်ုပ်တို့၏ အသံဗလံများသည် အိမ်အပြင်ဘက်သို့ပင် လျှံထွက်သွားလေသည်။ ကျွန်ုပ်၏အစ်မ ယနေ့သူ့အိမ်သူပြန်တော့မည် ဆိုသည့်အကြောင်းကို ကျွန်ုပ်ကြားသိရသည်။





အစ်မအား နှုတ်ဆက်သည့် ထိုနှုတ်ဆက်ပွဲအခမ်းအနား၌ ကိုယိုကိုသည် သူ၏ဆံပင်ကို ဝီမင်းဆက်ခေတ်ဖက်ရှင်ဖြစ်သော 'မိုးသောက်နှင်းပွင့်'ပုံစံ ပြင်ဆင်ထားသည်။ ညာဘက်ပခုံးပေါ်၌ ပြေလျော့ကျနေသည် ဆံပင်တချို့ကို ဦးခေါင်းပေါ်၌ ဆံပင်စည်းကြိုးဖြင့် စည်းနှောင်ထားသည်။ ယင်းဆံထုံးပုံစံသည် မျက်မှောက်ခေတ်ဖက်ရှင်နှင့် လုံးလုံးကွဲပြားခြားနားနေသည်။ ကိုယိုကိုသည် ကျွန်ုပ်ကို တွေ့သောအခါ မရဲတရဲ နှုတ်ဆက် အရိုအသေပြုရှာသည်။

သူ၏တောင်ဝင်အလှသည် ဝင်းလက်တောက်ပနေသည်။ ခိုးဖိုနားလာပြီး တခြားအိမ်သူအိမ်သားများနှင့် ကျွန်ုပ် ရောနှောထိုင်လိုက်သောအခါ ကျွန်ုပ်သည် မလုံမလဲ ဖြစ်နေသည်။ အကြောင်းမှု ယမန်နေ့ ညချမ်းအချိန်က ပင်လယ်ကမ်းခြေတွင် ကျွန်ုပ်သည် မိမိ၏ အခြေအနေနှင့် ပတ်သက်ပြီး သူငယ်မအား ပွင့်လင်းပြတ်သားစွာ ဖွင့်ဟ ပြောမပြခဲ့သောကြောင့် ဖြစ်လေသည်။

ထို့နောက် အတန်ငယ်ကြာသွားသောအခါ အစ်မသည် ကျွန်ုပ်တို့အားလုံးကို ခွဲခါနီး နှုတ်ဆက်သည်။ ညီမလေးကို လက်ဆွဲပြီး အစ်မကို လိုက်ပို့ရန် ကိုယိုကို တံခါးဝလိုက်သွားသောအခါ ဖွတ်မြီးပုံ ဖော်ထားသော သူ၏ ဂါဝန်ရှည်ကြီးကို ကျွန်ုပ်သတိပြုမိလေသည်။ ကျွန်ုပ်လည်း သူတို့နောက်က ကပ်လိုက်သွားလေသည်။ အမိုးအောက်က လမ်းပေါ် လျှောက်သွားကြစဉ် ကျွန်ုပ်၏ ဘေးတွင်ရှိနေသည့် အမေက ကျွန်ုပ်ကို ကိုယိုကိုနှင့်အတူလိုက်သွားရန် ပြောလေသည်။ အမေပြောသည့်စကားကို ကြားရသောအခါ ကိုယိုကိုသည် ပျာပျာသလဲ ကျွန်ုပ်၏ဦးထုပ်နှင့်တုတ်ကောက်ကို ယူပေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးအများကြီးတင်ပါတယ်၊ ကိုယ်ကိုဟာ ဘယ်နေရာမဆို၊ ဘယ်လို ကိစ္စမျိုးမှာမဆို သတိဝီရိယ အမြဲရှိနေတယ်နော်'

အစ်မကို ဘူတာရုံအထိ လိုက်ပို့ရန် ကျွန်ုပ်တို့ သုံးယောက်အတူ လျှောက်သွားကြသည်။ မကြာမီပင် မီးရထားဘီးလည်လာပြီး မီးရထားသည် အစ်မကို ကျွန်ုပ်တို့ထံပါးမှ တခြားသို့ခေါ်ယူ ဆောင်ကြဉ်းသွားလေသည်။ အိမ်အပြန်ခရီး၌ ကျွန်ုပ်တို့သုံးဦးသာ ကျန်တော့သည်၊ ကိုယ်ကို၊ ကျွန်ုပ်၏ ညီမလေး၊ ကျွန်ုပ်။ အပြန်ခရီး၌ ခပ်လေးလေး ခပ်မှန်မှန် ခြေလှမ်း လှမ်းလာကြစဉ် ကိုယ်ကိုသည် အဝေးဆီက လယ်ယာထဲတွင် ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြသော တောင်သူလယ်သမား တချို့ကို လှမ်းမြင်သွားသည်။ သူ၏ ဖြူနုသေးသွယ်သော လက်ချောင်းကလေးနှင့် ကျွန်ုပ်အား တောင်သူလယ်သမားများဆီ ညွှန်ပြပြီးလျှင် ကိုယ်ကိုက ပြောလေသည်။

'တောင်သူလယ်သမားတွေဟာ ရေထဲက ခြောင့်စူးပြီး ဝေဒနာခံစားနေရတဲ့ အချိန်လောက်ပဲ ထွန်သွားနဲ့ပေါက်ပြားမကိုင်ဘဲ အနားရကြတယ်၊ သူတို့ရဲ့ လက်ချောင်းတွေမှာ သွေးချင်းချင်း နီနေတယ်၊ သူတို့ရဲ့ ကိုယ်ခန္ဓာကတော့ အရိုးစု ကမ္ဘာ့ဌာန်းရုပ်အတိုင်းပဲ၊ လယ်ယာမြေကိုဝယ်နိုင်တဲ့ အခြေအနေမရှိတဲ့အတွက် ရေလွှမ်းမြေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်တဲ့အတွက်လည်း အခွန်ထမ်းဆောင် ကြရပြန်တယ်၊ ဆာဘူရို၊ အခု ကျွန်မပြောတာက ကျွန်မစကား မဟုတ်ဘူး၊ ဖန်ရှိဟူရဲ့စကားကို ကျွန်မ ကိုးကားပြောတာ၊ သူ့စကားဟာ ဆန်မင်းဆက်ခေတ်တုန်းက အခုလိုအခြေအနေမျိုးကို ထုတ်ဖော်ပြထားတာ မဟုတ်လား၊ ကျွန်မတို့ တိုင်းပြည်မှာ အခုထမ်းဆောင်နေရတဲ့ အခွန်အတုတ်တွေ ဘယ်လောက်ကြီးလေးတယ်၊ ဘယ်လောက်များပြား





ဘယ် ဆိုတာကိုတော့ ပြောနေစရာတောင် မလိုတော့ဘူး၊ ကျေးရွာကတောင်သူလယ်သမားတွေဟာ သနားစရာကောင်းတယ်၊ သူတို့အတွက် စိတ်မကောင်းဖြစ်ရတာ၊ ကိုယ်ချင်းစာနာရတာ တို့ကတော့ အတော မသတ်နိုင်တော့ဘူး'

ယင်းသို့ ပြောပြီးသောအခါ ကိုယ်ကိုသည် ဟင်းခနဲ သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်လေသည်။ ထို့နောက် သူ့ပါးပြင်၌ ကြက်သွေးရောင် လွှမ်းသွားသည်။ ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

'ဆာဘူရိုကိုကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲ၊ အခုတလော ဆာဘူရို ကိုယ်နဲ့စိတ် တစ်ခုခုမသက်မသာဖြစ်နေတယ်ထင်တယ်၊ ဒီကနေ့မနက် ကျွန်မအမေပြောတာ ကြားရတယ်၊ နောက်ဆယ်ရက်ကြာရင် ဆာဘူရိုရဲ့ ညီမလေးနဲ့ကျွန်မကိုခေါ်ပြီး ဟာနေကိုကို ပြန်တော့မယ်တဲ့၊ ဆာဘူရိုတစ်ယောက် ခရီးသွားဖိနပ်မှာ ဖုန်ထပ်အတင်ခံချင်သလား မခံချင်ဘူးလားဆိုတာတော့ ကျွန်မ မသိဘူး'

သူ့စကားကို ကြားရသောအခါ ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ပြဿနာပေါင်းသောင်းခြောက်ထောင် တိုးဝင်လာလေသည်။ သူ့အမေးကို တော်တော်နှင့် ပြန်အဖြေမပေးနိုင်ဘဲ သူ့ကိုသာ ငေးကြည့်နေမိသည်။ ထိုအခိုက် သူသည် သူ့မျက်နှာလေးကို တွဲလွဲကျနေသော သူ၏ပိုးကျပ်ကြိုးထိုး အမြိတ်စွန်းအောက်တွင် ကွယ်ထားသည်။

ထို့နောက်မှ မျက်လုံးပင့်ပြီး ကျွန်ုပ်ကိုကြည့်သည်။ အတော်ကလေး ရှက်နေပုံလည်းရသည်။

'အမေလိုက်မယ်ဆိုရင်တော့ ကျွန်တော်လည်း ကိုယ်ကိုအိမ်လိုက်ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပြန်ပြောလိုက်လေသည်။

ကိယိုကို ကို ကျွန်ုပ်တစ်ချက် ပြန်ကြည့်လိုက်ပြန်သည်။ မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အသွင်လက္ခဏာ ပေါ်နေသည်။ ထို့နောက် မကြာခင်ပင် မျက်လုံးထဲတွင် မျက်ရည်ရွဲလာလေသည်။ တစ်ဆို့ ကြေကွဲသောအသံဖြင့် ကိယိုကိုက စကားဆိုပြန်သည်။

'ဒီနေ့မနက် ကျွန်မ ထမင်းစားခန်းထဲရောက်တော့ ရှင့်ကို မြင်ရတာ သိပ်ညှိုးနွမ်းပုံရတယ်၊ ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ ကျွန်မကို ပြောပြလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ တကယ်လို့ ဆာဘူရို မှာ စိတ်မကောင်းစရာ အကြောင်းရှိနေတယ်ဆိုရင် ကျွန်မကို ဖွင့်ဟ ပြောပြဖို့အတွက် စိုးရွံ့နေစရာ မလိုပါဘူး၊ ကျွန်မကို တရင်းတနှီး သဘောထားစေချင်ပါတယ်၊ ကျွန်မကို သူစိမ်းတစ်ရံလို မဆက်ဆံဘူး လို့ ကျွန်မ မျှော်လင့်ထားပါတယ် ဆာဘူရို'

ကျွန်ုပ် နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ အဖြေစကား ထွက် မလာပေ။

ကိယိုကိုက တစ်ဖန်တိမ်ဝင်သော အသံဖြင့်မေးပြန်သည်။

'ကျွန်မကို စိတ်ဆိုးနေသလား ဆာဘူရို၊ ကျွန်မမေးတာ ဘာဖြစ်လို့ ပြန်မပြောတာလဲ'

'ကျွန်ုပ်သည် လှမ်းနေသည့်ခြေလှမ်းကို ရပ်လိုက်သည်။ ထို့နောက် ကျွန်ုပ်၏နှုတ်မှ စကားတစ်လုံးချင်း ထွက်လာလေသည်။

'ကျွန်တော့်နှလုံးသားထဲမှာ စိတ်မချမ်းမြေ့စရာ အချက် တစ်ချက် ဝင်ရောက်ကိန်းအောင်းနေတယ်၊ အဲဒီစိတ်မချမ်းမြေ့စရာ အချက်ဟာဘာလဲဆိုတာကို ကျွန်တော်ကိုယ်တိုင် နားမလည်ဘူး၊ ကျွန်တော့်ကိုအကြောင်းပြုပြီး ကျွန်တော့်နှမကို စိတ်ညစ်အောင်လုပ်မိ





တဲ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ခြင်းကြီးစွာ ဖြစ်ရပါတယ်၊ ကျွန်တော် ဘာပြန်ပြောရမလဲဆိုတာ မတွေးတတ်၊ မကြံတတ်အောင် ဖြစ်နေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ရှက်မိပါတယ်၊ ကျွန်တော့် နှမဆီ က တခြားဘာမျှမမျှော်လင့်ပါဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ပဲ ကျွန်တော် မျှော်လင့်ပါတယ်'

ခြေလှမ်း တစ်လှမ်းပြီးတစ်လှမ်း လှမ်းရင်း အပြန်ပြန် အလှန်လှန် စဉ်းစားနေမိသည်။ အင်အားကြီးမားသော စိတ်လှုပ်ရှား မှုကြီးသည် ကျွန်ုပ်၏နှလုံးထဲ ရုတ်တရက် တိုးဝင်လာသည်။ ယင်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်သည့် အခြေအနေမရှိတော့။ ကျွန်ုပ် သတိလက်လွတ် ပြောလိုက်မိသည်။

'အင်း . . . အခု ငါကြုံတွေ့နေရတဲ့ အရှက်၊ ငါကြုံတွေ့ နေရတဲ့ နောင်တက လွတ်ရာလွတ်ကြောင်း ရှိမှ ရှိပါတော့မလား'

ကျွန်ုပ်၏ စကားနောက်တွင် ကျွန်ုပ် မျက်ရည်ပါလာသည်။ ကိယိုကိုသည် ကျွန်ုပ်ပြောလိုက်သည့်စကားကို ကြားရသော်လည်း စကား၏ အနက်အဓိပ္ပာယ်ကို နားလည်ပုံမရပေ။ ဘာမှပြန်မပြော ပေ။

သို့သော်လည်း မကြာမီအတောအတွင်းမှာပင် သူ၏ အချော အလှ မျက်နှာကလေးတွင် ဝမ်းနည်းကြေကွဲခြင်း တိမ်ရိပ် တိမ်ခိုး လွှမ်းလာလေသည်။ မျက်ရည်သုတ်ရန် သူ့ရင်ကြားထဲက ပန်းရောင် ပဝါကလေးကို ထုတ်ပြီး ကျွန်ုပ်ကိုပေးသည်။ အကြင်နာ အယုယဆုံး အမူအရာဖြင့် ကျွန်ုပ်ကို ဖြေသိမ့်ချော့မော့ရင်း သူကိုယ်တိုင်လည်း မျက်ရည်တွေ စီးကျလာလေရာ သူ့အဝတ်အစားများ ရွှဲရွဲစိုသွား သည်အထိ ဖြစ်သွားလေသည်။ ကျွန်ုပ်ထိတ်လန့်တုန်လှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယိုကို၊ ကျွန်တော်တို့ ဒီပုံဒီနည်း လုပ်နေလို့တော့ မဖြစ်ဘူးထင်တယ်၊ ဒီပုံဒီနည်း လုပ်နေရင် အသက်အန္တရာယ်တောင် ဖြစ်လာနိုင်စရာ ရှိတယ်'

ကျွန်ုပ်တို့ အိမ်ပြန်ရောက်သွားသောအခါ မှန်းတည့်ချိန်နီးနေပြီ။ သို့သော်လည်း ကျွန်တော်တို့ နှစ်ယောက်လုံး ဘယ်သူမျှ နေ့လယ်စာ ထမင်းမစားကြတော့ပေ။

ပ



၁၀

ကျွန်ုပ်၏ အစ်မ ပြန်သွားပြီးနောက် သုံးရက်မျှသော အချိန်ကာလသည် ကုန်မှန်းမသိ ကုန်သွားသည်။ ထို့နေ့က နှင်းမုန်တိုင်းကြီး အကြီးအကျယ် ကျနေသည်။ နှင်းပွင့်များသည် အရပ်ထက်ဝန်းကျင်၌ ပျံ့လွင့်နေကြသည်။ ကျွန်ုပ်သည် ပြတင်းပေါက်များနှင့်တံခါးပေါက်ကို တင်းတင်းကျပ်ကျပ်ပိတ်ပြီးလျှင် အခန်းထဲ၌ တစ်ကိုယ်တည်း တိတ်တဆိတ်ထိုင်လျက် ထွေရာလေးပါး စဉ်းစားနေမိသည်။ ငါ၏ စိတ်နှလုံးသည် နှင်းပွင့်များနှင့်အတူ အနန္တကောင်းကင်ပြင်နှင့် ပင်လယ်ပြင်တွင် လွင့်ပျံနေပါတလား။ ယင်းအတွေးသည် အချိန်အတော်ကြာကြာ ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ဝင်ရောက်ကိန်းအောင်းနေလေသည်။ ထို့နောက် ထိုင်နေရာမှ ထလိုက်ပြီးလျှင် အခန်းအတွင်း၌ပင်စကြံသလားနေပြီး သက်ပြင်းတစ်ချက် ချလျက် ကိုယ့်ဟာကိုယ် ညည်းနေမိသည်။

'အို ဘုရားသခင်၊ ကျွန်ုပ်သည် မိမိ၏ စိတ်နှလုံးထဲတွင် ဤမျှများပြားသော ကြေကွဲ ဝမ်းနည်းစရာများကို ဘာကြောင့် တစ်ချိန် လုံး နေရာပေးထားရပါလိမ့်၊ ထိုဝမ်းနည်း ကြေကွဲစရာများကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အဘယ်ကြောင့် ကျော်လွှားဖြတ်သန်းခြင်း မပြုနိုင်ရသနည်း၊ ကျွန်ုပ်သည် ဗုဒ္ဓ၏ လမ်းစဉ်ကို ပြည့်ဝကုန်စင်အောင် မသင်ကြား မဆည်းပူးရသေးပေ၊ ကျွန်ုပ်ဘဝ၏ တစ်ဖြုတ်တစ်ခဏသော အချိန်ကာလသည် သူ့အလိုလိုပင် လွယ်လင့်တကူ ကုန်ဆုံးသွားပေလိမ့်မည်၊ နောက်တတရားရဖို့ရန်အတွက် အချိန်အများကြီး နောက်ကျသွားပေတော့မည်'

ကျွန်ုပ်သည် သိက္ခာသမာဓိရှိသော၊ သဘောထားပြည့်ဝသော ကိယိုကို အကြောင်းကို တွေးတောစဉ်းစားနေမိသည်။ ကိယိုကိုသည် အမှန်တကယ်ပင် စိတ်သဘောထား ဖြူစင်ဖြောင့်မတ်သော မိန်းကလေးဖြစ်သည်။ သို့သော် သူ၏မျက်လုံးကို ကြည့်လျှင် သူသည် အားကောင်းသော ချစ်မေတ္တာကတိပိုင်ရှင် ဖြစ်နေပြီး မိမိအနေဖြင့် အငေးက ရှောင်ရမည့်ကြောက်စရာ မိန်းကလေးဖြစ်နေသည်။ အကယ်၍ ကျွန်ုပ်သည် ယခု သို့မဟုတ်ရင် (ယခုခေတ် ပီပင်း)၏ သေနာပတိချုပ်ကြီး ဖြစ်နေဦးတော့ ဤနူးညံ့ပျော့ပျောင်းသော စွဲမက်ဖွယ်ကောင်းသောသတ္တဝါကို မြောက်ပိုင်းသဲကန္တာရရောက်သွားအောင် မောင်းထုတ်ပစ်နိုင်သည့် သံမဏိစားသွားထက်ထက်ကို ကိုင်နိုင်သည့် စွမ်းအားရှိမည်မဟုတ်ပေ။

အမှန်က ကျွန်ုပ်သည် မိမိအမေအတွက် အိမ်ပြန်လာခြင်းဖြစ်သည်၊ သို့သော် သူ့ကိုမြင်မြင်ချင်း ဤသူငယ်မသည် ကျွန်ုပ်အပေါ် ချစ်မေတ္တာမိုးရွာချပြီး ကျွန်ုပ်တစ်ကိုယ်လုံးကို အချစ်ပိုက်ကွန်တွင်း ဆွဲသွင်းခဲ့သည်။ ယင်းအဖြစ်မျိုးအထိ အဘယ်ကြောင့် ရောက်လာရသနည်း။ ကျွန်ုပ်သည် မိမိကောင်းကျိုးနှင့်လည်းကောင်း၊ သူတစ်ပါးကောင်းကျိုးနှင့်လည်းကောင်း ဖီလာဖြစ်သည့်အပြုအမူများ





ကို ပြုလုပ်နေသည်။ ကျွန်ုပ်အတွက် ရှေ့တိုးသွားရန် လမ်းကောင်းလမ်းမှန် မရှိတော့ဘူးလား။ အချစ်ပိုးကြိုးနှင့် စည်းနှောင်ခြင်းခံရသူသည် အခက်အခဲ အကျပ်အတည်းနှင့် ဆင်းရဲဒုက္ခအမျိုးမျိုးကို မျက်မှောက်ပြုရမည်မှာ မလွဲဧကန် အမှန်မုချဖြစ်သည်၊ ယင်းသဘောတရားမှာ အစမထင် အချိန်ကစပြီး ယနေ့ယခု ပစ္စုက္ပန်အချိန်ကာလအထိ မလွဲမသွေ ဖြစ်လာခဲ့သည် ဓမ္မတာသဘောတရားဖြစ်လေသည်။ လောကီသံယောဇဉ်အနှောင်အဖွဲ့ထဲတွင် ကျွန်ုပ် အဘယ်ကြောင့် အချည်နှောင်ခံနေရမှာနည်း။ ရှင်တော်ဗုဒ္ဓက 'ငါ၏တပည့်စစ် တပည့်မှန်သည် ငါနှင့်ယူဇနာအထောင်ဝေးသည့်အရပ်သို့ ရောက်နေစေကာမူ ငါ၏ အဆုံးအမဩဝါဒကို အစဉ်သတိရနေမည်သာဖြစ်၏'ဟူ၍ ဟောကြားမိန့်မှာထားတော်မူသည် မဟုတ်လား။

ထိုအချိန်မှအစပြု၍ ကျွန်ုပ်သည် ရှင်တော်မြတ်ဘုရား၏ ယင်းဒေသနာတော်ကို မိမိ အတိဒုက္ခရောက်နေစဉ် အားကိုးအားထားပြုစရာကျောက်သားဖြင့် ပြုလုပ်ထားသော အမှီသဟဲအဖြစ်မှတ်ယူတော့မည်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်လေသည်။ ယင်းဆုံးဖြတ်ချက်သည် အကောင်အထည်ပေါ်လာတော့မည့် အလားအလာရှိလာလေသည်။ အပြန်ပြန် အထပ်ထပ် စဉ်းစားဆင်ခြင်ပြီးသောအခါ သို့လော သို့လောဖြစ်နေသော ကျွန်ုပ်၏ ယုံမှားသံသယအားလုံး အမှန်တကယ်ပင် ပျောက်ကွယ်သွားကြပြီဆိုသည့်အကြောင်းကိုလည်းကောင်း၊ သံယောဇဉ်နှောင်ကြိုးသည် တောက်ခနဲ ပြတ်တောက်သွားပြီဆိုသည့် အကြောင်းကိုလည်းကောင်း ကျွန်ုပ် ရုတ်တရက် နားလည်သဘော ပေါက်သွားလေသည်။ ကျွန်ုပ်၏ ပီတိသည် အဆုံးအပိုင်းအခြား မရှိတော့ပေ။ မိမိ၏ ဆရာဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထပြန်သွားပြီး ဆရာဘုန်းတော် ကြီးအား မိမိအပြစ်အားလုံး ဖွင့်ဟဝန်ခံမည်၊ ခွင့်လွှတ်ပါရန် နောင်တကြီးစွာဖြင့် တိုးလျှိုး တောင်းပန်မည်ဟူ၍ ကျွန်ုပ် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချလိုက်လေသည်။ သို့သော်လည်း မိမိ၏ အကြံကို အမေ့အား ဖွင့်ဟပြောမပြမှုဖြစ်မည်ဟူသော အချက်ကိုလည်း ကျွန်ုပ် နားလည်သဘောပေါက်သွားလေသည်။ အမေ့နားပေါက်သွားပါက ကျွန်ုပ်၏အကြံ သဲထဲရေသွန် ဖြစ်သွားမည်မှာ ဧကန်မုချ ဖြစ်သည်။ ထိုအခိုက် ကျွန်ုပ်၏ ညီမလေးသည် ပန်းအိုးတွင်ထိုးရန် ပိုးသားဖြင့် ပြုလုပ်ထားသော ပန်းအတုကလေးများကိုကိုင်ပြီး အခန်းထဲ ဝင်လာသည်။

'ကျွန်မ လုပ်ထားတဲ့ ပန်းကလေးတွေ ကြည့်ပါဦး အစ်ကို၊ ကောင်းသလား မကောင်းသလားဘူးလား ဆိုတာ'

ကျွန်ုပ် ဘာမှပြန်မပြောဘဲ ညီမလေးကို ကြည့်ရုံမျှသာ ကြည့်နေမိသည်။ ကျွန်ုပ်၏ နှလုံးထဲတွင် ဝမ်းနည်းခြင်း ဒီရေလျှံတက်လာလေသည်။ ကျွန်ုပ်၏မျက်လုံးအိမ်ထဲတွင် မျက်ရည်ပြည့်လျှံလာလေသည်။ အိမ်က ထွက်ခွာသွားတော့မည် ကျွန်ုပ်၏အကြံကို ညီမလေးအား ဖွင့်ဟပြောပြလိုသည့် ဆန္ဒပေါ် ပေါက်လာလေသည်။ သို့သော် ယင်းသို့ဖွင့်ဟပြောပြလိုက်ပါက ကျွန်ုပ်၏အကြံအထမမြောက်မှာကိုလည်း ကျွန်ုပ် စိုးရိမ်မိသည်။ အခန်းထဲက ညီမလေးထွက်သွားသောအခါ ကျွန်ုပ်သည် အဆက်မပြတ် နှလုံးတုန် ရင်ခုန်နေပြီး ဦးခေါင်းငုံ့လျက် မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ရှိုက်နေမိလေတော့သည်။

ထိုနေ့ညချမ်းအချိန်၌ ကျွန်ုပ်၏ဝမ်းနည်းပူဆွေးခြင်းသည် တိမ်တိုက်တိမ်ထုသဖွယ် အစိုင်လိုက်အခဲလိုက်ဖြစ်နေသည်။ ကိုယ်ကို





တစ်ယောက် စိတ်ထောင်းကိုယ်ကြေဖြစ်နေရှာလိမ့်မည်ဟုလည်း ကျွန်ုပ် တွေးမိလေသည်။ သူပြောသည့်စကားကို စဉ်းစားဆင်ခြင်ကြည့်လိုက်သောအခါ သူ၏စိတ်နှလုံးထဲတွင် အတိတ်နိမိတ်များ ပေါ်နေသလားဟူ၍ အောက်မေ့ရလေသည်။ အိမ်ထောင်သားမွေး မပြုလိုသည့် ကျွန်ုပ်၏ဆန္ဒကို သူသိရှိသွားပုံရသည်။ ကျွန်ုပ်ကို တဏှာပေမကင်းသည့် လူတစ်ယောက်ဟု ထင်သွားဟန်လည်းတူသည်။ ကျွန်ုပ်တို့ တစ်ယောက်နှင့်တစ်ယောက်ဗွေမယူဘဲ ခွင့်လွှတ်နိုင်လောက်အောင် နားလည်နေကြပြီဖြစ်သည့် ယခုလိုအချိန်၌ ကိုယ်ကို၏ အခန်းထဲသွားပြီး ကျွန်ုပ် မိမိ၏အတိတ်ဇာတ်လမ်းကို အိတ်သွန်ဖာမှောက် အဘယ်ကြောင့် ဖွင့်ဟပြောပြခြင်း မပြုလုပ်နိုင်ရမှာနည်း။ နောက်တစ်ကြောင်းမှာလည်း ဤလေးစားမြတ်နိုးအပ်သည့် မိန်းကလေးသည် အလွန်တရာ စိတ်ရင်းကောင်းသူ၊ ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ သူ့ကို အသိမပေးဘဲ တိတ်တဆိတ် ခိုးကြောင် ခိုးဝှက်နှင့် ထွက်ပြေးသွား၍ တော်ပါမည်လား။

ဝတ်ရုံစန့်အောင်ဆန့်ပြီးလျှင် ကျွန်ုပ်အိမ်အောက်ထပ်သို့ ခပ်ဖြည်းဖြည်း ဆင်းလာလေသည်။ စကြ်ာလမ်းသို့ ရောက်သွားသောအခါ ဗျပ်စောင်းသံကို ကြားရလေသည်။ သံစဉ်ရှစ်မျိုးရှိသော အမေ၏ ဗျပ်စောင်းကို ကိုယ်ကို တီးနေသည်ဆိုသည်ကို ကျွန်ုပ် ချက်ချင်းသိသွားသည်။ ကိုယ်ကိုသည် 'နွေဦး၏ ပွင့်မာလာ' သီချင်းကို အလွန်တရာနှစ်သက်လေသည်။ **'အနီရောင် ဖယောင်းတိုင်များ တောက်လောင်ရာ ဖြစ်သော၊ ရပ်နေသည့် လူများနှင့်အတူ ငိုကြွေးနေသော ငွေရောင်အုတ်ခုံအဖြူပေါ်၌ ယခုလို တော်တော်ရှည် မိုးမလင်းနိုင်သည့် ရှည်လျားလှသော ညဥ့်ကာလတစ်လျှောက်ငယ်'**



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် သီချင်းသားသို့ ရောက်လာသောအခါ ကြိုးကြိုးနှစ်ချောင်းသည် အိုးနင်းခွက်နင်း ဖြစ်သွားလေသည်။ သံစဉ် ရပ်သွားပြီးလျှင် ရှေ့မတိုးတော့ပေ။ စောင်းတီးနေသူ၏ ပုလဲမျက်ရည်များ စီးကျသောကြောင့် စောင်းကြိုးများ စိုစွတ်သွားပြီး သံစဉ်မမှန် ဖြစ်သွားပုံ ရလေသည်။

ကျွန်ုပ် ပြတင်းပေါက်တံခါးဝနား ရောက်သွားသည်။ ထိုနေရာ၌ အသံမကြားအောင် တိတ်တိတ်ကလေးရပ်နေစဉ် ညီမလေး အသံ ကြားလိုက်ရလေသည်။

'မမ မနက်က ချုပ်နေဟာ ပြီးသွားပြီလား'

ကိယိုကိုက သက်ပြင်းတစ်ချက်ချပြီး ပြန်ပြောသည်။

'ဆာဘူရှိအတွက် လည်စည်းချုပ်ကြည့်တာလေ၊ ဒါပေမယ့် အပြီးမသတ်သေးပါဘူး။ နောက်ရက်တွေ အများကြီးချုပ်လည်း အပြီးသတ်နိုင်မှာ မဟုတ်သေးပါဘူး၊ မမက အလုပ်တစ်ခုလုပ်ရင် သိပ်နှေးတာပဲ'

ညီမလေး အိပ်ရာ မဝင်သေးသဖြင့် ကျွန်ုပ်လှည့်ပြန်တော့မည် လုပ်လေသည်။ သို့သော်လည်း ညီမလေးအား ကိယိုကိုက မျက်ရည်စိမ့်ယိုထားသော ကြေကွဲဝမ်းနည်းဖွယ်အသံဖြင့် မေးလိုက်သည်ကို ကြားလိုက်ရလေသည်။

'မမတို့ မောင်တစ်ယောက် တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာ နေ့ရက်အတော်ကြာပြီ၊ သူ့မျက်နှာကြည့်လိုက်ရင် ဘယ်တော့မှ ရွှင်ရွှင်လန်းလန်း မရှိဘူး၊ အဲဒါ ဘာဖြစ်လို့လဲ၊ ညီမလေးများ သိသလား'





'ဘာကြောင့်လည်းဆိုတော့ ကျွန်မလည်းမသိဘူး၊ ဒီကနေ့ပဲ ကျွန်မ မြင်လာခဲ့သေးတယ်၊ အစ်ကို သူ့အခန်းထဲမှာ တစ်ယောက်တည်း ငုတ်တုတ်ထိုင်ပြီး ငိုနေတယ်၊ အကြောင်းမရှိဘဲနဲ့တော့ အစ်ကို ဒီလို ဖြစ်မနေဘူးထင်တယ်၊ ကျွန်မ သိပ်စိုးရိမ်တာပဲ၊ ဒါပေမယ့် ဒီအကြောင်း အမေ့ကိုပြောမပြရဲဘူး၊ အစ်ကို့ကို ဘယ်လိုချော့မော့နှစ်သိမ့်ရမယ်ဆိုတာ ကျွန်မကို သင်ပေးပါလား မမ'

ကိယိုကို ပြန်ပြောသည်။

'မမလည်း ဘယ်လိုမှ မလုပ်တတ်ဘူး၊ မမတို့ အိမ်ပြန်တဲ့အထိ စောင့်ကြည့်ရမှာပဲ၊ မမတို့မောင် မမတို့နဲ့အတူ လိုက်လာအောင် မမ ကြိုးစားကြည့်မယ်၊ ညီမလေးကလည်း မမကြိုးစားတာ အောင်မြင်အောင် ဝိုင်းကူညီရလိမ့်မယ်၊ ဟာကိုနေ ရောက်သွားတဲ့အခါကျတော့ သူ့ကို ပျော်အောင်လုပ်ဖို့ နည်းလမ်းတစ်ခုမဟုတ်တစ်ခု ရှာမတွေ့ဘဲနေမှာ မဟုတ်ပါဘူး၊ မမတို့ရဲ့မောင် မမတို့အိမ်ကို လိုက်လာလိမ့်မယ်၊ အဲဒီအခါကျတော့ ညီမလေးက ညီမလေးအစ်ကို မပျင်းအောင် ညီမလေး အစ်ကိုနဲ့ စကားပြောနေပေါ့၊ အဲဒါ တကယ်ကြီးကျယ်တဲ့ တကယ်ထိရောက်တဲ့ အကူအညီမဟုတ်ပေဘူးလား၊ အခုတစ်လော သူ့မျက်နှာ ညှိုးနေတာ ညီမလေး မြင်တယ်မဟုတ်လား၊ ညီမလေးကို မမ တစ်ခု မေးမယ်၊ ညီမလေးရဲ့အမေ ဖြစ်ဖြစ်၊ မမရဲ့အမေ ဖြစ်ဖြစ်၊ ဒါမှ မဟုတ်ရင်လည်း ညီမလေးတို့ရဲ့ အစ်မဖြစ်ဖြစ် ဆာဘူရှိကို ဘာများသွားပြောသလဲ၊ ညီမလေးသိသလား၊ သူတို့က ဆာဘူရှိကို တစ်ခုခု လုပ်ဖို့များ အကြံဉာဏ်ပေးကြသလား'

'ကျွန်မတော့ ဘာမှ မကြားမိဘူး မမ'

ညီမလေးက ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယိုကိုသည် ထွေထွေထူးထူးမပြောတော့ပေ။ သို့ရာတွင် တစ်အောင့်လောက် ကြာသွားသောအခါ သက်မတစ်ချက် ချလျက် ညည်းတွားလေသည်။

'သူ မနှစ်သက်တာကို မမ တစ်ခါမှမလုပ်ခဲ့ရိုးအမှန်ပါ၊ မမဟာ လူပါးလူနပ်အထဲကလည်း မဟုတ်ပါဘူး၊ ဒါနဲ့တောင်မှ သူက မမကို ဘာကြောင့် ပစ်ပစ်ခါခါ လုပ်ထားတယ် မသိဘူး'

ထို့နောက် သက်ပြင်းတစ်ချက်ချပြီး ဆက်ပြောပြန်လေသည်။

'တောင်းပြီ၊ နက်ဖြန်အထိ မမ စောင့်လိုက်ဦးမယ်၊ နက်ဖြန်ကျမှ ဆာဘူရိုကို အကျိုးအကြောင်းထပ်မေးကြည့်မယ်'

ကိုယိုကို၏အသံသည် တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။ အလွန်တရာ ကြေကွဲဝမ်းနည်းနေပုံရသည်။ ထို မိန်းမပျို့အချောအလှ၏ အချစ်သည် ကျွန်ုပ်အား အရှိန်အဟုန်ပြင်းစွာ စိတ်လှုပ်ရှားစေခဲ့သည်။ ကျွန်ုပ်၏ စိတ်နှလုံးသည် ရေခဲတုံးလိုဖြစ်နေသည်။ ဝမ်းနည်းပက်လက် ဖြစ်နေသည်။ ကျွန်ုပ်၏အရှိုက်နှင့် ကျွန်ုပ်၏မျက်ရည်ကို ကျွန်ုပ် ဖိတ်ပင်ခြင်းငှာ မစွမ်းနိုင်တော့။ အခန်းထဲ ပြန်သွားပြီး ဝတ်ရုံကို မလဲဘဲအိပ်ပစ်လိုက်လေသည်။

□



၁၉

နေ အရှက်ကျင်း၍ အလင်းသို့ ရောင်ခါနီးလာသောအခါ ကျွန်ုပ်သည် ပေါ့ပါးသွက်လက်သွားသည်။ အခက်အခဲ အကျပ်အတည်းနှင့် စိတ်ညစ်စရာများမှ ရုတ်တရက် လွတ်မြောက်သွားပြီဟုလည်း ကိုယ့်ကိုယ်ကိုယ် ထင်မိလေသည်။ မိမိ၏ စိတ်နှလုံးအတွက် ငြိမ်းချမ်းမှုတွေ့ပြီဟု အနာဂတ်အတွက် လမ်းစဉ်ကို ချမှတ်လိုက်လေသည်။ မျက်နှာသစ်ပြီး စာရေးစားပွဲတွင် ထိုင်လိုက်သည်။ စာရေးသည့် စုတ်တံကို ကိုင်ပြီးတစ်ခဏမျှ ငိုင်နေမိသေးသည်။ သို့သော်လည်း စိတ်ကိုတင်းလျက် အောက်ပါစာကို ရေးချလိုက်လေသည်။

*ချစ်ခင်မြတ်နိုးလှတဲ့ ကိုယိုကို*

*ကိုယိုကိုနှင့် ကျွန်တော် ထာဝစဉ်သာ ခွဲခွာကြရတော့မယ်။ ကျွန်တော်ဟာ သာသနာ့ဝန်ထမ်းခင်ကြီးတစ်ပါးဖြစ်တယ်။ ရက်ပေါင်းသုံးဆယ်ကြာမျှ စမ်းသပ်စစ်ဆေးရတဲ့ ခင်ကြီးဘဝရဲ့ ပဏာမအစစ်*



www.burmeseclassic.com

www.burmeseclassic.com



ဆေးအစမ်းသပ်ကို ကျွန်တော်ခံပြီးပါပြီ။ ကျွန်တော်ဟာ မာတုဂါမနှင့်အတူ တစ်မိုးတစ်ယံတည်းမှာ တစ်အိမ်တည်းမှာ မနေအပ်မနေရသူ ဖြစ်နေပါပြီ။

ကိုယိုကို၏ ချစ်မေတ္တာဟာ နက်ရှိုင်းလှပါတယ်။ ကြင်နာမှုအပြည့် ရှိနေပါတယ်။ ကိုယိုကို၏ စိတ်နေသဘောထားဟာ မိုးတိမ်အလားမြင့်မားလှပါတယ်။ ကျွန်တော်ဟာ သစ်သားတုံးလည်း မဟုတ်ပါဘူး၊ ကျောက်တုံးလည်းမဟုတ်ဘူး။ ကိုယိုကိုရဲ့ ကြင်နာယုယမှုအပြည့်ရှိတဲ့ အပြုအမူများကို ကျွန်တော် ကြံ့ကြံ့ခံနိုင်စွမ်းရှိတယ်လို့ ဘယ်လိုလုပ်ပြောလို့ ဖြစ်ပါမည်လဲ။ ဂြိုဟ်ဆိုး နက္ခတ်ဆိုးအချိန်ကာလမှာ မွေးဖွားလာရတဲ့ ကျွန်တော်ဟာ ဒီကမ္ဘာပေါ်မှာပြော မပြနိုင်လောက်တဲ့ ဆင်းရဲဒုက္ခတွေကို ခံစားခဲ့ရပြီပါပြီ။

ကျွန်တော်၏ဘဝလို မရေရာ မသေချာတဲ့ ဒုက္ခမျိုးစုံကြုံတွေ့နေရတဲ့၊ ရွာရိုးကိုးပေါက် လျှောက်သွားနေရတဲ့ ဘဝအတွက်ကြောင့် ကိုယိုကို၏ တည်ငြိမ်အေးချမ်းနေရတဲ့ ဘဝပျက်စီးသွားမှာ ကျွန်တော် မဖြစ်စေလိုဘူး။ ယနေ့ ကျွန်တော်လက်ထဲမှာ ခင်ကြီးများကိုင်ဆောင်တဲ့ တောင်ဝှေးရှိနေပြီ။ ကျွန်တော်ဟာ အရပ်တကာ လှည့်လည်သွားလာနေတဲ့ ခင်ကြီးဘဝ ရောက်နေပြီ။

အိမ်က ယခုလို ရှောင်တခင်ထွက်ခွာသွားရတဲ့ အတွက် ကျွန်တော်အနေနဲ့ အမေနှင့်အရီးကို





နှုတ်ဆက်ချိန် မရတော့ပါဘူး။ ကိုယိုကိုက အခြေအနေရှင်းလင်းပြောပြပြီး သူတို့၏ သားမိုက်အတွက် ပူဆွေးသောကရောက်မနေကြဖို့ ဖျောင်းဖျနားချပေးစေချင်ပါတယ်။ ကျွန်တော်၏ အမေနှင့် အရီးတို့ဟာ အားရှိစေတဲ့ အစားအစာများကို စားပြီးချမ်းအေးတဲ့ ရာသီဥတုမှာ နွေးထွေးတဲ့ အဝတ်အစားကိုဝတ်ပြီး ကျွန်တော့်အပေါ် ကြင်နာထောက်ထားမှုပြုကြစေလိုပါတယ်။

ကိုယိုကို၏ မောင်တစ်ယောက်ဖြစ်တဲ့ ဆာဘူရှိဟာ မျက်ရည်တွေကြားထဲကနေပြီး သူ၏နှမ ကိုယိုကို ကိုလေးစားစွာဖြင့် နှုတ်ဆက်ခဲ့ပါတယ်။

စာကိုရေးပြီးသောအခါ ကျွန်ုပ်သည် ခရီးသွားအဝတ်ကိုလဲဝတ်လိုက်လေသည်။ စာကိုမူ ကိုယိုကို တမြန်နေ့က သစ်သီးထည့်ပြီး ကျွန်ုပ်ကိုပေးသည့် မြက်ခြောက်သေတ္တာငယ်ကလေးထဲမှာ တိတ်တိတ်ကလေး ထည့်ထားလိုက်လေသည်။ ကျွန်ုပ် ခွဲခွာသွားပြီးသည့်နောက်၌ သေတ္တာငယ်ကလေးထဲက စာကို ကိုယိုကို မုချတွေ့ရမည်ဟူ၍ ကျွန်ုပ် ယုံကြည်ထားသည်။

ကျွန်ုပ် အထုပ်အပိုး ပြင်လိုက်သည်။ ထို့နောက် နာရီကို လှမ်းကြည့်လိုက်သည်။ ခုနစ်နာရီ ထိုးနေပြီ။ နာရီက ကျွန်ုပ်အား ခပ်သုတ်သုတ် ခပ်မြန်မြန် ထွက်ခွာသွားရန် လှုံ့ဆော်နေသလို ထင်ရသည်။ ထိုအချိန်၌ ကျွန်ုပ်၏ အမေနှင့်အရီးသည် အိမ်ခန်းထဲ၌ ညီမလေး၏ အဝတ်အစားအတွက် ကြောင့်ကြစိုက်နေကြသည်။ ကိုယိုကိုလည်း အိမ်အောက်ထပ်မီးဖိုခန်းထဲ၌ ထမင်းချက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အိမ်ဖော်များနှင့်လည်းကောင်း အတူအလုပ်ရှုပ်နေသည်။ ဘယ်သူမှ ကျွန်ုပ်ကို သတိမပြုအားကြ။

တံခါးကို အသံမကြားအောင် ဖြည်းဖြည်းကလေးဖွင့်လျက် ခြေသံမကြားအောင် ကျွန်ုပ် တိတ်တိတ်ကလေး ထွက်လာခဲ့သည်။ ခြေလှမ်းအတော်ကလေး လှမ်းမိပြီးနောက် နောက်ဘက်ပြန်လှည့်ကြည့်လိုက်သည့်အခါ သုတ်သီးသုတ်ပျာနှင့် ကျွန်ုပ်နောက် ပြေးလိုက်လာသော ကီယိုကိုကို ရုတ်တရက် လှမ်းမြင်ရလေသည်။ သူ၏ ဆံစများကုပ်ပေါ်တွင် ပျံ့ဝဲနေသည်ကို တွေ့ရသဖြင့် သူဆံပင်ကို မဖြီးမသင်ရသေးဆိုသည့် အချက်ကို ကျွန်ုပ် သိရှိနားလည်သွားသည်။

ကီယိုကိုသည် ထိတ်လန့်တကြား လှမ်းအော်လေသည်။

'အစောကြီး ဘယ်သွားမလို့လည်း ဆာဘူရို၊ ညက ကျထားတဲ့ နှင်းခဲတွေ အရည်ပျော်မသွားသေးဘူး၊ အိမ်အပြင်ဘက် ဘာဖြစ်လို့ ထွက်ရတာလဲ၊ အိပ်ရာထစားဖို့ နံနက်စာလဲ အဆင့်သင့်ဖြစ်နေပြီ၊ ခဏကလေးတောင် မစောင့်ဘဲ ဘာဖြစ်လို့ ထွက်လာရတာလဲ'

ကျွန်ုပ် ကျိုးကန်းတောင်းမှောက် ဖြစ်သွားသည်။ ရုတ်တရက် ဦးထုပ်ကိုချွတ်ပြီး သူ့ကို အရိုအသေ ပေးလိုက်သည်။ ပြီးမှ ဆင်ဝှေ့ရန်ရှောင် ပြောမိပြောရာ ပြောလိုက်မိလေသည်။

'အခုတလော ကျွန်တော် ဘာဖြစ်တယ်မသိဘူး၊ မလုပ်ချင် မကိုင်ချင် ဖြစ်နေတယ်၊ ကီယိုကို ဘယ်လိုနေသလဲလို့ နံနက်တိုင်း အကဲခတ်ကြည့်ဖို့ သတိမရခဲ့ဘူး၊ ကျွန်တော် အဲဒီလို ဘာသိဘာသာ နေမိတဲ့အတွက် ကျွန်တော့်ကို ကီယိုကိုခွင့်လွှတ်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒီကနေ့ ကျွန်တော် ဖူဒိုမှာရှိတဲ့ ရှိရှိတာကို ဘုရားကိုဖူးလို့တဲ့ ဆန္ဒ ဖြစ်လာတယ်၊ နှင်းခဲတွေ အရည်မပျော်မီဖူးမှ ကောင်းလိမ့်မယ်





ထင်တယ်၊ ကျွန်တော့်အတွက် စိတ်ပူမနေနဲ့ပါနဲ့လို့ ကျွန်တော် ကီယိုကို ကို တောင်းပန်ပါတယ်'

ကီယိုကိုသည် ရှေ့သို့တိုးလာပြီးလျှင် ကျွန်တော့်ရှေ့တည့်တည့်တွင် ကပ်ပြီးရပ်လိုက်သည်။ ထို့နောက် စိုးရိမ်တကြီး ပြောလိုက်လေသည်။

'ဆာဘူရိုရဲ့မျက်နှာဟာ ဘာဖြစ်လို့ ဒီလောက်ဖျော့တော့နေရသလဲကွယ်၊ ဆာဘူရို နေလို့မကောင်းဘူးထင်တယ်'

သူ၏ ပြေပြစ်လှပပြီး နူးညံ့ပျော့ပျောင်းသော လက်ကလေးသည် ကျွန်ုပ်၏ နဖူးပြင်ပေါ်သို့ ရောက်လာသည်။ ထို့နောက် ကျွန်ုပ်၏လက်နှစ်ဘက်ကို ဆုပ်ကိုင်လိုက်လေသည်။

'ဆာဘူရို ကိုယ်တွေပူနေတယ်၊ အပြင်ထွက်ဖို့ စိတ်မကူးပါနဲ့တော့၊ အိမ်ပြန်ပြီး အိပ်ရာထဲမှာ အသာကလေးလှဲနေပါ၊ ဆာဘူရို အမေကို ကျွန်မ အကျိုးအကြောင်း ပြောပြလိုက်မယ်နော်'

သူ့ခမျာ ငိုသံပါကြီးနှင့် ဖြစ်နေရှာသည်။

သူ၏ ကြင်နာယုယမှုအတွ(ကြောင့်) ကျွန်တော် သူ့ကို ကျေးဇူးတင်မဆုံး ဖြစ်သွားသည်။

'ကျွန်တော့်နှမဟာ ကျွန်တော့်ကို သိပ်ဂရုစိုက်တာပဲနော်၊ ခေါင်းထဲမှာ နည်းနည်းကလေး မူးနောက်နောက် ဖြစ်နေတာတစ်ခုပါပဲ၊ တခြားကျွန်တော် ဘာမှမဖြစ်ပါဘူး၊ အပြင်ထွက်ပြီး နံနက်ခင်းလေကောင်းလေသန့် ရှူချင်လို့ပါ၊ ကျွန်တော်အပြင်ထွက်တာ မပိတ်ပင်ပါနဲ့ ကီယိုကို၊ နှစ်နာရီလောက်ကြာရင် ကျွန်တော် အိမ်ပြန်လာမှာပါ၊ ကီယိုကို စိတ်မပူပါနဲ့၊ စိတ်ချပြီး အိမ်ပြန်မှာသာ ပြန်ပါ'



www.burmeseclassic.com

www.burmeseclassic.com



ကီယိုကိုသည် သူ၏ ပိုးချည်နှင့်တူသော ဆံစများကို သူ့လက်ကလေးဖြင့်သပ်ပြီး နေသားတကျဖြစ်အောင် လုပ်ပေးနေသည်။ ကျွန်ုပ်ကို စကားပြန်မပြောဘဲ သက်မကိုသာလျှင် ညှင်းညှင်းကလေးချနေသည်။ တစ်အောင့်လောက်ကြာသွားသောအခါ သာယာချိုအေးသော အသံကလေးဖြင့် ပြောရှာသည်။

'အဲဒီလိုဆိုရင် ဆာဘူရို လမ်းလျှောက်သွားတဲ့နောက်ကို ကျွန်မကိုလည်း လိုက်ခွင့်ပြုပါလား'

အကျပ်အတည်းကြုံနေရပြီဖြစ်သော ကျွန်ုပ်၏နှုတ်မှ ထွက်မိထွက်ရာ ထွက်သွားသည်။

'ကီယိုကို ပင်ပန်းနေပါဦးမယ်၊ မလိုက်ပါနဲ့၊ ကျွန်တော့်ဘာသာ ကျွန်တော် သွားပါ့မယ်၊ စိတ်ပူစရာမရှိပါဘူး'

ကီယိုကိုသည် ကျေနပ်ပုံမရ။ ကျုလုကျဆဲ မျက်ရည်ကို ချုပ်တည်းလျက် ကျွန်ုပ်ကို စိုက်ကြည့်ပြီးလျှင် သက်မတစ်ချက် ချပြီး ပြောလေသည်။

'ကျွန်မ အပန်းမကြီးပါဘူး၊ ဆာဘူရိုကို စောင့်ရှောက်ရတဲ့ အတွက် အရိုးကြေကြေ အရေခန်းခန်း ကျွန်မ ဂရုမစိုက်ပါဘူး၊ ဒါလောက်ကလေး လမ်းလျှောက်ရတာနဲ့ ကျွန်မ ထိခိုက်မသွားနိုင်ပါဘူး၊ ကျွန်မ ပြောတာကို ဆာဘူရို ဆင်ခြေဆင်လက် အမျိုးမျိုးနဲ့ ငြင်းပယ်မပစ်ဘူးလို့ မျှော်လင့်ပါတယ်၊ တကယ်လို့ ကျွန်မတောင်းပန်တာကို ဆာဘူရို လက်ခံရင် ကျွန်မ ကိုယ့်ကိုယ်ကိုယ် ကုသိုလ်ကံထူးတယ်လို့ ယူဆရမှာပဲ'

သူ့ကို ဆန့်ကျင်ဘက်ပြန်ပြောရန်အတွက် ကျွန်ုပ် စကားလုံးရှာမရတော့။ အခိုက်အတန့်အားဖြင့် သူ့အလိုကို လိုက်လျောပြီး





သူနှင့်အတူ လမ်းလျှောက်သွားနေရလေသည်။ လမ်းတစ်လျှောက်တွင်ရှိသော နှင်းခဲနှင်းစိုင်များမှ ရောင်ပြန်သည် ကျွန်ုပ်တို့ မျက်လုံးထဲတွင် ဝင်းလက်တောက်ပနေကြသည်။ ခေါင်ရန်းပွင့်ရောင် ထနေသော ကီယိုကို၏ပါးပြင်ကို တစ်ချက်ခိုးကြည့်လိုက်သည်။ နှင်းခဲနှင်းစိုင်တို့၏ တောက်ပခြင်းနှင့် ရောစပ်ပေါင်းစုံနေသော သူ၏ပါးပြင်သည် အတုမရှိအလှဖြင့် ဝင်းပနေသည်။ ကျွန်ုပ်၏ စိတ်နှလုံးထဲက တည်ငြိမ်မှုသည် ထိုအလှ၏ ခိုးယူခြင်းကို ခံသွားရလေသည်။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်နှလုံးသည် တည်ငြိမ်သလိုလိုရှိနေရာမှ လှုပ်ခါယိမ်းယိုင်သွားလေသည်။ ကီယိုကိုသည် သူ၏ဖြူနုသော လက်ကလေးမြှောက်ပြီးလျှင် ကျွန်ုပ် အဖျားရှိန်ရှိသေးသလား မရှိတော့ဘူးလား ဆိုသည်ကို သိရှိရန် ကျွန်ုပ်၏နဖူးကို စမ်းနေပြန်လေသည်။

ကျွန်ုပ်တို့သည် ဒီရေကျပြီးစ ပင်လယ်ကမ်းခြေသဲသောင်ပြင်အငူစွန်းသို့ ရောက်သွားကြသည်။ ကီယိုကိုသည် သူ၏ မျက်ခုံးနှင့် မျက်တောင်ကို တစ်စုံတစ်ရာ စဉ်းစားနေသည့်ပုံ အောက်စိုက်ထားသည်။ ပထမဆုံး စတင်တွေ့တုန်းကထက် သူအတော်ကလေး ကြုံသွားသည်သည်ကို ကျွန်ုပ် သတိထားမိသည်။ ထို့ပြင် မျက်နှာကလည်း ငိုမဲ့မဲ့ဖြစ်နေသည်။ သူ့အတွက် ကျွန်ုပ် ဝမ်းနည်းမဆုံး ဖြစ်သွားသည်။ သူ၏ခါးကို ကျွန်ုပ် ဖက်လိုက်သည်။ သူ့ကို ခဏလောက် နားပါဦးဟု ပြောသည်။ သို့သော် သူသည် ကျွန်ုပ်ကို စကားပြန်မပြောဘဲ ဝေးကွာသီခေါင်လှသည့် လဟာပြင်ထဲသို့ ငေးမိငေးရာ ငေးကြည့်နေလေသည်။ သူ့ကိုယ်နှင့် ကျွန်ုပ်ကို မှီပြီး လှလည်းလှ၊ နူးညံ့သည်းနူးညံ့၊ ခြောက်သွေ့လည်း ခြောက်သွေ့နေသော သဲပြင်ပေါ်တွင် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်၊ ထိုခဏ၌ ကျွန်ုပ်သည် ကြည်နူးသလိုလို ဖြစ်လာပြီးလျှင် စိတ်နှလုံးလည်း တည်ငြိမ်သွားလေသည်။ ကျွန်ုပ်၏ကိုယ်တွင် အဖျား သွေးလည်း မရှိတော့ပေ။ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီးဟူ၍ ကိုယ့်ဟာကိုယ် ထင်မိလေသည်။ သို့သော်လည်း စကားကိုမူ တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟပြောမပြမိပေ။ သူနှင့်အတူ ထိုင်ရှုံသာ ထိုင်နေသည်။ ကီယိုကိုသည် တစ်စတစ်စ စိတ်သက်သာမှုရလာသလိုလို ထင်ရသည်၊ ပြီးပြက်ဝင်းလက်နေသော ပင်လယ်လှိုင်းလုံးများရှိရာသို့ ငေးမျှော်ကြည့်ရှုနေသည့် သူ၏မျက်နှာတွင်မူ ပူဆွေးဝမ်းနည်းသည့် အရိပ်အယောင် ပေါ်နေတုန်းပင် ရှိသေးသည်။

ကျွန်ုပ်၏ လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ပြီးလျှင် ကီယိုကိုက ဝမ်းနည်းကြေကွဲသော အသံဖြင့် ပြောလိုက်လေသည်။

'ဘာဖြစ်လို့ ဒါလောက် မှိုင်နေရတာလဲ ဆာဘူရို၊ ကျွန်မ တစ်ခုပြောမယ်၊ ကျွန်မပြောတာကို ကိုယ်နဲ့မဆိုင်တာ ဝင်ရှုပ်တယ်လို့များ ဆာဘူရို ထင်မလားတော့ မသိဘူး၊ တစ်နေ့က ဟောင်ကောင်ကပို့လိုက်တဲ့ စာအိတ်တစ်အိတ် ဆာဘူရို ရတယ်မဟုတ်လား၊ အဲဒီ စာအိတ်ထဲမှာ ပန်းရောင်စာရေးစက္ကူပေါ်မှာ အင်္ဂလိပ်လို လက်မှတ်ရေထားတဲ့ စာတစ်စောင်ပါလာတယ်၊ အဲဒီစာမှာ မစ္စစ်ရောဘတ်လို့ လက်မှတ် ရေးထိုးထားတာ တွေ့ရတယ်၊ အဲဒီ စွဲမက်စရာမိန်းမပျို ဟာ ဘယ်သူ့သားသမီးလဲဆိုတာ ကျွန်မ မသိရဘူးလား၊ သူ့ လက်ရေး ကလေးတွေဟာ မြင်ရတဲ့ သူကိုစွဲမက်အောင် ဖန်တီးနေကြတယ်လို့ ကျွန်မထင်တယ်၊ တကယ်လို့သာ အဲဒီ မိန်းကလေးဟာ တရုတ်စာကို ရေးတတ်မယ်ဆိုရင် ထက်ပတ္တာရေးနည်း ရေးဟန်မျိုးနဲ့ ရေးတဲ့နေရာမှာ အတော်ဆုံး အသာဆုံးဖြစ်လာနိုင်တယ်၊ မစ္စစ်ရောဘတ်ခေါ်တဲ့ အဲဒီ





မိန်းကလေးဟာ ကျွန်မရဲ့ဆာဘူရိုကို ဒါလောက်တမှိုင်မှိုင်တထွေထွေ ဖြစ်နေရတဲ့ အခြေအနေထိ ရောက်လာအောင် စက္ကူပေါ်မှာလက်ဝဲ ဘက်ကနေ လက်ယာဘက်ကို တွားသွားနေတဲ့ ပုစွန်လုံးပုံစံ အက္ခရာ စာလုံးတွေနဲ့ ဘယ်လိုများ ရေးလိုက်တယ် မသိဘူး၊ ဆာဘူရိုဟာ ချယ်ရီပန်းပွင့်နဲ့တူတဲ့ ကံမကောင်းရှာတဲ့ အဲဒီမိန်းကလေးရဲ့ ဘဝပေါ်မှာ အကြင်နာ အသနားတွေ ပိုနေတယ်လို့ပဲ ကျွန်မတော့ ထင်တာပဲ၊ အဲဒီမိန်းကလေးနဲ့ ဆာဘူရို ဘယ်လိုဆက်သွယ်မှု ရှိနေတယ်ဆိုတာ ကျွန်မကို အခု ပြောမပြနိုင်ဘူးလား ဆာဘူရို'

ကြေကွဲဝမ်းနည်းဖွယ် ဆို့နင့်သောအသံဖြင့် ခပ်အုပ်အုပ် ခပ်တိမ်တိမ်ပြောလိုက်သော ကီယိုကို၏စကားကို မမျှော်လင့်ဘဲ ကြား လိုက်ရသောအခါ ကျွန်တော် ဘာမှပြန်မပြောနိုင်တော့ဘဲ နှုတ်ခမ်းကို ချုပ်နှင့် ပိတ်ထားလိုက်သလို ဖြစ်သွားလေသည်။

ကီယိုကိုက သူ့စကားကို ဆက်ပြန်သည်။

'ဆာဘူရိုရဲ့နှုတ်ခမ်းကို ရှေးကရွှေရုပ်ထုသုံးခုရဲ့ နှုတ်ခမ်းလို ဘာဖြစ်လို့ စေ့နေအောင် အပ်နဲ့ချုပ်ထားရတာလဲ၊ အဲဒီမက်မော စရာမိန်းမပျိုရဲ့အကြောင်း ကျွန်မကို နည်းနည်းကလေးတောင်မှ ပြောမပြနိုင်ဘူးလား'

ကျွန်ုပ် နှုတ်ပိတ်နေ၍ မရတော့ပေ။ သူ့ကို အမှန်အတိုင်း ဖွင့်ဟ ပြောပြလိုက်လေသည်။

'မိန်းကလေးက မက်ဒရစ်သူပါ၊ သူ့အဖေက ကျွန်တော့် ကျေးဇူးရှင်ဆရာ'

ကျွန်ုပ်၏ ရှင်းလင်းပြောပြချက်ကို ကြားရသောအခါ ကီယိုကိုသည် မျက်လုံးကလေးကလယ်ကလယ် ဖြစ်သွားသည်။ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



တုန်ရင်ခုန်ဖြစ်သွားသည်။ အတော်ကလေး စိတ်လှုပ်ရှား သွားပုံရလေသည်။ ပထမတွင် သူ့ထင်မြင်ချက်ကို ဖွင့်မပြောဘဲ ဆုတ်ဆုတ်ဆိုင်းဆိုင်း လုပ်နေသည်။ ပြီးမှ ပြောလေသည်။

'တစ်တမ္ဘာလုံးမှာရှိနေတဲ့ အလှတွေကို ကျော်လွှားသွားတဲ့ တောက်ပတဲ့ အလှပိုင်ရှင်ဟုတ်တယ်မဟုတ်လား၊ ဆာဘူရို တစ်ယောက် ဘယ်မှာ မေ့ရက်နိုင်ပါမလဲနော်'

ယင်းသို့ ခနဲ့ပြီးသောအခါ ကိယိုကို၏ ချယ်ရီသွေး နှုတ်ခမ်းနီကလေးသည် ဟလျက်သားလေး ဖြစ်နေရှာသည်။ သူ့မျက်လုံးကိုမူ ကျွန်ုပ်ဘက် လှည့်ထားသည်။ ကျွန်ုပ်၏ နှလုံးသားအတွင်းရှိ အချစ်လမ်းကြောင်း ဘယ်ဘက်ဦးလှည့်နေသနည်းဆိုသည်ကို အကဲခတ်သည့်ပုံမျိုးဖြင့် ကြည့်နေသည်။ ကိယိုကို၏ နွဲ့နှောင်းသော ကိုယ်ကလေးကို ကျွန်ုပ် တိတ်တခိုး ကြည့်လိုက်သည်။ သူ့ကိုယ်ကလေးသည် ယခင်ကထက် အတန်ငယ် ကြုံလှီနေသည်။ ရုတ်တရက် သူ၏ အကင်းပါးလှသော မျက်လုံးကလေးသည် နီရဲလာပြီး မျက်ရည်တွေ စီးကျတော့မလို ဖြစ်လာသည်။ သူ စိတ်လှုပ်ရှားလာသည် ဆိုသည်ကိုလည်းကောင်း၊ ထိုခဏ၌ သူ၏ နှလုံးသားအတွင်း၌ အချစ်လှိုင်းတံပိုးများ အထပ်ပေါင်းတစ်သောင်း ပြည့်ကျပ်မို့မောက်နေသည် ဆိုသည်ကို လည်းကောင်း ကျွန်ုပ် နှလုံးသားထဲက သဘောပေါက်သွားသည်။ ကျွန်ုပ်သည် ကျော်လွှားဖို့ရန် မလွယ်သည့် အကျပ်အတည်း အခက်အခဲထဲတွင် ညှပ်ပူးညှပ်ပိတ် ဖြစ်နေလေသည်။ သူ့ကို ဘယ်လို ပြန်အဖြေပေးရပါလိမ့်။ ကျွန်ုပ် ကြံရာမရ ဖြစ်သွားသည်။ သို့သော်လည်း တစ်အောင့်လောက် ကြာသွားသောအခါ မျက်နှာပိုးသတ်ပြီးလျှင် ကျွန်ုပ် သူ့ကို ပြောလိုက်သည်။





'ကိယိုကို ကျွန်တော့်ကို ခွင့်လွှတ်စေချင်တယ်၊ ကျွန်တော်ဟာ စိတ်မချမ်းမသာဖြစ်နေတဲ့ လူတစ်ယောက်ဆိုတာ ကိယိုကို သိဖို့ကောင်းတယ်၊ ကိယိုကို ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလိုမေးခွန်းတွေ မေးမေးနေရတာလဲ၊ အမှန်က ကျွန်တော့်နှလုံးသားထဲမှာ တဏှာပေမကို တောင့်တမျှော်လင့်တယ်ဆိုတာ မရှိတော့ဘူး၊ ကျွန်တော်စိတ်မကောင်းဖြစ်နေတာဟာ ကိယိုကို ထင်တဲ့အကြောင်းကြောင့်မဟုတ်ဘူး၊ လူ့လောကရဲ့ ဆင်းရဲဒုက္ခမှန်သမျှကို အူမချေး ခါးမကျန် ခံစားပြီးပြီဖြစ်တဲ့အတွက် ဒီကနေ့ကျွန်တော် လောကီလူ့ဘောင်နဲ့ သံယောဇဉ်တွယ်တာ ကပ်ငြိတ်လိုတဲ့ ဆန္ဒ မရှိတော့ဘူး၊ ကျွန်တော့်နှမက ကျွန်တော့်အကြောင်းကို မသိသေးလို့ ယုန်ထင်ကြောင်ထင် ဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်'

ကိယိုကိုသည် သူ၏အင်္ကျီလက်ရှည်ကို လှုပ်ယမ်းပြီးလျှင် မျက်နှာကိုအုပ်၍ ရှိုက်ကြီးတငင် ငိုလေတော့သည်။

'အဲဒီလိုဆိုရင် ကျွန်မကို သူစိမ်းတစ်ရံလို အနှောင့်အယှက်အဖျက်အဆီးလို မြင်နေတော့မှာပေါ့နော်၊ ကျွန်မ အဲဒီအကြောင်းကို ဘယ်မှာ သိပါမလဲ ဆာဘူရို'

တစ်အောင့်လောက် ကြာသောသွားအခါ ကိယိုကိုသည် တစ်ချက်ရှိုက်လိုက်ပြီး သူ့စကားကို ဆက်ပြန်သည်။

'ဆာဘူရို ရှင့်နှလုံးသားဟာ ဘယ်ဆီရောက်နေတာလဲ၊ ရှင့်နှလုံးသားကို ပိုင်တာဘယ်သူလဲ၊ ရှင့် နှလုံးသားဟာ ဟိုမိန်းမလှမိန်းမချောလေးဆီ ရောက်နေတယ် မဟုတ်လား၊ နို့မဟုတ်ရင် ကျွန်မအမေနဲ့ ရှင့်အမေရဲ့ လိုအင်ဆန္ဒကို ရှင် ခါးခါးသီးသီး ယခုလို ငြင်းပယ်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ကြားရသောအခါ ကျွန်ုပ်သည် အတန်ကြာမျှ စိတ်မချမ်းမသာ ဖြစ်နေလေသည်။ သူ၏နှလုံးသားကို နောက်ထပ် ထိခိုက်နာကျင်အောင် ကျွန်ုပ် မလုပ်ဝံ့တော့ပေ။ ကျွန်ုပ်၏ အခြေအနေသည် 'ထက်ပိုင်းကျိုးသွားသည့် ကြာရိုးကြာစွယ်တွင် အပိုင်းတစ်ပိုင်းနှင့် ကျန်အပိုင်းတစ်ပိုင်းကို သွယ်တန်းထားသည့် အမြှေးအမျှင်ကလေး ကျန်ရှိနေသေးသည်'ဟူသော ဆိုရိုးစကားနှင့်အညီ ဖြစ်နေသည် မဟုတ်ပါလား။ ထို့ကြောင့် ကျွန်ုပ်သည် မိမိ၏သောကပိုးချည်မျှင်ကြိုးကို ဖြတ်တောက်ပြီးလျှင် ကီယိုကိုအားနှစ်သိမ့်ဖျောင်းဖျရလေသည်။

'ကီယိုကိုရဲ့ မောင်တစ်ယောက်ဟာ အခုလို ခြိမ်းခြောက်သလို ပြောမိတဲ့စကားကို ဘယ်မှာ တကယ်လက်တွေ့အကောင်အထည် ဖော်နိုင်မလဲ၊ ကျွန်တော်ပြောတဲ့စကားတွေဟာ အားလုံးကျိစားပြီးပြောတဲ့ စကားတွေသာ ဖြစ်ပါတယ်၊ ကျိစားပြီးပြောတဲ့ စကားတွေကို ကီယိုကိုက အလေးအနက်ထားပြီး ကျွန်တော့်ကို ဘာလုပ်ရဘာကိုင်ရမှန်းမသိတဲ့ အခြေအနေမျိုးရောက်သွားအောင် ဘာဖြစ်လို့လုပ်ရတာလဲ၊ အမှန်က တခြားမဟုတ်ဘူး။ ကျွန်တော့်ရဲ့ နှလုံးသားချည်ခင်ဟာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်၊ ဒါကြောင့် ကျွန်တော် ပြောမိပြောရာ ပြောနေခြင်း ဖြစ်တယ်၊ ကျွန်တော့်ကို အသည်းထဲအူထဲက ချစ်တယ်ဆိုရင် ကီယိုကို ကျွန်တော့်ကို အပြစ်မယူဘူးလို့ မျှော်လင့်ပါတယ်၊ ကျွန်တော့် အနေနဲ့လည်းပဲ ကီယိုကိုကို ကျေးဇူးတင်လို့ ဆုံးတော့မှာ မဟုတ်ပါဘူး၊ ကိုယ့်မောင်လေးကို ခွင့်လွှတ်မယ် မဟုတ်လား ကီယိုကို'





ကျွန်တော့် စကားကိုကြားရသောအခါ ကီယိုကိုသည် ဝမ်းနည်းဝမ်းသာ ဖြစ်နေလေသည်။ ကျွန်ုပ်ပခုံးပေါ် သူ့ဦးခေါင်းကို မှီတင်လိုက်လေသည်။ ထုတ်ဖော်ပြောပြလိုသည့် စကားတစ်ခွန်းကိုလည်း သူ မျိုသိပ်ထားလိုက်လေသည်။

ကျွန်ုပ် သူ့ကို ပွတ်သပ်ပြီး ချော့မော့လိုက်လေသည်။

'ကဲ . . . စိတ်မကောင်းဖြစ်စရာ ဘာမှ မရှိတော့ပါဘူး၊ အိမ်ပြန်ကြရင် ကောင်းလိမ့်ထင်တယ်'

ကီယိုကို ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ သွက်လက်ဖျတ်လတ်စွာ ထရပ်ပြီးလျှင် ကျွန်ုပ်၏ လက်ကိုကိုင်ပြီး အနမ်းများဖြင့် ဖုံးအုပ်လိုက်လေသည်။

'ဆာဘူရို နောက်ကို သတိထားပါ။ ဘယ်ကိုသွားသွား ကျွန်မကိုခေါ်ဖို့ မမေ့ပါနဲ့၊ ကျွန်မ ရှင်နဲ့အတူလိုက်မယ်၊ ရှင်နဲ့အတူ သွားနေရရင် ကျွန်မပျော်တယ်၊ ဒီကနေ့မနက် ရှင်တစ်ယောက်တည်း ထွက်လာတာ တစ်ဘက်သားဘယ်လောက်စိတ်ထိခိုက်သွားတယ် မှတ်သလဲ'

ကျွန်ုပ် ရှက်ခြည်းပင် သူ့ကို ပြန်ပြောလိုက်လေသည်။

'ကီယိုကို ပြောတဲ့စကားကို ကျွန်တော် တလေးတစား နားထောင်ပါတော့မယ်'

ကီယိုကိုသည် သက်တံရောင် ခရုခွံကလေးတစ်ခုကို ကုန်းကောက်ပြီးလျှင် ခရုခွံကလေးကိုမြှောက်မြှောက် ကစားနေလေသည်။ ထို့နောက် သဲပြင်ပေါ်တွင် တစ်ခါတည်း ပစ်ချလိုက်လေသည်။ သူ ထူးထူးခြားခြား ဝမ်းသာအားရဖြစ်နေပုံရသည်။ ကျွန်ုပ်တို့ နှစ်ယောက် ဘေးချင်းယှဉ်လျှောက်လာကြသည်။ ကောင်းကင်ပြင်သည် ရှုတ်တ



www.burmeseclassic.com

www.burmeseclassic.com



ရက် မျက်မှောင်ကြုတ်သလို ဖြစ်သွားသည်။ အုံ့မှိုင်းသော မိုးသားတိမ်လိပ်များ တက်လာသည်။ နှင်းမိုးရွာချတော့မည်ပုံ ပေါ်နေသည်။

သို့သော်လည်း ရွာချသည့်အဆင့်အထိမူ ရောက်မလာ။ လမ်းမပေါ်၌ ခြေကျင်လျှောက်သွားနေသူတစ်ဦးတစ်ယောက်မျှ မတွေ့ရ။ ကိယိုကိုသည် လမ်းလျှောက်နေရင်း ဟင်းခနဲ သက်ပြင်းချလိုက်ပြန်လေသည်။

ကျွန်ုပ် ထိတ်ခနဲ ဖြစ်သွားပြန်လေသည်။ သူ့ကို မမေးဘဲ မနေနိုင်တော့ပေ။

'ဘာဖြစ်လို့ သက်ပြင်းချနေရပြန်သလဲ ကိယိုကို'

'မဆိုစလောက်ပဲဖြစ်ဖြစ် ဆာဘူရို စိတ်ညစ်နေတယ်ဆိုရင် ကျွန်မရဲ့နှလုံးသားက အများကြီး ဝမ်းနည်းပက်လက် ဖြစ်နေတယ် မှတ်ပါ'

'ကျွန်တော့်ရဲ့ တစ်ခုတည်းသော တောင့်တမျှော်လင့်ချက်ကတော့ ကျွန်တော့ နှမတစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေရဖို့ပါပဲ'

စကားတပြောပြောနှင့် ကျွန်ုပ်တို့သည် တောင်ခြေရှိ လူမနေသော တဲတစ်တဲအနီး ရောက်လာကြသည်။ ထိုနေရာမှာ ကျွန်ုပ်တို့၏အိမ်နှင့် သိပ်မဝေးတော့ပေ။ ကျွန်ုပ် ခြေလှမ်းရပ်လိုက်ပြီး ကိယိုကို ကို ပြောလိုက်သည်။

'ကိယိုကို အိမ်အရင်ရောက်အောင်ပြန်ပြီး အဘွားကြီးနှစ်ယောက်ကို ကျေနပ်အောင် ပြောထားနှင့်ရင် မကောင်းဘူးလား ကျွန်တော်သစ်သား တံတားအောက်ဆင်းပြီး ညီမလေးဖို့ ခရုခွံလှလှကလေးတွေ နည်းနည်းကောက်လိုက်ဦးမယ်၊ သိပ် မကြာပါဘူး မိနစ်နှစ်ဆယ်လောက်ဆိုရင် အိမ်ပြန်လာခဲ့ပါမယ်၊ ကျွန်တော့်ကို တမျှော်မျှော်လုပ်နေရင်တော့ ကိယိုကို ကို ကျွန်တော် ဒုက္ခပေးရာ ရောက်နေလိမ့်မယ်၊ ကျွန်တော့်ကို မျှော်မနေနဲ့၊ ကျွန်တော် ပြန်လာခဲ့ပါမယ်'



'ဆာဘူရို ပြောတာမှန်တယ်၊ ကျွန်မ အိမ်ကိုအရင် သွားနှင့်မယ်၊ ဒါမှ ဆာဘူရိုအတွက် နံနက်စာ ကြိုတင်ပြင်ဆင်ထားခိုင်းဖို့ အချိန်ရမယ်'

ကိယိုကိုသည် ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်ပြီး ဦးညွှတ်နှုတ်ဆက်လိုက်သည်။

'ခပ်စောစော ပြန်လာခဲ့နော် ဆာဘူရို၊ ညီမလေးနဲ့ ကျွန်မ ဆာဘူရို ပြန်မရောက်မချင်း စောင့်နေမှာပဲ၊ ဆာဘူရို ရောက်လာမှပဲ ကျွန်မတို့လဲ ဆာဘူရိုနဲ့အတူတူ နံနက်စာ စားကြမယ်၊ ဒီကနေ့ည ကျွန်မတို့ နှင်းခဲတွေပေါ်မှာ ဖြာကျနေတဲ့ လရောင်ကို ကြည့်ကြမယ်နော်'

ကိယိုကို၏ နူးသော၊ ကြည်သော၊ အေးသော နှင်းရောင်ဖွေးဖွေးလက်ကလေးကို ကျွန်ုပ်ငုံ့ကြည့်လိုက်သည်။ လက်ဖမိုးပေါ်၌ အကြောစိမ်းစိမ်းကလေးတွေ မပီမသ သန်းနေကြသည်။ ကျွန်ုပ် ရုတ်တရက် မခွဲနိုင် မခွာရက်ဖြစ်နေသည်။ သို့သော်လည်း စိတ်ကို တင်းလိုက်သည်။

'ကျွန်တော့်ကို အခုလို အရိပ်တကြည့်ကြည့်နဲ့ ကြောင့်ကြစိုက်နေတဲ့အတွက် ကျွန်တော့်နှမကို ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး'

❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

လှပကြော့ရှင်းပြီး ယဉ်ကျေးသိမ့်မွေ့စွာ လျှောက်သွားနေသော ကိယိုကို၏ ခြေလှမ်းများကို မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်ရှုနေပြီးနောက် ကျွန်ုပ် သက်ပြင်းတစ်ချက်ချလျက် 'နူးညံ့ပျော့ပျောင်းတဲ့အချစ် ချည်မျှင်များဟာ လူတွေကို တင်းတင်းကျပ်ကျပ် ရစ်ပတ်နေကြပါကလား'ဟူ၍ တစ်ကိုယ်တည်း ညည်းမိလေသည်။

ထို့နောက်တွင်မူ ကျွန်ုပ်သည် မို့မောက်ပြည့်ကျပ်နေသော အချစ်လှိုင်းတံပိုးများကို တွန်းလှန်ဖယ်ရှားပစ်ရန် ရှိသမျှအင်အားကို အသုံးပြုလိုက်ရလေသည်။ တောင်ခြေဘက်ချိုးပြီး သုတ်ခြေတင်လေတော့သည်။ အတန်ငယ် သွားမိသောအခါ လန်ချားအလွတ်တစ်စီးကို တွေ့ရလေသည်။ လန်ချားပေါ်တက်စီးပြီး လန်ချားသမားကို ဘူတာရုံသို့ တန်းသွားရန် ပြောလိုက်လေသည်။ မီးရထားလက်မှတ်ဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် မီးရထားလည်း ဘူတာရုံမှ စတင်ထွက်ခွာလေသည်။





နှစ်ရက်နှင့်နေ့တစ်ဝက်အကြာတွင် နာဂါဆာကီသို့ ရောက်လာသည်။ ထိုမှတစ်ဖန် အင်္ဂလိပ်သင်္ဘောတစ်စင်းစီးပြီး အနောက်ဘက်သို့ ခရီးထွက်လာခဲ့သည်။ ထိုအချိန်၌ ကျွန်ုပ်သည် နောက်ကြောင်းကို အကြီးအကျယ် ပြန်လည်တသအောက်မေ့လွမ်းဆွတ်လာလေသည်။ ကိယိုကိုက ကျွန်ုပ်ကို အမှတ်တရပေးထားသောစာများနှင့် အထိမ်းအမှတ်ပစ္စည်းများကို ကျွန်ုပ် ပင်လယ်ရေနက်ထဲအပြီးတိုင် ပစ်ချလိုက်လေသည်။ မိမိနှလုံးထဲတွင် ခံစားနေရသောဝမ်းနည်းပူဆွေးခြင်းနှင့် စိတ်ဆင်းရဲခြင်းတို့သည်လည်း ဤပင်လယ်လှိုင်းထဲမှာပင် မြုပ်ကွယ်သွားကြပြီဟူ၍ ကျွန်ုပ် ကိုယ့်ကိုယ်ကိုယ်ပြောမိလေသည်။

နောက်နှစ်ရက်ကြာသွားသောအခါ ရှန်ဟိုင်းသို့ သင်္ဘောဆိုက်လေသည်။ ကျွန်ုပ် ချက်ချင်းမြို့ထဲသွားပြီး ခင်ကြီးများ ဝတ်ရုံသည့် သင်္ကန်းကို ဝယ်ယူလျက် ဝတ်ရုံသင်္ကန်းကို လဲ ဝတ်လိုက်လေသည်။ တည်ငြိမ်ကြွေရသွားပြီးဖြစ်သည့် ကျွန်ုပ်သည် ဝုလင်ဆီသို့ မျက်နှာမူလိုက်သည်။ 'အနောက်ရေကန်'၏အလှကို ရှုမြင်ခံစားလိုသည့် စိတ်ဆန္ဒ ကျွန်ုပ်တွင် အစဉ်ကိန်းအောင်းနေသည် မဟုတ်လား။ ယနေ့ ကျွန်ုပ်၏ဆန္ဒ ပြည့်ဝတော့မည်။ ထိုရေကန်အလှသည် ကျွန်ုပ်သွားရမည့် လမ်းခရီးတွင် ရှိနေသည်။ 'အနောက်ရေကန် ကမ်းပါးသို့ရောက်သွားသောအခါ ရှုခင်း၏ ငြိမ်းချမ်းသာယာခြင်းသည် ကျွန်ုပ်၏မျက်လုံးကို ဖမ်းစားထားလေသည်။ ဤနေ့တစ္ဆဝ လူလောကီဘုံဘဝ၏ စိတ်မချမ်းမြေ့စရာ မြူမှုန်များအထက်တွင် မြင့်တက်နေသောရှုခင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ် ဖရဲသီးခွံပုံသဏ္ဌာန် လှေသမ္ဗာန်တစ်စင်း ပေါ်တက်ပြီး မော်ချိယဖုသို့ သွားသည်။

မော်ချိယဖုသို့ ရောက်သွားသောအခါ လှေသမ္ဗာန်ပေါ်က ဆင်းလျက် အိပ်ရာလိပ်နှင့်တခြား အတိုအထွာပစ္စည်းများကို ထမ်းပြီး ဆက်သွားရာ 'ခင်ကြီးရိပ်သာ'ဘုန်းကြီးကျောင်းသို့ ရောက်လာလေသည်။ ထိုရိပ်သာအကြောင်းကို ကဗျာဆရာ ဆန်ချိမင်းက 'ဝိဟာရ အဆောက်အအုံသည် တန်ခိုးထက်မြက်သည့် အနန္တပင်လယ်ပြင်၏ အထက်က နေ၏အပေါ်တွင် ထီးထီးမားမား တည်ရှိနေသည်၊ ဝိဟာရ၏ တံခါးသည် ချောကိုင်ပြည်နယ်က မြစ်ချောင်းတို့ ရှေးရှု နေသည်'ဟူ၍ ဖွဲ့နွဲ့ထားဖူးသည်။ ကျွန်ုပ် ကျောင်းတိုက်တံခါးမှ ဖြတ်လျက် ဧည့်သည် အာဂန္တုများကိုကြိုဆိုဧည့်ခံသည့် ခန်းမသို့ လာခဲ့လေသည်။ ဝန်စည်စလယ်ကို ခန်းမအပြင်ဘက် လက်ဝဲဘက်တွင် ချထားလျက် လက်ယာဘက်သို့သွားပြီးလျှင် စကားပုံထဲက ဟသ်ာငှက်လို မလှုပ်မယှက်ရပ်နေလေသည်။

အချိန်အတော်ကလေး ကြာသွားပြီးမှ ဧည့်သည် အာဂန္တု များကို ဧည့်ခံကြိုဆိုသည့် ဘုန်းကြီးတစ်ပါး ထွက်လာပြီးလျှင် 'အရှင်ဘုရား ဘယ်က ကြွလာပါသလဲ'ဟူ၍ ကျွန်ုပ်ကို မေးလေသည်။

'တပည့်တော်ကန်တုန်က လာတာပါဘုရား'

ကျွန်ုပ်၏ အဖြေစကားကိုကြားရသောအခါ ထိုရဟန်းသည် ကျေနပ်သွားပုံရလေသည်။

'ကန်တုန်က အတော်ကြွယ်ဝတဲ့ ဒေသပဲ'

'ကျွန်ုပ်သူ့ကို ခွန်းတုံ့ပြန်မပြောဘဲ ကျွန်ုပ်၏ဝတ်ရုံထဲ တောင့်စမ်းမြောက်စမ်း လုပ်ပြီးလျှင် ဝတ်ရုံထဲက မိမိ၏ ဘုန်းကြီး





လက်မှတ်ကတ်ပြားကို ထုတ်ယူလျက် သူ့ကိုပြလိုက်လေသည်။ ကျွန်ုပ်၏ သက်သေခံ လက်မှတ်ကို အသေအချာ စစ်ဆေးကြည့်ရှုပြီးလျှင် ထိုအာဂါသိကရဟန်းသည် ကျွန်ုပ်အား အပန်းဖြေနားနေရန် ကျောင်းအပေါ်ထပ်ရှိ 'တောင်ခန်း'သို့ ခေါ်သွားသည်။ အပေါ်ထပ်ရှိ ဆယ်ပေလေးထောင့်ခန်းဖြစ်၍ ကျွန်ုပ်အတွက် အဆင်ပြေလိမ့်မည်ဟု ကျွန်ုပ်တွက်ဆမိလေသည်။ အခန်းထဲတွင် အုတ်နီညှိညှိအနည်းငယ်မှတစ်ပါး တခြား ဘာပစ္စည်းမှမရှိပေ။

သက်သတ်လွတ်အစားအစာများကို ကျွန်ုပ်တို့ စားသောက်ပြီးသောအခါ မှောင်ရီသန်းလာသည်။ ကျွန်ုပ်ချက်ချင်း အိပ်ရာဝင်သည်၊ အုတ်ချပ်ကို ခေါင်းအုံးလုပ်ပြီး အိပ်လေသည်။ သို့ရာတွင် ညဥ့်နက်သန်းခေါင် ရောက်လာသောအခါ ရုတ်တရက် လန့်နိုးပြီး နောက်ထပ် အိပ်မပျော်တော့ပေ။ အဆောက်အအုံထဲတွင် အသံများကို ကြားနေရသည်။ အသံများမှာ တိုးတိုးသာသာမဟုတ်၊ ဆူဆူညံညံ အသံများဖြစ်လေသည်။ ကျွန်ုပ် ထိတ်လန့်တုန်လှုပ်သွားသည်။ တစ္ဆေသရဲများ ခြောက်နေကြသလားဟု သံသယဝင်လာသည်။ ကြက်သီး တဖြန်းဖြန်း ထလာပြီးလျှင် ကျွန်ုပ်သည် သိုးမွေးစောင်ကို ဦးခေါင်းပါ မကျန်ခြုံလျက် မျက်စိမှိတ်ထားလိုက်လေသည်။ တုတ်တုတ်မျှ မလှုပ်ရဲပေ။ သို့သော်လည်း တစ်ကိုယ်လုံး ချွေးပြန်လာလေသည်။ ရေနှင့်ပက်ဖြန်းထားသည့်အတိုင်း ဖြစ်နေသည်။ ကုန်နိုင်ခဲသည့် ညဥ့်ကာလအတောအတွင်းစကားဖြင့် ထုတ်ဖော်မပြောပြနိုင်လောက်အောင်ပင် ကျွန်ုပ် ဒုက္ခခံနေရလေသည်။

ကောင်းကင်တွင် ရောက်ခြည်သန်းလာသည်နှင့် တစ်ပြိုင်နက် လေးလေးနက်နက် မြည်ဟည်းလာသော ခေါင်းလောင်းသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရလေသည်။ အိပ်ရာထဲက လူးလဲထလာပြီး အိပ်ရာမှ နိုးနေပြီး ဖြစ်သည့် ရဟန်းတချို့ကို ကျွန်ုပ် အကျိုးအကြောင်းမေးကြည့်သည်။ ကျောင်းအဝေါ်ထပ်တွင် ရှဉ့်တွေ အများအပြားရှိကြောင်း၊ တခွေ ခြောက်သလို အသံများမှာ ရှဉ့်များ၏အသံဖြစ်ကြောင်း၊ အမွှေးတိုင်နှင့် ဆီမီးလာပူဇော်သူများသည် ရှဉ့်များ၏ ဆူဆူညံညံအသံကို နာနာဘာဝများ၏ အသံဟု အောက်မေ့ပြီး အထိတ်တလန့် ဖြစ်သွားကြကြောင်းများကို အိမ်ရှင် အာဝါသိကရဟန်းတချို့၏ ပြောပြချက်အရ သိရှိနားလည်သွားသည်။

နံနက်ပိုင်း ဝတ်ပြုပြီးသောအခါ ကျောင်းထိုင်ဘုန်းတော်ကြီးသည် ကျွန်ုပ်ထံလာပြီး အကြောင်းကြားသည်။

"မောင်ပဉ္စင်းက အဝေးကလာတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါကြောင့် မောင်ပဉ္စင်းအနေနဲ့ နံနက်တစ်ချိန်၊ ညနေတစ်ချိန်ဓမ္မာရုံထဲမှာ ဝတ်လိုက်တက်ဖို့ မလိုပါဘူး၊ ဒါပေမယ့် မောင်ပဉ္စင်းအပြင်ဘက်မှာ တံမြက်စည်းလှည်းရလိမ့်မယ်၊ သစ်ရွက်ခြောက်တွေကို တစ်နေရာမှာ စုပုံပြီး မီးရှို့ပစ်ရတဲ့ တာဝန်ကို မောင်ပဉ္စင်းယူပါ'

'အရှင်ဘုရားညွှန်ကြားတာကို တပည့်တော်လိုက်နာဆောင်ရွက်ပါ့မယ်'

ကျွန်ုပ်က ပြန်ကြား လျှောက်ထားလိုက်လေသည်။

မွန်းလွဲပိုင်းရောက်သောအခါ ကျောင်းထိုင်ဘုန်းကြီးသည် 'နွေဦးကျောင်းဆောင်'ခြံဝင်းရှိ မြက်ခြောက်များကို ခုတ်ထွင်ရှင်းလင်းပစ်ဖို့ရန် အမိန့်ပေးပြန်လေသည်။ ယင်းသို့အားဖြင့် ကျွန်ုပ်သည် ငါးရက်ကြာမျှ ရွှင်လန်းချမ်းမြေ့စွာ နေထိုင်လာခဲ့သည်။ ကျွန်ုပ်၏ အခြေအနေမှာ အတော်ကလေး နေသားတကျ ဖြစ်သွားသည်။





ဝမ်းနည်းပူဆွေးစရာများပေါ်မလာတော့ပေ။ လောကီလူ့ဒုက္ခများနှင့် ကြောင့်ကြဗျာပါရများ ကျွန်ုပ်၏ အနားသို့မလာကြတော့ပေ။ ကျွန်ုပ်လေတိုက်သံကို နားထောင်နေသည်။ လမင်းကို ကြည့်သည်။ လက်တွေ့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ကျွန်ုပ်၏ စိတ်ကူးယဉ် အတွေးအခေါ် အားလုံးသည် သုညထဲတွင် ပျောက်ကွယ်တိမ်မြုပ်သွားကြပြီ။ သို့သော် ကျွန်ုပ် သည်းသည်းမခံနိုင်သည့် အချက်တစ်ချက်ရှိနေသည်။ ဤနေရာသည် 'အနောက်ရေကန်ဒေသတစ်ခုလုံး၏ အလှဆုံးအသာယာဆုံး'နေရာဌာန ဖြစ်သည့်အတွက် အရာရှိအရာခံ သူတန်းစားများသည် ငါးသိုင်းအုပ်ကဲ့သို့ သွားချည်လာချည် လုပ်နေကြပြီးလျှင် ငြိမ်းချမ်းသာယာပြီး ဖြူစင်သန့်ရှင်းသော ခကျောင်းနယ်နိမိတ်တွင် ကိလေသာခြေရာချင်းထပ်နေအောင် လုပ်နေကြသည်။ ယင်းစိတ်မချမ်းမြေ့စရာ အဖြစ်အပျက်မှာ ခံရပ်နိုင်ဖွယ်မရှိသည့် အဖြစ်အပျက်ဖြစ်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၂၃

ထူးထူးထွေထွေ ဘာမှလုပ်စရာမရှိအောင် တစ်နေ့ ကျွန်ုပ်သည် 'နွေဦးဗိမာန်'ကို ကြည့်ရှုရန်ထွက်လာခဲ့သည်။ 'နွေဦးဗိမာန်'သို့ ရောက်လာသောအခါ နံရံ၌ရေးပြီးခါစ စာတစ်ပုဒ်ကို သွားတွေ့သည်။ ရေးပြီးခါစ ဖြစ်၍ မင်ပင်မခြောက်သေးပေ။ ကျွန်ုပ်အနီးကပ်ပြီး ဖတ်ကြည့်လိုက်သည်။ စာမှာ 'အစိုးရရာထူး ဝယ်ယူခြင်း'နှင့် ပတ်သက်၍ သရော်ထားသော ကဗျာအဖွဲ့အနွဲ့များ ဖြစ်လေသည်။

စကားလုံး အသုံးအနှုန်း လှပသည်။ ဝေဖန်သရော် ထားပုံထိမိသည်။ ကဗျာတစ်ပုဒ်စီ တစ်ပုဒ်စီသည် အရာရှိတစ်ဦး၏ စိတ်နေသဘောထားကို ဖော်ပြထားသည်။ စိတ်မကောင်းစရာ အချက်တစ်ခုမှာ ကဗျာနောက်ဆုံးအပုဒ်ကို ဖတ်မရခြင်းဖြစ်သည်။ လေနှင့်မိုးကြောင့် အပိုဒ်အတော်များများ ပျက်နေသည်။





ထိုကဗျာအဖွဲ့များသည် နီးစပ်ရာ လူများအစိုးရရာထူး ရရှိနေကြပုံကို ဝေဖန်သရော်ထားသည့် ကဗျာအဖွဲ့များ ဖြစ်သည်။ စမ်းသပ်စစ်ဆေးသည့် စာမေးပွဲစနစ် မရှိတော့ပေ။ နိုင်ငံခြားက ပြန်လာသော ကျောင်းသားများအတွက် တရုတ်စာ တော်တော် မတော်တော် အစိုးရရာထူးများ အဆင့်သင့်ဖြစ်နေသည်။ အစိုးရရာထူးရရှိရေးအတွက် ဖြတ်လမ်းရှိနေသည်။ ယင်း အခြေအနေကို ထိုကဗျာအဖွဲ့များတွင် ဝေဖန်ရှုတ်ချထားသည်။

'နွေဦးဗိမာန်'မှ ပြန်ထွက်လာတော့မည့်ဆဲဆဲ ကျွန်ုပ်သည် အိတ်တစ်အိတ်ဆွဲပြီး ကျွန်ုပ်ထံ ဦးတည်လာနေသော ခင်ကြီးငယ်တစ်ပါးကို လှမ်းမြင်ရသည်။ ခင်ကြီးသည် အသက် ၁၆နှစ် ၁၇နှစ်အရွယ်လောက်သာ ရှိဦးမည်ဟူ၍ ခန့်မှန်းရလေသည်။ ကျွန်ုပ်အနီးကပ်လာသောအခါ ထိုခင်ကြီးသည် ကျွန်ုပ်ကို လက်အုပ်ချီပြီး အရိုအသေ ပြုလိုက်လေသည်။

'တပည့်တော်အတွက် ခေတ္တခဏတည်းခို နေထိုင်စရာနေရာကလေးများ မညွှန်ပြနိုင်ဘူးလား ဘုရား'

ခင်ကြီးငယ်ကို ကျွန်ုပ် ပြန်ပြောလိုက်သည်။

'နေရာရှိပါတယ်၊ လာ . . . အရှင်ဘုရားကို တပည့်တော် အာဂန္တုခန်းမထဲ ခေါ်သွားမယ်'

'ကျေးဇူးတင်ပါတယ် ဘုရား'

'အရှင်ဘုရားက ဘယ်က ကြွလာတာလဲ၊ အရှင်ဘုရားကို ကြည့်ရတာ တော်တော်ပင်ပန်းနွမ်းနယ်နေပုံရတယ်၊ ပေး အရှင်ဘုရားရဲ့အိတ်၊ တပည့်တော်ကူဆွဲပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးသည် အလွန်တရာ အားတုံ့အားနာ ဖြစ်နေသည့် အမူအရာနှင့် . . .

'တပည့်တော်အပေါ် အခုလို စေတနာထားတဲ့အတွက် အရှင်ဘုရားတို့ တပည့်တော် အများကြီး ကျေးဇူးတင်ပါတယ်၊ အရှင်ဘုရားပြောသလိုပါပဲ၊ တပည့်တော် အင်မတန် ပင်ပန်းနွမ်းနယ် နေပါတယ်၊ တပည့်တော် ဟူနန်က လာခဲ့တာပါ။ ဒေသ ဆယ်ဒေသမှာ ရှိတဲ့ ဘုရားကျောင်းတွေကို ဖူးမြော်ဝတ်ပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခရီးထွက်လာခဲ့တာပါ။ တပည့်တော်ရဲ့ အသွင်အပြင်ဟာ နွမ်းခြောက် ညှိုးရော်နေပေမယ့် တပည့်တော်ရဲ့ နှလုံးသားထဲမှာရှိနေတဲ့ နာကြည်းမှုကတော့ ပပျောက်ကင်းစင်သွားပါပြီ၊ ဒဏ်ရာဒဏ်ချက်တောင် မကျန်တော့ပါဘူး၊ တပည့်တော် ခါးခါးသီးသီး ခံစားခဲ့ရတဲ့ ဝမ်းနည်းကြေကွဲစရာတွေဟာ တပည့်တော်ရဲ့ စိတ်နှလုံးထဲမှာ ယခု မရှိတော့ပါဘူး'

□



၂၂

ခင်ကြီးငယ်သည် ထိုည ကျောင်းအပေါ်ထပ်တွင် ကျွန်ုပ်နှင့်အတူ အိပ်သည်။ သူ၏ ဝတ်ရုံသင်္ကန်းနှင့်တခြား အသုံးအဆောင် ပစ္စည်းများသည် အသစ်စက်စက်ပင် ရှိနေကြသေးသည်ကို ကျွန်ုပ် သတိပြုမိသည်။ ထို့ကြောင့် သူဦးပြည်းခေါင်းတုံးတုံးပြီး ဘုန်းကြီး ဝတ်သည်မှာ အချိန်ကြာသေးဟန်မတူဟူ၍ ကျွန်ုပ်တွက်မိလေသည်။ သူနှလုံးဝေဒနာခံစားနေရသည် ဆိုသည်ကိုလည်း သူ့ပုံပန်းသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် အကဲခတ်မိလေသည်။

သူ့အတွင်းရေးကို စောကြောလိုသဖြင့် သူ့ကို မေးလိုက်လေသည်။

'အရှင်ဘုရား၊ ဘုန်းကြီးလုပ်တာ ဘယ်လောက်ကြာပြီလဲ'

ကျွန်ုပ်မေးခွန်းကို ကြားရသောအခါ သူသည်အတန်ကြာမျှ တွေးတော စဉ်းစားနေလေသည်။ ပြီးမှ မရှင်မပျအမူအရာဖြင့် ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော် ဦးပြည်းခေါင်းတုံး တုံးပြီး ဘုန်းကြီးဘဝ ရောက်တာ တစ်လကျော်ကျော်လေးပဲ ရှိပါသေးတယ်၊ အရှင်ဘုရား တပည့်တော်အပေါ် စေတနာမေတ္တာထားပြီး ပြုမူဆက်ဆံတာကို တွေ့ရပါတယ်၊ အဲဒီအတွက် တပည့်တော် အရှင်ဘုရားကို ကျေးဇူး တင်လို့ မဆုံးတော့ပါဘူး၊ တပည့်တော် ဘာကြောင့် လောကီလူ့ ဘောင်ကို စွန့်ခွာပြီး သာသနာ့ဘောင် ရောက်လာရတယ်ဆိုတာ အရှင်ဘုရားကို ယခုဖွင့်ဟ ပြောပြပါတော့မယ်၊ တပည့်တော်ဟာ လောကဓံကို အပြင်းအထန် ခံခဲ့ရသူတစ်ယောက် ဖြစ်ပါတယ်၊ တပည့်တော် ငယ်ငယ်ကလေးတည်းက တပည့်တော်ရဲ့ မိဘနှစ်ဦးလုံး ကွယ်လွန်သွားကြပါတယ်၊ လောဘဇောထွက်နေတဲ့ တပည့်တော်ရဲ့ ဦးလေးက တပည့်တော်ကို တပည့်တော်တို့ရွာနဲ့ကပ်နေတဲ့ ရွာတစ်ရွာ က ငွေကြေးပြည့်စုံတဲ့ မိသားစုလက်ထဲ ရောင်းစားပစ်လိုက်ပါတယ်၊ အဲဒီ မိသားစုက တပည့်တော်ကို မွေးစားသားအဖြစ် အိမ်မှာ ထား ကြတယ်။

'အဲဒီမိသားစုအိမ်မှာနေလာခဲ့ရင်း တစ်နေ့ကျတော့ လေကြီး မိုးကြီး ပြင်းပြင်းထန်ထန် တိုက်ခတ်ရွာသွန်းတဲ့အတွက် ပတ်ဝန်းကျင် တစ်ခုလုံး အုံ့မှိုင်းနေပါတယ်၊ အဲဒီအချိန်မှာ တပည့်တော်လည်း ပျင်း ပျင်းရှိတာနဲ့ ပြတင်းပေါက်ဝမှာ ထိုင်ပြီး တန်မင်းဆက်ငါးဆက်ရဲ့ ကဗျာရှည်ကြီးကို ဖတ်နေပါတယ်၊ အဲဒီအခိုက်မှာ အိမ်နီးနားချင်း အိမ်က ပြတင်းပေါက်မှာ ဝတ်ကောင်းစားလှ ဝတ်စာဆင်ယင်ထားတဲ့ မိန်းကလေးတစ်ယောက်ကို မြင်ရတယ်၊ တပည့်တော်ဟာ သူ့ကို လှမ်း ကြည့်လိုက်တဲ့ အခါကျတော့ ယခုခေတ်တွေ့ရတဲ့ မိန်းကလေးတွေ ထဲမှာ အချောအလှအရာမှာ သူ့ကိုသာသူ မရှိဘူးလို့ ဆိုရလောက်





အောင်ပဲ တကယ်တမ်းချောတဲ့လှတဲ့ မိန်းကလေးတစ်ယောက် ဖြစ် နေတာကို တွေ့ရတယ်၊ လူ့လောက လူ့ရွာကိုဆင်းသက်လာတဲ့ နတ် သမီးလေးလိုပဲ ထင်ရတယ်။

'အစပထမကတော့ သူ့ကိုမြင်တွေ့ရပေမယ့် ဘာသိဘာသာ ပဲနေခဲ့တယ်၊ သူ့ကိုချစ်တဲ့ စိတ်မျိုးကိုယ့်နှလုံးထဲမှာ နေရာမပေးရဲခဲ့ ပါဘူး၊ ဒါပေမယ့် ဒီလိုနဲ့တစ်ယောက်နဲ့တစ်ယောက် မျက်မှန်း တန်းမိနေကြရင်းက တစ်နေ့ကျတော့ မျက်မှန်းတန်းမိနေကြရင်းက တစ်နေ့ကျတော့ အဲဒီမိန်းကလေးဟာ စာတစ်စောင်ရေးပြီး စာကို ပုစဉ်းတစ်ကောင်ရဲ့ ကိုယ်မှာကြိုးနီကလေးနဲ့ ခပ်လျော့လျော့ ချည်ပြီး တော့ ပုစဉ်းကို တပည့်တော်တို့ရဲ့ ပြတင်းပေါက်ထဲကို ရောက်လာ အောင် လွှတ်လိုက်တယ်၊ အိမ်နှစ်အိမ်ရဲ့ ပြတင်းပေါက်နှစ်ပေါက်ဟာ ခြောက်ပေလောက်ပဲ လှမ်းပြီး မျက်စောင်းထိုးကလေးရှိနေကြတယ်၊ ကျဉ်းမြောင်းတဲ့ချောင်းကလေးတစ်ခုက တပည့်တော်တို့နှစ်အိမ်ကို ခြားထားတယ်၊ သူ့စာကိုရတော့ တပည့်တော် အခေါက်ခေါက်အခါခါ ဖတ်ကြည့်တယ်၊ သူ့အလှဟာ တပည့်တော်ရဲ့ နှလုံးသားကို ဖမ်းစား ထားလိုက်ပါတယ်၊ သူ့စာထဲမှာ ဖော်ပြထားတဲ့ အချစ်အကြောင်းကို တပည့်တော် သိရတော့ တပည့်တော် မိုးမမြင်လေမမြင် ဖြစ်သွားခဲ့ ပါတယ်၊ နတ်သမီးလိုလှတဲ့ ဒီလို မိန်းကလေးတစ်ယောက်ရဲ့ မေတ္တာ အမျှခံရတဲ့ ငါ့လိုလူဇမ္ဗူမှာ ရှိသေးရဲ့လားလို့ တပည့်တော် ကိုယ့်ဟာ ကိုယ် ပီတိဖြစ်နေမိတယ်။

'အဲဒီအချိန်ကစပြီး တပည့်တော်စားလည်း သူ့စိတ်၊ အိပ် လည်း သူ့စိတ် ဖြစ်နေတော့တာပါပဲ၊ သူ့ကိုအစွဲလမ်းကြီး စွဲလမ်းနေ တယ်၊ တပည့်တော် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ဖို့ မရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပိုင်းကျတော့ သူနဲ့ တပည့်တော် ပြတင်းပေါက်က နေပြီး မနက်ပိုင်းနဲ့ညနေပိုင်းမှာ လစ်ရင် လစ်သလို တွေ့နေကြတယ်၊ ပြီးတော့ အဲဒီမိန်းကလေးက တပည့်တော်ကို လက်ဆောင်ပစ္စည်းတွေလည်း ပေးတယ်၊ စာလည်းပေးတယ်၊ သူ့မိဘတွေ ချောင်ချောင်လည်လည် မရှိတဲ့အကြောင်းနဲ့သူ့အဖေကလည်း အရွယ်တော်တော် ထောက်နေပြီဆိုတဲ့အကြောင်း တပည့်တော် သိရတဲ့အတွက် သူ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ တပည့်တော် သူ့ကို ငွေနဲ့လက်ဆောင်ပစ္စည်းတွေကို ရက်ရက်ရောရော ပြန်ပေးတယ်၊ အဲဒီလိုလုပ်တာဟာ တစ်ကြိမ်မကပါဘူး၊ အကြိမ်ပေါင်း အများကြီးပါပဲ။

'အဲဒီလိုနဲ့ တစ်နေ့ကျတော့ သူတပည့်တော်ကို ပန်းပွင့်ကလေးတွေ ပုံဖော်ပြီး အမွှေးနံ့သာထုံထားတဲ့ စုတ်တံဘူးကလေး တစ်ခု လက်ဆောင်ပေးတယ်၊ သူပေးတဲ့ ချစ်လက်ဆောင်အတွက် တပည့်တော် သူ့ကို စကားနဲ့ထုတ်ဖော်ပြောမပြနိုင်လောက်အောင်ပဲ ကျေးဇူးတင်သွားတယ်၊ အဲဒီတုန်းက တကယ်လို့သာ တပည့်တော် လက်ထဲမှာ ငွေကြေးအလုံအလောက်ရှိနေရင် သူ့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ တပည့်တော် သူ့ကိုလက်ဆောင် ပြန်ပေးနိုင်မှာ အမှန်ပဲ၊ ဒါပေမယ့် အဲ့ဒီတုန်းက တပည့်တော်ဟာ ရှက်စရာကောင်းလောက်အောင်ပဲ ဖြူခါပြာခါ ကျနေတဲ့အချိန် ဖြစ်နေတယ်၊ အဲဒါကြောင့် တပည့်တော်ဟာ တပည့်တော်တို့အိမ်မှာရှိတဲ့ အိမ်ဖော်တစ်ယောက်ဆီမှာ ငွေချေးကြည့်တယ်၊ တပည့်တော်တောင်းပန်တာကို သူရှောရှောရှူရှူ လိုက်လျောလိမ့်မယ်လို့ မထင်မိခဲ့ဘူး၊ တပည့်တော်ကို သူ ငွေချေးတယ်၊ ဒါပေမယ့် တစ်ဘက်လှည့်နဲ့ တပည့်တော်အကြောင်း တပည့်တော်ရဲ့ မွေးစားအဖေကို သွားတိုင်တယ်။





'နောက်တစ်နေ့ မနက်ကျတော့ တပည့်တော်ရဲ့ မွေးစားအဖေက တပည့်တော်ကို ကြိမ်းတော့တာပါပဲ၊ မင်းကို အရင်က ငါ ချစ်တယ်၊ ဒါပေမယ့် ငါ့အခု မင်းကိုမုန်းသွားပြီ၊ မင်းဟာ အသုံးမကျတဲ့ အကောင်တစ်ကောင် ဖြစ်လာပြီ၊ မင်းလိုဖောက်ပြန်တဲ့ အကောင်မျိုးအတွက် ငါ့အိမ်မှာ နေရာမရှိဘူး၊ မင်း ငါ့အိမ်က ထွက်သွားပါလို့ တပည့်တော်ကို နှင်ထုတ်ပစ်တယ်။

'အဲဒီလိုပြောပြီး သူ စာတစ်စောင်ရေးတယ်၊ အဲဒီစာကို တပည့်တော်ရဲ့ဦးလေးကိုသွားပေးရမယ်လို့ တပည့်တော်ကို ခိုင်းတယ်၊ စာကိုယူပြီးတပည့်တော်ကိုယ်နေတဲ့ အခန်းထဲဝင်လာတော့ မိန်းကလေးက မပွင့်တပွင့်အပြုံးနဲ့ ကြည့်နေတယ်။

'တပည့်တော် ကိုယ့်အကြောင်း သူ့ကို ဖွင့်ပြောပြလိုက်တယ်၊ ဒီကနေ့ ကျုပ်အဖေက ကျုပ်ကိုအိမ်က နှင်လိုက်ပြီ၊ တို့ နှစ်ယောက် တစ်နေရာမှာ တွေ့ကြဖို့ မင်းမစီစဉ်နိုင်ဘူးလား။

'တပည့်တော် ပြောတာကို ကြားသွားတော့ မိန်းကလေးဟာ အတော်ကလေး စိတ်မကောင်းဖြစ်သွားပုံရတယ်၊ မျက်နှာကလေး ညှိုးသွားတယ်၊ နှုတ်ခမ်းကလေး လှုပ်လာပြီး သူတပည့်တော်ကို ပြန်ပြောတယ်၊ ဒီကနေ့ည လမသာဘူး၊ လမိုက်ည၊ ည ဆယ့်တစ်နာရီလောက်မှာ လှေလှော်ပြီး ကျွန်မတို့ အိမ်နောက်ဖေးကို လာခဲ့ပါလား၊ ဘယ်နှယ့်လဲ၊ လာနိုင်မလား။

'ကျုပ် လာနိုင်ပါတယ်လို့ တပည့်တော်က ပြန်ပြောလိုက်တယ်၊ သူ့ အချိန်းအချက်ကို ရပြီးတဲ့နောက် ဘုရားသခင်က ငါ့အပေါ် ခစတနာအပြည့်အဝ ထားပါကလားလို့ တပည့်တော် ကိုယ့်ကိုယ်ကိုယ် အောက်မေ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်ရဲ့ ဦးလေးအိမ် တပည့်တော် ပြန်သွားတယ်။ ဦးလေးက တပည့်တော်ကို မေးတယ်၊ ငွေတွေကို မင်းဘာလုပ်ပစ်သလဲ၊ ငါ့ကို မှန်မှန်ပြောစမ်း၊ လောင်းကစားပစ်တာလား၊ ဒါမှမဟုတ် ပျက်စီးနေတဲ့ ကြမ်းပိုးတေလေ အပေါင်းအသင်းတွေ့နဲ့ သုံးဖြုန်းပစ်တာလား။

'တပည့်တော် အတတ်နိုင်ဆုံး လုပ်နိုင်တာကတော့ ဘာမှမပြောဘဲ နှုတ်ပိတ်နေလိုက်ခြင်းပါပဲ၊ ဦးလေးကို တပည့်တော် စကားတစ်ခွန်းမှ ပြန်မပြောဘူး၊ တကယ်လို့ အဖြစ်မှန်ကို ဦးလေးကိုပြောပြလိုက်ရင် မိန်းကလေးရဲ့ဂုဏ်သိက္ခာ ထိခိုက်နစ်နာသွားပြီး အဖတ်ဆည်မရအောင် အရှက်တကွဲ အကျိုးနည်း ဖြစ်သွားမှာ တပည့်တော် သိပ်စိုးရိမ် ထိတ်လန့်နေတယ်။

'တစ်အောင့်လောက်ကြာသွားတဲ့အခါကျတော့ ဦးလေးက သွား၊ မင်းနဲ့ လောင်းကစားလုပ်တဲ့လူကို ခေါ်လာခဲ့လို့ ခက်ထန်မာကျောတဲ့အသံနဲ့ ပြောပြန်တယ်။

'တပည့်တော် ရေငုံမြင့်နေတယ်၊ ဘာတစ်ခွန်းမှ ပြန်မပြောဘူး၊ တပည့်တော် ဘာတစ်ခွန်းမှ ပြန်မပြောလေ သူဒေါသပိုထွက်လေပဲ၊ နောက်ဆုံးကျတော့ ဘာမှပြောမနေတော့ဘဲ ပိုက်လုံးကြီးနဲ့ ရိုက်တော့တာပဲ၊ တပည့်တော် တစ်လက်မလေးတောင် မရွေ့ဝံ့ဘဲ သူရိုက်တာကို ခံနေရတယ်၊ ပါးစပ်ကလည်း အသံမထွက်ရဲဘူး။

'ညမှောင်ရီသန်းလာတဲ့ အခါကျတော့ တပည့်တော် အိမ်နီးနားချင်း အိမ်တစ်အိမ်က ငါးဖမ်းတဲ့ လှေကလေးတစ်စင်းကို တိတ်တိတ်ကလေး သွားယူတယ်၊ တပည့်တော်ရဲ့ ပခုံးက ဒဏ်ရာတွေဟာ မခံမရပ်နိုင်လောက်အောင် နာကျင်နေကြတယ်၊ ဒါပေမယ့် ဒီည





အချိန်းအချက်ပြုထားတဲ့အတိုင်း မသွားရင် ကတိပျက်ရာ ရောက်လိမ့်မယ်ဆိုတာကို တပည့်တော်တွေးမိတယ်၊ ဘယ်လောက်ပဲ ဝေဒနာခံစားနေရပေစေ တပည့်တော်ရဲ့ ဆုံးဖြတ်ချက်ကိုတော့ ပိတ်ပင်ဟန့်တားနိုင်မှာ မဟုတ်ပါဘူး၊ တပည့်တော်ရှိသမျှ အားကုန်ထုတ်ပြီး လှေနဲ့လှော်သွားတယ်၊ ကိုယ်လှော်တဲ့တက်သံကို ကိုယ်ပြန်ကြားနေရတယ်၊ နောက်ဆုံးကျတော့ မိန်းကလေးရဲ့ အိမ်နောက်ဖေးရောက်လာတယ်၊ တပည့်တော် ရောက်သွားတော့ ကိုးနာရီထိုးသံကြားနေရပြီ၊ တပည့်တော်အတော်ကလေး စိတ်အားတက်သွားတယ်၊ ပခုံးကဒဏ်ရာတွေ နာတာသတိမရတော့ဘူး၊ လှော်တက်ကို အိမ်ရဲ့ ခြံထောင့်တစ်ထောင့်မှာ အသာချထားလိုက်ပြီး တပည့်တော် အကြာကြီးစောင့်နေတယ်၊ ဒါပေမယ့် လူရိပ်လူခြည်ကို မမြင်ရဘူး၊ တပည့်တော် အကြီးအကျယ် စိတ်ပျက်သွားတယ်။

'ရုတ်တရက် မိုးသဲကြီးမဲကြီး ရွာချလိုက်တာ နောက်ထပ်ရွာချစရာ ရေမကျန်တော့လောက်အောင် ရွာချလိုက်သလိုပဲထင်ရတယ်၊ လှေကို ငှက်ပျောပင်အောက်မှာ ဆိုက်ထားပြီး တပည့်တော် မိုးထဲလေထဲမှာ ရပ်စောင့်နေတာ ညစောင့်တီးလိုက်တဲ့ နာရီစည်သံလေးချက် ကြားရတဲ့အထိပါပဲ၊ ဒါပေမယ့် ဘယ်သူမှ ပေါ်လာတာ မတွေ့ရပါဘူး။

'တစ်ခုခုတော့ ချွတ်ချော်နေပြီလို့ တွေးပြီး တပည့်တော်ရေထဲခုန်ချပစ်လိုက်တယ်၊ လောကကြီးတစ်ခုလုံးကို မေ့သွားပြီး တပည့်တော် ဘာဆိုဘာမှ သတိမရတော့ဘူး။ တဖြည်းဖြည်း သတိပြန်ရလာတဲ့အခါကျတော့ တပည့်တော်ရဲ့ ဘေးပတ်လည်မှာ ဝါးခြမ်းပြားကာရံထားတဲ့ ခြံစည်းရိုးနဲ့ သက်ကယ်တဲလေးတစ်တဲကို တွေ့ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတဲတလေးဟာ တံငါသည်တစ်ဦးရဲ့ တဲကလေးဆိုတာ တပည့်တော်သိရတယ်၊ အဘိုးကြီးတစ်ယောက်နဲ့ အဘွားကြီးတစ်ယောက် တပည့်တော်ဘေးမှာ ထိုင်နေကြတယ်၊ သူတို့တပည့်တော်ရဲ့ ရင်ဘတ်ကို လက်နဲ့အသာစမ်းနေကြတယ်၊ တပည့်တော် သတိပြန်ရလာတာ တွေ့ရတော့ သူတို့ အကြီးအကျယ် အားရဝမ်းသာဖြစ်သွားကြတယ်။

'တပည့်တော် တအံ့တသြဖြစ်သွားပြီး သူတို့ကိုမေးလိုက်တယ်၊ ကျွန်တော့်အသက်ကို အဘနဲ့အဘွားတို့ ကယ်ကြတယ်ထင်တယ်၊ ဒီလူ့လောကထဲပြန်ရောက်လာတာကျွန်တော့်အတွက် ဦးခေါင်းမဖော်ရဲလောက်အောင်ပဲ ရှက်စရာကောင်းပါတယ်။

'အဘွားကြီးက ပြန်ပြောတယ်၊ ငါ့သားရယ် ဘာဖြစ်လို့ ဒီလို မင်္ဂလာမရှိတဲ့ စကားတွေကို ပြောရတာလဲ၊ ပစ္စုပ္ပန်ကို ငါ့သား လျစ်လျူရှုထားလိုက်၊ ဘာမှ ပြောမနေနဲ့တော့၊ ငါ့သားစိတ်ချမ်းသာအောင်သာနေ၊ ငါ့သားကို ဘုရားသခင်က စိတ်အေးချမ်းသာပြီး ဒုက္ခဟူသမျှ ကင်းဝေးသွားအောင် စောင်မကြည့်ရှုပါလိမ့်မယ်၊ ငါ့သား သေတံ မရောက် သက်မပျောက်ဘဲ အခုလို သတိပြန်ရလာတာ အဘွားတို့ ဝမ်းသာလို့ မဆုံးတော့ဘူး။

'အဘွားကြီးရဲ့ ကြင်နာမှုအပြည့်ရှိတဲ့စကားကို ကြားရတော့ တပည့်တော် မျက်ရည်ကျမိတယ်၊ မိမိ တွေ့ကြုံရင်ဆိုင်လာရတဲ့ အတိတ်ကံက အကြောင်းကို တပည့်တော် အဘိုးကြီးနဲ့ အဘွားကြီးကို ဖွင့်ပြီးပြောပြလိုက်တယ်။

'အဘွားကြီးက မညီမညာ မသေမသပ်ဖြစ်နေတဲ့ သူ့ရဲ့ ဖွေးဖွေးဖြူနေတဲ့ ဆံပင်များကိုလှုပ်ခါပြီးပြောတယ်၊ သားရဲ့ မိန်းကလေးလို ကိုယ့်စကားကိုယ် တန်ဖိုးမထားတဲ့ ကတိပျက်ကွက်တဲ့လူတွေ





ဒီလူ့လောကကြီးမှာ အများကြီးရှိတယ်၊ အဆန်းမဟုတ်တော့ဘူး၊ သား စိတ်မကောင်း ဖြစ်မနေနဲ့တော့၊ အခုကစပြီး ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ပြီးနေ၊ ရှေ့ ဘယ်လိုစခန်းသွားရမယ်ဆိုတာသာ အရေးကြီးတယ်။

'အဘိုးကလည်း အားပေးစကားပြောတယ်၊ အားမလျှော့နဲ့ သား၊ ခါးသီးတဲ့ သင်ခန်းစာတစ်ခု ရလိုက်တာ သားအတွက်အမြတ်ပဲ၊ အခု အချိန်ကစပြီး သား အဆင်ခြင်တရားနဲ့ ပြည့်စုံတဲ့လူတစ်ယောက် ဖြစ်လာဖို့ပဲ ရှိတော့တယ်။

'တပည့်တော် ဆက်မငိုတော့ဘူး၊ အဘိုးကြီးနဲ့ အဘွားကြီးကို ကန်တော့ပြီး တပည့်တော် ကိုယ့်အသက်သခင်ကျေးဇူးရှင်များကို နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်၊ သူတို့ဆီက ခွဲခွာသာလာခဲ့ရတယ်၊ ဘယ်လမ်း ဘယ်ခရီးသွားရမယ်ဆိုတာ တပည့်တော်မသိဘူး၊ တပည့်တော်ရင်ထဲမှာ ဝမ်းနည်းခြင်းနဲ့ နာကြည်းခြင်းများ ပွတ်သိပ်နေတယ်၊ မခံချင်စိတ်တွေလည်း တဖွားဖွားပေါ်နေတယ်၊ တပည့်တော် တခြား မသွားတော့ဘဲ ဟူနန်တောင်ကိုလာပြီး သက်န်းဝတ်လိုက်တယ်၊ တပည့်တော် အသည်းစွဲ ချစ်ခဲ့ရတဲ့သူက ပေးထားတဲ့ တပည့်တော် ခါးမှာ ဆွဲထားတဲ့ စုတ်တံဘူးကလေးကိုလည်း သစ်ပင်တစ်ပင်ရင်းမှာ မြေကြီးထဲ မြှုပ်လိုက်တယ်၊ အခုတော့ ကျယ်ပြန့်တဲ့ ကမ္ဘာလောကဟာ တပည့် တော်ရဲ့ရှေ့မှာ ပြန့်ပြူးတည်ရှိနေပါတယ်၊ ဒါပေမယ့် တဏှာပေမဆိုတာ ဘာကိုခေါ်တယ်၊ သောကဆိုတာ ဘာကို ခေါ်တယ်ဆိုတာ ခွဲခြားသိရှိတဲ့ အသိဉာဏ် မိမိမှာရှိနေပြီးလားဆိုတာ တပည့်တော် ကိုယ့်ကိုယ်ကိုယ် သံသယ ဖြစ်နေတုန်းပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



**ဟူနန်ခင်ကြီးပြောပြသော** ဇာတ်လမ်း၏အဆုံးကို ကြားရ**သောအခါ ကျွန်ုပ်လည်း မိမိ၏**အတိတ်က ဇာတ်လမ်းအဟောင်းကို ပြန်လည်သတိရလာလေသည်။ ကျွန်ုပ် အိပ်၍မရတော့ပေ။ မျက်စိ**ကြောင်နေသည်။** ကျွန်ုပ်၏ ရိဝေမှိုင်းမှုန်နေသော နှလုံးသားအတွင်းမှ **ကျွန်ုပ်၏** အမေ ကျွန်ုပ်ကို ပြစ်တင်ရှုတ်ချနေသည့် အသံကို ကြားယောင်လာလေသည်။ ကျွန်ုပ်၏နှလုံးသားသည် တုန့်ယှပ်ထိခိုက်သွားသည်။ မျက်ဝန်းထဲတွင် မျက်ရည် ပြည့်လျှံလာသည်။ မျက်တောင်ပေါ်တွင် မျက်ရည်များ လွှမ်းသွားသည်။ အိမ်ထောင်မှု လူ့ဘဝနှင့် ပတ်သက်သော အတွေးသည် လှိုင်းလုံးများပမာ ကျွန်ုပ်၏ စိတ်နှလုံးတွင် အရှိန်တက်လိုက် ကျလိုက်ဖြစ်နေသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်လူ့မမာဘဝ ရောက်သွားလေသည်။ အိပ်ရာထဲတွင်ပင် လဲနေသည်။ ဟူနန်ခင်ကြီးသည် ကျွန်ုပ်ကို နံနက်တစ်ချိန် ညတစ်ချိန် ဆေးတိုက်သည်။ အစာကျွေးသည်။ သူ့ကို ကျွန်ုပ် ကျေးဇူးအထူးတင်သွားပြီး ကိုယ့်ဟာကိုယ် မျက်ရည်များတောင် လည်မိသည်။ ယင်းသို့အားဖြင့် ဒုက္ခမျိုးစုံနှင့် အထုအနှက်ပေါင်းစုံကို ခံလာခဲ့ကြရသော ဟူနန်ခင်ကြီးနှင့် ကျွန်ုပ်သည် အခြေခံဘဝချင်းတူညီနေကြသည်ဖြစ်၍ နှစ်ကိုယ့်တစ်စိတ် ရောင်းရင်းအပေါင်းအဖော်များ ဖြစ်လာကြလေသည်။ နောက်ပိုင်းကျသောအခါ ဟူနန်ခင်ကြီးသည် ကျွန်ုပ်အတွင်းလှိုက်၍ ဝမ်းနည်းပူဆွေးနေရသည်များကိုလည်း သိရှိသွားသည်။ ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦးနှင့် တစ်ဦးအားပေးစကားပြောကြရသည်။ နှစ်သိမ့်ဖျောင်းဖျကြရသည်။ ထိုအချိန်မှစ၍ နောက်ပိုင်းတွင် ကျွန်ုပ်တို့ နှစ်ယောက်မခွဲ ကြတော့ပေ။





ကျွန်ုပ် အရက်နှစ်ဆယ်လောက် မမာမကျန်းဖြစ်နေသည်။ အရက်နှစ်ဆယ်ကျော်မှ တစ်တစ်စသက်သာလာသည်။ အားအနည်းငယ်ရှိလာသောအခါကျမှ တောင်ဝှေးထောက်ပြီး ကျောင်းအပြင်ဘက် စမ်းလျှောက်ရလေသည်။ ထိုအခါ ရေပြင်နက်ရှိုင်းရာမှ ထိုးထွက်လာသော ရောင်ပြန်သည် ကျွန်ုပ်၏ စက္ခုဒွါရသို့ ရောက်လာသည်။ ကြိုးကြားကြိုးကြားတွင် မြည်ဟည်းသောခေါင်းလောင်းသံလည်း ကျွန်ုပ်၏ သောတဒွါရသို့ ရောက်လာသည်။ ယင်း ရူပါရုံနှင့် သဒ္ဒါရုံတို့သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရိုးတွင်းခြင်ဆီထဲမှ လူ့လောကီတစ်ယောက်၏ ပူဆွေးကြောင့်ကြမှုများကို မောင်းထုတ်ပစ်လိုက်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## ၂

တစ်နေ့တွင် ကျောင်းတိုက်မှ တိုက်ကြပ်ဘုန်းတော်ကြီးသည် ကျွန်ုပ်ထံ ကြွလာပြီး ပြောလေသည်။

'နက်ဖြန်ခါ ချန်ယွမ်ပွဲတော် ကျင်းပကြလိမ့်မယ်၊ ဒီမြို့ထဲမှာ မီအိမ်ထောင်စုနေကြတယ်၊ သူတို့ ချန်ယွမ်ပွဲတော်ကျင်းပဖို့ စီစဉ်နေကြတယ်၊ ကျုပ်တို့ကျောင်းကို ပွဲတော်ကိစ္စကြွရောက်ချီးမြှင့်ပေးဖို့ ပင့်ဖိတ်ထားတယ်၊ အဲဒါ ကျောင်းထိုင်ဘုန်းတော်ကြီးက ကျုပ်ကို မီအိမ်ထောင်စုရဲ့အိမ်ကြွရမယ်လို့ အမိန့်ချမှတ်ထားတယ်၊ ကျောင်းထိုင် ဘုန်းတော်ကြီးက ကျောင်းတိုက်မှာရှိတဲ့ ရဟန်းတွေထဲက ဘယ်ရဟန်းကို ကျုပ်ရဲ့အဖော်အဖြစ် ခေါ်သွားရင် သင့်လျော်မလဲလို့လဲ မေးမြန်းစုံစမ်းတယ်။

'ကျုပ်က မောင်းပဥ္စင်းဟာ အသင့်လျော်ဆုံးပုဂ္ဂိုလ်ဖြစ်တယ်လို့ ကျောင်းထိုင်ဘုန်းတော်ကြီးကို ပြန်လျှောက်ထားလိုက်တယ်၊





ကျောင်းထိုင်ဘုန်းတော်ကြီးက အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားတယ်၊ မောင်ပဥ္စင်းဟာ စကားကိုလည်း ချင့်ချင့်ချိန်ချိန်ပြောတယ်၊ သိက္ခာသမာဓိနဲ့လည်း ပြည့်စုံတယ်၊ ကျုပ်တို့ကျောင်းမှာရှိတဲ့ ရဟန်းတွေထဲက စံပြပုဂ္ဂိုလ်တစ်ပါး ဖြစ်ထိုက်တဲ့ အရည်အချင်းတွေနဲ့လည်း ပြည့်စုံတယ်၊ ဒါယကာ ဒါယိကာမတွေရဲ့ စေတနာသဒ္ဓါတရားကို ထက်သန်တိုးပွားလာအောင် ပြုစွမ်းနိုင်တဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံတယ်၊ အဲဒီ အကြောင်းတွေကိုလည်း ကျုပ်ကျောင်းထိုင်ဘုန်းတော်ကြီးကို လျှောက်ထားပြောပြလိုက်တယ်။

'နောက်တစ်ကြောင်းကလည်း မိသားစုဟာ တောင်ပိုင်းသားတွေ ဖြစ်ကြတယ်၊ အခုကိစ္စအတွက် မောင်ပဥ္စင်းဟာ အထူးသင့်လျော်လျှောက်ပတ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေပါတယ်၊ သူတို့နှင့် စကားပြောဖို့ သူတို့ကို တရားဟောဖို့ မောင်ပဥ္စင်းအနေနဲ့ ဘာမှ အဆင်မပြေနိုင်စရာမရှိဘူး၊ အဲဒီအကြောင်းတွေကြောင့် မောင်ပဥ္စင်းကို ကျေးဇူးတင်လို့ ဆုံးတော့မှာ မဟုတ်ပါဘူး'

ကျွန်ုပ်က ပြန်လည်လျှောက်ထားလိုက်လေသည်။

'တပည့်တော် ဘုန်းကြီးဘ၀ ရောက်တဲ့အချိန်ကစပြီး ဒီလိုကိစ္စမျိုးနဲ့ တစ်ခါမှ မကြုံဖူး မဆုံဖူးပါဘူး၊ အမွေးတိုင်ပူဇော်တဲ့အခါ ရွတ်ဖတ်သရဇ္ဈာယ်ရတဲ့ ဆုတောင်းပတ္ထနာဂါထာများကလွဲပြီး တပည့်တော် တခြားဘာကိုမှ ရွတ်လည်းမရွတ်တတ် ဟောလည်း မဟောတတ်ပါဘူး၊ တကယ်လို့ အရှင်ဘုရားပေးတဲ့အမိန့်ကို တပည့်တော် လက်ခံလိုက်ရင် တပည့်တော် အိုးနင်းခွက်နင်းဖြစ်နေမှာ သေချာတယ်၊ အဲဒီလို အခြေအနေမျိုးနဲ့ တပည့်တော် အရှင်ဘုရားရဲ့ အဖော်အဖြစ် လိုက်လို့ဖြစ်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'ယုချိဒေသနာ တရားတော်ရယ်၊ ကွယ်လွန်သူတွေရဲ့ ဝိညာဉ်ကို ကျေးမွေးပုံကျေးမွေးနည်းရယ်သိထားရင် လုံလောက်ပါပြီ၊ လုပ်ကိုင်ဆောင်ရွက်ရမယ့် အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး အသေးစိတ်နားလည်တတ်ကျွမ်းထားတဲ့ ပုဂ္ဂိုလ်သုံးဦးလည်းအတူ ပါလာလိမ့်မယ်၊ မောင်ပဋ္ဌင်းက ကျုပ်တို့ရဲ့အလုပ်ကို အကူအညီပေးတဲ့အနေနဲ့ ငါးပုံသဏ္ဌာန်သစ်သားစည်ကို တီးခေါက်ပေးရတဲ့အလုပ်၊ အမွှေးတိုင်ဖြည့်ပေးရတဲ့ အလုပ်၊ ဖယောင်းတိုင်ကမီးစားခြွေပေးရတဲ့ အလုပ်တွေလောက်ကိုပဲ လုပ်ပေးရမှာ ဖြစ်ပါတယ်၊ အဲဒီအလုပ်တွေကလွဲပြီး မောင်ပဋ္ဌင်းအနေနဲ့ တခြားလုပ်စရာ ဘာမှမလိုပါဘူး၊ မောင်ပဋ္ဌင်း ကျုပ်ပြောတာကို လက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ အဲဒါမှ ကျုပ်တို့ရဲ့ကျောင်းတိုက်က ရဟန်းတွေအနေနဲ့ ဂုဏ်သိက္ခာတက်လာနိုင်စရာ အကြောင်းရှိပါတယ်'

ငြင်းပယ်လို့ မဖြစ်တော့သဖြင့် ကျွန်ုပ် သဘောတူလိုက်ရလေသည်။ တိုက်ကြပ်ဘုန်းတော်ကြီးသည် အကြီးအကျယ်ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် ကျွန်ုပ်ထံမှ ထသွားလေသည်။

ထို့နောက် ကျွန်ုပ်၏အဖော် ဟူနန်ခင်ကြီးကို ပြောပြရသည်။

'အဲဒီကိစ္စတွေဟာ တပည့်တော်တို့ ဘာသာတရားနဲ့ မသင့်လျော် မလျော်ကပ်တဲ့အပြင် လူတွေ တပည့်တော်တို့အပေါ် အထင်အမြင်သေးစရာ အကြောင်းလည်းဖြစ်တယ်၊ ပုဂ္ဂလိကအိမ်တစ်အိမ်ကို ကြွဖို့ ပင့်ဖိတ်တာကိုလက်ခံတယ်ဆိုတာ ရှေးယခင်က တစ်ခါမှ မကြားခဲ့ဖူးဘူး၊ ယခင်ချင်ရဲ့သေနာပတိအဖြစ် ဝေးချိဆောင်ရွက်စဉ်က ဝေးချိဟာ ချန်ပင်းမြို့မှာ လက်နက်ချလိုက်ကြတဲ့ တပ်သားတစ်သောင်းကို သတ်ပစ်တယ်၊ ဘုရင်လျှင်ဝူလက်ထက်က





ပညာရှင်ရဟန်းတော်ချိကွမ်ဟာ သွေးဆာနေကြတဲ့ ဘုရင်တွေကို ဆုံးမညွှန်ပြဖို့အတွက် ကြေကွဲဝမ်းနည်းဖွယ်ကောင်းတဲ့ အဲဒီဝေးချိရဲ့ အဖြစ်အပျက်ကို စံနမူနာထားပြီး ပြောပြတယ်၊ ပညာရှင်ရဟန်းတော်က သူတစ်ပါးရဲ့အသက်ကယ်ပုံ ကယ်နည်းတွေကိုလည်း ညွှန်ကြားပြောပြတယ်။

'အဲဒါကြောင့် ဘုရင်ဝူဟာ နေရာအနှံ့အပြားမှာရှိတဲ့ ဆရာတော် သမားတော်တွေကို ပင့်ဖိတ်စုရုံးပြီး ခုနစ်ရက် ခုနစ်လီ အခမ်းအနား ပွဲသဘင်ဆင်ယင် ကျင်းပခဲ့တယ်၊ နာမည်ကျော်ဆရာတော် သမားတော်တွေ အားလုံး ဝူဘုရင်ရဲ့ ပင့်ဖိတ်ချက်ကို လက်ခံကြတယ်၊ ဒါယိကာ ဒါယိကာမတွေ ပင့်ဖိတ်တာကို လက်ခံတာဟာ အဲဒီအချိန်ကစလာခဲ့တာပဲ၊ နှေးကျင်ကျမ်းဂန်ဒေသနာတော်ထဲမှာ တပည့်တော်ဖတ်ဖူးတယ်၊ ရှင်တော်ဗုဒ္ဓသက်တော်ထင်ရှားရှိတဲ့အခါ ရှင်တော်မြတ်ဘုရားဟာ လူအများကို တရားဒေသနာဟောကြားတော်မူတယ်၊ အဲဒီလိုဟောကြားတဲ့အခါမှာ ရှင်တော်မြတ်ဘုရားဟာ မိမိရဲ့ တရားဒေသနာတော်ကို လူတွေအားလုံးသိရှိနားလည်အောင်သာ ဟောကြား တော်မူတယ်၊ လူပြည်နတ်ပြည် ဘယ်နေရာမှာမဆို ရှင်တော်မြတ်ဘုရားဟောကြားတော်မူတဲ့ သစ္စာလေးပါးမဂ္ဂင်ရှစ်ပါးနဲ့ ဟပ်ကြည့်လို့ မရတဲ့ အရာရယ်လို့မရှိခဲ့ဘူး။

'ရှင်တော်မြတ်ဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းသံဃာတော်တွေဟာ ဗုဒ္ဓရဲ့တရားဒေသနာတော်ကို နယ်ပယ်အသီးသီး ဒေသအသွယ်သွယ်မှာ ပျံ့နှံ့သွားအောင် ဖြန့်ဖြူးတော်မူကြတယ်၊ အဲဒါကြောင့် ဗုဒ္ဓဘာသာရဲ့ ဂုဏ်သိက္ခာဟာလည်း ထူးထူးခြားခြား မြင့်မားတိုးတက်လာတယ်၊ ရှင်တော်မြတ်ဘုရားရဲ့ စောစောပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒဗုဒ္ဓဘာသာတရားတော်ကြီးတွေ တစ်ဆန့်(တိပိဋကတ်)ကို စုဆောင်းပေါင်းစုပြီး အဖိုးမဖြတ်နိုင်တဲ့ တရားဒေသနာတော်တွေကို ဖြန့်ဖြူးတော်မူကြတယ်။

'ဗုဒ္ဓဘာသာဟာ ဟန်မင်းဆက် မင်းဘုရင်လက်ထက်က တရုတ်ပြည်ကို ပထမဦးဆုံးစပြီးရောက်လာတယ်၊ ဒါပေမယ့် တန်နဲ့ ဆန်မင်းဆက်များရဲ့ နောက်ပိုင်းကျတော့ တရုတ်ပြည်မှာ ဗုဒ္ဓဘာသာရဲ့အခြေအနေဟာ မြင့်တက်နေရာက အောက်ထိုးကျလာတယ်၊ ဆွမ်းကွမ်းနဲ့ သပိတ်သက်န်းများအတွက်ဆိုပြီး ဝိနည်းတော်နဲ့မအပ်တဲ့ အနာမာသဝတ္ထုကို လက်ခံလာကြတယ်၊ အဲဒီအချိန်ကစပြီး တရုတ်ပြည်မှာ ဗုဒ္ဓဘာသာဟာ ရောင်းလို့ဝယ်လို့ရတဲ့ ပစ္စည်းတစ်မျိုးလို ဖြစ်လာတယ်၊ မိမိကိုယ်တိုင် လမ်းရှာမတွေ့တဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ တခြားလူများကို ဘယ်မှာလမ်းပြနိုင်ပါ့မလဲ၊ ရေတွင်းထဲမှာ ရေနစ်နေတဲ့လူကို ကယ်ဖို့ဆိုပြီး ရေတွင်းထဲဆင်းသွားတဲ့အခါကျတော့ ရေနစ်သူကို မကယ်နိုင်တဲ့အပြင် မိမိပါရောကျပြီး ရေထဲနစ်သွားတယ်။

'ပြီးတော့လဲ ပေးတဲ့အလုပ်ဆိုတာ ယူတဲ့အလုပ်မဟုတ်ဘူး၊ ယခုတော့ တပည့်တော်ဟာ ဒါယကာ ဒါယိကာမတွေကို တရားဒေသနာ ဟောကြားတယ်၊ ဒါယကာ ဒါယိကာမတွေက တပည့်တော်ကို တုံ့ပြန်တဲ့အနေနဲ့ ဝိနည်းတော်နဲ့မအပ်တဲ့ အနာမသဝတ္ထုကို ပေးကြတယ်၊ အဲဒီသဘောကို ဘယ်လိုလုပ်ပေးတယ်လို့ ခေါ်နိုင်မလဲ၊ အမှန်က တရားဒေသနာတော်ကို တကယ်ဟောကြားတာမဟုတ်ဘဲ အလဲအလှယ်အနေနဲ့ အကျိုးမပြုတဲ့ စကားလုံးကို အသုံးပြုခြင်းမျှသာ ဖြစ်တယ်၊ အဲဒီအပြုအမူမျိုးမှာ မှန်ကန်တဲ့ အကျိုးပါသင့်သလောက်





ပါနေပေမယ့် အဲဒီအကျိုးဟာ လောဘဇောထွက်တဲ့ အပြစ်နဲ့ဆန့်ကျင် ဘက်ဖြစ်နေတယ်လို့ မဆိုနိုင်ဘူး။

'နောက်ပြီးတော့ တစ်စုံတစ်ခု ဦးတည်ချက်ကို မမျှော်မတွေးဘဲ ကိုယ်အမြတ်ထွက်ဖို့လောက်သာကြည့်ပြီး လုပ်တယ်ဆိုရင် အဲဒီလိုလုပ်တာဟာ အလှူရှင်ဒါယကာ ဒါယိကာမတွေရဲ့ပစ္စည်းဥစ္စာကို လုယူတာနဲ့ ဘာထူးမှာလဲ၊ အဲဒီ အပြုအမူမျိုးဟာ တပည့်တော်တို့ရဲ့ ဘာသာတရားကို ဖြန့်ဖြူးတဲ့ပုဂ္ဂိုလ်တွေကို မိမိတို့ကို ကြည်ညိုလေးစားနေတဲ့ ဒါယကာဒါယိကာမတွေအပေါ် စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ ကြွေးတွေတင်ရှိစေမှာ အမှန်ပဲ၊ ဝိနည်းဒေသနာတော်ထဲမှာ အဲဒီအပြုအမူမျိုးကို တင်းတင်းကျပ်ကျပ် ပညတ်ထားတဲ့ စကားလုံးတွေ အများကြီးရှိတယ်'

ဟူနန်သခင်ကြီးက ပြန်ပြောသည်။

'အရှင်ဘုရား ပြောတာတွေဟာ သွေးထွက်အောင် မှန်ပါတယ်၊ ဘယ်လိုမှ ငြင်းပယ်လို့မရတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်၊ ဒါပေမယ့် နောင်တ တရားရရုံသက်သက်နဲ့ မကောင်းမှုကုသိုလ်တွေ ပပျောက်သွားနိုင်တယ်ဆိုတဲ့ အယူအဆ လူ့လောကမှာ ဖြစ်ပေါ်လာစေရန်အတွက် ချိကောင်ဟာ ဘာကြောင့်အာပတ်ဖြေပွဲ နောင်တတရား ရပွဲလို အခမ်းအနားပွဲသဘင်ကို ဖန်တီးခဲ့တယ်ဆိုတာ တပည့်တော်တော့ နားကိုမလည်ဘူး'

ကျွန်ုပ်က ဟူနန်သခင်ကြီးကို ပြန်ပြောလိုက်လေသည်။

'ချိကောင်ဟာ လူယောင်ဆောင်နေတဲ့ နတ်ဒေဝါတာ တစ်ပါး ဖြစ်တယ်၊ အကျိုးဖြစ်ထွန်းစေတတ်တဲ့ သူ့အသံကြားရုံမျှနဲ့ လူတွေ အကျိုးဖြစ်ထွန်းလာနိုင်တယ်၊ အခြားတစ်ဘက်မှာတော့ တန်ခေတ်



www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ဘယ်လိုမှ တန်ဖိုးမရှိတဲ့သသ်ကရိုက် နတ်ချင်း ဂါထာမန္တရားတွေကို ဆုပ်ကိုင်ထားကြတယ်၊ အခုခေတ် ခင်ကြီး ရဟန်းတွေကြားထဲမှာ အဲဒီဂါထာမန္တရားတွေဟာ ဘာ တန်းဖိုးရှိနိုင်တော့မှာလဲ၊ ရဟန်းတော်ဟုန်ရှိဟာ နောင်တတရားကို ရပုံရနည်းနဲ့ ပတ်သက်တဲ့ ဥပဒေစည်းကမ်းတွေကို အမြောက်အမြား ဖန်တီးထား ခဲ့တယ်၊ အဲဒီ ဥပဒေစည်းကမ်းတွေဟာ ယခုခေတ်အထိဆင်းသက် ပြန့်ပွားလာခဲ့ပြီး ကိုယ့်ကိုယ်ကိုယ် တကယ်အမှန်တိုးတက်အောင် လုပ်တဲ့လူတွေကို လမ်းမှားရောက်စေခဲ့တယ်။

'ကိုယ်ကျိုးကိုမျှော်ကိုးတဲ့ မတော်လောဘဟာ ခင်ကြီးတွေကြားထဲ အဆိပ်ပြွမ်းနေတဲ့ အလေ့အကျင့်မျိုး စိမ့်ဝင်လာအောင် လုပ်တယ်၊ အဲဒီ အလေ့အကျင့်မျိုးရဲ့ အဖျက်အဆီးခံရပြီဆိုရင် အင်မတန်ကြောက်စရာကောင်းတယ်၊ ချန်ဆွန်ဂိုဏ်းဟာ မူလက အဲဒီလို နောင်တ တရားရတဲ၊ အာပတ်ဖြေတဲ့ အလေ့အထ မရှိဘူး၊ ဒါပေမယ့် အခုတော့ သူတို့လည်းပဲ တခြားဂိုဏ်းတွေရဲ့နည်းကိုလိုက်ပြီး သတိပေးနေကြတယ် မဟုတ်လား၊ ဒါပေမယ့် အရှင်ဘုရားနဲ့ တပည့်တော်တို့ ကတော့ တကယ်စစ်မှန်တဲ့ တရားဓမ္မကို ယုံကြည်လိုက်နာသူတွေဖြစ်တယ်၊ ဗုဒ္ဓမြတ်ဘုရားကိုပဲ ကိုးကွယ်ဆည်းကပ်ပြီး မြတ်ဘုရားဟောကြားထားတဲ့ သစ္စာလေးပါးတရားနဲ့ မဂ္ဂရင်ရှစ်ပါးကိုပဲ ဟောကြားဖြန့်ဖြူးမယ်၊ ဒီမစင်ကြယ်မမှန်မြတ်တဲ့ အရေးအခင်းတွေကို တပည့်တော်တို့ရဲ့ မှန်ကန်တဲ့ ယုံကြည်ချက်တွေနဲ့ အတူတတွ တစ်တန်းတည်းထားပြီး ဟောကြားပြောဆိုလို့ ဘယ်ဖြစ်ပါ့မလဲ။

ဟူနန်သခင်ကြီးက သူ့ထင်မြင်ချက်ကို ပြောလေသည်။





'ဗျာသမုနိရဲ့ မိန့်ကြားချက်ဟာ အင်မတန်မှန်ကန် မွန်မြတ်လှပါပေတယ်၊ ဘယ်လို မိန့်ကြားထားသလဲဆိုတာ အရှင်ဘုရားလည်း သိပါလိမ့်မယ်၊ နတ်ဒေဝတာအားလုံးဟာ အမှန်တရားကို မျက်ဝါးထင်ထင် ရှင်းလင်းဖော်ပြဖို့အတွက် ပုံပျက်ပန်းပျက်အရာတွေကို ရှင်လင်းဖျက်ဆီးပစ်တယ်၊ လူတွေအားလုံးကတော့ အမိပွာယ်မရှိတဲ့ အကာအခေါင်းချည်းသာဖြစ်တဲ့ ပုံပျက်ပန်းပျက်ဖြစ်နေတဲ့အရာကို မျက်ဝါးထင်ထင် ရှင်းလင်းဖော်ပြဖို့အတွက် အမှန်တရားကို ရှင်းလင်းဖျက်ဆီးပစ်တယ်ဆိုတဲ့ မိန့်ကြားချက်လေ'

□



www.burmeseclassic.com

www.burmeseclassic.com

## ၂၅

နောက်နေ့တွင် ကျွန်ုပ်သည် တိုက်ကြပ်ဘုန်းတော်ကြီးနှင့် အတူ မိမိသားစုအိမ်သို့ လိုက်ပါသွားသည်။ သို့သော်လည်း မိမိသားစု တို့၏ နာမည်အပြည့်အစုံကို လည်းကောင်း၊ သူတို့ ဘယ်အရပ်ဒေသ က ဤနေရာသို့ ရောက်လာကြသည် ဆိုသည်ကိုလည်းကောင်း မမေး မိပေ။ အရာထမ်းမိသားစုဖြစ်သည် ဆိုသည်ကိုသာလျှင် ကျွန်ုပ် သိသည်။ ညနေချမ်းအချိန်၌ ပွဲစလေသည်။ ယခုလိုပွဲမျိုးနှင့် ပတ်သက်၍ ယခုအကြိမ်သည် ကျွန်ုပ်၏ပထမဦးဆုံးအတွေ့အကြုံ ဖြစ်လေသည်။ မိန်းမယောကျ်ားပရိသတ် အတော်များများပခုံးချင်း ထိလောက်အောင်ပင် စုထိုင်နေကြသည်။ တိုက်ကြပ်ဘုန်းတော်ကြီး သည် စကျွဲဖြေချပြီးလျှင် သူ၏လက်ဆယ်ချောင်းကို တောင်းပန် တိုးလျှိုးသည့် ပုံသဏ္ဍာန်ယှက်ဖြာလျက် 'သစ္စာတရား' အမည်ရှိ ကျမ်းဂန်လာ အဆိုအမိန့်များကို ရွတ်ဖတ်သရဇ္ဈာယ်လေရာ **'မိမိတို့၏ ကိုယ်ခန္ဓာကို စွန့်ခွာပြီး အနန္တလောကသို့ ထွက်ခွာသွားသော ကျွန်ုပ်**





**တို့၏ဆွေမျိုး မိတ်သဟာများအကြောင်း စဉ်းစားဆင်ခြင်ကြည့်သည့် အခါ ကျွန်ုပ်တို့သည် ထိုပုဂ္ဂိုလ်တို့၏ ပုံသဏ္ဍာန်နှင့် အသံကို ဘယ်ဆီ ဘယ်နေရာမှာမျှော်ကြည့်ရမည်နည်း'**ဟူသောအပိုဒ်သို့ ရောက်လာ လေသည်။ ထိုအပိုဒ်သို့ ရောက်လာသောအခါ တိုက်ကြပ်ဘုန်းတော် ကြီး၏ သံနေသံထားသည် အလွန်တရာ ကြေကွဲဝမ်းနည်းဖွယ်အသွင် ဆောင်လာလေသည်။

ထို့နောက် ဆက်ပြီး ရွတ်ပြန်လေသည်။ **'ဥဩငှက်သည် မြည်တမ်းပြီးလျှင် လရောင်ကိုမှီလျက်ဖြစ်ပေါ်လာသော တစ်ခဏ သာခံသည့် စူမုဖြာပွင့်ဖတ်လွှာများကို ကြွေကျစေသည်။ ဒဏ်ရာက သွေးသည် ခက်မကို အနီရောင်ဆိုးပေးသည်။ ပူဆွေးဝမ်းနည်းခြင်းက ထာဝရ အောင်ပွဲခံသွားသည်။ အတိတ်က လောကီအာရုံ ကာမဂုဏ် များကို မမြင်မတွေ့ရတော့ပေ။ နွေဦးသစ်ပင်နှင့် ချိုပြုံးနေကြသော မြက်ပင်များသည် သင်၏အေးသော၊ အသက် မရှိသော၊ အခေါင်း ချည်းသာလျှင် ကျန်ရှိတော့သော အရိုးများပေါ်၌ သန်မာကြီးထွား နေကြသည်။ စစ်သေနာပတိစီးသော စစ်မြင်းဘယ်မှာနည်း။ မြက်ရိုင်း နှင့်အလေ့ကျပန်းပင်များသည် ထိုမြေနေရာကို လွှမ်းဆွတ်ကြေကွဲ ဖွယ်အရောင်ဖြင့် လွှမ်းခြုံပေးထားသည်။'** (ထိုအပိုဒ်များသည် ဓမ္မတရား၏ခါးသီးပုံနှင့် လောကီအာရုံ ကာမဂုဏ်ဟူသမျှ၏ အချည်းအနှီး အလဟဿဖြစ်ပုံကို သိရှိသဘောပေါက်စေရန် ပြောပြ ထားချက်များ ဖြစ်ကြသည်။) ထိုအပိုဒ်များကို ရွတ်ဆိုသောအခါ တိုက်ကြပ်ဘုန်းတော်ကြီး၏ အသံသည် တုန်ခါပြီးလျှင် ကြေကွဲဖွယ် အထွတ်အထိပ်သို့ ရောက်နေသည်။ ယင်းသို့စိတ်ထိခိုက်ဖွယ် အသံ မျိုးကို ရှေးယခင်က ကျွန်ုပ် တစ်ခါမျှမကြားဖူးပေ။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



တရားနာ ပရိသတ်အားလုံးသည် တစ်ဦး နှင့်တစ်ဦး တိုင်ပင်မထားရဘဲ တိတ်ဆိတ်ငြိမ်သက်စွာ မရဏတရားကို အာရုံပြုနေကြသည်။

ထိုခဏ၌ ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်နံရံအနီးတွင် ကပ်ထိုင်နေကြသူများထဲက တိုးတိုးသာသာ ထွက်ပေါ်လာသော မိန်းမသံတစ်သံ ကျွန်ုပ်ရုတ်တရက် ကြားလိုက်ရသည်။

'သူမှသူအစစ်ပါပဲ၊ ငယ်ငယ်တုန်းကအကြောင်းကို ပြန်စဉ်းစားလိုက်ရင် ကလေးဘဝတစ်ခုလုံးဟာ အခုငါ့ဘဝနဲ့ ဘာမှမဆိုင်သလိုဖြစ်နေတော့တယ်၊ ဘယ်လောက်ဝမ်းနည်းကြေကွဲစရာကောင်းသလဲ'

တစ်အောင့်လောက်ကြာသွားသောအခါ ယောကျ်ားသံတစ်သံပေါ်လာပြန်သည်။

'ကြည့်စမ်း၊ ဆာဘူရှိနဲ့တူလိုက်တာ၊ ဟင် . . . တူရုံတင်မဟုတ်ဘူး ဆာဘူရှိမှ ဆာဘူရှိအစစ်ပါပဲကလား'

သူတို့နှစ်ဦး၏စကားကို ကြားရသောအခါ ကျွန်ုပ် အံ့အားမသင့်ဘဲ ဘယ်နေ၍ ရတော့မည်နည်း။ ထိုအချိန်၌ ကျွန်ုပ် စိတ်ရောကိုယ်ပါတုန်လှုပ်သွားသည်ဟုပင် ကိုယ့်ကိုယ်ကိုယ် ထင်မိသည်။ သို့သော်လည်း ကျွန်ုပ် သူတို့ကို လှမ်းမကြည့်ရဲပေ။

မိန်းမပျိုက တစ်ဖန်ပြောပြန်သည်။

'သူအကြီးအကျယ်မကျန်းမမာ ဖြစ်နေတာငါတို့ သိရတယ်၊ အခုတော့ ကျန်းမာလာပုံပဲ၊စကတည်းက ထုတ်ဖော်ပြောပြဖို့ မလွယ်တဲ့ လျှို့ဝှက်ချက်တစ်ခု ဆာဘူရှိမှာ ရှိနေတယ်'

သူတို့ပြောကြားသည့်စကားများကို ကျွန်ုပ်အတန်ကြာမျှ စဉ်းစားဆင်ခြင်နေမိသည်။ ထို့နောက် မနည်းကြိုးကြာမှ သူတို့ မောင်





နှမနှစ်ယောက်သည် ကျွန်ုပ်၏ အိမ်နီးနားချင်းများ ဖြစ်ကြသည်ဆိုသည့်အကြောင်းကို သိရှိနားလည်လာလေသည်။ သူတို့ မောင်နှမနှစ်ယောက်နှင့် ကျွန်ုပ်သည် ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းများလည်း ဖြစ်ကြသည်။ သူတို့နှင့် ကွဲကွာလာခဲ့သည်မှာ ငါးနှစ်တင်းတင်း ရှိသွားပြီ။ သူတို့၏ ဖခင်သည် ထိုဒေသ၌ အစိုးရအရာရှိတစ်ဦးဖြစ်သည်ဆိုသည့် အကြောင်းကိုလည်း ကျွန်ုပ် ပြန်လည်သတိရလာသည်။ ကျွန်ုပ်၏ အာရုံသည် မြူမှုန်တင်းကျမ်းဖြစ်နေသော အတိတ်လမ်းမဆီသို့ရောက်သွားသည်။ ယင်းသို့ အတိတ်အကြောင်း ပြန်ပြောင်းသတိရလာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်အဖို့ သက်ပြင်းရှည်ကြီးများ ဆက်ကာ ဆက်ကာ ချစရာဖြစ်လာလေသည်။

ဟောင်ကောင်၌နေစဉ်က အကြောင်းကို ကျွန်ုပ်ပြန်သတိရလာသည်။ ထိုစဉ်က ကျွန်ုပ်သည် 'ပန်းပင်လမ်း'၌ ထိုမောင်နှမနှစ်ယောက်၏ အိမ်နီးနားချင်း ဖြစ်ခဲ့သည်။ သူတို့၏ ဖခင် မိ သည် အလွန်ရိုးသားဖြောင့်မတ်ပြီး အလွန်ချစ်စရာကောင်းသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ ကျွန်ုပ်ကိုလည်း အထူးခင်မင်လေးသည်။ ဤနေရာ ဤဒေသ၌ သူ့ကို လာတွေ့လိမ့်မည်ဟူ၍ ကျွန်ုပ်လုံးဝ မမျှော်လင့်ခဲ့ပေ။ ကျွန်ုပ်တို့ ယခုလိုပြန်လည်ဆုံဆည်းရခြင်း၌ ဘုရားသခင်၏ စီမံဖန်တီးချက်မပါဘဲ နေမည်မဟုတ်ပေ။

ထို့နောက် အချိန်အတန်ငယ်ကြာသွားသောအခါ ကျွန်ုပ်သည် ထိုအခွင့်အကောင်းကို လက်မလွှတ်တော့ဘဲ ကျွန်ုပ်၏ နေရာဟောင်း ရွာဟောင်းက အကြောင်းကို သူတို့ထံမှ မေးမြန်းစုံစမ်းကြည့်လေသည်။ ယင်းသည် ကျွန်ုပ်လို ဖော်ကွာဝေးတစ်ကောက်ကြွက်အဖို့ စိတ်ဖြေဖျော်စရာ ကြည်နူးစရာ ဖြစ်လာလေသည်။ ကျွန်ုပ်၏ စိတ်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသည် ပုံမှန်အတိုင်း ငြိမ်သက်အေးချမ်းနေသည်။ နံနက်နေ အရုဏ် ထွက်လာသောအခါ အခမ်းအနားပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာလိုက်လေသည်။

အခိုင်းအစေတစ်ယောက် ကျွန်ုပ်ထံလာပြီး 'အိမ်မှာ ဆွမ်းဘုဉ်းပေးဖို့ ဆရာက အရှင်ဘုရားကို အပင့်ခိုင်းလိုက်ပါတယ်'ဟူ၍ တရိုတသေပြောလေသည်။ ကျွန်ုပ် သူ့နောက်ချက်ချင်းထလိုက်သွားသည်။ ကျွန်ုပ်နှင့် မိမိသားစုအိမ်သို့အတူပါသွားသည့် တခြား ရဟန်းများသည် အိမ်ရှင်ဒါယကာ၏ အပြုအမူကို အံ့အားသင့်နေကြသည်။ ကျွန်ုပ်၏အတိတ်ကို သူတို့ မသိကြပေ။ ကျွန်ုပ်ကို ထူးထူးခြားခြား ကြည်ညိုလေးစား၍ ယခုလို တစ်ပါးတည်းကွက်ပြီး ဆွမ်းစားဖိတ်ခြင်းဖြစ်သည်ဟူ၍သာ သူတို့ တွေးကြပုံရသည်။ ထိုပုဂ္ဂိုလ်များသည် ခင်ကြီးရဟန်းဘဝရောက်ကြသော်လည်း လောကီဂုဏ်ပကာသနကို သာယာမက်မောသည့် သဘောထားကိုမူ မစွန့်လွှတ်နိုင်ကြသေးပေ။ ထို့ကြောင့် သူတို့အံ့ဩသည့် အကြည့်ဖြင့် ကြည့်နေကြခြင်း ဖြစ်သည်။

အိမ်ထဲရောက်သွားသောအခါ ဟင်းများကို အမည်ပေါင်းများစွာ အလျှပယ်ချက်ပြုတ်စီမံထားသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် စိတ်ထဲက မိကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်လေသည်။ ကျွန်ုပ်အပေါ်ထားသော သူ၏နဂိုကခင်မင်ရင်းနှီးမှုသည် ပျက်ပြယ်မသွားသေးပေ။ ယင်းအချက်မှာ သူ၏လူကြီးလူကောင်းပီသမှု၊ စိတ်သဘောထားပြည့်ဝမှု၏ သက်သေသာဓကပင် ဖြစ်လေသည်။ အခြေအနေအရ မီးစဉ်ကြည့်ကပြီး သာလျှင်သာသလို မသာလျှင် မသာသလို ဆက်ဆံပေါင်းသင်းတတ်သည့် ဤလောက၌ မိလို ပုဂ္ဂိုလ်မျိုးတွေ့ ယှဉ်ချိုလိပ်မွေး ပုစွန်သွေးကဲ့သို့ ရှာမှ ရှားလှပါဘိ။





ထို့နောက်မိသည် သူ့သားနှင့်သမီးကိုခေါ်လာပြီးလျှင် ကျွန်ုပ်နှင့်စကားပြောခိုင်းသည်။ မောင်နှမနှစ်ယောက်၏ ပုံသဏ္ဍာန်ကို ကျွန်ုပ်အသေအချာ အကဲခတ်ကြည့်သည်။ သူတို့၏မျက်နှာပုံပန်းသဏ္ဍာန်သည် ယခင်ကအတိုင်းပင်ရှိနေသည် ကို တွေ့ရသည်။ သူတို့မောင်နှမနှစ်ယောက် သူတို့ဖခင်၏အလိုကျ လိုက်နာပြုလုပ်နေသည်ကို တွေ့ရသောအခါ ကျွန်ုပ် အတိုင်းအဆမရှိ ဝမ်းပန်းတနည်းဖြစ်သွားလေသည်။ အားလုံးပင်တိတ်ဆိတ် ငြိမ်သက် နေကြသည်။ စိတ်မကောင်း ဖြစ်နေကြသည်။ ကျွန်ုပ်သည် မိမိ အတွက်လည်း တာဝန်မကျေပေ။ သူတစ်ပါးအတွက်လည်း တာဝန် ပျက်ကွက်သည်။ ယင်းအချက်ကို ကျွန်ုပ်ခံနိုင်ရည်ရှိပါတော့ မည် လော။ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ကျွန်ုပ်အဆက်မပြတ် ရှိုက်နေ မိတော့သည်။ မိနှင့်သူ၏ သားသည် စိတ်ထိခိုက် သွားကြသည်။ မိ၏ သမီးလည်း ကျွန်ုပ် အတွက်ကြောင့် မျက်ရည်လည်လာသည်။ ကျွန်ုပ်တို့သည် အချိန် အတန်ကြာမျှ စကားမပြောနိုင်အောင် ဖြစ်နေကြသည်။ သို့သော်လည်း နောက်ဆုံး၌ကား မိသည် ကျွန်ုပ်၏ ကျောကိုသပ်ပြီး အလေးအနက် ပြောလေသည်။

'ဝမ်းနည်းမနေပါနဲ့တော့ သားဆာဘူရို၊ ဆာဘူရိုကို အခုလို ပြန်တွေ့ရတာ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ လောကီ သံယောဇဉ်နှောင်ကြိုးတွေကို ဖြတ်တောက်ပြီး ဆာဘူရိုတစ်ယောက် ဘုန်းကြီးဝတ်သွားပြီဆိုတာ ရွာသူရွာသားတွေ ပြောလို့သိရတယ်၊ ဆာဘူရိုလို ရိုးသားဖြောင့်မတ်ပြီး လူ့အဖိုးတန်တစ်ယောက်ဘဝမှာ အခုလို ကြေကွဲဝမ်းနည်းဖွယ် အပြည့်ရှိနေတဲ့ လမ်းမကို လျှောက်သွားရတာ ဦးကြီးစိတ်မကောင်းပါဘူး၊ ဦးကြီးတို့ ဒီဒေသကိုရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ရှိသွားပြီ၊ ဦးကြီးတို့ အိမ်ကပွဲသဘင်အခမ်းအနားကို ဆာဘူရှိ ကြွရောက်လာတယ်လို့ ကလေးတွေပြောပြလို့ သိရတယ်၊ အဲဒီလို ကြားရတော့ ဇရာဒုက္ခလဖိစီးနေပြီဖြစ်တဲ့ဦးကြီးဟာ ဝမ်းသာ ဝမ်းနည်း ဖြစ်ရတယ်၊ ဦးကြီးအရွယ်က မငယ်တော့ဘူး၊ သင်္ချိုင်းကုန်းခြေ တစ်ဘက်လှမ်းနေပြီ၊ ဆာဘူရှိကို ပြန်တွေ့ရလိမ့်မယ်လို့ ဦးကြီးလုံးဝ မမျှော်လင့်ခဲ့ဘူး၊ အခုလိုတစ်ဖန်ပြန်ပြီး ဆုံဆည်းကြရတာဟာ ဘုရားသခင်ရဲ့စီမံချက်မဟုတ်လျှင် တခြား ဘာတတ်နိုင်ဦးမှာလဲ။

'ဆာဘူရှိရဲ့မွေးစားအမေဟာ မနှစ်ကနွေဦးမှာ ဟောင်ကောင်ကို ပြောင်းရွှေ့လာတယ်၊ ဒါပေမယ့် လည်ချောင်းမှာ အနာပေါက်ပြီး ဆုံးသွားရှာတယ်၊ ဆာဘူရှိ ကန်တုံမပြန်တော့ဘူး မဟုတ်လား၊ ဆာဘူရှိ အနေအစား အဆင်ပြေလှမှာ မဟုတ်ဘူးလို့ ဦးကြီးထင်တယ်၊ ဦးကြီးတို့အိမ်မှာ ဦးကြီးရဲ့ဧည့်သည်အဖြစ် ဆာဘူရှိ ရက်အကန့်အသတ်မရှိနေပါလို့ ဦးကြီး တောင်းပန်ပါတယ်၊ ဦးကြီးတောင်းပန်တာကို ဆာဘူရှိလက်ခံရင် ဦးကြီးတို့အတွက်လည်း သိပ်ကျေးဇူးများမှာအမှန်ပဲ၊ ဘယ်လိုသဘောရသလဲ၊ ဦးကြီး အကြံဉာဏ်ပေးတာ . . .'

ကျွန်ုပ်မွေးစားအဖေ၏ဇနီးမနှစ်က ကွယ်လွန်သေဆုံးသွားပြီဟူသည့်သတင်းကို ကြားသိရသောအခါ ကျွန်ုပ် စိတ်မကောင်းဖြစ်သွားပြီးလျှင် သက်မချမိလေသည်။ လူ့လောက လူ့ကိစ္စများ၌ ဖြစ်ပေါ်နေသော အပြောင်းအလဲအမျိုးမျိုးတို့သည် ဘယ်ဟာမှ မတည်မြဲပါကလား၊ ပုံသေအတိုင်းအတာတစ်ခုဖြင့် သတ်မှတ်တိုင်း





တာ၍ မရပါကလားဟူသောအချက်ကို ကျွန်ုပ်ပို၍သိမြင် သဘောပေါက်သွားလေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ကျွန်ုပ် မျက်ရည်ကိုသုတ်ပြီး မိအားပြောလိုက်လေသည်။

'ကျွန်ုပ်လို အညတရခင်ကြီးတစ်ပါးကို အခုလိုချစ်ချစ် ခင်ခင် ရင်ရင်းနှီးနှီး စေတနာအပြည့်နဲ့ ပြုမူဆက်ဆံတဲ့အတွက် ဒါယကာကြီး မိကို ကျုပ်ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါယကာကြီး ရဲ့စေတနာ မေတ္တာကို ပြန်လည်တုံ့ပြန်နိုင်တဲ့ အခွင့်အခါမျိုး ရမှရပါ့ မလားလို့ ကျုပ် စိုးရိမ်ကြောင့်ကြဖြစ်နေမိပါတယ်၊ ကျောင်းမှာ ဖာဂျင်လို့ခေါ်တဲ့ ဟူနန်ခင်ကြီးတစ်ပါး ရှိသေးတယ်၊ ကျုပ်နဲ့အင်မတန် ရင်းနှီးခင်မင်တဲ့ သီတင်းသုံးဖော်သုံးဘက်ဖြစ်တယ်၊ ကျုပ်တို့အတူ နေလာခဲ့တာ အတော်ကလေးကြာသွားပြီ၊ သူနဲ့ခွဲပြီးနေလို့ မဖြစ်ဘူး၊ ကျုပ် အနေနဲ့ ဒါယကာကြီးအိမ်မကြာခဏလာပြီး ဒါယကာကြီးဆီက ပညာဆည်းပူးခွင့်ရတယ်ဆိုရင်ပဲ ကျေးဇူးများလှပါပြီ၊ ဒါယကာကြီးရဲ့ စေတနာအပြည့်ရှိနေတဲ့ ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်ရတဲ့ အတွက် ကျုပ်ကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'





မိသည်အတန်ကြာမျှ စဉ်းစားနေသည်။ ထို့နောက်မှ ထောက် ထားကြင်နာမှု အပြည့်ရှိသောအသံဖြင့် ပြောလိုက်လေသည်။

'အဲဒီလိုဆိုရင်တော့ ဦးကြီးအတင်းမတိုက်တွန်းတော့ပါဘူး၊ ဘုန်းကြီးကျောင်းက နေရေးထိုင်ရေး၊ စားရေး သောက်ရေးတွေဟာ ဆာဘူရှိအတွက် အခက်အခဲရှိနေလိမ့်မယ်လို့ ဦးကြီးကြောင့်ကြပူပန် ဖြစ်နေတာ တစ်ခုပါပဲ'

'ကျောင်းမှာရှိတဲ့ဘုန်းကြီးတွေအားလုံးက ကျုပ်ကို စေတနာ ထားကြပါတယ်၊ ကျုပ်လို သိမ်ငယ်တဲ့ အညတရခင်ကြီးတစ်ယောက် အပေါ် အခုလောက် ကြောင့်ကြစိုက်တဲ့အတွက် ဒါယကာကြီးကို ကျေးဇူးအထူးတင်ပါတယ်၊ ဒါယကာကြီးရဲ့ မေတ္တာစေတနာကို ကျုပ် တစ်သက်မမေ့နိုင်တော့မယ် မထင်ပါဘူး'

မိ၏ မျက်နှာတွင် ပီတိရောင် လွှမ်းသွားလေသည်။ ကျွန်ုပ်ကို ထမင်းစားပွဲဘေးက ခုံအလွတ်တစ်ခုတွင် ထိုင်ခိုင်းသည်။ ထမင်း စားပွဲပေါ်၌ အနံ့အရသာနှင့်ပြည့်စုံသော စားဖွယ်သောက်ဖွယ်များ အလျှံပယ်ပြင်ထားသည်ကို သတိပြုမိသည်။ သို့သော်လည်း ကျွန်ုပ်၏ စိတ်နှလုံးထဲတွင် ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းများ ပြည့်လျှံနေ သဖြင့် ထိုခဏ၌ စားဖွယ်သောက်ဖွယ်ထမင်းနှင့်ဟင်းများမှာ အားလုံး ပင် အရသာတစ်မျိုးတည်းသာလျှင် ဖြစ်နေသည်။ ကျွန်ုပ်အဖို့ ဖယောင်းကိုဝါးစားနေရသည်နှင့် ဘာမှမခြားပေ။

ထမင်းစားသောက်ပြီးသောအခါ အရှေ့ဘက်နိုင်ငံသို့ အမေ အရှာသွားခဲ့သော ကျွန်ုပ်၏ခရီးအကြောင်းကို အကျဉ်းပြီးပြော ပြ လိုက်လေသည်။ မိ မိသားစုအားလုံး မျက်တောင်မခတ်နားစိုက် ထောင်နေကြပြီးလျှင် စုပ်တသပ်သပ် ရင်တမမဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မီး၏မိခင်ကြီးနှင့် မီးကတော်တို့လည်း မိသားစု၏အလယ် တွင်ထိုင်နေကြသည်။ သူတို့နှစ်ယောက်ကလည်း ကျွန်ုပ်ကို ဖျောင့်ဖျပြောပြကြသည်။

'ဘုရားသခင်ဟာ အရာဝတ္ထုတွေကို မှန်မှန်ကန်ကန် ဖြစ်စေလို့တဲ့ သဘောထားရှိပါတယ်၊ အတိတ်က ကြုံခဲ့ရတဲ့ စိတ်မချမ်းမြေ့စရာတွေကို မေ့ပျောက်ပစ်လိုက်ပါလို့ အကြံဉာဏ် ပေးချင်တယ်'

ကျွန်ုပ်သူတို့ကို ကျေးဇူးတင်လွန်းမက တင်လည်းသည် ဖြစ်၍ မျက်ရည်မဆည်နိုင်အောင်ပင် ဖြစ်သွားလေသည်။ ကျွန်ုပ် သူတို့အိမ်ကပြန်မည်ပြုသောအခါ မီးကတော်က ငွေစက္ကူဒေါ်လာတစ်ရာ ထုတ်ပေးပြီး . . .

'သား ဆာဘူရီ၊ ဒေါ်ဒေါ်တို့ ပေးတာကိုငြင်းမယ် မကြံနဲ့၊ လိုတဲ့အခါသုံးရအောင် ဒီငွေကိုယူထားစေချင်တယ်'ဟု ကြင်နာမှုအပြည့်ဖြင့် ပြောလေသည်။

သူတို့၏ စေတနာကို လေးစားသည်။ သို့သော်လည်း ထိုငွေကို ကျွန်ုပ် လက်မခံပေ။ 'ဒဂ္ဂူရီက ထွက်လာတဲ့အချိန်တုန်းက လိုလိုမည်မည် ဒေါ်လာနှစ်ရာ ပါလာပါတယ်၊ အခု ကျုပ်ဆီမှာ ဒေါ်လာတစ်ရာ ကျန်ပါသေးတယ်၊ ဒါယကာကြီး ဒါယကာမကြီးတို့ရဲ့ စေတနာကို ကျုပ်နှလုံးသားထဲမှာ သိမ်းဆည်းထားပါမယ်၊ ဒါယကာကြီး ဒါယိကာမကြီးတို့ကို ကျုပ် ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး' ဟူ၍ ပြန်ပြောလိုက်ရလေသည်။

မီး မိသားစု အိမ်ကပြန်လာပြီး ရက်အတော်ကြာသွားသောအခါ မီး မောင်နှမနှစ်ယောက် ရိပ်ငြိမ်ကျောင်းတိုက်သို့ ရောက်လာကြသည်။ မောင်နှမနှစ်ယောက်သည် နွေဦးကျောင်းဆောင်၌ ကျွန်ုပ်





ကို လာတွေ့ကြသည်။ ထိုအခါ ကျွန်ုပ်သည် ကြုံကြိုက်လာသည့်အခါအခွင့်ကို လက်မလွှတ်တော့ဘဲ နှင်းမီအကြောင်း မေးကြည့်လေသည်။ အစ ပထမ၌ မောင်နှမနှစ်ယောက်သည် အင်တင်တင် လုပ်နေကြသည်။သို့သော်လည်း ကျွန်ုပ်သည် သုံးကြိမ်သုံးခါတိတိ ထပ်ခါထပ်ခါ မေးကြည့်လေသည်။

နှမဖြစ်သူသည် အနည်းငယ်ငိုသွားပြီး သက်ပြင်းတစ်ချက် ရှိုက်လိုက်လေသည်။

'သူမရှိတော့ဘူး ဆာဘူရီ'

ကျွန်ုပ် မိုက်ခနဲဖြစ်ပြီး လဲကျသွားတော့မတတ်ဖြစ်သွားသည်။ သို့သော်လည်း ကိုယ့်ကိုယ်ကိုယ် အနိုင်နိုင်ထိန်းထားလိုက်ရသည်။ ဦးခေါင်းမှ ခြေဖျားအထိ တုန်တုန်ယင်ယင် ဖြစ်သွားသည်။ နှလုံးသားကလည်း ထိလိုက်နာကျင်သွားသည်။

'သူ့အဆုံးသတ်က ဒါလောက်ပဲ ကံဆိုးသွားရသလားကွယ်'

ကျွန်ုပ်ငိုသံပါကြီးနှင့်လွှတ်ခနဲ အော်ပြောလိုက်မိလေသည်။

အစ်ကိုလုပ်သူသည် ကျွန်ုပ်၏ အခြေအနေကို ရိပ်စားမိသွားသည်ဖြစ်၍ ကျွန်ုပ်၏လက်မောင်းကို ဖျတ်ခနဲဖမ်းဆွဲထားပြီး 'ညီမလေးပြောတာအခြေအမြစ်မရှိပါဘူး၊ သူပြောသလို မဟုတ်ပါဘူး' ဟူ၍ ပြောလိုက်လေသည်။ ထို့နောက်ဆက်ပြီး ကျွန်ုပ်ကို နှစ်သိမ့်ပြန်လေသည်။

'သူငယ်ချင်း ဆာဘူရီ၊ တခြားဘာကိုမှ မစဉ်းစားပါနဲ့၊ ကိုယ့်ကိုယ်ကိုယ်သာ စဉ်းစားစေချင်တယ်၊ ညီမလေးပြောတာ မခိုင်လုံပါဘူး၊ လူတွေပြောနေတဲ့ ကောလာဟလ သတင်းတစ်ခု မသေချာမရေရာ ကြားရတာတော့ရှိတယ်၊ အဲဒီ နှင်းမီဆိုတဲ့ အလှ[illegible]လိမ္မာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုဟာ စိတ်မချမ်းမြေ့စရာ အကြောင်းတစ်ခုကြောင့် အကြီးအကျယ် မမာ မကျန်းဖြစ်နေတယ်လို့ သိရတယ်၊ ဒါပေမယ့် ဘုရားသခင်က လူကောင်းသူတောင်းတွေကို စောင်မကြည့်ရှုမှာ မလွဲပါဘူး၊ သူငယ်ချင်း ကိုယ့်ကိုယ်ကိုယ် ထိခိုက်သွားလောက်အောင် စိတ်မကောင်း ဖြစ်နေစရာ မလိုပါဘူး'

ကျွန်ုပ် ကိုယ့်ကိုယ်ကို မနည်းကြိုးစားပြီး ထိန်းထားလိုက်ရလေသည်။ ထိုနေ့တွင် မီမောင်နှမနှစ်ယောက်သည် သူတို့ အိမ်သို့ သပ်လာရန် ဖိတ်သွားကြပြန်သည်။ နောက်တစ်နေ့တွင် လေကောင်းလေသန့်ရှူရန် ဥယျာဉ်ဘက် အမှတ်တမဲ့ လမ်းလျှောက်လာစဉ် ကျောင်းဆောင်ခုံးတံတားအနီး၌ မိမိန်းကလေးကို တွေ့ရလေသည်။ မိန်းကလေးသည် တံတားလက်ရန်းကိုကိုင်လျက် တစ်စုံတစ်ခု ငေးနေသည်။ ကျွန်ုပ်လာသည်ကို တွေ့ရသောအခါ သူ၏ပါးချိုင့်ကလေးရှိနေသည့် မျက်နှာတွင် ပေါ်နေသောနီရောင်သန်းနေခြင်းကို ဖုံးဖိထိန်းချုပ်ခြင်းငှာ မစွမ်းနိုင်ရှာတော့ပေ။ ထို နီရောင်မှာ မြေကြီးထဲတွင် လဲလျောင်းနေပြီဖြစ်သည့် နှင်းမီသတင်းကို မပြောဘဲ မနေနိုင်တော့သည့် အခြေအနေမှပေါ်လာသည့် နီရောင်ဖြစ်လေသည်။ ကျွန်ုပ်သူ့ကို နှုတ်မဆက်ဘဲ ကွေ့သွားမည် လုပ်စဉ်မှာပင် မိန်းကလေးသည် ကျွန်ုပ်ကို စေ့စေ့ကြည့်လျက် 'ဆာဘူရှိ သဘောတူရင် ကျွန်မ ဆာဘူရှိကို ဥယျာဉ်ထဲ လိုက်ပြချင်ပါတယ်'ဟု နူးညံ့ချိုသာသော အသံဖြင့် ပြောလေသည်။

ကျွန်ုပ် ချက်ချင်းဦးညွှတ်ပြီး သူ့ကို ကျေးဇူးတင်စကား ပြောလိုက်လေသည်။

'ကျေးဇူးတင်ပါတယ် ညီမ၊ နေပါစေ၊ ညီမခြေထောက်





ကလေးတွေ ညောင်းနေပါဦးမယ်၊ ညီမကို မေးခွန်းတစ်ခုပဲ ထပ်မေးချင်ပါတယ်၊ နှင်းမီတစ်ယောက် လူပြည်မှာ ရှိသေးသလား၊ သူ့အကြောင်း အသေးစိတ် ညီမ ပြောမပြနိုင်ဘူးလား'

မိန်းကလေးသည် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မိထွေးရဲ့ သဘောထားဟာ မွေ့ဟောက်ထက်ကြောက်စရာကောင်းတယ်ဆိုတဲ့ စကားပုံတစ်ခုရှိတယ်၊ အဲဒီ စကားပုံဟာ မှန်တယ် မဟုတ်လား၊ ရွာမှာ ကျွန်မတို့ရှိတဲ့အခါတုန်းက နှင်းမီရဲ့မိထွေးက နှင်းမီကို ကြွယ်ဝချမ်းသာတဲ့ မိသားစုက ယောကျ်ားတစ်ယောက်နဲ့ အတင်းပေးစားတယ် နှင်းမီဟာ အစာမစားဘဲ အကြာကြီးနေတဲ့အတွက် လက်မထပ်ခင် တစ်နေ့မှာ သေဆုံးသွားရှာတယ်၊ ကံဆိုးရှာတဲ့နှင်းမီအတွက် တစ်ရွာလုံး စိတ်မကောင်းကြဘူး၊ အဲဒီလို အဖြစ်ဆိုးမျိုး ကြုံခဲ့လို့တဲ့အတွက် ကျွန်မလည်း ငိုလိုက်ရတာအမောပါပဲ ဆာဘူရှိ'

သတင်းအမှန်အကန် ကြားသိရသောအခါ ကျွန်ုပ် အသံဝင်သွားအောင်ပင် ငိုကြွေးရလေသည်။ ချက်ချင်း ကျွန်ုပ်ကျောင်းသို့ လှည့်ပြန်လာခဲ့သည်။ ကျောင်းရောက်သောအခါ ဖားဂျင်နှင့် တိုင်ပင်လျက် နှင်းမီ အရိုးဂူကို အလေးပြုပြီး အယူတိမ်းနေသည့် သူ့ဝိညာဉ်ကို နှစ်သိမ့်ရန်အတွက် တောင်ပိုင်းဒေသသို့ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်လေသည်။ ဖားဂျင်ကလည်း ကျွန်ုပ်နှင့် လိုက်မည်ဟု ကတိပြုလေသည်။

နောက်တစ်နေ့ မွန်းတိမ်းချိန်၌ မီနှင့် သူ့သားသည် ကောင်ချင်တံတားအထိ ကျွန်ုပ်တို့ကို လိုက်ပို့သည်။ ကျွန်ုပ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်နှင့်မျက်ခွက်ဖြစ်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး ခွဲခွာလိုက်ကြလေသည်။

ဖားကျင်နှင့်ကျွန်ုပ် ရှန်ဟိုင်းရောက်သွားသောအခါ ကျွန်ုပ်၏ ဝတ်ရုံအိတ်ထဲတွင် ထည့်ထားသောငွေသည် အတောင်ပေါက်မလာဘဲနှင့် ပျံထွက်သွားလေသည်။ တခြားစကားလုံးဖြင့် ပြောရလျှင် ငွေသူခိုး ခိုးခံရလေသည်။ ထို့ကြောင့် သင်္ဘောလက်မှတ် မဝယ်နိုင်တော့ပေ။ ဖားကျင်နှင့်တိုင်ပင်ပြီး ခြေကျင်ခရီးသွားရန် ဆုံဖြတ်လိုက်ကြသည်။

ခရီးတစ်လျှောက်၌ သပိတ်ကိုအားပြုပြီး ဆွမ်းခံစားကြ သည်။ လမ်းခရီး၌ ကျွန်ုပ်တို့ အခက်အခဲများစွာ ကြုံတွေ့ကြရသည်။ တစ်နှစ်လောက်ကြာသောအခါ ယောင်ပုကွန့်သို့ ရောက်လာကြသည်။ နန်ရှန်နယ်သို့ ဝင်ရောက်လာပြီး'ဇီးနီ'စခန်းကို ဖြတ်ကျော် လာသည်။ ဒေသခံများက ကျွန်ုပ်တို့အား ထိုနေရာမှ ရှေ့ဆက်ရမည့် ခရီးတစ်လျှောက် နေရာဒေသများ၌ အေးအေးဆေးဆေး ငြိမ်ငြိမ်ဆိမ်ဆိမ်ရှိကြောင်း၊ သို့သော်လည်း ရေရှားကြောင်း ပြောပြကြသည်။ ကျွန်ုပ်တို့ ခြစ်ခြစ်ခြုတ်ခြုတ် သိမ်းဆည်းထားသော ရှိစုမဲ့စုငွေကလေးကို ထုတ်လိုက်သောအခါ ကျွန်ုပ်တို့အတွက် ယင်လုန်မှ ရှိရင်သို့အထိ ခရီးစရိတ်၊ စားစရိတ် လုံလောက်စရာရှိကြောင်း သိရလေသည်။

ကျွန်ုပ်တို့၏ ရွက်လှေသည်ရွက်စုံဖွင့်ထားသည်။ လေကလည်း အဆင်ပြေနေသည်။ ချင်မြစ်ကိုဖြတ်ပြီး ကျွန်ုပ်တို့သည် ရှိရင်ခရိုင်သို့ ရောက်ရှိလာကြသည်။ ကျွန်ုပ်တို့နှစ်ယောက်လုံး အတော်အတန်စိတ်ကြည်လင် ရွှင်ပျမှု ရှိလာကြသည်။ ထိုည၌ ခရီးအလှမ်းဝေးသော ခရိုင်သို့ အကွေ့မြစ်ထဲတွင် ကျွန်ုပ်တို့၏ ရွက်လှေကို



သစ်ရွက်တွေ ကြွေကျနေပြီဖြစ်သည့် သစ်ပင်တစ်ပင်တွင် ချည်ထားလိုက်လေသည်။

အချိန်မှာ အအေးလွန်ကဲသည့်သရဒဥတုဖြစ်သည်။ တောတောင်နှင့် မြစ်ချောင်းများ ငြိမ်သက်တိတ်ဆိတ်နေကြသည်။ ကြေကွဲဝမ်းနည်းဖွယ်ရှုခင်းကို ကျွန်ုပ် မျှော်ကြည့်လိုက်သည်။ အနောက်မြောက် လေနီကြမ်းတိုက်သံ ရုတ်တရက် ကျွန်ုပ်နားထဲ ဝင်လာသည်။ ထိုလေတိုက်သံ ကြားလိုက်ရသောအခါ ကျွန်ုပ် ကျောချမ်းသွားသည်။

အချိန်မကြာလိုက်ပါ။ ထုထည်ကြီးမားသော အမည်းအမှောင်ထုကြီး ရောက်လာပြီး ရွက်လှေကို တိုက်ခိုက်တော့မည့်ပုံပေါ်လာလေသည်။ သိပ်သည်းထူထပ်သော အမည်းအမှောင်ထုကြီးအနီးကပ်လာပြီးလျှင် နောက်ဆုံး၌ မီးအိမ်မှထိုးထွက်နေသော မီးရောင်အောက် ရောက်လာသည်။ ဝမ်းဗိုက်ဝိုင်းဝိုင်းကြီးနှင့် ဂဏန်းတောင်ကြီးတွေ တစ်ရာကျော်လောက်ကို ထူးထူးဆန်းဆန်း ခတွေ့မြင်ရလေသည်။ ယင်းမြင်ကွင်းမျိုးကို တွေ့မြင်ရသည်မှာ ကျွန်ုပ်အဖို့ ပထမဆုံးအကြိမ် ဖြစ်သည်။ အလွန်ထူးဆန်းပြီး အလွန်အံ့ဩစရာကောင်းလှသည်။

ဖားကျင်က ကျွန်ုပ်ကို ပြောပြသည်။

'ဒီနေရာကနေ နတ်ငှက်တောင်ကို သိပ်မဝေးတော့ဘူးလို့ တပည့်တော် ကြားဖူးတယ်၊ ချန်ချူလင်(တန်ခေတ်ပညာရှင်ကြီး)ရဲ့ အိမ်နေရာဟောင်းက ဒီနေရာကနေသိပ်မဝေးတော့ဘူး၊ တပည့်တော်တို့ သွားရမယ့်လမ်းက နည်းနည်းကလေး ထောင်တက်သွားရင် အဲဒီနေရာကိုရောက်တယ်၊ မနက်ဖြန်ကျရင် သွားကြည့်ကြမယ်၊ တပည့်တော်တို့ ကိုယ်တိုင်တောင် ရေကိုမဝတဝသောက်နေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဓိတော် စိတ်မကောင်းစရာပဲ၊ နို့မဟုတ်ရင် ဒီဂဏန်းတွေကိုချက်ပြီး ရွာထဲမှာ ဝယ်လို့ရမယ့် ရွှေရောင်ဗျစ်ရည်နဲ့မြည်းလိုက်ရင် တပည့်တော်တို့ စိတ်နှလုံးထဲမှာ ပုန်းကွယ်နေတဲ့ စိတ်မကောင်းစရာတွေ တစ်ခါတည်းလွင့်စဉ် ပျောက်ကွယ်သွားနိုင်တယ်၊ အဲဒီစိတ်ညစ်စရာတွေ ဒီကနေ့ ညနေ တပည့်တော်တို့ရဲ့စိတ်နှလုံးကို ဘာဖြစ်လို့ ကပြောင်းကပြန် ဖြစ်အောင်လုပ်နေတယ် မသိဘူး'

လှေထိုးသား တစ်ယောက်က တောအုပ်ထဲက ကျောင်းအိုကျောင်းပျက်ကြီးတစ်ခုကို ညွှန်ပြပြီးပြောလေသည်။

'အဲဒါ ဟူးအိအန်ရဲ့ အထိမ်းအမှတ်နဲ့ ဆောက်ထားတဲ့ ရှေးကျောင်းကြီး ဖြစ်တယ်၊ ရွှေပိန်းချပွတ်တိုင်တွေအားလုံး အရောင်မှိန်သွားကြပြီ၊ ရှေးရှေးလူကြီးတွေ ပြောထားတဲ့ အစဉ်အလာစကားတစ်ခုရှိတယ်၊ အဲဒီ အစဉ်အလာစကားကို ယခုခေတ်လူတွေအထိ ယုံကြည်နေကြတုန်းပဲ၊ ဟိုရှေးရှေးတုန်းက ကျုပ်တို့အမျိုးအနွယ်ရဲ့ မသေမပျောက်ဘဲ ကျန်ရှိနေတဲ့ ခေါင်းဆောင်တွေဟာ ဒီနေရာမှာ စစ်သည်တပ်သားတွေကို စည်းရုံးကြတယ်၊ သူတို့ရဲ့ ဝိညာဉ်တွေဟာ ဒီနေရာမှာ ယနေ့ထက်တိုင် တရစ်ဝဲဝဲဖြစ်နေကြတာ သတိမပြုမိဘူးလား၊ ဩကာသလောကကတော့ ယခင်အတိုင်းပဲ ရှိနေတယ်၊ ဒါပေမယ့် မြစ်ချောင်းနဲ့ တောတောင်တွေကတော့ တခြား အမျိုးအနွယ်ပိုင်တွေ ဖြစ်ကုန်ကြပြီ၊ အတိတ်ကအကြောင်းကို ပြန်စဉ်းစားရတာ ဘယ်လောက်ကြေကွဲ ဝမ်းနည်းစရာ ကောင်းသလဲ'

ကျွန်ုပ်တို့ အိပ်တော့မည်လုပ်စဉ်မှာပင် ဝှေ့ယမ်းတိုက်ခိုက်လာသော လေနီကြမ်းနှင့် သည်းထန်စွာရွာသွန်းသော မိုးသီးမိုးပေါက်





ကြီးများသည် ကျွန်ုပ်တို့ကို ဒုက္ခပေးလေတော့သည်။ ကျွန်ုပ်ဖားဂျင်ကို ပြောလိုက်လေသည်။

'တပည့်တော်တို့ ရွက်လှေပေါ်မှာ ဒီညအိပ်လို့မရတော့ဘဲ အတူတူ လေမုန်တိုင်းဒဏ်က အကာအကွယ်ရလိုရငြား ဟိုကျောင်းအိုပျက်ကြီးဆီ သွားကြည့်ကြစို့လား၊ မနက်ဖြန်ကျတော့မှ ကိုယ်ခရီးကိုယ်ဆက်သွားကြမယ်'

'အရှင်ဘုရားအကြံ ကောင်းတယ်'

ဖားဂျင်က သဘောတူလေသည်။

ကျွန်ုပ်တို့ နှစ်ဦးသဘောတူ ရွက်လှေက ထွက်ခွာလာခဲ့ကြပြီးလျှင် တောအုပ်ထဲက ကျောင်းအိုကျောင်းပျက်ကြီးဆီ ဦးတည်သွားကြသည်။ ရှေးကျောင်းကြီးသို့ ရောက်သွားသောအခါ နံရံများ ပြိုကျပျက်စီးနေသည်ကို တွေ့ရသည်။ တံခါးများလည်း မရှိတော့ပေ။ ခန်းမကြီးထဲ ကျွန်ုပ်တို့ ရောက်သွားသည့်တိုင်အောင် ဘာသံကိုမျှ မကြားရပေ။ မျက်စိနှင့် တွေ့ရသော တစ်ခုတည်းသော အရာမှာ ဘုရားပလ္လင်ရှေ့က မီးတိုင်ဖြစ်သည်။ မီးတိုင်ထွက်နေသော အလင်းရောင်သည် လေးဘက်လေးတန် နံရံပေါ်၌ မှုန်တိမှုန်မွှားကျရောက်နေလေသည်။

ခန်းမဘက်၌မူ အခင်း ခင်းထားသော လူသွားလမ်းကလေး ဘစ်လမ်းရှိသည်။ ထိုလမ်းကလေးသည် အခန်းငယ် တစ်ခုဆီသို့ ရောက်သွားသည်။ ထိုအခန်းသည် ကျောင်းထိုင် ဘုန်းကြီးသီတင်းသုံးသည့် အခန်းဖြစ်ရမည် ဟူ၍တွေးမိပြီး ကျွန်ုပ် ထိုအခန်းထဲ ဝင်မသွားဘဲ နေလိုက်သည်။ ဖားဂျင်သည် ကျောက်ပြားတစ်ခုတွင် ထွင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ကဗျာကို ညွှန်ပြပြီးလျှင် ထို ကဗျာကို အသံထွက်ပြီး ဖတ်နေသည်။

ကျွန်ုပ်က သူ့ကို လှမ်းပြောလိုက်သည်။

'အဲဒီကဗျာဟာ တန်ကျို (မင်ခေတ်နာမည်ကျော် ပညာရှင်) က ဥမီရွှန်ကို ရေးပေးတဲ့ ကဗျာဖြစ်တယ်၊ အရှင်ဘုရားသိချင် သိပါလိမ့်မယ်၊ အဲဒီခေတ်က နာမည်ကျော်လို့ အခေါ်ခံရတဲ့ လူတွေဟာ ဘယ်လောက်အမျိုးချစ်ကြသလဲဆိုရင် ပြင်ပရန်သူအုပ်စုနဲ့ သွားပူးပေါင်းဖို့အတွက် ကိုယ့်မိဘဇာတိရပ်ရွာကို စွန့်ခွာသွားဖို့ ဝန်လေးကြတဲ့ လူတွေမဟုတ်ဘူး၊ တရားမဲ့သတ်ဖြတ်မှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်ခဲ့ကြတယ်၊ ရဟန်းတန်ကျိုကတော့ အဲဒီလို မဟုတ်ဘူး၊ အဲဒီလို သစ္စာဖောက်တွေပေါများတဲ့ ခေတ်မှာ တန်ကျိုဟာမြေကြီးပေါ်မှာ ရပ်ပြီး မိုးကောင်းကင်ကို ကျားကန်ပေးထားတဲ့ အင်မတန်သစ္စာရှိတဲ့ မျိုးချစ်သူရဲကောင်းတစ်ဦး ဖြစ်တယ်၊ သူ့ကျောင်းသင်္ခန်းနှင်းနဲ့ မီးအရှို့ခံ ရတဲ့အချိန်ကစပြီး ဒီနိုင်ငံရဲ့သစ္စာရှိတဲ့ အစဉ်အလာအကြွင်းအကျန်တွေလည်း မထင်မရှား တိမ်မြုပ်ပျောက်ကွယ်သွားကြတယ်၊ အဲဒီလိုအခြေအနေမျိုးအထိရောက်အောင် လုပ်တဲ့ကံတရားဟာ အင်မတန် နာကြည်းစရာကောင်းတယ်'

သဲသဲမဲမဲ ရွာနေသော မိုးသည် ရုတ်တရက်စဲသွားသည်။ တခြား ဘာမှပြောစရာမရှိတော့သဖြင့် ဖားဂျင်နှင့် ကျွန်ုပ်သည် အပေါ်ရုံအဝတ်များကို ချွတ်ပြီးလျှင် ခန်းမ၏ ထောင့်တစ်ထောင့်တွင် လဲလျောင်းလိုက်ကြသည်။

ထိုအချိန်၌ ဩကာသလောကရှိ သတ္တဝါမှန်သမျှ အားလုံး ပင်ပန်းခံနက် ငြိမ်သက်တိတ်ဆိတ်နေကြသည်။ အိပ်မက် မက်နေ



ရာမှ ကျွန်ုပ် လန့်နိုးသွားသည်။ ဝါဖတ်ခြောက်များကို မသဲမကွဲ လှမ်းမြင် နေရသည်။ ထိုလေသံကို ထပ်ဖြည့်ပေးနေသောအရာမှာ စိတ်ကူးရလျှင် ရသလို ထထအော်နေကြသော ဆောင်းရာသီ ပိုးမွှားတိရစ္ဆာန်များ၏ စူးစူးရှရှ အော်မြည်သံများဖြစ်လေသည်။

ဘေးချင်းယှဉ် အခန်းထဲမှ ရုတ်တရက် အသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားရသည်။ လျှိုအို၏ ကဗျာကို ရွတ်ဆိုသည့် အသံဖြစ်သည်။ အတိုင်းမရှိ စိတ်ထိခိုက်ခြင်းအပြည့်ရှိနေသော အသံဖြစ်သည်။ ကဗျာရွတ်ဆိုသူသည် **'အို . . . ဖခင်နှင့်မိခင်၊ အကျွန်ုပ်ကိုအသက်ပေးသော သင်ဖခင်နှင့်မိခင်တို့သည် အကျွန်ုပ်အတွက် ဒုက္ခအကြီးအကျယ်ခံကြရပါကလား'**ဟူသော အပိုဒ်သို့ ရောက်လာသည်။ ထိုအပိုဒ်ရွတ်ဆိုသံကြားရသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ နှလုံးသားအတွင်း၌ နက်နက်ရှိုင်းရှိုင်း ပေါ်ပေါက်လာသော ဝမ်းနည်းကြေကွဲခြင်းကို ဖုံးဖိချိုးနှိမ်ထားခြင်းငှာ မစွမ်းနိုင်တော့ပေ။ ကျွန်ုပ်၏ နှလုံးသားသည် ကွဲအက်ကြေမွသွားပြီလားဟု ယုံမှားသံသယ ဖြစ်လာရသည်။

နောက်တစ်နေ့ နံနက်၌ ကောင်းကင်တွင် မိုးသားတိမ်လိပ် ကင်းစင်နေသည်။ ယမန်နေ့ညချမ်းအချိန်က ကဗျာရွတ်ဆိုသော ရဟန်းကို ကျွန်ုပ် တွေ့မြင်ရသည်။ အလို . . . ထိုရဟန်းမှာ ကျွန်ုပ်၏ နို့ထိန်းအဒေါ်ကြီးသား ချိုဖြစ်နေပါကလား။ ကျွန်ုပ်အတိုင်းအဆမရှိ အံ့သြနေမိသည်။ ကျွန်ုပ် တစ္ဆေလာခြောက်သလားဟု ချိုက ထင်ပုံရသည်။ ကျွန်ုပ်တို့ စကားတစ်ယောက်နှင့် တစ်ယောက် စကားမပြောဘဲ အချိန်အကြာကြီး ငေးမောနေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုသည် သနားကြင်နာဖွယ်ရှိုက်ပြီးလျှင် 'အစ်ကို ပြန်ရောက်တာ ဘယ်လောက်ကြာပြီလဲ'ဟူ၍ မေးလိုက်လေသည်။

'မနေ့ညကပဲ အစ်ကို ဒီရောက်တယ်၊ လေနှင့်မိုးကြောင့် အစ်ကိုတို့ခန်းမထဲမှာ တစ်ညကုန်သွားတယ်၊ ငါ့ညီ ဘာဖြစ်လို့ ဒါလောက်ဝမ်းနည်းပက်လက် ဖြစ်နေတာလဲ၊ ငါ့ညီရဲ့အမေ နေထိုင်မကောင်းများ ဖြစ်နေလို့လား'

ကျွန်ုပ်၏အမေးကို ပြန်မဖြေခင် ချို၏ပါးပြင်ပေါ်၌ မျက်ရည်များ စီးကျလာသည်။ ထို့နောက်မှ ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး ပြောလေသည်။

'အမေ ဆုံးပြီအစ်ကို၊ အမေဆုံးတာနဲ့ ကျုပ်လည်းဆောက်တည်ရာမရဖြစ်ပြီး ဘုန်းကြီးဝတ်လိုက်တယ်၊ အခု အမေရဲ့ သင်္ချိုင်းအနီးက ဒီနေရာမှာ အမေ့ကို တသသနဲ့ နေလာခဲ့တာ သုံးလရှိသွားပြီ'

ချို၏စကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် မိုက်ခနဲဖြစ်သွားပြီးလျှင် သတိမေ့သလိုလို ဖြစ်သွားသည်။ ထို့နောက်မှ တုန်တုန်ယင်ယင်နှင့် ရှေ့တိုးသွားပြီး ချိုကိုဖက်လျက်ရှိုက်၍ ရှိုက်၍ ငိုနေမိလေသည်။

'တောင်ပိုင်းကိုရောက်တာနဲ့ တစ်ပြိုင်နက် ချက်ချင်း ငါ့အထိန်းအဒေါ်ကြီးဆီသွားမယ်လို့ ငါစိတ်ကူးလာခဲ့တယ်၊ ငါ လူမမည်ကလေးဘဝတုန်းက အဒေါ်ကြီးဟာ သူ့ကျောပေါ်မှာအဝတ်နဲ့သိုင်းပြီး ငါ့ကိုထိန်းရှာတယ်၊ ငါ့အပေါ်မှာ အကြင်နာတရားနဲ့ ချစ်ခင်မြတ်နိုးတဲ့ တစ်ဦးတည်းသော ပုဂ္ဂိုလ်ဟာ အဲဒေါ်ကြီးပဲ၊ သူထာဝရအိပ်ပျော် သွားပြီဆိုတာ ငါအိပ်မက်ထဲမှာတောင် ထည့်မမက်ခဲ့ဘူး၊





အို . . . ဘုရားသခင်၊ ကျွန်ုပ်ကို မွေးမြူကြည့်ရှုစဉ်က သူပြုထားတဲ့ ကျေးဇူးရဲ့ အပုံတစ်ထောင်ပုံ တစ်ပုံတောင်မှ ကျွန်ုပ်သူ့ကို ပြန်မဆပ်ရသေးဘူး၊ ကျွန်ုပ် နှလုံးသားတွေ အက်ကွဲကုန်ပါပြီ'

ချက်ချင်းပင်ချိုသည် ကျွန်ုပ်တို့အား အနောက်ဘက်တံခါးမှနေပြီး သူ့အမေ၏သင်္ချိုင်းရှိရာသို့ ခေါ်သွားလေသည်။ သို့သော်လည်း ဝမ်းနည်းကြေကွဲဖွယ် ကျိုးတိုးကျဲတဲ ပေါက်နေသော သစ်ပင်၊ မြက်ပင်များမှတစ်ပါး တခြားဘာကိုမှ မတွေ့မမြင်ရတော့ပေ။ တောကျီးကန်းများသည် သစ်ပင်ကြီးများအပေါ်မှ ဝမ်းနည်းကြေကွဲဖွယ် အော်မြည်နေကြသည်။ ဖားဂျင်နှင့်ကျွန်ုပ်သည် ဦးခေါင်းညွှတ်လိုက်ကြသည်။ ကျွန်ုပ်တို့၏ မျက်နှာတွင်ကား မျက်ရည်အပြည့်ဖြစ်နေသည်။

ချိုသည် သူ့မျက်နှာတွင် အိုင်ထွန်းနေသော မျက်ရည်ကို သုတ်ပြီးလျှင် ကျွန်ုပ်ကို ပြောလေသည်။

'အစ်ကိုနဲ့ဒီကနေ့ ဒီမှာလာတွေ့လိမ့်မယ်ဆိုတာ အိပ်မက်ထဲမှာတောင် မတွေးမိခဲ့ဘူး၊ အခုလို မမျှော်လင့်ဘဲ လာဆုံးဆည်းတာဟာ ဘုရားသခင်စောင်မကြည့်ရှုတာကလွဲပြီး တခြားမဖြစ်နိုင်ဘူး၊ အခုလို အစ်ကိုနဲ့ ကျုပ် မမျှော်လင့်ဘဲ တွေ့ဆုံကြတာကို တမလွန်လောကရောက်နေပြီဖြစ်တဲ့ အမေသိရင်လည်း ကျေနပ်အားရလို့ ဆုံးမှာ မဟုတ်ဘူး'

❑



www.burmeseclassic.com

www.burmeseclassic.com

## ၂၇

ကျွန်ုပ်တို့သည် ချိုနှင့် အခိုက်အတန့်ခွဲခွာလာခဲ့ကြပြီးလျှင် နှင်းမိနေထိုင်သော ရွာသို့လာခဲ့ကြသည်။ ကျွန်ုပ်တို့၏ခရီးမှာ ခြေကျင်ခရီးဖြစ်ပြီး လမ်းတွင် ဆွမ်းခံစားကြသည်။ ခုနစ်ရက်နှင့်ခုနစ်ည ကြာပြီးသည့်နောက်မှ 'ရွက်ဝါရွာ'သို့ ရောက်သွားကြသည်။ ထိုရွာကို စာဖတ်သူများ သတိရကြလိမ့်မည် ထင်ပါသည်။ ကျွန်ုပ်၏အထိန်းအဒေါ်ကြီး ယခင်က နေထိုင်ခဲ့သည်ရွာ ဖြစ်သည်။ ထိုရွာ၌ ကျွန်ုပ်ဥယျာဉ်မှူး လုပ်ခဲ့ဖူးသည်။ အထိန်းအဒေါ်ကြီး၏ အိမ်ဟောင်းသည် တစ်လက် ပြောင်းသွားပြီဖြစ်ကြောင်း သိရသည်။ အပြင်ဘက်မှ ကြည့်ရာ၌ပင် အိမ်၏အသွင်အပြင်မှာ ယခင်ကလိုမဟုတ်သဖြင့် မမှတ်မိအောင် ဖြစ်နေသည်။ မျက်စိဖြင့် မြင်တွေ့နေရသည် အရာဝတ္ထုမှန်သမျှသည် ကျွန်ုပ်အား ကြေကွဲဝမ်းနည်းဖွယ် အတိတ်အကြောင်းကို ပြန်ပြောင်းသတိရအောင် ဖန်တီးနေကြသည်။





ဖားဂျင်နှင့် ကျွန်ုပ်သည် ရွာစွန်ရွာဖျားက ပြိုကျပျက်စီးနေသော ကျောင်းသို့သွားကြသည်။ ကျောင်း၌ပင် ထိုညအိပ်ကြသည်။ နံနက်နေထွက်လာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဘုန်းကြီးရဟန်းများဝတ်ရုံကို ဝတ်လိုက်ကြပြီးလျှင် ကန်သင်းရိုးတစ်လျှောက်ဖြတ်လျှောက်လာကြသည်။ ထိုအခိုက် ကျွန်ုပ်တို့၏ကိုယ်နှင့်ခွာင်နေသော သင်္ကန်းဝတ်ရုံအနားစသည် လေအလာတွင် လွင့်ပျံလှုပ်ရှားနေလေသည်။ အချိန်တစ်ခဏပြီး တစ်ခဏ ကုန်ဆုံးကျော်လွန်လာသည်နှင့်အမျှ ကျွန်ုပ်၏ နှလုံးသားထဲတွင် အပြောင်းအလဲ အမျိုးမျိုး ဖြစ်ပေါ်နေလေသည်။

အမှန်ကား နှင်းမိကို ကျွန်ုပ်အနေဖြင့် ကျေးဇူးတုံ့ပြန်သည့်နည်းလမ်း ကြည့်မမြင်တော့ပေ။ သူနေထိုင်ခဲ့သည့် အိမ်သို့ ရောက်သွားသောအခါ ကျွန်ုပ်သည် ပန်းရောင်းရင်း ထိုနေရာကို ဖြတ်သွားခဲ့ဖူးသည် အချိန်ကာလကို ပြန်လည်သတိရလာပြီးလျှင် မတုန်မလှုပ်ရပ်နေမိသည်။ ထိုအချိန်ကာလမှာ ယမန်နေ့ နံနက်ခင်းလောက်ကပင်ဖြစ်သည်ဟူ၍ ထင်နေမိသည်။ သို့ရာတွင် ထို 'မိုးတိမ်ဆံထုံး'နှင့် 'ပွင့်မာလာမျက်နှာ'မှာမူ ပါးလျသောလေထုထဲတွင် ပျောက်ကွယ်သွားပြီ။ ကျွန်ုပ်၏ သောကနှင့်ပရိဒေဝသည် ဘယ်မှာအဆုံးအပိုင်းအခြားရှိတော့မည်နည်း။ နှင်းမိကိုယ်တိုင်ကလည်း ကျွန်ုပ်အပေါ် အတိုင်းအဆမရှိ ကရုဏာ သက်ခဲ့မည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်ုပ်သည် ဤလောကီသံယောဇဉ် အနှောင်အဖွဲ့ထဲတွင် ဖမ်းမိတိုးဝင်နေရပြီဖြစ်၍ အကြီးအကျယ် ပင်ပန်းနွမ်းလျနေပြီ။ ယင်းအနှောင်အဖွဲ့၏နိဂုံးကိုသာလျှင် မျှော်လင့်တမ်းတနေမိသည်။

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်၏ ကျေးဇူးရှင် အမေသည် သူ၏အိမ်၌ ကျွန်ုပ် အရှေ့ဘက်အရပ်ဒေသမှ ဤဒေသသို့ လာသည့်အချိန်ကစ ပြီး ကျွန်ုပ်ပြန်လာနိုးနိုးနှင့် ဘယ်လိုများ မျှော်ကိုးစောင့်မျှော်နေမည် ဆိုသည်ကို ကျွန်ုပ်တွေးမိသွားသည်။ အမေ၏ မျှော်မှန်းချက်များ သည် ရွှံ့နှင့်လုပ်ထားသော နွားရုပ်ကဲ့သို့ မြစ်ထဲပစ်ချလိုက်သည်နှင့် ပျက်စီးပျောက်ကွယ်သွားလေသည်။ ထိုမျှော်မှန်းချက်များသည် ဘယ် တော့မှ အကောင်အထည်ပေါ်မလာသည့် မျှော်မှန်းချက်များ ဖြစ်နေ သည်။

ကျွန်ုပ်သတင်းကို သူဘယ်လိုလုပ် အညာအတာ အသနား ကင်းမဲ့သော ကိုယ်လွတ်ရုန်းသူ လုလင်တစ်ဦးဖြစ်ပေသည်။ ဇရာပိုင်း သို့ ရောက်နေကြပြီဖြစ်၍ အမေနှင့်အရီးတို့ အမြတ်တနိုး ထားခဲ့သော မျှော်မှန်းချက်များကို ကျွန်ုပ် မျက်နှာလွှဲခဲ့ပစ်လုပ်ခဲ့သည်။ ကျွန်ုပ်၏ အပြစ်သည် မေ့ပျောက်၍ရမည့်အပြစ် မဟုတ်တော့ပေ။ ကျွန်ုပ်သည် ဒယီးဒယိုင်နှင့် အိမ်တံခါးဆီသို့ လှမ်းသွားသည်။ တံခါးဝရောက်သော အခါ အက်ကွဲသောအသံဖြင့် 'အိမ်ရှင်တို့၊ အိမ်ရှင်တို့'ဟူ၍ ခေါ်လိုက် လေသည်။

တစ်အောင့်လောက် ကြာသွားသောအခါ မိန်းကလေးတစ် ယောက် ထွက်လာသည်။ သူ့ကို ကျွန်ုပ် သေသေချာချာ ကြည့်လိုက် သောအခါ ထိုမိန်းကလေးသည် အလျှင်က ဤအိမ်၌တွေ့ခဲ့သော ကျွန်ုပ်ကို သူ့သခင်မက ငွေအပေးခိုင်းသည့် အိမ်ဖော်ဖြစ်နေသည်ကို တွေ့ရလေသည်။ မိန်းကလေးသည် ခြေနှစ်လှမ်း သုံးလှမ်းလောက် ပြန်ဆုတ်သွားပြီးလျှင် ကြက်သေ သေပြီး ရပ်နေသည်။ သူ၏မျက်နှာ ပိုးပန်းသည် အသက်မရှိတော့သည့်ပမာ ညှိုးနွမ်းနေသည်။ လူပုံလည်း





ပန်းနေသည်။ ကျွန်ုပ်ကို မမှတ်မိသည့်ပုံဖြင့် စိုက်ကြည့်နေသည်။ ကျွန်ုပ် ပါးစပ်မဟမီ ကျွန်ုပ်၏နှလုံးသားသည် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်ဟု ထင်လိုက်ရလေသည်။ ကျွန်ုပ်သူ့ကို မေးမြန်းလိုက် သောအခါ ကျွန်ုပ်၏မျက်နှာတွင် မျက်ရည်ပေါက်များ စီးကျလာလေ သည်။

'တစ်ခါတုန်းက ဒီကိုလာပြီးပန်းရောင်းတဲ့ ပန်းသည် လုလင် တစ်ယောက်ကို ညီမ မှတ်မိတယ်မဟုတ်လား၊ ညီမရဲ့သခင်မ နှင်းမီ ကို ဘယ်နေရာမှာ မြေမြှုပ်သင်္ဂြိုလ်ထားသလဲ၊ နှင်းမီရဲ့ သင်္ချိုင်းသွားတဲ့ လမ်း အစ်ကို့ကို ပြလိမ့်မယ်လို့ အစ်ကိုမျှော်လင့်ပါတယ်၊ ညီမရဲ့ ကျေးဇူးကို အစ်ကို တစ်သက်မမေ့ပါဘူးကွယ်၊ အစ်ကိုရဲ့ရင်ကိုဖွင့်ပြ ဖို့အတွက် အစ်ကို စကားလုံးတွေကို အလောတကြီး ရွေးနေရပါတယ်၊ အစ်ကို့ကို ကြင်နာသနားသောအားဖြင့် ခွင့်လွှတ်လိမ့်မယ်လို့ မျှော် လင့်ပါတယ်'

ကျွန်ုပ်၏စကားကိုကြားရသောအခါ မိန်းကလေးသည် မျက်နှာပျက်သွားသည်။ ထို့နောက် ချက်ချင်းသူ၏မျက်နှာတွင် ဒေါသရိပ်ဒေါသယောင် လွှမ်းလာသည်။ တစ်ခဏမျှ ငေးကြည့်နေပြီး နောက် မိန်းကလေးသည် တင်းမာစူးရှသောအသံဖြင့် အော်ပြော လိုက်လေသည်။

'ဘယ်လိုလူစားမျိုးလည်း မသိဘူး၊ သေမှလာ အလွမ်းသယ် နေလို့ ဘာလုပ်မှာလဲ၊ ကျွန်မသခင်မက ရှင့်ကို ကတိဖျက်လို့လား၊ ရှင့်ကို ကျွန်မမေးချင်တယ်၊ ဘယ်သူ့အတွက်ကြောင့် ကျွန်မသခင်မ ရေတိမ် နစ်ရသလဲဆိုတာ ရှင်သိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ သူ့ပါးပြင်နှစ်ဘက်တွင် နီရောင်သန်းနေသည်။ တဖန် ထိန်းချုပ်မထားနိုင်သော အသံဖြင့် အော်ပြောလိုက်ပြန်သည်။

'ရှင်ဒီနေရာက အခုပဲ ထွက်သွားပါ၊ ရှင့်ကိုမဖွယ်မရာ ပြောမိတဲ့ ကျွန်မကို ခွင့်လွှတ်ပါ၊ ဒါပဲ'

ပြောပြောဆိုဆို မိန်းကလေးသည် တံခါးကို ဂျိုင်းခနဲပိတ်ပြီး လှည့်ထွက်သွားသည်။

သူ့ကို ပြန်လှန်ရှင်းလင်း ပြောမပြနိုင်သည့်အတွက် ကျွန်ုပ် ဦးခေါင်းငိုက်စိုက် ကျသွားလေသည်။ အိမ်ဖော်မိန်းကလေးထံမှ ခါးခါးသီးသီး ငြင်းပယ်သည့် စကားမျိုးကို ကြားရလိမ့်မည်ဟု ကျွန်ုပ် မမျှော်လင့်ခဲ့ပေ။ ယင်း ငြင်းပယ်တွန်းထုတ်သည့် စကားများသည် ကျွန်ုပ်၏ နှလုံးသားထဲ ဓားနှင့်ထိုးစိုက်သလို စူးဝင်သွားသည်။ ထိုနေရာ၌ပင် ကျွန်ုပ် ကြက်သေသေပြီးရပ်နေသည်။ ဤလောကတွင် ကျွန်ုပ် အသက်ရှင်မနေလိုတော့ပေ။ အချိန်အတန်ကြာသွားပြီးသည့်နောက်မှ ဖားဂျင်က ကျွန်ုပ်ကို သနားကြင်နာစွာ အားပေးရှာသည်။ ကျွန်ုပ်၏ ပူဆွေးဝမ်းနည်းခြင်းသည် လျော့မှန်းမသိ အတန်ငယ် လျော့သွားလေသည်။

ကျွန်ုပ် ပြန်လှည့်ထွက်လာခဲ့လေသည်။ ဖားဂျင်လည်း ကျွန်ုပ်နောက်ကလိုက်လာသည်။ မကြာခင်ပင် ကျွန်ုပ်တို့ သချိုင်းဂူ များကြားထဲ ရောက်သွားကြသည်။ နှင်းမိ သချိုင်းဂူကို တွေ့လိုတွေ့ငြား လိုက်ရှာကြရင်းနှင့် ညနေစောင်းလာသည်။ သို့သော်လည်း နှင်းမိ၏ သချိုင်းဂူကို ရှာမတွေ့ပေ။





ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ရိပ်သန်းလာသည်။ ကျွန်ုပ်တို့၏အပေါ်တွင် သိပ်သည်းထူထပ်သော အမှောင်ထု လွှမ်းလာသည်။ ထိုအခိုက် ကျွန်ုပ်နှင့် ဖားဂျင်၏အသက်ရှူသံမှတစ်ပါး တခြား ဘာသံကိုမှ မကြားရပေ။

စိတ်ပျက်ဝမ်းနည်းစွာဖြင့် ကျွန်ုပ်ဖားဂျင်ကို ပြောလိုက်သည်။

'တပည့်တော် လူ့ဘဝမှာနေရတာ ငြီးငွေ့လာပြီ၊ စိတ်ညစ်ရတာ၊ စိတ်မကောင်းဖြစ်ရတာကို နောက်ထပ် ခံနိုင်ရည်မရှိတော့ဘူး၊ ကံကြမ္မာဆိုးလှတဲ့ တပည့်တော်ရဲ့ ဘဝကို အခုဒီမှာတင်ပဲ အဆုံးသတ်လိုက်တော့မယ်'

ဖားဂျင်သည် တောင်းကင်ကို မော့ကြည့်လိုက်သည်။ ထို့နောက် ကြေကွဲဝမ်းနည်းပြီး ကွဲအက်နေသောအသံဖြင့် ကျွန်ုပ်ကို နည်းမျိုးစုံသုံးလျက် ဖျောင်းဖျပြောဆိုသည်။ ကျွန်ုပ် စိတ်သက်သာမှုရလာအောင် နှစ်သိမ့်စကား ပြောရှာသည်။ ထို့နောက် ကျောင်းသို့ပြန်ရန် ကျွန်ုပ်ကို နားချသည်။ နက်ဖြန်နံနက်တွင် ကိုယ့်အရပ် ကိုယ်ပြန်ကြရန်လည်း အကြံဉာဏ်ပေးသည်။ ကျွန်ုပ်သည် မြေကြီးပေါ်တွင် လူသေကောင်ကဲ့သို့ အစန့်သား လဲလျောင်းနေမိသည်။ လမ်းကွေ့လမ်းကောင်းထဲ တိုးဝင်လျှောက်သွားနေရစဉ် ဖားဂျင်က ဖေးဖေးမမ လုပ်ပေးသဖြင့် တော်သေးသည်။

'အို . . . နှင်းမိ၊ မင်းရဲ့ သချိုင်းဂူကို ငါနေရာအနှံ့အပြား ရှာပါတယ်ကွယ်၊ ဒါပေမယ့် ရှာလို့မတွေ့ဘူး'

ကျွန်ုပ် စိတ်ထဲကပင် အော်ဟစ်ငိုကြွေးပစ်လိုက်လေသည်။

ထိုအချိန်၌ ကျွန်ုပ် မည်မျှစိတ်ထိခိုက်နေသည်၊ မည်မျှဝမ်းနည်းပက်လက်ဖြစ်နေရသည်ဆိုသည်ကို စာရှုသူ စဉ်းစားဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စေချင်သည်။ ကျွန်ုပ်၏ ကြေကွဲဖွယ်အဖြစ်မျိုးနှင့် နှိုင်းယှဉ်ချိန်ထိုး၍ ရသည့် အခြားကြေကွဲဖွယ် အဖြစ်မျိုး ကမ္ဘာပေါ်တွင် ရှိပါသေးသလား။ ကျွန်ုပ်၏ မျက်ဝန်းတွင် မျက်ရည်များ ခန်းခြောက်ကုန်ကြပြီ။ ကျွန်ုပ်၏နှလုံးသားသည် ကျောက်တုံး၊ သို့မဟုတ် သစ်သားတုံးကဲ့သို့ ထုံထိုင်းနေပြီဟူ၍ ထင်မှတ်ရလေသည်။ ကျွန်ုပ်၏ ဆရာဘုန်းတော်ကြီး သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက်သို့ ဆရာဘုန်းတော်ကြီးအား ဖူးတွေ့ရန် သွားမည်ဟူ၍ ဆုံးဖြတ်လိုက်လေသည်။ ဖားဂျင်နှင့် ကျွန်ုပ်သည် ခရီးသွားဝတ်ရုံကို ကောက်ဝတ်လိုက်ကြပြီးလျှင် တစ်ဖန် ခရီးလမ်းမပေါ် ရောက်လာကြပြန်လေသည်။

သို့သော် . . . အပြောကျယ်လှသည့် ကောင်းကင်အပြည့်ဖြစ်နေသော ကျွန်ုပ်၏သောကနှင့်ပရိဒေဝမီးသည် ဘယ်သောအခါကျမှ အဆုံးသတ်သွားမည်ဆိုသည်ကို ကျွန်ုပ် မသိပေ။ ကျွန်ုပ် ယခုကျွန်ုပ်၏ စာရေးစုတ်တံကို ဘေးဖယ်ချထားလိုက်လေပြီ။ နောက်ထပ် တစ်စုံတစ်ရာ ရေးသားပြောပြခြင်းငှာ မစွမ်းနိုင်တော့ပေ။

□



## နောက်ဆက်တွဲ

အောက်တွင် ရေးသားဖော်ပြထားသော အကြောင်းအရာအတော်များများမှာ 'ပျံလွှားငှက်တစ်ကောင်၏ ကျန်ရှိနေသော လေ့လာသင်ကြားချက် လက်ရေးစာမူများ'အမည်ရှိ စာအုပ်ငယ်၏ နိဂုံးတွင် ပါရှိသော စာတမ်းငယ်နှစ်ခုမှ ထုတ်နုတ်ထားသော အကြောင်းအရာများ ဖြစ်ပေသည်။

၎င်း ပုဂ္ဂကဝိသေသ၏ မိဘမျိုးရိုး အမည်နာမမှာ 'စု' ဖြစ်ပြီး သူ၏အမည်ရင်းမှာ ရှန်ယင်းသို့မဟုတ် ဇူကု ဖြစ်လေသည်။ ဘုန်းကြီးဘဝရောက်လာသောအခါ၌ လည်းကောင်း၊ သူ၏ စာပေအရေးအသားများတွင် လက်မှတ်ထိုးသောအခါ၌ လည်းကောင်း သူသည် မန်းစူဟူသော အမည်နာမကိုအသုံးပြုလေသည်။ သူသည် ဂျပန်ပြည်၌ ၁၈၈၄ ခုနှစ်တွင် ဖွားမြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တုန်နယ်သားဖြစ်သော သူ၏ဖခင်သည် ဂျပန်ပြည်သို့ သွားပြီး ကုန်သည်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းရင်း ဂျပန်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျသည်။ မွေးဖွားပြီး မကြာခင်မှာပင် မန်းစူကို တရုတ်ပြည်သို့ ခေါ်လာသည်။ အချိန်တန်အရွယ်ရောက်လာသောအခါ သူ့ဖခင်က သူ့ကိုစာသင်ပေးသည်။ သူငယ်စဉ်ကပင် သူ့ဖခင်ကွယ်လွန် သွားသည်။ ထိုအခါ သူ့မိခင်သည် ဂျပန်ပြည်သို့ ပြန်သွားသည်။ သူ့အဖဘက်က ဆွေမျိုးများက သူ့အပေါ်တွင် ဂျပန်သွေးပါနေ၍ ဟက်ဟက်ပက်ပက် မရှိကြပေ။

တစ်ကောင်ကြွက်ဘဝနှင့် အားကိုးအားထားပြုစရာ မည်သူမှမရှိသောအခါ မန်းစူသည် ကန်တုန်ရှိ လီဖင်ကျောင်းတိုက်၌ ဘုန်းကြီးဝင်လုပ်လိုက်လေသည်။ သူ၏ဆရာတော် ဟူအိလောင်သည် သူငယ်၏ဉာဏ်စွမ်းဉာဏ်စကို သိရှိသည်ဖြစ်၍ မန်းစူကို ကိုယ်တိုင်ပညာသင်ပေးသည်။ နှစ်အနည်းငယ် အတောအတွင်းမှာပင် မန်းစူသည် သင်္သကရိုက်ဘာသာကို တတ်မြောက်လာပြီး တရုတ်ဘာသာကိုလည်း ပြောင်မြောက်စွာကျွမ်းကျင် တတ်မြောက်လာသည်။ ထို့မျှသာမက ဥရောပဘာသာစကားတချို့ကိုလည်း တတ်မြောက်လာလေသည်။ 'ကမ္ဘာပေါ်ရှိရှိသမျှ စာပေများအနက် အိန္ဒိယစာပေသည် ပထမဖြစ်ပြီး တရုတ်စာပေက ဒုတိယဖြစ်သည်။ ဂရိ လက်တင်နှင့်ခေတ်ပေါ်ဘာသာစကားများမှာမူ အိန္ဒိယစာပေနှင့် တရုတ်စာပေ၏ နောက်ကလိုက်ကြသည်' ယင်းသို့မန်းစူက ပြောသည်ဟူ၍ မန်းစူ အကြောင်းရေးသားသူများက မန်းစူ၏ ပြောဆိုချက်ကို မကြာခဏ ကိုးကားဖော်ပြကြသည်။





သူ့ဆရာတော် ပျံလွန်တော်မူသွားသောအခါ မန်းစူသည် ဘဝ၏ဦးတည်ချက် ပျောက်သွားပြီး လောကီလူ့ဘောင်သို့ ပြန်ရောက်လာလေသည်။ သို့သော်လည်း စိတ်ပါလာသည့်အခါတိုင်း သင်္ကန်းကို ပြန်ဝတ်လေသည်။ မန်းစူသည် တရုတ်ပြည်တစ်နံတစ်လျား ခရီးသွားသည်။ သို့သော်လည်း အနေများသော အနေကြာသောနေရာမှာ ရှန်ဟိုင်း ဖြစ်သည်။ အိန္ဒိယသို့ လည်းကောင်း၊ ဥရောပနှင့် အမေရိကသို့ လည်းကောင်း ခရီးသွားဖူးသည်။ သူသည် ဂျပန်ပြည်ရှိ သူ့မိခင်ထံ မကြာခဏသွားသည်။ ဒေါက်တာဆွန်ယက်ဆင်နှင့် သူတွေ့သည်မှာ ဂျပန်ပြည်တွင်ဖြစ်သည်။ ဒေါက်တာဆွန်ယက်ဆင်သည် တရုတ်မျိုးချစ်ပုဂ္ဂိုလ်တချို့နှင့် အတူတကွ တရုတ်ပြည်၏ မတည်မငြိမ် ဖြစ်နေသည့် အခြေအနေကို တိမ်းရှောင်ရင်း ဂျပန်ပြည်တွင် ရောက်ရှိနေသည်။ ထို တရုတ်မျိုးချစ် ပုဂ္ဂိုလ်များသည် မန်းစူ၏ ခိုင်မြဲသော မိတ်ဆွေရင်းများ ဖြစ်လာကြသည်။ မန်းစူနှင့် အတွေ့ရနောက်ကျသည့်အတွက် ထို တရုတ်မျိုးချစ်ပုဂ္ဂိုလ်များသည် စိတ်မကောင်းဖြစ်နေကြသည်။ နန်ကင်း၌ သမ္မတနိုင်ငံ ထူထောင်သောအခါ မန်းစူ၏မိတ်ဆွေများသည် နိုင်ငံရေးရာထူးကြီးများကို လက်ခံရရှိကြလေသည်။ ရာထူးတစ်ခုခုလက်ခံရန် သူ့ကို တောင်းပန်သည့်အခါတိုင်း မန်းစူသည် အမြဲတမ်းငြင်းဆန်ခဲ့သည်။

သူ လူငယ်ဘဝက မန်းစူသည် မိန်းကလေးတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်းထားဖူးသည်။ သို့သော်လည်း နောက်ပိုင်း၌ မန်းစူ အခြေမဲ့အနေမဲ့ ဖြစ်နေသဖြင့် စေ့စပ်ကြောင်းလမ်းချက်ကို မိန်းကလေးက ဖျက်သိမ်းပစ်လိုက်လေသည်။ ထိုအခါ မန်းစူသည် သီချင်းသည် မိန်းမများ၏အိမ်သို့ အသွားအလာလုပ်နေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြသည်။ တစ်ခါတစ်ရံ သီချင်းသည် မိန်းမများ၏အိမ်၌ မန်းစူသည် ငိုကြီးချက်မဖြစ်နေတတ်သဖြင့် မိန်းကလေးများသည် ကြောက်လန့်ပြီး သူ့ထံပါးက ထွက်ပြေးသွားကြသည်။ ဘုန်းကြီးဘဝကို စွန့်လွှတ်လိုက်သော်လည်း မန်းစူသည် အိမ်ထောင်ကိုကား မပြုပေ။ သီချင်းသည်မိန်းမများ၏အိမ်၌ ကျက်စားနေသော်လည်း ဗုဒ္ဓဘာသာ စည်းကမ်းကိုမူ သူ ဘယ်တော့မှ မဖောက်ဖျက် မကျူးလွန်ပေ။ သူ၏ စင်ကြယ်မှုကို တစ်သက်လုံး ထိန်းသိမ်းသွားခဲ့လေသည်။ မိန်းမရှင် တို့၏အိမ်သို့ သွားလေ့ရှိခြင်းမှာ သူ၏စိတ်ဝေဒနာကို မေ့ဖျောက်ထားရန်အတွက် ဖြစ်ဟန်တူပေသည်။

ထို ထူးခြားဆန်းကြယ်သော ခင်ကြီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာ အကြောင်းအရာများကို အများအပြားပြောဆိုကြသည်။ သူ့ကို တစ်နေ့တွင် သင်္ကန်းဝတ်နှင့် တွေ့ချင်တွေ့ရပြီး နောက်တစ်နေ့တွင် ဥရောပဝတ်စုံနှင့် စတိုင်ကျကျ တွေ့ချင်တွေ့နေရသည်။ တစ်နေ့တွင် မုတ်ဆိတ်မွေးအရှည်ကြီးနှင့် တွေ့ချင်တွေ့ရပြီး နောက်တစ်နေ့၌ မုတ်ဆိတ်မွေးနှုတ်ခမ်းမွေး ပြောင်နေအောင်ရိတ်ထားသည်ကို တွေ့ချင်တွေ့နေရသည်။ သူသည် လူ့ဘဝ၏ ပြုနေကျ ပြောနေကျ အရာများကို လုံးဝမသိနားမလည်ပေ။ သို့မဟုတ်ကလည်း တမင်တကာ မသိနားမလည်အောင် လုပ်ထားသည်။ သူ့အတွက် ငွေကြေးသည် မည်သည့်အခါမှ သုခနှင့်ဒုက္ခ၏ အကြောင်းမဟုတ်ပေ။ ရှိလျှင် သုံးသည်။ တစ်ခါတစ်ရံ ဒေါ်လာတစ်သောင်းလောက်ကို တစ်ထိုင်တည်းနှင့် သုံးပစ်သည်။ ခြူးတစ်ပြားမှ မရှိသည့်အခါမျိုးနှင့်လည်း သူ မကြာခဏ ကြုံနေရသည်။ ထိုအခါမျိုး၌ကား တစ်နေ့လုံး ဗိုက်မှောက်အိပ်နေတတ်သည်။ ဘယ်တော့မှ မညည်းညူပေ။





ဂျပန်ပြည်တွင်ရောက်နေစဉ်အခါတုန်းက မန်းစူသည် ရေခဲငါးတုံးခြောက်တုံးကို မျိုချသည်ဟု သိရသည်။ ညဉ့်အချိန်၌ သူ့ ကိုယ်အင်္ဂါအစိတ်အပိုင်း၏ လှုပ်ရှားမှုမှန်သမျှအားလုံး ရပ်သွားတော့မလိုဖြစ်သွားသည်။ သို့သော်လည်း နောက်တစ်နေ့တွင် ပုံမှန်အတိုင်း ပြန်ဖြစ်လာလေသည်။ ကောက်ကျစ်စဉ်းလဲ သူကိုတွေ့လျှင် သူသည် မျက်လုံးကြီး ပြူးလာပြီးလျှင် ထိုသူအား စိတ်ဆိုးမာန်ဆိုး ကြိမ်မောင်း ငေါက်ငမ်းခြင်းမပြုဘဲ မနေနိုင်ပေ။ သူ၏အဆူအပူအကြိမ်းအမောင်း ခံရသူတို့သည် မည်သည့်အခါမှ စိတ်မဆိုးကြပေ။ သူ့ကို စိတ်မမှန်ဟု ထင်မှတ်ယူဆထားကြသောကြောင့်ဖြစ်လေသည်။

မန်းစူသည် သမ္မတနိုင်ငံ တည်ထောင်ပြီး ခုနစ်နှစ်အကြာ မဥ္စမလ ဒုတိယနေ့ သို့မဟုတ် ၁၉၁၈ခု မတ်လ ၂၂ရက်နေ့၌ အသက် သုံးဆယ့်ငါးနှစ် အရွယ်တွင် ရှန်ဟိုင်း၌ ကွယ်လွန်သွားသည်။

မန်းစူသည် ဝတ္ထုရေးဆရာ ဖြစ်သည်။ ကဗျာဆရာ ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ အနှစ်သာရကို လက်တွေ့ကျကျ အတွင်း နှိုက်၍ တူးဆွသူဖြစ်သည်။ သူ၏စာပေများ၌ သင်္ကရိုက် ဘာသာ စာပေ၏အငွေ့အသက် ထင်ဟပ်နေသည်။ ဗုဒ္ဓစာပေစံနမူနာကို အခြေခံလျက် စာပေကို ပြုစုရေးသားရာ၌ သူ့ကိုမှီသူ ရှားသည်။ သို့သော် သူသည် ငွေအတွက် ရေးသည့် စာရေးဆရာမဟုတ်ပေ။ ငွေအတွက် ဘယ်တော့မှ စာမရေးပေ။ ဝါသနာကြောင့်သာ စာရေးသူဖြစ်သည်။ စာပေကို ချစ်မြတ်နိုးသောကြောင့်သာ စာရေးသူဖြစ်သည်။ မန်းစူသည် ကဗျာပေါင်းများစွာ၊ စာတမ်းပေါင်းများစွာ၊ ဝတ္ထုပေါင်းများစွာကို ဖွဲ့ဆိုရေးသားသူဖြစ်သော်လည်း အင်္ဂလိပ်ကဗျာ အမျိုးမျိုးကိုလည်း အထူးအားဖြင့် သူ၏အသည်းစွဲတစ်ဦးဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရွှန်၏ ကဗျာများကိုလည်း တရုတ်ဘာသာ ပြန်ဆိုလေသည်။ ထို ပါရမီရှင် ခင်ကြီးသည် ထိပ်တန်းတရုတ်စာပေပညာရှင်အဖြစ် ကျော်ကြားရုံသာမက ထအောင်မြင်သော ပန်းချီအနုပညာရှင်တစ်ဦး လည်းဖြစ်ပေသည်။

*အင်္ဂလိပ်ဘာသာပြန်သူ*
*တုန်ရှန်*
*၁၉၂၅၊ ၌*



www.burmeseclassic.com